၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၄)၊ အမှတ်(၄၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၂၇ ၊ ၂၀၁၁)


# တရုတ်နိုင်ငံသို့တင်ပို့မည့် မြွေကောင်ရေ လေးထောင့်ငါးရာကျော် ဖမ်းဆီးရမိ

**စိုင်းသာအောင်**

မန္တလေး၊ ဇန်နဝါရီ-၂၀

တရုတ်နိုင်ငံ နှစ်သစ်ကူးပွဲတော်အတွက် ပေးပို့သော မြွေမျိုးစုံကောင်ရေ လေးထောင့်ငါးရာကျော်ကို ဇန်နဝါရီ ၁၄ရက် နံနက်၈ နာရီခန့်က မန္တလေး-ပြင်ဦးလွင်လမ်း ၁၆ မိုင်ဂိတ်မှ စစ်ဆေးဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မော်တောင်းရွာနေ အိုက်ရီ (၄၀)နှစ် မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင်ကားအား ၁၆မိုင်စုပေါင်းစစ်ဆေးရေးအဖွဲ့မှ ရပ်တန့်စစ်ဆေးရာ သံသေတ္တာနှစ်လုံးနှင့် သစ်သားသေတ္တာ ၁၆ လုံးတွင် တရားမဝင်ထည့်သွင်းယူဆောင်လာသော လင်းမြွေ ၈၂၃ ကောင်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းနေ့ နံနက် ၁ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သရက်ကုန်းရပ်ကွက်နေ အောင်မြတ်ထူး မောင်းနှင်လာသော

စာ(၁၂)သို့



ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အဆောက်အအုံစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘုရင်ရုပ်ရှင်ရုံအား ဇန်နဝါရီ၂၁ရက်က တွေ့ရစဉ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၇၆ခုအား ပုဂ္ဂလိကပိုင် ပြုလုပ်မည်

ယခုလေလံမှာ အိမ်ခြံမြေဈေးကွက်နှင့်
ပြည်တွင်း ငွေလဲလှယ်ရေး ဈေးကွက်အပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း....

**အားမာန်၊ အောင်သူရ**

ရန်ကုန်၊ ဇန်နဝါရီ - ၂၁

နိုင်ငံပိုင်ပြုလုပ်မည့် စီးပွားရေးလုပ်ငန်း၇၆ခုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ၂၀၁၁ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၂၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာလိုက်သည်။

စာ(၁၂)သို့



## သမ္မတသစ် ဖြစ်လာမည့်သူကို လူထု စိတ်ဝင်တစားစောင့်ကြည့်

**အားမာန်**

ရန်ကုန်၊ ဇန်နဝါရီ - ၂၀

ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို လာမည့် ဇန်နဝါရီ ၃၁ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ လွှတ်တော်အစည်းအဝေးများမှတစ်ဆင့် ထွက်ပေါ်လာမည့်သမ္မတသစ် မည်သူဖြစ်လာမည်ကို နိုင်ငံရေးစိတ်ပါဝင်စားသူများအနေဖြင့် စိတ်ဝင်တစားစောင့်ကြည့်နေကြသည်ကိုတွေ့ရသည်။

"နှစ်ပတ်အတွင်းမှာ ဘာမဆိုဖြစ်နိုင်တယ်"ဟု မြန်မာ့နိုင်ငံရေးကို စိတ်ဝင်တစားစောင့်ကြည့်နေသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သမ္မတဖြစ်လာနိုင်သူကို အမျိုးမျိုးတွက်ချက်ရင်း ဇန်နဝါရီ၁၉ရက်ကပြောသည်။

စာ(၆)သို့



## မြန်မာနိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက် တစ်နှစ်လျှင် တန်ချိန်ခြောက်သန်းရှိ


**နေလင်းထွန်း**

ရန်ကုန်၊ ဇန်နဝါရီ - ၁၇

ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်ကောင်းလာမှုကြောင့် ပြည်တွင်း၌ နှစ်စဉ်ဘိလပ်မြေလိုအပ်ချက် တန်ချိန်ခြောက်သန်းရှိပြီး ပြည်ပမှ အဓိကတင်သွင်းနေရကြောင်း ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာ ပညာရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ဘိလပ်မြေလိုအပ်ချက်သည် နှစ်စဉ် ငါးရာခိုင်နှုန်း တိုးမြှင့်လာဖွယ်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုသည် လိုအပ်ချက်ကို ပြည့်မီအောင် မဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

စာ(၆)သို့



## မြန်မာနှစ်ကူးသင်္ကြန် ပြီးမှသာ ရွှေဈေး စောင့်ကြည့်ရမည်ဆို

**ငြိမ်းငြိမ်းနိုင်**

ရန်ကုန်၊ ဇန်နဝါရီ- ၁၇

နှစ်သစ်သို့ အကျဈေးဖြင့်ဝင်ရောက်လာသော ပြည်တွင်းရွှေဈေးမှာ မြင့်တက်လာနိုင်ခြေမရှိသေးဘဲ မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကိုသာ စောင့်ကြည့်ရမည်ဖြစ်ကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်ရောင်းဝယ်သူတို့က သုံးသပ်ပြောကြားသည်။

စာ(၆)သို့

# ရန်ကုန်တွင် တစ်နှစ် နေအိမ်နှစ်သောင်းခန့် ဆောက်လုပ်ရန်လို

**မေဝင်းမွန်**

ရန်ကုန်၊ ဇန်နဝါရီ - ၂၀

လူဦးရေ ၆ သန်းကျော်ရှိသော ရန်ကုန်မြို့တွင် တစ်နှစ်တစ်နှစ်အတွက် လုံလောက်မည့်အိမ်များမှာ နှစ်သောင်းဝန်းကျင်ခန့်ရှိကြောင်း မြန်မာနိုင်ငံဗိသုကာအသင်းမှပြုလုပ်သော ယနေ့နှင့် အနာဂတ် ရန်ကုန်မြို့တော် ဆွေးနွေးပွဲမှ သတင်းရရှိသည်။

မြေနှင့်နေထိုင်သူကိုအချိုးချကြည့်လျှင် မြေပမာဏထက် နေထိုင်သူက များပြားလာသဖြင့် မြို့သစ်ချဲ့ထွင်ခြင်းများ ပြုလုပ်လာရခြင်းဖြစ်သည်။

"၁၉၅၀ လောက်မှာမြေကလူထက်စာရင်များတယ်။ နောက်ပိုင်းမှာတော့မြို့ကိုပြောင်းလာတဲ့သူများတော့ လူကမြေထက်များလာတယ်။ မြန်မာနိုင်ငံမှာတင်မကဘူး။ အခြားနိုင်ငံတွေမှာလည်း တဖြည်းဖြည်းနဲ့ အဲလိုဖြစ်လာတယ်။

စာ(၁၂)သို့



ရန်ကုန်မြို့မှ စက်ရုံမသွားမီ ကားစောင့်နေသော ဝန်ထမ်းများကို တွေ့ရစဉ်။

ဓာတ်ပုံ - အောင်အောင်




# ဂျာဗားကျွန်းတွင် တည်ထားကိုးကွယ်ရန် မြန်မာနိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်

သဘာဝဘေးအန္တရာယ် လျော့ပါးရန် ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ခြင်းဖြစ်သည်။

အောင်သူရ


**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ တည်ထားကိုးကွယ်ရန် မြန်မာနိုင်ငံမှ ပင့်ဆောင်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

"ရန်ကုန်ကိုတော့ ရောက်နေပြီ။ ကွန်တိန်နာရတာနဲ့ ပင့်တော့မှာပါ"ဟုလပြည့်ဝန်းပလာဇာတွင် ဖွင့်လှစ်ထားသော East Asia Marine ပို့ဆောင်ရေး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ ညာဏ်တော်အမြင့် ၁၉ ပေ ၁၀ လက်မဖြစ်ပြီး၊ စုစုပေါင်းတန်ချိန် ၄၅ တန်ခန့်ရှိကာ အင်ဒိုနီးရှားနိုင်ငံတွင် အကြီးဆုံးဖြစ်လာမည့်ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူဖြစ်သည်။

"အခြားကျွန်းတွေမှာ ဗုဒ္ဓဆင်းတုတော် တည်ထားကိုးကွယ်ပြီးကတည်းက လျှင်လှုပ်တာတို့၊ သဘာဝဘေးအန္တရာယ်တွေ သိပ်မကျတော့လို့ အခု ဂျားဗားကျွန်းက လူတွေလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပင့်ပြီး ကိုးကွယ်တာလို့ပြောတာပဲ"ဟု ဆင်းတုတော်အား ပို့ဆောင်ပေးရန် တာဝန်ယူထားသော East Asia Marine ကုမ္ပဏီမှ တာဝန်ရှိသူက ဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ဂျာဗားကျွန်းသို့ ပင့်ဆောင်မည့်ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်နေသူတစ်ဦး။*

ဆင်းတုတော်ကြီးအား ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကားဝင်းအတွင်း၌ထားရှိပြီး ဇန်နဝါရီ ၂၀ တွင် အနေကဇာတင်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ကိုရီးယားက မြန်မာအလုပ်သမား ၇၀၀ကျော် ခေါ်ယူထား

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီက ကိုရီးယားနိုင်ငံသို့ EPS (Employee Work Permit System) စနစ်ဖြင့် စေလွှတ်ရန် ရွေးချယ်ခံထားရသူ ၇၀၀ ကျော်ရှိသွားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ရွေးချယ်ခံထားရသူများမှာ ကိုရီးယားရှိ စက်ရုံ၊ အလုပ်ရုံများက အွန်လိုင်းမှတစ်ဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရွေးချယ်ခံရသူများကို ရှစ်မိုင် မဟာစည်မှတ်တိုင်အနီးရှိ အလုပ်သမားရုံးတွင် နေ့စဉ်ကြေညာထားကာ ဇန်နဝါရီ ၁၈ရက်တွင် ၁၆၈ ဦးအား ထပ်မံကြေညာခဲ့သည်။

"ရုံးဖွင့်ရက်တွေမှာ နေ့တိုင်းအရွေးခံရတဲ့လူစာရင်းတွေကို ထုတ်ပြန်ပေးသွားမှာပါ"ဟု အဆိုပါရုံးမှ ဝန်ထမ်းတစ်ဦးကဆိုသည်။ ထိုရွေးချယ်ခံထားရသူများထဲမှ စာချုပ်ချုပ်ခန့်ထားပြီး၊ ၂၂၀ ဦးအားဇန်နဝါရီ ၂၀ရက်နေ့မှစ၍ မြောက်ဒဂုံမြို့ရှိသင်တန်းကျောင်း၌ ၆ရက်သင်တန်းတက်ရမည်ဖြစ်သည်။

ထိုကဲ့သို့ စာချုပ်ချုပ်ဆိုပြီး သူများမှာ ကိုရီးယားသို့ တစ်လအတွင်း သွားရောက်ရဖွယ်ရှိကြောင်း ခန့်မှန်းပြောဆိုကြသည်။ စာချုပ်ချုပ်ဆိုမှုများတွင် တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိဘဲ အချို့မှာအစမ်းခန့်ကာလများအဖြစ် တစ်လမှ သုံးလအတွင်း သတ်မှတ်ခံရသူများရှိပြီး အချို့မှာ အစမ်းခန့်ကာလမရှိကြောင်း သွားရောက်မည့်သူတစ်ဦးကဆိုသည်။

"အများစုက ကုန်ထုတ်လုပ်ငန်း၊ ဒုတိယစိုက်ပျိုးရေးနဲ့ တတိယက ငါးဖမ်းခြင်းအလုပ်တွေလုပ်ရမှာ"ဟု ကိုယ်တိုင်သွားရောက်မည့်သူတစ်ဦးက ဆိုသည်။

ကိုရီးယားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် စာမေးပွဲအောင်မြင်ထားသူ ၁၇၀၀ကျော်ရှိပြီး ကျန်ရှိသော သူများကိုလည်း မကြာမီခေါ်ယူရန်ရှိကြောင်း သတင်းရရှိသည်။



*ကိုရီးယားမှ ခေါ်ယူသည့် အလုပ်သမားစာရင်းကို ကြည့်ရှုနေကြသော ကိုရီးယားနိုင်ငံသွားရောက်ရန် စောင့်ဆိုင်းနေသော မြန်မာအလုပ်သမားများ။* ဓာတ်ပုံ - အောင်အောင်



*လေကြောင်းလိုင်းသစ်မှ လေယာဉ်မယ်တစ်ဦး ခရီးသည်များကို ဝန်ဆောင်မှုပေးနေစဉ်။ ထိုလေကြောင်းတွင် အသုံးပြုမည့်လေယာဉ်တစ်စီး။*

## ပုဂလိက လေကြောင်းလိုင်းသစ် စတင်ပျံသန်းတော့မည်


**အောင်သူရ**

ရန်ကုန်၊ ဇန်နဝါရီ - ၂၂

ခရီးသည် ၇၀ ဦးစီးနိုင်သော ပြင်သစ်နိုင်ငံလုပ် Air-72-500 လေယာဉ်နှစ်စီးဖြင့် ပြည်တွင်းခရီးစဉ်များအား ပျံသန်းပေးမည့် Asian Wings လေကြောင်းလိုင်းက ဇန်နဝါရီလ ၂၂ ရက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းသည် MIC ခွင့်ပြုချက်ရရှိထားပြီး AOC (Air Operate Certificate)မှာ ရှေ့အပတ်တွင် ရရှိတော့မည်ဖြစ်၍ ဇန်နဝါရီ ၂၇ ရက်မှစ၍ စတင်ပျံသန်းတော့မည်ဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဦးမောင်မောင်လောက်က သတင်းထောက်များအားပြောသည်။

ရန်ကုန်မြို့ကို အခြေပြု၍ ပျံသန်းမည့်မြို့များမှာ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ မြစ်ကြီးနား၊ ကလေး၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့တို့အား ခရီးစဉ်အလိုက် ပျံသန်းပေးမည်ဖြစ်သည်။



ထို့အပြင် စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မုံရွာ၊ ဟုမ္မလင်း၊ ခန္တီး၊ ဗန်းမော်၊ မော်လမြိုင်နှင့် လှိုင်ကော်မြို့များကိုလည်း နောက်ပိုင်းတွင် ပျံသန်းရန်အစီအစဉ်ရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ Reservation မန်နေဂျာ ဒေါ်ချိုမာနွယ်ကပြောသည်။

မန္တလေးမြို့သို့ သွားရောက်မည့်သူများနှင့် မန္တလေးမြို့မှ အခြားမြို့များသို့ သွားရောက်မည့် ခရီးသည်များအား မန္တလေးတံတားဦးလေဆိပ်မှ မြို့တွင်းသို့ လေကြောင်းလိုင်းပိုင် ဘတ်စ်ကားနှစ်စီးဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။

ပျံသန်းရန် သတ်မှတ်ထားသော မြို့တိုင်းတွင် ရုံးခွဲများဖွင့်လှစ်ထားပြီး အဆိုပါရုံးခွဲများတွင်လည်း လေယာဉ်လက်မှတ်များကို ဝယ်ယူနိုင်ပြီး ၃၁၈ နာရီအထိ ကြိုတင်လက်မှတ်များ ပြုလုပ်နိုင်ကြောင်း ဒေါ်ချိုမာနွယ်က ဆိုသည်။

ပြည်တွင်း ပြည်ပတွင်ရှိသော လက်မှတ်ရောင်းကိုယ်စားလှယ်ကြီးများအနေဖြင့် nesv.asianwings@gmail.com မေးလ်လိပ်စာအား awite လုပ်၍ ဂျီတော့ပ်မှတစ်ဆင့် ခရီးစဉ်များအား စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

စာ(၁၂)သို့

## ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်နေသော်လည်း ကြက်ကင်ရောင်းချမှုများ ရှိနေဆဲ

**ဝွန်ကိုလင်း(စစ်တွေ)၊ မောင်သန်းဝင်း**

**စစ်တွေ၊ ဇန်နဝါရီ - ၂၀**

**ပြီးခဲ့သည့် ဇန်နဝါရီလ ဒုတိယ ပတ်က စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု သဲချောင်းလက်သမား ကျေးရွာတွင် ကြက်ခြံတစ်ခြံ၌ ကြက်ကောင်ရေ ၈၀၀ ခန့် သေဆုံးမှုမှ စမ်းသပ်စစ်ဆေးရာ** (Highly Pathogenic Avian Influenzoe-HPAI) **အပြင်းစားကြက်တုပ်ကွေးဖြစ်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ အတည်ပြုပြောကြားထားသည်။ သို့ဖြစ်၍ ဘုမေကျေးရွာတစ်ဝိုက် ကြက်ခြံများမှ အပြင်းစားကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် HPAI ဖြစ်နိုင်ခြေရှိသည့် ကြက်ကောင်ရေ ၈၀၀၀ ခန့်ကို သတ်ဖြတ်ဖျက်ဆီးလိုက်ရကြောင်း သိရသည်။**

ထို့အတူ စစ်တွေမြို့ထဲအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးတားမြစ်ချက်များအား လိုက်လံကြေညာခဲ့ပြီး အသိပေးကြော်ငြာပိုစတာများကိုလည်းကပ်ထားကာ အသိပေးသည့်အပြင် ဈေးများအတွက် ကြက်သား၊ ကြက်ဥများ ရောင်းချမှုများအားလည်း ပိတ်ပင်ထားကြောင်း သိရသည်။

သို့ရာတွင် ကြက်ကင်ကိုလှည့်လည် ၍ ရောင်းချသူအချို့အား မြို့ထဲ၌ တွေ့ရှိနေရဆဲဖြစ်ကြောင်း ဒေသခံအချို့က ပြောသည်။

"ကြက်ငှက်တုပ်ကွေးဖြစ်တာက ဥစားကြက်တွေမှာ အတွေ့များတာဆိုပေမယ့် ကြက်ကင်တွေက စားရင်အန္တရာယ်ရှိ နိုင်တယ်။ ဒါ့အပြင် စစ်တွေနဲ့ ပုဏ္ဏားကျွန်းမြို့ကြားက ကွမ်းတောင်ရွာမှာတော့ ကြက်ကင်ရောင်းချနေဆဲဖြစ်ပြီး ကားလမ်းခရီးသည်တွေလည်း ဝယ်စားနေတာတွေ့ရတယ်"ဟု စစ်တွေမြို့ခံ ကျောင်းဆရာမတစ်ဦးက ပြောကြားသည်။

စစ်တွေမြို့အနီးတစ်ဝိုက်တွင် ကျီးကန်းများနှင့် ဗျိုင်းများသေဆုံးမှုများဖြစ်ပေါ်နေကြောင်းလည်း သိရှိရသည်။ "ကျွန်တော်တို့ အိမ်နောက်ဖေးက ကွင်းပြင်မှာ ကျီးကန်းတွေတဖုတ်ဖုတ်ပြုတ်ကျသေနေတယ်။ ကလေးတွေကို မကိုင်စေဘဲ မြေမြှုပ်လိုက်ရသေးတယ်"ဟု စစ်တွေမြို့နယ် စံပြကျေးရွာက ဒေသခံကိုလှမြင့်က ပြောကြားခဲ့သည်။

ထိုအတူ ပင်လယ်ကမ်းစပ်များ၌လည်း ဗျိုင်းအချို့ သေဆုံးသည်များကိုလည်း ရေလုပ်သားအချို့က တွေ့ရှိခဲ့ကြောင်း ပြောသည်။

စစ်တွေဈေးကွက်အတွင်း ကြက်သားစားသုံးသူ လျော့နည်းကျဆင်းလာခြင်းနှင့်အတူ ကြက်သားဈေးမှာလည်း ကျဆင်းနေကြောင်း ဒေသခံစားသုံးသူများမှ စုံစမ်းသိရသည်။

စစ်တွေကြက်သားဈေးကွက်အတွင်း မြောက်စံပြကြက်မွေးမြူရေးခြံမှ ကြက်များအများဆုံးနေရာယူ ဝင်ရောက်နေကြခြင်းဖြစ်သည်ဟုဆိုသော်လည်း မင်းဝံရပ်ကွက်နှင့် ဘုမေကျေးရွာအုပ်စုများမှလည်း ဝင်ရောက်မှုများရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဘဏ္ဍာနှစ်လက်ကျန်သုံးလတွင် ပြည်ပသို့ ဆန်တန်ချိန်သုံးသိန်းသာ တင်ပို့ရန် သတ်မှတ်

ပြည်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ - ၂၂

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်လက်ကျန် သုံးလတွင် ဆန်တန်ချိန်သုံးသိန်းသာတင်ပို့ရန် စီးပွား/ကူးသန်းမှ တာဝန်ရှိသူများက အထူးပြုကုမ္ပဏီများနှင့် ပြည်ပသို့ ဆန်တင်ပို့သူများကို ဇန်နဝါရီ ၁၀ ရက်အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဆန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိ ကမ္ဘာ့ဈေးကွက်တွင် ရရှိနေသော ဆန်ဈေးနှုန်း ပြည်ပပို့ကုန်ရငွေတန်ဖိုး မြင့်မားလာမှု အခြေအနေများကြောင့် ယခုပမာဏထက်ပိုမိုတင်ပို့နိုင်သည်။ ယခုအချိန်သည် ပို့ကုန်များ အဓိကတင်ပို့သော ရာသီဖြစ်ပြီး ပြည်တွင်းဈေး၌လည်း စပါးဈေးမှာကျဆင်းလာသည့်အတွက် ယခုထက်တန်ချိန်ပိုမိုတင်ပို့နိုင်ရန် အထူးပြုကုမ္ပဏီများ၊ ဆန်တင်ပို့သည့် ကုန်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတို့က တင်ပြထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - အောင်အောင်

"ပြည်ပသို့ တင်မယ်ဆိုရင် တစ်လကို တန်ချိန်တစ်သိန်းခွဲလောက် ပို့နိုင်တယ်။ ပြည်ပပို့ကုန်နည်းလို့ စပါးဈေးကျလာမယ်ဆိုရင် ရှေ့နှစ် လယ်သမားက စိုက်ပျိုးရေးမှာ အာရုံစူးစိုက်မှု လျော့သွားမှာကို စိုးရိမ်ရတယ်" ဟု အထူးပြုကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ရှင်းပြသည်။

ယခုကဲ့သို့ ပြည်ပတင်ပို့မှု ဆန်တန်ချိန်သတ်မှတ်ရခြင်းမှာ ၂၀၁၀ တွင် ရာသီဥတုကြောင့် ဆန်စပါးအထွက် အနည်းငယ်ထိခိုက်ခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်း သုံးသပ်သည်။

လက်ရှိအချိန်တွင် မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)ကို တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၀ကျော်၊ ၅ မှတ်ဆန်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ကျော်ဈေးပေါက်သည်။

# အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်၍ ဂျပန်နိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးသေဆုံး

သန်းထူး

အုတ်တွင်း၊ ဇန်နဝါရီ-၂၄

ရန်ကုန်မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာသော ပါဂျဲရိုးကားတစ်စီးသည် မိုင်တိုင်အမှတ် ၁၃၈ အကျော်တွင် ဇန်နဝါရီ ၂၂ ရက်ညက တိမ်းမှောက်ပြီး ကားပေါ်တွင် လိုက်ပါလာသည့် ဂျပန်လူမျိုးတစ်ဦးနှင့် မြန်မာလူမျိုးတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဂျပန်လူမျိုးနှစ်ဦး၊ စကားပြန်တစ်ဦးနှင့် မြန်မာအမျိုးသားနှစ်ဦး စုစုပေါင်း ငါးဦးပါဝင်သော ပါဂျဲရိုးကားမှာမိုင်တိုင်အမှတ်၁၃၈ အကျော်၃ ဖာလုံနှင့် ၄ ဖာလုံအကြား ရေသိုးတံတားအမှတ်(၁) အပေါ်မှပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ယာဉ်မတော်တဆမှုကြောင့် အသက် ၄၃နှစ်အရွယ်ဂျပန်လူမျိုး သွားဘက်ဆိုင်ရာ ပါရဂူမစ္စတာဟာဇီကာဝါနှင့် မြန်မာအမျိုးသားတစ်ဦးတို့ သေဆုံးပြီး ကျန်ဂျပန်တစ်ဦးနှင့် မြန်မာနှစ်ဦးတို့မှာလည်း ဒဏ်ရာများရရှိခဲ့ကြောင်း အုတ်တွင်းမြို့နယ်ရဲစခန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်တိမ်းမှောက်ရခြင်းမှာ အရှိန်မြင့်မောင်းနှင်လာပြီး လမ်းအမှတ်အသားကို အနီးရောက်မှတွေ့ကာ ကွေ့ရှောင်လိုက်စဉ်တွင် တံတားပေါ်မှတစ်ဆင့် အရှိန်လွန်ကာ ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦးက လမ်းမပေါ်သို့တက်ကာ ခရီးသည်တင်ဘတ်စ်ကားတစ်စီးအားတား၍ အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်ကိုယာဉ်တိုက်မှုတွင် သေဆုံးခဲ့သူ မစ္စတာဟာဇီကာဝါက အမြန်လမ်းမပေါ်ရောက်ပြီး မကြာမီတွင် ယာဉ်ကိုမောင်းနှင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် အခင်းဖြစ်ပွားပြီးနောက် မကွယ်လွန်မီအချိန်လေးတွင် မစ္စတာဟာဇီကာဝါက ယာဉ်ပေါ်၌ ပါလာသူများကို 'ဆောရီး၊ဆောရီး' ဟု အကြိမ်ကြိမ်ပြောသွားခဲ့သေးသည်။

ထိုယာဉ်မတော်တဆမှုကို အုတ်တွင်းမြို့နယ် ရဲစခန်းတွင် ပနံပါတ် ၂/၂၀၁၁၊ ပုဒ်မ (၃၀၄က/၃၃၈)ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

အမြန်လမ်းမကြီး စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၉ ခုနှစ်မတ်လ ၂၆ ရက်မှ ၂၀၁၀ နိုဝင်ဘာ ၂၃ ရက်အထိ လ ၂၀ခန့်ကာလအတွင်းယာဉ်တိုက်မှု ၁၅၆မှုဖြစ်ပွားခဲ့ပြီး လူ ၈၀သေဆုံးခဲ့ကာ ၂၇၈ဦးဒဏ်ရာရရှိထားသည်။



7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

Crime Corner

## ညီမဖြစ်သူကို အငယ်အနှောင်းဖြစ်မည်စိုး ဆိုးမရာမှ လက်လွန်ကာ လူသတ်မှုဖြစ်

စောရန်နိုင်

မကွေး၊ ဇန်နဝါရီ- ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဇန်နဝါရီလ ၈ရက်က မိန်းကလေးတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျကာ ဆေးရုံသို့တင်ပို့စဉ် လမ်း၌သေဆုံးခဲ့သည်။ ထို့နေ့ ည၈နာရီ ၂၅မိနစ်အချိန်ခန့်တွင် မင်းဘူးမြို့နယ်အတွင်း ကျေးရွာတစ်ရွာမှ မိန်းကလေးတစ်ဦးသည် ရွာအနောက်ဘက်ယာခင်းအနီး လှည်းလမ်းမပေါ်တွင် ရင်ဘတ်နှင့်လည်ဂုတ်တို့၌ ဓားဒဏ်ရာဖြင့်လဲကျနေ၍ ဆေးရုံသို့တင်ပို့စဉ် လမ်း၌သေဆုံးခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူအား စိစစ်ဖော်ထုတ်ချက်များအရ သေဆုံးသူမိန်းကလေးမှာ အိမ်ထောင်ရှိအမျိုးသားတစ်ဦးနှင့် ငြိစွန်းနေသဖြင့် သူများမယားငယ်အဖြစ် မပေါင်းသင်းရန် အစ်ကိုဖြစ်သူက တားမြစ်ခဲ့ရာမှ မကျေနပ်၍ ၎င်းအမျိုးသားက အရိုးအသွား ၂၆လက်မ၊ ဗျက်၁လက်မရှိ ဓားရှည်ဦးချွန်နှင့် ထိုးခဲ့ရာမှ သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါအမျိုးသားကိုယ်တိုင် ဇန်နဝါရီ ၁၀ ရက်က ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်ပေးခဲ့သဖြင့်ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

## နေပြည်တော် ပျဉ်းမနားရှိ နေအိမ်တစ်အိမ်မှ ပစ္စည်းများခိုးယူလာသူကို ရန်ကုန်ရဲတပ်ဖွဲ့က လွှဲပြောင်းပေးအပ်

ကျော်ဇေယျ

နေပြည်တော်၊ ဇန်နဝါရီ- ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ပိတောက်ချောင်းရဲစခန်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အထူးမှုခင်းနှိမ်နှင်းရေး၌ာနစုမှ ရဲတပ်ဖွဲ့ဝင်များသည် ဗဟန်းရဲစခန်း(ပ)၄၀၉/၂၀၁၁ ပြစ်မှုပုဒ်မ ၃၈၀/၅၄ (ခိုးမှုမသင်္ကာမှု)မှ တရားခံဟုဆိုသော ကို××××(၂၆)နှစ်အား စစ်ဆေးရာ ကို×××က ယင်းထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းတို့မှာ ၂၀၁၀ ဧပြီလပထမပတ်ခန့်က နေပြည်တော်ပျဉ်းမနားရှိ နေပြည်တော်လမ်းမပေါ်ရှိ နေအိမ်တစ်အိမ်မှ ခိုးယူလာကြောင်း ထွက်ဆိုလာသဖြင့် နေပြည်တော် ပျဉ်းမနားရဲတပ်ဖွဲ့စခန်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲမှတ်တမ်းများအရ အဆိုပါ သက်သေခံပစ္စည်းများမှာ ၃၂ လက်မ LCD Samsung TV တစ် လုံး Sony Digital-8 စာတန်းပါ ဗီဒီယိုကင်မရာတစ်လုံး အပါအဝင် ခိုးရာပါပစ္စည်း များစွာပါဝင်သည်။

သက်ဆိုင်ရာအမှုစစ်အရာရှိ၏ ပြောပြချက်အရပြစ်မှု ကျူးလွန်သည်ဟု မသင်္ကာရသူတရားခံဆိုသူသည် ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းတွင် နေထိုင်သူဖြစ်ပြီး နေပြည်တော်ပျဉ်းမနားသို့ လာရောက်၍ ပြစ်မှုကျူးလွန်ကြောင်းသိရပြီး အဆိုပါပစ္စည်းများအား ပိုင်ရှင်မှန်သို့ ပြန်လည်အပ်နှံရေးနှင့် ပြစ်မှုကျူးလွန်သူ မသင်္ကာတရားခံအား တရားစွဲဆိုတင်ပို့ရေးအတွက် ၂၀၁၁ ဇန်နဝါရီလ ၁၄ရက်က နေပြည်တော်ပျဉ်းမနားရဲစခန်း (ပ)၂၂/ ၂၀၁၁ ဥပဒေပုဒ်မ ၃၈၀/၅၄ အရစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# အလည်အပတ်ဗီဇာဖြင့် မလေးရှားသို့ စေလွှတ်ခံရသော အလုပ်သမားနှစ်ဦး လေဆိပ်မှ ပြန်လာရ

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ – ၂၁

မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်မည့်သူအား အလည်အပတ်ဗီဇာ(ပြည်ဝင်ခွင့်)ဖြင့် စေလွှတ်ခဲ့သဖြင့် ပြည်ဝင်ခွင့် မရရှိဘဲ မလေးရှားလေဆိပ်မှ မြန်မာလုပ်သားနှစ်ဦး ပြန်လာရကြောင်း သတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တောင်စွန်းရွာတွင် နေထိုင်သူ လူငယ်တစ်ဦးမှာ ဇန်နဝါရီ ၁၈ရက်က မလေးရှားလေဆိပ်မှ ပြန်လွှတ်ခံရပြီး ဇန်နဝါရီ ၂၀ရက်တွင်လည်း နောက်ထပ်တစ်ဦး ထပ်မံပြန်ပို့ခံရကြောင်း လေဆိပ်မှ တာဝန်ရှိသူများထံမှ စုံစမ်းသိရသည်။

“အလည်အပတ်ဗီဇာနဲ့ သွားရင် Show moneyပြရတယ်။ မေးတာတွေ ကောင်းကောင်း ဖြေနိုင်ရမယ်။ အင်္ဂလိပ်လိုလည်း ပြောတတ်မှ၊ အဝတ်အစားလည်း စမတ်ကျကျဝတ်ထားမှ ပေးဝင်တာ” ဟု မလေးရှားနိုင်ငံသို့ မကြာခဏ သွားရောက်သူ လုပ်ငန်းရှင်တစ်ဦးကပြောသည်။



ဓာတ်ပုံ - DayLife

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တစ်နေရာတွင် လုပ်ငန်းခွင်ဝင်နေသော ပြည်ပအလုပ်သမားတစ်ဦး။

ဇန်နဝါရီ ၁၈ရက်တွင် ပြန်ပို့ခံသူ လူငယ်ထံတွင်Show Money ဒေါ်လာ ၅၀၀ခန့် ပါသော်လည်း သူ၏ဝတ်စားဆင် ယင်ပုံနှင့် အင်္ဂလိပ်စကား မပြောတတ်ခြင်းကြောင့် ပြန်ပို့ခံရခြင်းဖြစ်နိုင်ပြီး ဇန်နဝါရီ ၂၀ ရက်က ပြန်ပို့ခံရသူထဲတွင် Show Money ဒေါ်လာ ၁၀၀ သာပါကြောင်း လေဆိပ်မှတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

ချောက်မြို့နယ် တောင်စွန်းကျေးရွာတွင်နေထိုင်ပြီး ပြန်ပို့ခံရသူမှာ မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန်အတွက် စုစုပေါင်းငွေကျပ် ၁၂ သိန်းကုန်ဆုံးသွားခဲ့ကြောင်း ကာယကံရှင်ကိုယ်တိုင်က လေဆိပ်တွင်တွေ့ဆုံစဉ် 7Day News သို့ပြောသည်။

မလေးရှားနိုင်ငံ အစိုးရက ဇန်နဝါရီလ ၁၁ရက်မှစ၍ လေကြောင်းလိုင်းများတွင် ဗီဇာရယူထားခြင်းမရှိသည့် လုပ်သားများအား လေယာဉ်စီးနင်းခြင်း မပြုရန်သတ်မှတ်ခဲ့သည်။ စာ(၁၂)သို့

## လုပ်ငန်းတစ်ခုက ဆွီဒင်နိုင်ငံထုတ် ဘတ်စ်ကားဖြင့် ရန်ကုန်-နေပြည်တော် ခရီးစဉ် ပြေးဆွဲခွင့်လျှောက်ထား

ထူးသန့်

နေပြည်တော်၊ ဇန်နဝါရီ – ၁၉

**ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ဆွီဒင်နိုင်ငံမှ ထုတ်လုပ်ထားသည့်ဘတ်စ်ကားကြီးများဖြင့် ရန်ကုန် – နေပြည်တော် ခရီးစဉ်အတွက် ဝင်ရောက်ပြေးဆွဲခွင့်ရရှိရန် လုပ်ငန်းတစ်ခုကလာရောက်လျှောက်ထားကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှစုံစမ်းသိရှိရသည်။**

E-lite Express ဟူသော အမည်ဖြင့်လာရောက်လျှောက်ထားသည့်အဆိုပါ ယာဉ်လိုင်းနှင့် ပတ်သက်ပြီး နေပြည်တော် မထသ (အဝေးပြေး)ဥက္ကဋ္ဌဦးဝင်းဆွေက “ရက်ပိုင်းအတွင်းမှာ သိရပါလိမ့်မယ်။ သူတို့ရဲ့ တင်ပြလာမှုအရ ရန်ကုန်က မနက် ၅နာရီခွဲ၊ ၆နာရီခွဲနဲ့ ၇နာရီခွဲတွေမှာ ထွက်ခွာပြီး နေပြည်တော်ကနေ ညနေပိုင်းနာရီအလိုက် ၃ စီးလုံးပြန်ထွက်မှာလို့ သိရပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ယင်းယာဉ်လိုင်းမှ နေပြည်တော်ရှိ ခရီးသွားအကျိုးဆောင်အချို့ထံသို့ ပေးဝေထားသော လက်ကမ်းကြော်ငြာများအရ ခရီးသည်များအနေဖြင့် နားကြပ်ကိုရိယာတစ်ခုစီမှ ဖျော်ဖြေရေး အစီအစဉ်များအား စိတ်ကြိုက်အသံအနေအထားကို ခံစားနိုင်ခြင်း၊ လက်ကိုင်ဖုန်းနှင့်အခြားလျှပ်စစ်ပစ္စည်းများအား ယာဉ်ပေါ်၌ပင် အားဖြည့်သွင်းနိုင်ခြင်း၊ ယာဉ်နောက်ခြမ်းတွင် အရေးပေါ်ထွက်ပေါက်ပါရှိခြင်း၊ ယာဉ်ပေါ်တွင် အပူအအေး အစားအသောက်များ မှာယူစားသုံးနိုင်ခြင်းစသည်ဖြင့် ထူးခြားသော အပိုဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်နှင့် နေပြည်တော် ခရီးကို ပုံမှန်သွားလာလျက်ရှိသော ပုဂ္ဂလိကဝန်ထမ်းလူငယ်တစ်ဦးက “ကျွန်တော်တို့ နိုင်ငံမှာ ဂျပန်နဲ့ကိုရီးယားနိုင်ငံထုတ်ကားတွေကိုပဲစီးနေရတာ။အခုလိုဥရောပနိုင်ငံတစ်နိုင်ငံက ထုတ်ထားတဲ့ ကားနဲ့ဆွဲတော့မယ်ဆိုတော့ စိတ်ဝင်စားနေတယ်။ ကျွန်တော်တို့ဆီက ရာသီဥတု၊ လမ်းအခြေအနေတွေအရ ရေရှည်မှာ ဘယ်လိုဖြစ်လာမလဲစိတ်ဝင်စားစရာပဲ”ဟု ၎င်း၏အမြင်ကိုပြောသည်။

နေပြည်တော်-ရန်ကုန် ခရီးသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းနယ်ပယ်တွင် ဝင်ရောက်ပြေးဆွဲသော ယာဉ်စီးရေ များပြားလာသည့် အတွက်ဝန်ဆောင်မှုများလည်း အပြိုင်အဆိုင်ဖြစ်လာဖွယ်ရှိကြောင်းသက်ဆိုင်ရာလုပ်ငန်းရှင်များထံမှသိရသည်။




TRI
LIVES BRILLIANTLY


i-MAX
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE // MY DREAM

# Home

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

## မျက်နှာဖုံး-မြန်မာနစ်ကူးသကြန်ပြီးမှသာ ရွှေဈေးစောင့်ကြည့်ရမည်ဆို မှ

"အခုအချိန်က ပုံမှန်ရွှေထွက်ချိန်ဖြစ်နေတာရယ်၊ ကမ္ဘာ့ရွှေဈေးကျနေတာရယ်၊ ဒေါ်လာလဲနှုန်းကလည်း ဆက်တိုက်ကျနေတာရယ်။ အဲဒါတွေအပြင် အခုနိုင်ငံတော်က ရွှေထုတ်ရောင်းနေတော့ ဈေးကဆက်တက်ဖို့တော့ မမြင်ဘူး"ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်းမှ အမှုဆောင်လည်းဖြစ် ရွှေလုပ်ငန်းရှင်လည်းဖြစ်သည့် ကိုဌေးကသုံးသပ်ပြောကြားသည်။

ယခုလတ်တလောရွှေဈေးမှာ တစ်ကျပ်သားလျှင် ၆၃၀,၀၀၀ ကျပ်ဝန်းကျင်တွင် လည်ပတ်နေပြီး ၂၀၁၀နှစ်ကုန်ပိုင်းခန့်က တန့်နေခဲ့သည့် ၆၅၀,၀၀၀ ကျပ်ဝန်းကျင်မှ တရိပ်ရိပ်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုကဲ့သို့ကျဆင်းနေသော ဈေးနှုန်းသည် ပင်ပြီးခဲ့သည့်နှစ် နှစ်ဆန်းပိုင်းနှင့်ယှဉ်ပါက ယခုပေါက်ဈေးက မြင့်နေသေးသည်။

"ရွှေအဝင်ကလည်းပုံမှန်ရှိနေတယ်။ အဝယ်ကလည်း ပုံမှန်ပဲ။ ရွှေဈေးက ပုံမှန်သွားနေကျအတိုင်းကြည့်မယ်ဆိုရင် ဒီအချိန်က ကျလေ့တော့ရှိတယ်။ ဈေးတက်ဖို့တော့မရှိလောက်သေးဘူးလို့ မှန်းရပါတယ်။တအားကျသွားဖို့လည်းမရှိနိုင်ပါဘူး"ဟု ရွှေလုပ်ငန်းရှင် ဦးဝင်းမြင့်ကခန့်မှန်းပြောကြားသည်။

ရွှေဈေးနှုန်းမှတ်တမ်းများအရ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ရွှေဈေးတက်လေ့မရှိဘဲ မေ၊ ဇွန်၊ ဇူလိုင်လောက်တွင်ဈေးနှုန်းမြင့်လေ့ရှိသည်။

ယခုအချိန်သည် ရွှေထွက်ချိန်ဖြစ်နေသည့်အတွက် ရွှေဈေးအကျဘက်တွင်ရှိလေ့ရှိသည်ဆိုသော်လည်း နိုင်ငံတော်အစိုးရက ရွှေထုတ်ရောင်းနေသည့်အတွက် ရွှေဈေးကွက်အတွင်း ရွှေပိုများလာနိုင်ရာ ပုံမှန်ရွှေမှတ်တမ်းများအရ ခန့်မှန်းရခက်နေကြောင်း ရွှေလုပ်ငန်းရှင်တို့ကဆိုသည်။

"လောလောဆယ် ရွှေဈေးကွက်ထဲမှာ နေ့စဉ်ရွှေလည်ပတ်မှုကတော့ ခါတိုင်းလိုပါပဲ။ ငါးပိဿာဝန်းကျင်လောက်ပဲရှိပါတယ်။ အစိုးရရွှေကဝယ်တဲ့လူတော့ရှိပါတယ်။ ထူးခြားပြီး ရွှေတွေဈေးကွက်ထဲဝင်လာတာမျိုးတော့မတွေ့ရပါဘူး။ အစိုးရရွှေတွေဝယ်တဲ့လူတွေလည်းရှိပါတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အစိုးရအနေဖြင့် ယခုကဲ့သို့ ရွှေထုတ်ရောင်းခြင်းကို တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ထိုအချိန်က မီးလင်းရွှေဒင်္ဂါးများကို ထုတ်ရောင်းခဲ့ခြင်းဖြစ်သည်။

လတ်တလောရွှေဈေးကွက်တွင် အပိုင်းဝယ်လိုအား ကောင်းနေပြီး အထည်ဈေးကွက်မှာ ပုံမှန်ကောင်းချိန်ဖြစ်သည့် သီးနှံပေါ်ချိန်ကာလဖြစ်သော်လည်း ၂၀၁၀အတွင်း ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေများကြောင့်ထင်သလောက်ဝယ်အားမရှိကြောင်းသိရသည်။ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားမှာ တစ်ယူနစ်လျှင် ၈၄၀ ကျပ်ဝန်းကျင်သာလည်ပတ်နေပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၃၇၀ ဒေါ်လာဝန်းကျင်တွင်ရှိနေသည်။ ယနေ့မြန်မာ့ရွှေဈေးမှာ အခေါက်တစ်ကျပ်သားလျှင် ၆၃၈,၀၀၀ ကျပ်ဖြစ်ပြီး၊ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၃၇၃ဒေါ်လာဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ကန်ဒေါ်လာ တစ်ယူနစ်လျှင် ၈၄၀ကျပ်ဖြစ်သည်။

## မျက်နှာဖုံး-သမ္မတသစ်ဖြစ်လာမည့်သူကို လူထုစိတ်ဝင်တစားစောင့်ကြည့် မှ

ထို့အပြင် သမ္မတသစ် မည်သူဖြစ်လာမည်ကို ပြည်တွင်းရှိ နိုင်ငံရေး စိတ်ပါဝင်စားသူများအပြင် အင်တာနက်နှင့်အကျွမ်းတဝင်ရှိသော လူငယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူလတ်တန်းစားများမှာ အခြေခံလူတန်းစားများထက်ပို၍ စိတ်ဝင်စားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ယခုလပိုင်းအတွင်း အင်တာနက်မှ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များနှင့် ဂျီတော့ခ်အသုံးပြုသူများကြား၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်စကားဝိုင်းများတွင်လည်း သမ္မတသစ် ဖြစ်လာမည့်သူနှင့်ပတ်သက်၍ ထင်ကြေးပေးဆွေးနွေးမှုများရှိလာသည်ကိုတွေ့ရသည်။

"နိုင်ငံရေးကို သိပ်တော့ စိတ် မဝင်စားပါဘူး။ ဒါပေမဲ့ သမ္မတဘယ်သူဖြစ်လာမလဲဆိုတာကိုတော့ စိတ်ဝင်စားတယ်"ဟု ရန်ကုန်မြို့မှ စီးတီးတက္ကစီယာဉ်မောင်းတစ်ဦးကလည်းပြောသည်။

လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးနောက် ဒုတိယသမ္မတသုံးဦးပေါ်ထွက်လာမည်ဖြစ်ပြီး ထိုသုံးဦးထဲမှ သမ္မတကို သမ္မတရွေးချယ်ရေးကော်မတီကရွေးချယ်မည်ဖြစ်သည်။

နှစ်ပေါင်း ၂၂ ကျော်ကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဇန်နဝါရီ၃၁ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် သမ္မတနှင့်ဒုသမ္မတ ရွေးချယ်ရေးမှာပြီးစီးဖွယ်ရှိကြောင်းလည်း ရွေးကောက်ခံအမျိုးသားလွှတ်တော်အမတ် ဦးမြတ်ညဏစိုးကပြောသည်။

## မျက်နှာဖုံး – ပင်ရင်းမှဖြတ်တောက်ခွန် ပို့ကုန်လုပ်ငန်းရှင်များကိုလည်း သက်ရောက်

သန်းဌေး၊ ပြည့်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ – ၁၉

**ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် (Withholding Tax)သည်ပြည်ပတင်ပို့သူများအပေါ်ပါ သက်ရောက်မှုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။**

"အိတ်စ်ပို့တွေ၊ အင်ပို့တွေရှုပ်မနေနဲ့၊ သုံးသိန်းကျော်ရင် ဝင်ငွေခွန်ဥပဒေအရ သူ့မှာ နုတ်ပေးဖို့တာဝန်ရှိတယ်"ဟု ၎င်းကပြောသည်။

အကယ်၍ ထိုသို့နုတ်ယူပေးသွင်းခြင်းမပြုသော လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများသည် ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ(၁၆) ပုဒ်မခွဲ(ဆ)အရ ထိုဝင်ငွေခွန်နှင့် ပတ်သက်၍ ပေးဆောင်ရန်ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း ခံရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကိုယ်ဝယ်တဲ့ပစ္စည်းကို ပြည်ပကို ပို့ပို့မပို့ပို့ လာသွင်းတဲ့သူတွေ သုံးသိန်းဖိုးကျော်တာနဲ့ သုံးရာခိုင်နှုန်း နုတ်ချေရမှာပါ"ဟု မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးနှင်းဦးက ပင်ရင်းဖြတ်တောက်ခွန်နှင့် ပတ်သက်၍ပြောသည်။

အမိန့်ကြော်ငြာစာ အမှတ် ၄၁/၂၀၁၀ ဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ထုတ်ပြန်ချက်စာပိုဒ် အမှတ်စဉ် ၃ တွင် အထက်ပါအချက်ပါရှိသည်။

"ကျွန်တော်တို့ဆီ ပစ္စည်းသွင်းတဲ့လူတွေကို ရှင်းပြတာ၊ သူတို့က မပေးနိုင်တဲ့သဘောဖြစ်နေတယ်"ဟု အီးယူနိုင်ငံများသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ရသော GFTI ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာဦးမျိုးညွန့်က ပြောသည်။

ထိုအခါ ပြည်ပတင်ပို့သူများ အနေဖြင့် မိမိအမှာစာရှိသော ပစ္စည်းကို ပြည်တွင်းတွင် ဝယ်ယူလိုပါက နှစ်ဖက်သဘောတူဈေးနှုန်းထက် ပိုပေးရန်သို့မဟုတ် အခြား နည်းလမ်းရှာကြံရန် စဉ်းစားနေရကြောင်း ပြည်ပတင်ပို့သူလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"များများလုပ်ရင် များများရှိမယ်။ နည်းနည်းလုပ်ရင် နည်းနည်းရှိမယ်။ မဆောင်ချင်ရင် မလုပ်ဖို့ဘဲရှိတယ်။ အထိုက်လျောက်တော့ သက်ရောက်မှုရှိတယ်" ဟု အောင်မိုးခိုင် ကဏန်းပျော့မွေးမြူထုတ်လုပ်တင်ပို့ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသန်းထွန်းအောင်က ပြောသည်။

မိမိတို့ထံ ကုန်မှာသော ဖောက်သည် ဝယ်သူများထံမှလည်း ဈေးနှုန်းပိုတောင်းဆိုရန် မဖြစ်နိုင်သေး၍ တတ်နိုင်သမျှကုန်ကျစရိတ် လျှော့လိုရသမျှ အကုန်လျှော့ရန်သာရှိတော့ကြောင်း ၎င်းက ပြောသည်။

"ပြည်တွင်းမှာ ကုန်ကြမ်းဝယ်တဲ့အခါ ရောင်းသူက မဆောင်ရင် ဝယ်သူက ခံရမှာလားဗျာ"ဟု ဦးမျိုးညွန့်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင်ပြောသည်။

မြန်မာ့ထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် အက်ဖ်အိုဘီစနစ်ဖြင့်တင်ပို့ရပြီး ပို့ကုန်ရငွေတန်ဖိုး မြန်မာနိုင်ငံရှိ MFTB ဘဏ်သို့ TT ဖြင့်ဝင်သည်။ ထိုအခါ ဝင်ငွေမှ ၁၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရသည်။ ကျန်သော ဝင်ငွေ ၉၀ရာခိုင်နှုန်းဖြင့် သွင်းကုန်များသွင်းခွင့်ပြုသည်။ သွင်းကုန်ချည်းသာလုပ်ကိုင်လိုသူများက ပို့ကုန်ရငွေဝယ်ယူထားသောကို အထက်ပါဘဏ်တွင် အယ်လ်စီဖွင့်ကာ စီအိုင်အက်ဖ်စနစ်ဖြင့် ပစ္စည်းတင်သွင်းနိုင်သည်။ အထက်ပါ စနစ်အတိုင်းသာ ပုံမှန်ကုန်သွယ်ရေးဖြင့်ဆောင်ရွက်လုပ်ကြရသည်။ ထိုစနစ်ကို Export First စတင်ကျင့်သုံးစဉ်ကတည်းက လုပ်ကိုင်နေရကြောင်း ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ကျွန်တော်ကတော့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနကို ပဲဖတ်သွင်းတာ သုံးရာခိုင်နှုန်း အခွန်ဆောင်ရတယ်။ ဘဏ်မှာ အခွန်ဆောင်ပြီး ချလန်နဲ့ ဌာနမှာ ငွေသွားထုတ်မှ ငွေအပြည့်ရတယ်" ဟု ဧရာဝတီပဲဆီထုတ်လုပ်သည့်လုပ်ငန်း ဦးခင်စိုးက ပြောသည်။ ပြည်တွင်းမှာ ဝယ်မည့်သူမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဖြစ်လျှင်မူ ထိုသို့ပေးသွင်းရန်မလိုကြောင်း ဦးအောင်မိုးကြည်က UMFCCI တွင် Withholding Tax နှင့် ပတ်သက်၍ ရှင်းလင်းစဉ်ပြောသည်။

"အခွန်မရှောင်ချင်ပါဘူး။ အခွန်ဆောင်ချင်တယ်" ဟု ဦးနှင်းဦးက ပြောသည်။ ပို့ကုန်လုပ်ငန်းရှင်များမှာ ပြည်ပသို့ပို့ကုန်များတင်ပို့သောအခါတွင်လည်း ရသောငွေ၏ ဆယ်ရာခိုင်နှုန်းကို အခွန်ဆောင်ရကြောင်း သိရသည်။ အဆိုပါ ဆယ်ရာခိုင်နှုန်းတွင် ရှစ်ရာခိုင်နှုန်းမှာ ကုန်သွယ်ခွန်ဖြစ်ပြီး နှစ်ရာခိုင်နှုန်းမှာ ဝင်ငွေခွန်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက် တစ်နှစ်တန်ချိန် ခြောက်သန်းရှိ မှ

လက်ရှိအစိုးရနှင့် ပုဂ္ဂလိက စက်ရုံများ၏ ထုတ်လုပ်နိုင်မှုသည် တစ်နှစ်လျှင်တန်ချိန် နှစ်သန်းခန့်သာရှိပြီး သတ်မှတ်တန်ချိန်ထက် ထုတ်လုပ်မှုလျော့ကျသော စက်ရုံများလည်းရှိနေကြောင်း သိရသည်။



"လက်ရှိဘိလပ်မြေစက်ရုံ ၁၄ ရုံလည်ပတ်နေပါတယ်။ အခုဘိလပ်မြေစက်ရုံ ၂၃ ခွင့်ပြုထားတယ်လို့ သိရတယ်။ ဒါပေမဲ့ နည်းပညာအကြောင်း ဘာမှမသိကြဘူး။ ဒီမှာ အဓိက ကျောက်မီးသွေးအမျိုးအစားညံ့တယ်။ အစိုဓာတ်နဲ့ ထုတ်လုပ်တဲ့ စက်ရုံတွေမှာ အခက်အခဲ ဖြစ်နေတယ်။ တစ်နေ့တန် ၅၀၀ကျရမယ့်နေရာမှာ ၂၀၀၊ ၃၀၀ပဲကျတယ်။ တရုတ်ကတည်ဆောက်ထားတဲ့ ဘိလပ်မြေစက်ရုံတွေဆို စက်ပစ္စည်းတွေကလည်း အရည်အသွေးညံ့နေတယ်" ဟု ဘိလပ်မြေကျွမ်းကျင်သူက ဆိုသည်။ ပြည်တွင်းရှိ ဘိလပ်မြေဈေးကွက်သည် နိုင်ငံခြားမှ တင်သွင်းမှုပေါ်တွင် အဓိကတည်မှီနေပြီး ပြည်ပမှ ဘိလပ်မြေတန်ချိန်များစွာ တင်သွင်းနေရကြောင်း သိရသည်။

"စက်ရုံတွေ အားလုံးပေါင်းမှ တစ်နှစ်ကို အများဆုံးတန်ချိန်နှစ်သန်းပဲ ရှိတယ်။ အများကြီး ကွာဟနေတယ်။ ဒါကြောင့် အများကြီးသွင်းနေတယ်။ ထပ်ပြီး ခွင့်ပြုလိုက်တဲ့ စက်ရုံတွေ အကုန်လုံးလည်ပတ်ရင်တောင် လိုအပ်ချက်ကို မပြည့်မီသေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် ပြည်တွင်း ဘိလပ်မြေဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာခဲ့ကြောင်း သိရသည်။

## ပဲစင်းငုံဈေး အတက်အကျကြမ်း

အားမာန်၊ သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဇန်နဝါရီ – ၂၄**

ပြည်တွင်းပဲဈေးကွက်အတွင်း ပဲစင်းငုံဈေးမှာ ယခုရက်ပိုင်း၌ အတက်အကျ ကြမ်းနေကြောင်း ပဲကုန်သည်များကပြောသည်။

ပဲစင်းငုံဈေးမှာ ရက်ပိုင်းအတွင်း ဈေးခုန်တက်ပြီး ပြန်လည်ကျဆင်းသွားသည်ကို တွေ့ရသည်။ ပဲစင်းငုံမှာ ဇန်နဝါရီ ၂၁ ရက်တွင် အမြင့်ဆုံးရောက်ခဲ့ပြီး မုံရွာဈေးကွက်တွင် တစ်တင်းလျှင် ၂၇,၀၀၀ကျပ်၊ မန္တလေးဈေးကွက်တွင် သုံးတင်းတစ်အိတ်လျှင် ၇၉,၀၀၀ကျပ်ဝန်းကျင်ဈေးဖွင့်သည်။ သို့သော် ဇန်နဝါရီ ၂၄ ရောက်သောအခါ မုံရွာဈေးကွက်တွင်တစ်တင်းလျှင် ၂၃,၀၀၀ ကျပ်၊ မန္တလေးတွင် သုံးတင်းတစ်အိတ် ၆၈,၀၀၀ ကျပ်ထိ ဈေးပြန်ကျခဲ့သည်။ ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင်လည်း ဇန်နဝါရီ ၂၂ ရက်တွင် တစ်တန်လျှင် ၈၆၅,၀၀၀ ရှိရာမှ ဇန်နဝါရီ ၂၄ရက်တွင် ၇၅၅,၀၀၀ ကျပ်သာရှိတော့၍ ၂ရက်အတွင်း ကျပ်တစ်သိန်းကျော် ဈေးပြုတ်ကျခဲ့သည်။

"ပဲစင်းငုံက ရက်ပိုင်းအတွင်း ဈေးခုန်တက်ပြီး မနေ့ကနဲ့ ဒီနေ့(ဇန်နဝါရီ ၂၃၊၂၄)ပြန်ကျသွားတယ်။ ဈေးတွေအတက်အကျကြမ်းနေတာက ရန်ကုန်ကုမ္ပဏီတွေ ဈေးကစားနေလို့ထင်တာပဲ။ ပဲအထွက်ကတော့ ပုံမှန်နှစ်တွေလိုပါပဲ။ ပဲတီစိမ်းကိုတော့ တရုတ်ဘက်က ပုံမှန်ဝယ်တယ်။ မတ်ပဲကိုတော့ လျောင်လက်တွေဝယ်နေတာ"ဟု မန္တလေးမြို့မှ ပဲကုန်သည်တစ်ဦးကပြောသည်။

မတ်ပဲနှင့် ပဲတီစိမ်းတို့မှာ ပဲစင်းငုံကဲ့သို့အတက်အကျ မကြမ်းဘဲ ဈေးအနည်းငယ်သာ တက်ပြီးကျခဲ့သည်ကိုတွေ့ရသည်။ ဇန်နဝါရီ ၂၄ ရက်က မန္တလေးဈေးကွက်တွင် မတ်ပဲသုံးတင်း တစ်အိတ်(ပိဿာ၆၀)လျှင် ၇၀,၀၀၀ ကျပ်၊ ဈေးပေါက်ပြီး ရန်ကုန်ဘုရင့်နောင်တွင် အာစီတစ်တန်လျှင် ၇၄၈,၀၀၀ ကျပ်၊ SQRC တစ်တန်လျှင် ၈၆၅,၀၀၀ ကျပ်ပေါက်သည်။

ပဲတီစိမ်းမှာ မန္တလေးဈေးကွက်တွင် ဇန်နဝါရီ ၂၄ ရက်က သုံးတင်းတစ်အိတ်(၅၇ ပိဿာ၂၅ ကျပ်သား)လျှင် ၉၈,၀၀၀ ကျပ်ဈေးပေါက်ပြီး မုံရွာတွင် တစ်တန်၂၄,၀၀၀ ကျပ်ဈေးဖွင့်သည်။

7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011



# ဟွန်ဒါကုမ္ပဏီက မြန်မာနိုင်ငံတွင် ကားထုတ်လုပ်ရန် စစ်တမ်းကောက်

ပြည်သိမ်း၊ ဇာဇာနီ

ရန်ကုန်၊ ဇန်နဝါရီ – ၁၈

**ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် ကား အစီးရေ၃၆သိန်းကျော် ထုတ်လုပ်နေသော ဂျပန်နိုင်ငံမှ ဟွန်ဒါကား ကုမ္ပဏီက မြန်မာနိုင်ငံ၌ ကားထုတ်လုပ်ရန်အတွက် ပထမဆုံးအကြိမ်စစ်တမ်း(Servey)ကောက်ယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဟွန်ဒါကားကုမ္ပဏီမှ စီးပွားရေး စီမံခန့်ခွဲမှုမန်နေဂျာ မစ္စတာဟီဒီတိုမိုမိုရီကပြောသည်။**



ကားထုတ်လုပ်ရေးလုပ်ငန်းသည် ကြီးမားသည့်အတွက် လတ်တလော ထုတ်လုပ်ရေးလုပ်ငန်းများကို စတင်မည်ဆိုပါက အခက်အခဲများရှိနိုင်၍ မော်တော်ယာဉ်နှင့်ပတ်သက်သည့် ထောက်ပံ့ပစ္စည်းများကိုသာ ဦးဆုံးထုတ်လုပ်နိုင်ရန် စက်ရုံများ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

"ကားထုတ်ဖို့တော့ ရည်ရွယ်ထားပြီးသားပါ။ နိုင်ငံရဲ့ သဘောသဘာဝနဲ့ လုပ်နည်းလုပ်ဟန်တွေကိုလည်း စနစ်တကျလေ့လာရဦးမယ်"ဟု မစ္စတာဟီဒီတိုမိုမိုရီက ပြောသည်။

ဟွန်ဒါကုမ္ပဏီသည် ပြည်တွင်း၌ လုပ်ငန်းများ စတင်လုပ်ဆောင်မည်ဆိုပါက ဆိုင်ကယ်ကို ဦးစွာထုတ်လုပ်မည်ဟုဆိုသည်။

ထို့အပြင် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ နယ်မြို့များအတွက် မရှိမဖြစ် အသုံးဝင်သည့် မီးစက်များကိုလည်း ပြည်တွင်း၌ အခြေစိုက်ထုတ်လုပ်ရန် ဦးစားပေးစီစဉ်ထားပြီး မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းသုံးပန့်များကိုလည်း ထုတ်လုပ်ရန် စီစဉ်ထားကြောင်းသိရသည်။

"ဂျပန်က ကားထုတ်မှာကိုကြိုဆိုပါတယ်။ ပြည်တွင်းက အင်ဂျင်နီယာကျောင်းသားတွေလည်း အလုပ်ရမယ်။ နိုင်ငံတော်လည်း အခွန်ပိုရမယ်"ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဥက္ကဋ္ဌဦးပေါဟိန်းကလည်း 7Day News သို့ပြောကြားသည်။

ဂျပန် ဟွန်ဒါကုမ္ပဏီအပြင် မလေးရှားနိုင်ငံမှ တန်ချောင်းကုမ္ပဏီကလည်း ကားထုတ်လုပ်ရန်စီစဉ်နေကြောင်း၊ လက်ရှိအချိန်၌ MIC သို့ လုပ်ငန်းလုပ်ကိုင်ခွင့်ကိုတင်ထားကြောင်း သိရသည်။

အဆိုပါကုမ္ပဏီမှာလည်း ပြည်တွင်း၌ ပထမဦးစွာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စတင်လုပ်ကိုင်မည်ဖြစ်ပြီး ပြည်တွင်းကားထုတ်လုပ်သည့် အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ယင်းကုမ္ပဏီများကဲ့သို့ပင် အိန္ဒိယမှ တာတာကားကုမ္ပဏီကလည်း အစိုးရနှင့် ပူးပေါင်းပြီး ထရပ်ကားများ ထုတ်လုပ်နေသည်။ လက်ရှိအချိန်၌ ပြည်ပမှ ကားထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဟွန်ဒါကားကုမ္ပဏီအပါအဝင် ကုမ္ပဏီပေါင်း သုံးခုရှိပြီဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းမှ ကားထုတ်လုပ်နေမှုသည် ပြည်ပမှ အစိတ်အပိုင်းအားလုံးနီးပါး တင်သွင်းနေရပြီး တပ်ဆင်မှုအပိုင်းသာ လုပ်ကိုင်နေရသည်။ ယင်းသို့ မိသားစုလုပ်ငန်းအခြေအနေမှ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်သည့်လုပ်ငန်းရပ်ဖြစ်ရန် ပြင်ဆင်မှုများ ပြုလုပ်သင့်ကြောင်းလည်း စက်မှုဇုန်ကားထုတ်လုပ်သူ တစ်ဦးကရှင်းပြသည်။

## ကျပ်ငါးသိန်းတန်ဖုန်းမှ ဂျီအက်စ်အမ်ဖုန်းများသို့ SMSစာတိုပို့နိုင်ပြီ



သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ – ၂၁

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများမှ ဂျီအက်စ်အမ်ဖုန်းများသို့ ဇန်နဝါရီ တတိယပတ်မှစ၍ စာတိုပို့ဝန်ဆောင်မှု (SMS-Short Message Service) အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကိုယ်တိုင်အသုံးပြုသူများကပြောသည်။

စီဒီအမ်အေဖုန်းများမှ ဂျီအက်စ်အမ်ဖုန်းသို့ စာတိုပို့ပါက ၀၉ နှင့်စ၍ ပို့နိုင်သကဲ့သို့ ၀၀၉၅ခံ၍လည်း ပေးပို့နိုင်ကြောင်းသိရသည်။ စီဒီအမ်အေဖုန်းများပင်ဖြစ်သော ကျပ်ငါးသိန်းတန်ဖုန်း နှစ်မျိုးစလုံးနှင့် ကမ်းရိုးတန်းဖုန်းဟုခေါ်သော ၀၉-၀၆ဖြင့်စသော ဖုန်းတို့မှာယခင်ကတည်းက စာတိုပေးပို့နိုင်ခြင်းဖြစ်သည်။

"ရိုးရိုး ၀၉ခံပြီးပို့ရင်လည်း ရောက်တယ်။ ဒါပေမဲ့ ၀၀၉၅-ခံပြီးပို့ရင် လိုင်းကြပ်တဲ့အခါမှာလည်းရောက်နိုင်တယ်"ဟု မိုဘိုင်းဖုန်းကျွမ်းကျင်သူတစ်ဦးကပြောသည်။ သို့သော် လတ်တလောတွင် ဂျီအက်စ်အမ်ဖုန်းများမှ စီဒီအမ်အေဖုန်းများသို့ ပြန်လည်ပေးပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ကျပ်ငါးသိန်းတန်ဖုန်းဟု ခေါ်ကြသော CDMA 450 MHz နှင့် CDMA 800 MHz နှစ်မျိုးစလုံးမှ ပေးပို့နိုင်ပြီး စာတိုပို့ခကို လောလောဆယ်တွင် ဖြတ်ယူခြင်းမရှိသေးကြောင်း သိရသည်။

"နှစ်ခုစလုံးက အပြန်အလှန်ပို့လို့ရအောင် လုပ်သွားမယ်။ ဆာဗာက ပြဿနာရှိနေသေးလို့ ဂျီအက်စ်အမ်က ပြန်ပို့လို့မရသေးတာ။ ကျသင့်ငွေကလည်း စမ်းသပ်ကာလမို့ မဖြတ်သေးတာပါ။ အရင်သတ်မှတ်ထားတဲ့အတိုင်း တစ်ပြေးညီဖြတ်သွားမယ်"ဟုမြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စာတိုတစ်ကြိမ်ပေးပို့ပါက ၂၅ကျပ်နှုန်း သတ်မှတ်ထားသည်။



Life
7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011


ဧရာဝတီမြစ်ကိုမှီ၍ သမာအာဇီဝကျကျ စီးပွားရှာနေကြသူများ
ဓာတ်ပုံ - အိဖြူမွန်

# သင်္ဘောပေါ်က ဇာတ်လမ်းစုံ

အိဖြူမွန်

နှစ်ထပ်သင်္ဘောကြီးသည် ဆိပ်ကမ်းကို ဆိုက်ကပ်ရန် ဟန်ပြင်နေသည်။ ကမ်းစပ်တွင် စောင့်ဆိုင်းနေကြသော လူတစ်စုသည် ရှေ့ဆုံးသို့ရောက်ရန် တိုးဝှေ့နေကြသည်။ သင်္ဘောပေါ်မှ ချပေးမည့် (ကုန်းပေါင်)လက်တစ်ထွာစာကျယ်သည့် သစ်သားပျဉ်ပြားတံတားကို စောင့်ဆိုင်းသူများဖြစ်သည်။ လူအချို့သည် ပုဆိုးခါးတောင်းကျိုက်ဖြင့် ပေါင်လည်ခန့်ရှိသော မြစ်ရေကို ဖြတ်ကူးလာသည်။ သင်္ဘောနှင့် ကမ်းစပ်သည်။ ပေ ၂၀ခန့်ကွာဝေးနေသေးသည်။ သင်္ဘောစက်သံက မရပ်သေးချေ။

သင်္ဘောလုံခြုံရေးရဲတစ်ဦးက ထိုလူတစ်စုကို လေသံခပ်မာမာဖြင့်အော်ဟစ်လိုက်သည်။

"ဟာကွာ . . . ဒီကောင်တွေတော့ သေကုန်တော့မှာပဲ။ သင်္ဘောမရပ်သေးဘူးဟေး။ ခဏစောင့်ကြဦးဟေ့။ ဟာ . . ပြောလို့မရဘူးလား။ ဒီမှာ တွေ့လားလက်ထိပ်။ ဖမ်းလိုက်မှာနော် တက်မလာနဲ့"

လုံခြုံရေး ရဲက မည်သို့ပင် ပြောဆိုစေမူ သူတို့အားလုံး သင်္ဘောပေါ်သို့ ရောက်ရှိသွားကြပြီဖြစ်သည်။ ထို့နောက် ခါးကြားရှိ ပီနံအိတ်အခွံကိုကိုင်၍ ခရီးသည်နားနေဆောင်ရှိရာ သင်္ဘောအပေါ်ထပ်သို့ အပြေးအလွှားတက်သွားကြသည်။ ထိုနေရာသည် မန္တလေးမြို့မှ ဗန်းမော်သို့ ဆန်တက်လာသော သင်္ဘော၏ ပထမဆုံးရပ်နားရာ ကျောက်မြောင်းမြို့ ဆိပ်ကမ်းပုံရိပ်ပင်ဖြစ်သည်။

မန္တလေးမြို့မှ ခရီးသည် အပြည့်တင်ဆောင်လာသော သင်္ဘောပေါ်တွင် ကျောတစ်ခင်းစာနေရာရရှိရန် ခက်ခဲသည်။ ရပ်နားသည့် ဆိပ်ကမ်းတိုင်းတွင် ခရီးသည် ဆင်းသူလည်း နည်းပါးသည်။ ထို့ကြောင့် မည်သည့် ဆိပ်ကမ်းတွင် မဆို အခကြေးငွေယူသော သင်္ဘောနေရာဦးပေးသူကို အားကိုးကြ



သည်။ ကျောတစ်ခင်းစာနေရာ တစ်နေရာလျှင် နေရာဦးပေးခ ကျပ် ၅၀၀ ပေးရသည်။

"ဈေးရောင်းရတာထက်တောင် ရသေးတယ်။ ဈေးရောင်းရတဲ့သူလို အရင်းစိုက်စရာမလိုဘူး။ ပီနံအိတ်တစ်ခင်းစာကို ငါးရာကျပ်ယူတာကိုး။ ခါးကြားထဲ သုံးအိတ်လောက်ထည့်ပြီး ဦးရင် ငွေက တစ်ထောင်ငါးရာကျပ်ရနေပြီ။ တစ်နေ့ကို သင်္ဘောတစ်စီးမဟုတ်ရင် တစ်စီးလာနေတာဆိုတော့ တွက်ခြေကိုက်တယ်။ အသက်နဲ့ရင်းပြီးတော့ လုပ်စားရတာတော့ လုပ်စားရတာပေါ့" နေရာဦးသောအလုပ်ကို လုပ်ကိုင်နေသည့် ကျောက်မြောင်းနယ်သား ကိုစံချို က ဆိုသည်။

သည်လို ဈေးသက်သာသည့် သင်္ဘောများကို ရွှေ့ပြောင်းအလုပ်သမားများ စီးနင်းနေသရွေ့ ကိုစံချိုတို့လို နေရာဦးပေးသူများလည်း ရှိနေဦးမည်ဖြစ်သည်။ သင်္ဘောနေရာဦးခ ၅၀၀ ကျပ် မတတ်နိုင်သူများက ကိုယ်ထူကိုယ်ထနေရာဦးကြသည်။ သို့သော် နည်းပါးသည်။ သင်္ဘောဆိုက်ကပ်ပြီးမှသာ လွတ်နေရာများတွင်သာ နေရာယူကြသည်။ ထိုနေရာသည် လျှောက်လမ်းသွားလမ်းနေရာများသာ ဖြစ်သည်။ ယောကျ်ားသားများကတော့ လုပ်တစ်ရပ်စာမြင့်သော ပီနံအိတ်(ကုန်)များတွင် နေရာယူကြသည်။

ခရီးတစ်ထောက်မှ လိုက်ပါစီးနင်းပါက ခရီးသည်တစ်ဦးလျှင် ၅၀၀ ကျပ်ဖြစ်သည်။ ထိုပမာဏသည် မန္တလေး၊ ဗန်းမော်ကားခ ၁၂,၀၀၀ ကျပ်ထက် အဆနှစ်ဆယ်ကျော်ကွာသော ပမာဏဖြစ်သည်။ စီးနင်းလိုက်ပါသော ခရီးသည် အများစုမြေလတ်ပိုင်းသားများ ဖြစ်သည်။ ကချင်ပြည်နယ်သို့ အလုပ်အမျိုးမျိုးဖြင့် သွားရောက်အလုပ်လုပ်ကိုင်ကြသူများလည်း ဖြစ်သည်။

ဈေးနှုန်းသက်သာသော အစိုးရပိုင်သင်္ဘောကြီးအား စီးနင်းသူများသောကြောင့် နေရာမလောက်ငမှုများ အမြဲတမ်းပင် ကြုံတွေ့ရကြောင်း လူနေခန်းအပေါက်ဝအောက်ခြေကြမ်းပြင်တွင် တာပေါ်လင်အပြာကို အကျအနခင်းကျင်းနေရင်း ဒေါ်ခင်သောင်းကဆိုသည်။ ထို့နောက် အခန်းပိုင်ရှင်အား လှည့်ကြည့်၍


"အပေါ့အပါးသွားချင်ရင် ပြောနော်။ အရီးတို့လမ်းဖယ်ပေးမယ်။ အပေါ်မှ နေရာမရှိတော့ဘူးအေ့။ ဒီနေရာတစ်ခုပဲ လွတ်တယ်။ ငရဲမကြီးပါဘူးအေ့။ ဒီမှာက ဒီလိုကြီးပါပဲ။ ဒီတောက်လျှောက်က ခရီးသည်တွေ နေရာယူပြီးသွားကြပြီ" အခန်းပိုင်ရှင်၏ မေးမြန်းမှုကို အညာသံဖြင့် ခပ်မြန်မြန်ပြောဆိုလိုက်သည်။

သင်္ဘောတစ်ခါ ဆိုက်ကပ်ပြီးတိုင်း သင်္ဘောပေါ်တွင် နေရာအခက်အခဲပို၍ပင် ကြုံတွေ့ရသည်။ ယခုလို ပွင့်လင်းရာသီတွင် သာသင်္ဘောစီးကြသူများသည်။ အကြောင်းမှာ သီးနှံရိတ်သိမ်းပြီးချိန်တွင် အလုပ်မရှိသော အောက်လုပ်သူများ(လက်လုပ်လက်စား) အထက်ပိုင်းတွင် အလုပ်လာလုပ်ကြသည်။

သူတို့လို ဘောက်လုပ်သူများအတွက် ကချင်ပြည်နယ်(အထက်ပိုင်း) က အလုပ်ပေါ်များသည်။ အုတ်ဖုတ်မည်လား။ **စာ(၁၁)သို့**


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)







ဈေးဝယ်ထွက်မယ်

## တရုတ်နှစ်ကူးအတွက် ဝယ်စရာတွေ စုံစုံလင်လင်ရှိတဲ့နေရာ

**အိဖြူလွင်**

လူမျိုးတိုင်းမှာ နှစ်သစ်ကူးရက်တွေ ရှိကြပြီး နှစ်သစ်ကူးပွဲတော်ဆိုတာ လူမျိုးတစ်မျိုးအတွက် သာမက လုပ်ငန်းတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်စုအတွက်၊ မိသားစုတစ်စုအတွက်၊ လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးပါတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။

လူမျိုးတစ်မျိုးရဲ့ ကိုးကွယ်ယုံကြည်မှုအရ နှစ်သစ်ကူးပွဲတော် ကျင်းပပုံခြင်းမတူညီကြပေမယ့် လူမျိုးတိုင်းရဲ့ နှစ်သစ်ကူးပွဲတော် ကျင်းပပုံကတော့ ထူးခြားမှုတွေပါရှိနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။

အခုကာလမှာ လူဦးရေများပြားတဲ့ တရုတ်လူမျိုးတွေရဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်ကလည်း မကြာမီ ကျင်းပတော့မှာဖြစ်ပါတယ်။

ပွဲတော်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ယူနေကြသလို စူပါမားကက်များ၊ ဆိုင်များကလည်း နှစ်ကူးပွဲတော်အတွက် အထူးဈေးရောင်းပွဲများကို ပြုလုပ်ပေးနေကြပြီ ဖြစ်ပါတယ်။

7 Day News ပရိသတ်ကြီး နှစ်ကူးဈေးဝယ်ရန်အတွက် ယခုတစ်ပတ်မှာ လမ်းညွှန်ပေးချင်တဲ့နေရာကတော့ နှစ်သစ်ကူးပွဲအတွက် လိုအပ်တဲ့ပစ္စည်းအားလုံး ရနိုင်မှာဖြစ်ပါတယ်။

မုန့်အချို့တွေ၊ ပွဲတော်အတွက် အသုံးအဆောင်ပစ္စည်းတွေ၊ ပွဲတော်အတွက် ကလေးဝတ်၊ လူကြီးဝတ် အင်္ကျီတွေနဲ့ အလှဆင်ပစ္စည်းတွေ အားလုံးက မြင်သမျှလူတွေကို ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဝယ်ယူသူတွေအတွက် ပျော်ရွှင်စရာ အံပေါင်းပွဲတော်လည်း ရှိနေပါသေးတယ်။

ဝယ်ယူတဲ့ တန်ဖိုးကျပ်သုံးသောင်းဖိုးပြည့်ပါက ကျပ်သိန်းသုံးရာကျော်ထိ တန်ဖိုးရှိတဲ့ အံပေါင်းထုပ်များကို ရွေးချယ်ရယူနိုင်တယ်လို့ ဆိုပါတယ်။

တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာကျင်းပဖို့ ဈေးဝယ်ထွက်မယ်ကဏ္ဍက ညွှန်းချင်တဲ့နေရာကတော့ စိန်ဂေဟာစူပါမားကက်များပဲ ဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011




# တိုင်းရင်းသား အစားအစာနှင့် အသုံးအဆောင် ပစ္စည်းများဈေးရောင်းပွဲတော်ကျင်းပမည်

ဥက္ကာကိုကို

ရန်ကုန်၊ ဇန်နဝါရီ - ၂၁

ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့၊ အင်လျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်တွင် ဒုတိယအကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဈေးရောင်းပွဲတွင် တစ်နေရာတည်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဝတ်စုံများနှင့် အမှတ်တရ ပစ္စည်းများကို ဝယ်ယူနိုင်ပြီး ရိုးရာအစားအစာများကိုလည်း ရောင်းချပေးသွားမည်ဟု သိရသည်။

တိုင်းရင်းသားတို့နှင့်ပတ်သက်သော အစားအစာ၊ လက်ဆောင်ပစ္စည်း၊ ဝတ်စုံ၊ စာအုပ်စာပေ စသည်တို့ကို လေ့လာနိုင်ကာ အပိုဝင်ကြေးထပ်မံပေးဆောင်စရာမလိုဘဲ ပန်းခြံဝင်ကြေး ၃၀၀ ကျပ်ဖြင့် ပုံမှန်အတိုင်း ဝင်ရောက်လေ့လာနိုင်ကြောင်း စိမ်းလန်းစိုပြည်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။






# ပထမဦးဆုံး အစီအစဉ်တင်ဆက်သူ ပြိုင်ပွဲပြုလုပ်မည်



နေလင်းအောင်

ရန်ကုန်၊ ဇန်နဝါရီ - ၁၉

ပြည်တွင်း၌ ပထမဦးဆုံးအနေဖြင့် ပတ္တမြားအက်ဖ်အမ်ရေဒီယိုကုမ္ပဏီ ၎င်းတို့၏ အက်ဖ်အမ်ရေဒီယိုတွင် အသုံးပြုမည့် အစီအစဉ်တင်ဆက်သူရာထူးအတွက် တစ်နိုင်ငံလုံးမှ ဝါသနာရှင်များအားစုစည်း၍ ပြိုင်ပွဲ ပြုလုပ်ရွေးချယ်ရန် စီစဉ်လျက်ရှိသည်။

ယင်းပြိုင်ပွဲအား အဓိကအားဖြင့် ပြည်တွင်းမီဒီယာ ကျယ်ပြန့်လာမှုကြောင့် ပြည်တွင်းရှိ အစီအစဉ်တင်ဆက်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ လူငယ်များအတွက် စီစဉ်ပေးခြင်းဖြစ်ကြောင်း ပတ္တမြားအက်ဖ်အမ်ရေဒီယိုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုအခါ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအတွက် ရန်ကုန်နှင့် ပတ္တမြားအက်ဖ်အမ်ရေဒီယိုမှ တာဝန်ယူထုတ်လွှင့်နေသည့် နေပြည်တော်၊ စစ်ကိုင်းတို့တွင် လျှောက်လွှာများ စတင်လက်ခံနေပြီးယခုလ ၂၁ ရက်အထိ လျှောက်လွှာလက်ခံရန်သတ်မှတ်ထားသော်လည်း အခက်အခဲရှိသူများအတွက် ရက်တိုးမြှင့်၍ လက်ခံမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲနှင့်ပတ်သက်၍ အက်ဖ်အမ်တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ဆိုသည်။

"၂၁ ရက်အထိ သတ်မှတ်ထားပေမယ့် နယ်ကလူတွေနဲ့ ဒီပြိုင်ပွဲကို မသိသေးတဲ့ လူတွေ ပြိုင်နိုင်အောင် လျှောက်လွှာပိတ်ရက်ကို တိုးပေးထားတာပါ။ နယ်ကလူတွေက နယ်ရုံးတွေကနေ တစ်ဆင့် ဆက်သွယ်ပြီး ဒီမှာလာ ပြိုင်ရမှာပါ"

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရွှေ့ပင်းစင်တာများတွင် ကျင်းပရန် စီစဉ်ထားပြီး ဖေဖော်ဝါရီလ ၅၊ ၆၊ ၁၃ ရက်များတွင် ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပတ္တမြားအက်ဖ်အမ်ရုံးတွင် ပုံမှန်အလုပ်လျှောက်သည့် အထောက်အထားများနှင့် လျှောက်ထားနိုင်ပြီး ပဏာမအသံစစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။ အသံစစ်ဆေးခြင်း အောင်မြင်သူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အခြားအရည်အချင်းများအနေဖြင့် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိထားပြီး ပင်ကိုယ်အသံကောင်းမွန်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း စသည်တို့ကို အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြိုင်ပွဲအတွင်း Level1 နှင့် နောက်ဆုံးအဆင့်တို့၌ ပြိုင်ပွဲဝင်အနေနှင့် ကိုယ်ပိုင်စိတ်ကူးဖြင့် တင်ဆက်လိုသော အစီအစဉ်တစ်ခုနှင့် ပတ္တမြားအက်ဖ်အမ်မှ စီစဉ်ပေးသော ခေါင်းစဉ်တစ်ခုတို့ကို မဲနှိုက်ရွေးချယ်၍တင်ဆက်ရမည်ဖြစ်ကြောင်း သိရသည်။

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏



## သစ္စာတရားကို ဆင်ခြင်ခြင်း. . .

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရ၏။ (ဓမ္မပဒ-၁၆၉)

ယုတ်မာသော ကိလေသာတရားကို မမှီဝဲရာ။ မေ့မေ့လျော့လျော့မနေရာ။ မှားသောအယူကို မယူရာ။ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ။ (ဓမ္မပဒ-၁၆၇)

သစ္စာတည်းဟူသော အမှန်တရားကို လွန်ကျူး၍ မဟုတ်မမှန်သောစကားကိုလည်း ဆိုလေ့ရှိ၊ နောင်ဘဝအတွက် စဉ်းစားခြင်းလည်း အလျဉ်းမရှိသောသူမှာ မပြုနိုင်မည့် မကောင်းမှုဟူ၍မရှိ။ မကောင်းမှုဟူသမျှကို ပြုလုပ်ကြမည်သာတည်း။ (ဓမ္မပဒ-၁၇၆)

သူတစ်ပါးတို့၏ ကြမ်းတမ်း ဝန်တို မနာလိုသောစကားတို့ကို နှလုံးမသွင်းအပ်။ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှုပြုမပြုကို မကြည့်ရှု မဆင်ခြင်ရာ။ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြုမပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ (ဓမ္မပဒ-၅၀)

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၈၉၆ - ၁၉၉၇)

# စင်ကာပူရောက် မြန်မာများ ပိုမိုရှန်းကန်လာရ

စိုင်းသာအောင်

မန္တလေး၊ ဇန်နဝါရီ - ၂၀



မန္တလေးမြို့မှ စင်ကာပူနိုင်ငံသို့ သွားရောက် အလုပ်လုပ်နေကြသော မြန်မာလူငယ်များသည် အမေရိကန်ဒေါ်လာနည်းတူ ကျဆင်းလာသော စင်ကာပူဒေါ်လာ၏ ငွေကြေးလဲလှယ်မှု ကျဆင်းမှုများကြောင့်နှင့် စင်ကာပူ လူနေမှုစရိတ်များကြီးမြင့်လာမှုတို့ကြောင့် မိမိတို့နိုင်ငံသို့ ပြန်လည်အလုပ်လုပ်ရန် စိတ်ဝင်စားမှုများ ရှိလာကြောင်း စင်ကာပူနိုင်ငံ စီးပွားရေးကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူတစ်ဦးက 7 Day News သို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် အများအားဖြင့် စင်ကာပူဒေါ်လာ ၁၀၀၀ အောက်ရရှိသော ဝန်ထမ်းများသည် စင်ကာပူလူနေမှုစရိတ်နှင့် ငွေပို့လျှံခြင်း မရှိတော့ဘဲ စင်ကာပူဒေါ်လာ ၁၅၀၀မှ ၃၀၀၀ အထိရရှိသော ကုမ္ပဏီဝန်ထမ်းများသာလျှင် အသုံးစရိတ်နှင့် လူနေမှုစရိတ် မျှတနိုင်သည့် အခြေအနေရှိကြောင်း အထူးသဖြင့် စင်ကာပူနိုင်ငံတွင် နေအိမ်ငှားရမ်းစရိတ် ကြီးမားလာမှုသည် အခြေစိုက် နေထိုင်သူများအတွက် အခက်အခဲဖြစ်လာကြောင်း ၎င်းက ထပ်မံပြောသည်။

စင်ကာပူနိုင်ငံ အိုင်တီကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသော မြန်မာအမျိုးသမီးတစ်ဦးက "ကျွန်မတစ်လ စင်ကာပူဒေါ်လာ ၃၅၀၀ ခန့်ရပါတယ်။ အိမ်ခန်းငှားခက တစ်လ ၁၂၀၀ ခန့်ရှိပါတယ်။ အခြားစားစရိတ်၊ လူမှုရေးစရိတ်တွေနဲ့ အိမ်တောင် သိပ်ပြီး ပြန်မပို့နိုင်ပါဘူး။ မစားသောက်ဘဲစု၊ လူမှုရေးမရှိဘဲနေရင်တော့ ရပါတယ်။ ဒါပေမဲ့ ကျွန်မက မြန်မာဖြစ်နေသော မိတ်ဆွေတွေကို ကျွေးချင်တယ်။ ဘာသာရေး၊ လူမှုရေးတွေမှာ ကူညီချင်တယ်။ ဒါပေမဲ့ရတဲ့လခနဲ့လုပ်ရတဲ့လုပ်ငန်းနဲ့ စိတ်ဖိစီးမှုတွေ တအားဖြစ်ရတယ်။ ကျွန်မလို တစ်လစင်ကာပူဒေါ်လာ ၃၅၀၀ ပေးထားတော့ ပေးတဲ့ငွေနဲ့ တန်အောင်ခိုင်းတယ်။ ကျွန်မအောက်မှာ ဝန်ထမ်း ၂၀ရှိတယ်။ ကျွန်မတို့ကုမ္ပဏီမှာ နိုင်ငံခြားသားဝန်ထမ်းတွေကို စင်ကာပူဒေါ်လာ အနည်းဆုံး ၈၀၀ မှ ၂၅၀၀ ထိ ပေးထားတယ်။ အင်မတန် စိတ်ဖိစီးမှုတွေများပါတယ်။ ကိုယ်တိုင်းပြည်မှာပဲ ကိုယ်လုပ်ကိုင်စားသောက်ချင်ပါတယ်"ဟု ပြောသည်။

စင်ကာပူကုန်တိုက်တစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော မန္တလေးသားတစ်ဦးက "စင်ကာပူက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတာ မှန်တယ်။ ဒါပေမဲ့ အရမ်းကြိုးစားရတယ်။ ကျွန်တော် စင်ကာပူမှာ အလုပ်လုပ်တုန်းက ကျွန်တော်ရတဲ့ငွေက တစ်လ မြန်မာငွေကျပ် ခုနစ်သိန်းလောက်ရပါတယ်။ ဒါပေမဲ့ မြန်မာပြည်မှာ တစ်လကျပ် နှစ်သိန်းလောက်ရတဲ့ အလုပ်က ပိုပြီး စိတ်ချမ်းသာမှုရှိပါတယ်"ဟု သူ၏အမြင်ကိုပြောသည်။

## စာ - ၉၊ သဘော်ပေါ်က ဇာတ်လမ်းစုံမှ

ကြံစိုက်မည်လား။ ရာဘာအစေးခြစ်မည်လား။ ရွှေမှော်တွင်လုပ်မည်လား။ ကျောက်တူးမည်လား။ အလုပ်မျိုးစုံရနိုင်သည်။ ဧရာဝတီမြစ်၏သောင်ထွန်းနေသော နေရာများက သူတို့ရဲ့ ယာယီအိမ်ဖြစ်သည်။ သည်နေရာတွင် ထမင်းချက် စားသောက်ကြသည်။ မိုးတွင်းရေတက်ချိန်တွင် တစ်ရာသီစာ စုဆောင်းထားသော ပိုက်ဆံလေးပိုက်၍နေရင်းဒေသကို ပြန်ကြသည်။

"အရီးတို့ မိသားစုက ကြံသကာချက်သွားတာ။ မိသားစုသုံးယောက်ပါတယ်။ ဟိုးမှာက ကိုယ်အုပ်စုနဲ့ကိုယ်ချက်ရတာဆိုတော့ အနည်းဆုံး လူငါးယောက်ရှိမှ လုပ်လို့ရတာ။ အဲဒါကြောင့် ဘေးနားက ဆွေမျိုးတွေကိုရော ခေါ်လာတာပေါ့။ တစ်ရာသီစာဆိုရင် တစ်သိန်းကျော်လောက် ရမယ်ထင်တယ်။ မိုးကျရင် ကိုယ့်ဒေသကိုယ်ပြန်ပြီးလုပ်စားတာပေါ့။ လယ်ပိုင်မရှိတော့ စာရင်းအငှားလုပ်စားကြတယ်အေ့"ဟု ကွမ်းအစ်မှ ကွမ်းရွက်ကိုယူပြီး ထုံးဖြင့်သုတ်လိမ်းလိုက်ရင်း တကောင်းမြို့သူ ခရီးသည်တစ်ဦးကပြောသည်။

အအေးပိုလှသော ဒီဇင်ဘာလ အအေးဒဏ်ကာကွယ်ရန် သူမဘေးနားတွင် ထိုင်နေသည့် တဘက်စောင်ကို ရစ်သိုင်းခြုံလွှမ်းထားသည့် ခရီးသည်တစ်ဦးကလည်း "ကသာက အမျိုးတစ်ယောက်ဆီသွားဖို့။ ရွှေမှော်တွေ၊ ကြံခြံတွေမှာ ဈေးသွားရောင်းမလို့။ အဲဒီမှာ ထက်ဝက်ကျော်လောက်မြတ်တယ်။ အများမပါပါဘူး။ အခြောက်အခြမ်းလေးတွေပေါ့။ ပါလာတဲ့ပစ္စည်းကတော့ ပါလာသမျှကုန်တာပဲ။ ဟိုးက ပြန်လာရင်တော့ တရုတ်ပစ္စည်းတွေ သယ်လာမှာပေါ့။ တစ်လကို သုံးခေါက်လောက်တော့ ရောက်ဖြစ်တယ်" ဟု ပတ်ဝန်းကျင်၏ အေးစက်မှုကြောင့် အသံတုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေသည်။ မည်သို့သောအကြောင်းအရာနှင့်ဖြစ်စေ သူတို့သည် သဘော်ကြီးကိုသာစီးနင်းကြသည်။ သဘော်ကြီး မောင်းနှင်သရွေ့ သူတို့စီးနင်းလိုက်ပါကြဦးမည်ဖြစ်သည်။ သဘော်ကြီးကတော့မည်သည့်ခရီးပင်ဖြစ်စေ တင်ဆောင်ပြီး လိုရာခရီးရောက်အောင် ပို့ဆောင်ပေးမည်ဖြစ်သည်။

## ဂီရိဒေသသို့ လှူဒါန်းရန် ICCGမှဈေးရောင်းပွဲပြုလုပ်

သီဟ

ရန်ကုန်၊ ဇန်နဝါရီ - ၂၂

ဂီရိမုန်တိုင်းသင့်ဒေသများအား လှူဒါန်းရန်အတွက် နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့ International Culture and Charity Group(ICCG) မှဈေးရောင်းပွဲတော်အား အင်းယားလိပ်ဟိုတယ် မြက်ခင်းပြင်၌ ယနေ့ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဈေးရောင်းပွဲတော်၌မြန်မာနိုင်ငံအတွင်းရှိ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ ဆော်ဒီအာရေးဗီးယား၊ ဗီယက်နာမ်၊ လာအို အစရှိသည့် သံရုံး၁၃ခုမှ ဒေသထွက်ပစ္စည်းများ လာရောက်ရောင်းချခြင်းအပါအဝင် ပြင်ပကုမ္ပဏီများမှ အရောင်းပြခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၉၀မှ လာရောက်ရောင်းချကြသည်။

အဆိုပါဆိုင်ခန်းများမှ ရောင်းချ၍ရရှိသော အမြတ်ငွေများအားဂီရိဒေသပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းရန်အတွက် အလှူငွေစုစုပေါင်း ကျပ်သိန်းတစ်ရာကျော်ရရှိမည်ဟုခန့်မှန်းပြီး အဆိုပါငွေဖြင့်ဂီရိမုန်တိုင်းသင့်ဒေသတွင် စာသင်ကျောင်း သို့မဟုတ် ဆေးရုံစသည့် အဆောက်အအုံတစ်ခုခု လှူဒါန်းသွားရန် အစီအစဉ်ရှိသည်ဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ICCG အဖွဲ့သည် နှစ်စဉ်နှစ်တိုင်း လူမှုရေးလှုပ်ရှားမှု တစ်ရပ်အနေဖြင့် ဈေးရောင်းပွဲတော်ကျင်းပကာ လူမှုရေးလုပ်ငန်းများတွင် ကူညီလေ့ရှိပြီး နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးစဉ်ကလည်း လှူဒါန်းခဲ့ဖူးကြောင်းသိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

## မျက်နှာဖုံး-ရန်ကုန်တွင် တစ်နှစ် အိမ်နှစ်သောင်းဆောက်ရန်လို မှ

ရန်ကုန်မှာနေတဲ့လူဦးရေများလာတဲ့အတွက် ကျူးကျော်ရပ်ကွက်တွေကို လှိုင်သာယာ၊ ရွှေပြည်သာတို့မှာ မြို့သစ်ချဲ့ပြီးနေစေတာမျိုးတွေ လုပ်ခဲ့ရပါတယ်။ လက်ရှိနေနေတဲ့ပုံစံက အိမ်တစ်လုံး၊ တိုက်ခန်းတစ်ခုမှာမိသားစုနှစ်စု၊ သုံးစုပေါင်းနေတာမျိုး။ မိသားစုတစ်ခုကို တစ်အိမ်နှုန်းနဲ့ဆိုရင် တစ်နှစ်ကို အိမ်အလုံးရေ နှစ်သောင်းလောက်ဆောက်မှအဆင်ပြေနိုင်မယ်”ဟု ရန်ကုန်မြို့အကြောင်း အမိကဆွေးနွေးသည့် ပါမောက္ခဒေါက်တာကျော်လတ်က ပြောကြားသည်။



ရန်ကုန်မြို့တွင် တိုးလာနိုင်သည့် လူဦးရေကိုခန့်မှန်းကြည့်ရာတွင် လာမည့် ၂၀၅၀ခုနှစ်တွင် နေထိုင်သူဦးရေမှာ ၁၀သန်းမှ ၁၇သန်းပတ်ဝန်းကျင်အထိ ဖြစ်လာနိုင်သဖြင့် အိမ်ရာပြဿနာနှင့် ရင်ဆိုင်ရဖွယ်ရှိသဖြင့် မြေနေရာတိုးချဲ့မည့်အရေးမှာ ယခုကတည်းက ကြိုတင်ဆွေးနွေးပြင်ဆင်ထားသင့်ကြောင်း ဗိသုကာပညာရှင်အများစုက ဆွေးနွေးပြောကြားခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်ဒေသ၌ နေထိုင်သူများမှာ မြို့ပြနေသူထက် များပြားနေဆဲဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်းများသည့် မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လာကြသဖြင့် ယခုနောက်ပိုင်း မြို့ပြနေထိုင်သူ များပြားလာခြင်းဖြစ်သည်။

## မျက်နှာဖုံး-တ ုတ်နိုင်ငံသို့တင်ပို့မည့် မြွေကောင်ရေ လေးထောင့်ငါးရာကျော် ဖမ်းဆီးရမိ မှ

ခြောက်ဘီးတီအီးအစိမ်းရောင်ကားအား ၁၆မိုင်စုပေါင်းစစ်ဆေးရေး စုပေါင်းအဖွဲ့က ရပ်တန့်စစ်ဆေးရာ သစ်သားသေတ္တာစုစုပေါင်း ၂၁၉ လုံးအတွင်း၌ လင်းမြွေ၊ မြွေပွေး၊ မြွေဟောက် မြွေအကောင်ရေစုစုပေါင်း ၃၆၈၈ကောင်အား ရှာဖွေတွေ့ရှိသဖြင့် ပုသိမ်ကြီးမြို့နယ် နယ်မြေခံရဲတပ်ဖွဲ့ဖြစ်သော အုန်းချောရဲစခန်းက ယာဉ်မောင်းအိုက်ရီနှင့် ယာဉ်မောင်းအောင်မြတ်ထူးတို့အား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအေပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းခြင်း ဥပဒေပုဒ်မ ၃၆(က)အရ အရေးယူထားသည်။ ထို့ကြောင့် ကားနှစ်စီးမှဖမ်းဆီးရမိသော မြွေအကောင်၄၅၁၁ကောင်ရှိသည်။

တရုတ်နိုင်ငံတွင် နှစ်သစ်ကူးပွဲတော် နီးကပ်လာသဖြင့် မြန်မာနိုင်ငံမှ လိပ်၊ မျောက်၊ ခွေး၊ သမင်၊ ဒရယ်၊ ယုန်၊ ဥဒေါင်း၊ မြွေမျိုးစုံ၊ ကြက်ဆင်အပါအဝင် စားသောက်၍ရသော တိရစ္ဆာန်မျိုးစုံကို အချို့ကုန်သည်များက မန္တလေး-မူဆယ်လမ်းမှလည်းကောင်း၊ အချို့ကုန်သည်များက မန္တလေး-သပိတ်ကျင်း-ဗန်းမော်ကားလမ်းမှလည်းကောင်း၊ အချို့ကုန်သည်များက မန္တလေး-ဗန်းမော် ရေလမ်းခရီးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်ဘက်တွင် လွယ်လျင်မြို့မှလည်းကောင်း တရားမဝင်မှောင်ခိုတင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

## စာ-၂၁၊ ယူကေပညာရေးနှင့် ဗြိတိသျှကောင်စီ ဝန်ဆောင်မှုများအကြောင်း တွေ့ဆုံမေးမြန်းခြင်း မှ

အဲဒီမှာ ကျောင်းသားတွေနဲ့ ကိုက်ညီတဲ့ Level ကို ဘယ်ကျောင်းတွေ၊ ဒါမှမဟုတ် တခြားအဖွဲ့အစည်းတွေက ပေးနေတယ်ဆိုတာ ရှာခိုင်းပါတယ်။ ပညာသင်ဆုတွေမှာ အမျိုးအစားအမျိုးမျိုးရှိတဲ့အတွက် ကိုယ်နဲ့ကိုက်ညီမှုရှိမရှိက အရေးကြီးပါတယ်။ အကြမ်းဖျင်းပြောရရင် ကိုယ့်ရဲ့ အကယ်ဒမစ်ပညာရေးတို့၊ အလုပ်အကိုင်အတွေ့အကြုံတို့က သူများထက် ထူးချွန်နေရမှာပေါ့။

**ကျောင်းသားပြည်ဝင်ခွင့်နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအကြံဉာဏ်တွေပေးပါသလဲ**

ဗီဇာနဲ့ပတ်သက်ပြီးတော့ ဗီဇာဌာနကထုတ်ပြန်တဲ့ Checklists နဲ့ ကျောင်းမလျှောက်ခင်မှာ UKBA က ဗီဇာရရှိမယ့် ကျောင်းစာရင်းထုတ်ပြန်တဲ့ ဝက်ဘ်ဆိုက် လိပ်စာပေးပါတယ်။ ကိုယ်လျှောက် တဲ့ကျောင်းက ယူကေဘီအေ (www.ukba.homeoffice. gov.uk)ကပေးတဲ့ စာရင်းထဲမှာပါ မပါကို လစဉ်စစ်ဆေးပါလို့ ကျောင်းသားကိုအကြံပေးတယ်။ Highly Trusted နဲ့ A ရထားတဲ့ ကျောင်းတွေပဲ လျှောက်ရပါမယ်။ အဲဒီစာရင်းထဲမှာ မပါရင် ကျောင်းခေါ်စာရလည်း ဗီဇာရမှာမဟုတ်ပါဘူး။

**ပြည်တွင်းပညာရေး အေးဂျင့်တွေကနေ အစ်မတို့ဆီ ရောက်လာတဲ့ ကျောင်းသားတွေရှိပါသလား**

အဲဒီလိုမျိုးလာတဲ့ ကျောင်းသားလည်းရှိပါတယ်။ အများအားဖြင့် အသေးစိတ်သိလိုတဲ့အချက်အလက်တွေကို လာရောက်စုံစမ်းတာဖြစ်ပါတယ်။

**ကျောင်းပြီးချိန်မှာ ကျောင်းသားတွေဘာကို အဓိက ရည်ရွယ်တတ်လဲ**

အများစုကတော့ ယူကေမှာပဲနေပြီး အလုပ်လုပ်ချင်ကြတာပေါ့။ အချို့ကျတော့လည်း ယူကေအတွေ့အကြုံကို ယူပြီး အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်လုပ်ဖို့စဉ်းစားကြတယ်။

**ကျောင်းသားတွေရဲ့အားနည်းချက်ကို ပြောပြပေးပါဦး**

ဒီမှာက ဆွေးနွေးကြတဲ့အခါ ကျောင်းသားအများစုက Independent Research Skills (ပင်ကို လေ့လာမှုစွမ်းရည်) အားနည်းနေတာမျိုးကို တွေ့ရတတ်တယ်။ ယူကေမှာ ကျောင်းတက်တဲ့အခါ ဒီလိုအရည်အချင်းတွေလိုအပ်မှာဖြစ်တဲ့အတွက် အခုတည်းက ကိုယ်နဲ့ကိုက်ညီတဲ့ ကျောင်းတွေရှာရင်းနဲ့ ကိုယ့်ရဲ့လေ့လာမှုနဲ့ အင်တာနက်ကျွမ်းကျင်မှုကို လေ့ကျင့်ထားရင် ကျောင်းသွားတတ်တဲ့အခါ ပိုမိုအဆင်ပြေလွယ်ကူတာကို တွေ့ရပါလိမ့်မယ်။

**ယူကေမှာ ကျောင်းသွားတက်လိုတဲ့ ကျောင်းသားတွေအတွက် ဘယ်လိုအကြံဉာဏ် တွေ ပေးလိုပါသလဲ**

ကနဦးအနေနဲ့ www. educationuk.org ကို အကျွမ်းတဝင်သုံးတတ်ဖို့ အကြံပေးလိုပါတယ်။ ဒီဝက်ဘ်ဆိုက်ဟာ ယူကေကျောင်းတွေနဲ့ပတ်သက်ပြီး တစ်နေရာတည်းမှာသိရှိနိုင်အောင် ဖန်တီးပေးထားတာဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ပြောချင်တာက ကျောင်းတက်မယ်လို့ ဆုံးဖြတ်ပြီးသွားရင် တကယ်ကျောင်းတက်ဖို့ ရည်မှန်းထားတဲ့ လနဲ့တစ်နှစ်လောက်ခွာပြီး ကိုယ်နဲ့အသင့်လျော်ဆုံးကျောင်းကိုရှာဖွေပြီး ကျောင်းလျှောက်မှုစတင်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဒီဂရီအဆင့်မျိုးတက်မယ်ဆိုရင် UCAS (Universities & Colleges Admissions Service) ကနေတစ်ဆင့် လျှောက်လို့ရပါတယ်။ UCAS နဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေရှိ www. UCSA.com မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ UCAS ကို ပုံစံနှစ်မျိုးနဲ့ လျှောက်လို့ရပါတယ်။ အွန်လိုင်း ဒါမှမဟုတ် စက္ကူလျှောက်လွှာနဲ့ဖြစ်ပါတယ်။ UCASကတော့အွန်လိုင်းကနေ လျှောက်ဖို့အားပေးပါတယ်။ ပုံမှန်လျှောက်လွှာနဲ့ လျှောက်မယ့်ကျောင်းသားတွေအနေနဲ့ ဒီဂရီအဆင့် ကျောင်းတက်မယ်ဆိုရင် ဗြိတိသျှကောင်စီ(မြန်မာ)မှာ လာရောက်ထုတ်ယူနိုင်ပါတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

## စာ – ၂၊ ပုဂ္ဂလိကလေကြောင်းလိုင်းသစ်စတင်ပျံသန်းတော့မည် မှ

စတင်ပျံသန်းမည့်နေ့မှစ၍ ခရီးသည်များစွာ ရရှိနေပြီး ဇန်နဝါရီလ ၃၀နှင့် ၃၁ရက်နေ့များတွင် ခရီးသည်အပြည့်ရရှိထားပြီးဖြစ်ကြောင်း အထွေထွေမန်နေဂျာကဆိုသည်။

လေယာဉ်လက်မှတ် ကြိုတင်ဝယ်ယူထားခြင်းမရှိဘဲ အရေးပေါ်သွားရောက်လိုပါက ဖုန်းနံပါတ်၀၁ ၇၃၁၃၅၉၉၅သို့ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း အဆိုပါလေကြောင်းလိုင်း Traffic မန်နေဂျာဦးမောင်မောင်အေးကပြောသည်။

အဆိုပါ လေကြောင်းလိုင်းအား ၂၀၁၀ပြည့်နှစ် ခရီးသွားရာသီအစကပင် စတင်ပျံသန်းရန်စီစဉ်ခဲ့ပြီး ယင်းနှစ် နိုဝင်ဘာလနှင့် ၂၀၁၁ခုနှစ် ဇန်နဝါရီလကျမှသာ လေယာဉ်များရောက်ရှိခဲ့သည်။ အဆိုပါလေကြောင်းလိုင်း၏ဥက္ကဋ္ဌမှာ ဦးသန်းဦးဖြစ်ပြီး အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးကျော်ထွန်းဖြစ်ကြောင်း လေကြောင်းလိုင်းအထွေထွေမန်နေဂျာဦးမောင်မောင်ရွှေမိုးက သတင်းထောက်များအား အဆိုပါနေ့တွင် ပြောကြားခဲ့သည်။

ဥက္ကဋ္ဌဦးသန်းဦးနှင့် အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ထွန်းတို့မှာ ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များ ရောင်းချပေးသော Sun Far Travel and Tour ကုမ္ပဏီထူထောင်ထားသူများဖြစ်သည်။

## မျက်နှာဖုံး-နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၇၆ခုအား ပုဂလိကပိုင် ပြုလုပ်မည် မှ

အစိုးရဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၅ခုမှ လုပ်ကိုင်ခဲ့သော စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိကပိုင်ပြုမည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ဖိနပ်စက်ရုံ၊ သကြားစက်ရုံ၊ ဆပ်ပြာစက်ရုံ၊ ဆီသန့်စက်ရုံ၊ စက်နှင့်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ၊ ရေခဲစက်ရုံ စသောစက်ရုံများစွာနှင့် အရက်ဖြူဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဟိုတယ်နှင့်အစိုးရရုံးဟောင်းများ ပါဝင်သည်ကိုတွေ့ရသည်။

ထို့အပြင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်ရှိ ရှေ့နေချုပ်ရုံး တစ်ခု၊ ဆူးလေဘုရားလမ်းရှိ Yangon Commercial Tower ၊ ရှမ်းပြည်နယ် အင်းလေးကန်ရှိ အင်းလေးခေါင်တိုင်ဟိုတယ်စသည်တို့ပါဝင်သည်ကိုလည်း တွေ့ရသည်။

“သိန်းပေါင်းသောင်းချီတဲ့ အဆောက်အအုံတွေ၊ မြေကွက်တွေပါတယ်။ စက်ရုံတွေထက်စာရင်မြေကွက်တွေ၊ မိမိကြိုက်နှစ်သက်ရာလုပ်ကိုင်နိုင်တဲ့လုပ်ငန်းတွေကို စီးပွားရေးလုပ်ငန်းရှင်တွေ ပိုစိတ်ဝင်စားတာတွေ့ရတယ်”ဟု အဆိုပါလေလံပွဲနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း ပြောသည်။

ပုဂ္ဂလိကပိုင်ပြုသည့် စီးပွားရေးလုပ်ငန်း ၇၆ခုတွင် ပါဝင်သောစက်ရုံများမှ စက်ရုံ ၃ခုတွင်သာ မိမိကြိုက်နှစ်သက်ရာလုပ်ငန်းလုပ်ကိုင်နိုင်သည်ဟု မှတ်ချက်ပါဝင်သည်။ ထို့ကြောင့်ကျန်စက်ရုံများမှာ လက်ရှိစက်ရုံလုပ်ငန်းများကိုသာ လုပ်ကိုင်ရဖွယ်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

အဆိုပြုလွှာများကို ဇန်နဝါရီ ၂၁ရက်မှစတင်၍ ရုံးချိန်အတွင်း စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ် ၃၂ နေပြည်တော်တွင် ရောင်းချပေးနေပြီး ဇန်နဝါရီ ၂၈ ရက်နံနက် ၉ နာရီမှ ညနေ ၄နာရီအတွင်း အဆိုပြုလွှာတင်သွင်းရမည်ဟု ဖော်ပြထားသည်။

“ပြီးခဲ့တဲ့လေလံတွေ အတွေ့အကြုံအရ ပုဂ္ဂလိက အိမ်ခြံမြေအရောင်းဝယ်မှာ အစိုးရလေလံတွေလာရင် အခိုက်အတန့် နှစ်လသုံးလလောက်တော့ လေးသွားတတ်တယ်။ နဂိုကကို အေးနေတာဆိုတော့ ပိုပြီးအေးသွားနိုင်တယ်။ အတွေ့အကြုံအရ လေလံပွဲတွေကျင်းပရင် အဆောက်အအုံအနည်းအများကလည်း အိမ်ခြံမြေ ဈေးကွက်ပေါ်မှာ သက်ရောက်တယ်။ အခုက မနည်းမများဘဲ။ နောက်တစ်ချက်က တည်နေရာအရေးပါဝင်မှုနဲ့ တန်ဖိုးကြီးအဆောက်အအုံတွေပါဝင်မှု။ အခုဟာက အဲဒီအချက်သုံးချက်နဲ့ ညီနေတာတွေ့ရတယ်။ အဲဒီတော့ ပုဂ္ဂလိက အိမ်ခြံမြေပေါ်မှာ သက်ရောက်မှုတွေရှိနိုင်တယ်”ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကလည်း သူ၏ အမြင်ကိုပြောသည်။

ယခုအခါ အိမ်ခြံမြေဈေးကွက်တွင် အိမ်မြေတန်ဖိုးများတက်နေသော်လည်း အရောင်းအဝယ်မှာအေးနေသည်ဟု ဆိုသည်။ သို့သော် ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ မန်နေဂျာ ဦးဇော်ဇော်ကမူ အရောင်းအဝယ်များ ပုံမှန်ဖြစ်နေပြီး ယခုလေလံကြောင့် အိမ်ခြံမြေဈေးကွက်ပေါ်များစွာ မသက်ရောက်နိုင်ဟုပြောသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပို့ကုန်ရငွေနှင့် ဒေါ်လာတန်ဖိုးကျနေသည့်အချိန်တွင် ယခုလေလံပွဲကြောင့် မြန်မာငွေ တန်ဖိုးပိုမာလာပြီး နိုင်ငံခြားငွေတန်ဖိုးများပိုကျဆင်းဖွယ်ရှိကြောင်း သူ၏အမြင်ကိုပြောသည်။ အကြောင်းမှာ နိုင်ငံပိုင်ပြုလုပ်မည့် စီးပွားရေးလုပ်ငန်းများကို ဝယ်ယူရမည့်သူမှာ ကျပ်ငွေပေးသွင်းရမည် ဖြစ်သည့်အတွက် ဒေါ်လာနှင့်ပို့ကုန်ရငွေများ လာမည့်လပိုင်းအတွင်း ပြန်တက်ဖွယ်မရှိဘဲ ကျလျှင်သာ ကျနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ နိုင်ငံပိုင်အဆောက်အအုံ လေလံထပ်မံကျင်းပဦးမည်ဖြစ်ကြောင်း လေလံစီးပွားရေးလုပ်ကိုင်သူများက ဆိုသည်။

## စာ-၄၊ အလည်အပတ်ဗီဇာဖြင့် မလေးရှားသို့ စေလွှတ်ခံရသော အလုပ်သမားနှစ်ဦး လေဆိပ်မှ ပြန်လာရ မှ

သက်ဆိုင်ရာကလည်း ဗီဇာအတုပြုလုပ်သူ အေဂျင်စီများနှင့် ပွဲစားများအား လိုက်လံဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုကြောင့် ဇန်နဝါရီ ၁၁ရက်နေ့မှ ၁၄ရက်အထိ ဗီဇာအတုဖြင့် စေလွှတ်ခံရ၍ မလေးရှားလေဆိပ်မှ ပြန်လာရသူ ၁၀၀ခန့်ရှိကြောင်း သတင်းရရှိသည်။ ထိုကြောင့် အချို့သော အေဂျင်စီများမှာလုပ်သားများအား အလည်အပတ်ဗီဇာလျှောက်ထား၍ စေလွှတ်ခြင်းများရှိလာကြကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

ပုံမှန်အားဖြင့် အလည်အပတ် ပြည်ဝင်ခွင့်ဖြင့် သွားရောက်သူများမှာ မလေးရှားလူဝင်မှုကြီးကြပ်ရေးက တစ်လနေထိုင်ခွင့်သာ ခွင့်ပြုခဲ့သဖြင့် Work Permit မရဘဲ တစ်လကျော်ပါက တရားမဝင်နေထိုင်သူဖြစ်သွားကြောင်း စုံစမ်းသိရှိရသည်။

# Health

7 DAY NEWS JOURNAL

Vol.9, No.44 • JANUARY 27, 2011

## ရခိုင်ပြည်နယ်တွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ဝတ်ရည်

ရန်ကုန်၊ ဇန်နဝါရီ - ၂၂

ယခုနှစ် ဆောင်းခိုငှက်များ ဝင်ရောက်လာချိန်တွင် ပထမဦးဆုံးအဖြစ် ရခိုင်ပြည်နယ်အတွင်း အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ စတင်တွေ့ရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဇန်နဝါရီ ၁၈ရက်နေ့ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင် သံသယဖြစ်ဖွယ် ကြက်များသေဆုံးမှုအားစစ်ဆေးရာမှ ကြက်ငှက်တုပ်ကွေးရောဂါအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်ပြီး လူသို့ရောဂါပိုး ကူးစက်မှုမရှိသေးကြောင်း မြန်မာနိုင်ငံ အသားတိုးကြက်မွေးမြူ ထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်လှလှသိန်းကပြောသည်။

"အခုရခိုင်မှာဖြစ်တာအခု အချိန်ထိ ဘာကြောင့်ဖြစ်တယ်ဆိုတာ သေသေချာချာမပြောနိုင်သေးဘူး။ ဆောင်းခိုငှက်တွေကြောင့်ဖြစ်နိုင်တယ်ဆိုတာမျိုးပဲရှိတယ်" ဟုဒေါက်တာဒေါ်လှလှသိန်းကပြောသည်။

ရောဂါပိုးတွေ့ရှိရမှုမှာ ရခိုင်ပြည်နယ်စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု သဲချောင်း လက်သမားကျေးရွာအတွင်းဖြစ်ပြီး ယခုအချိန်ထိ တခြားနေရာဒေသများတွင် ရောဂါပိုးမတွေ့ရှိရသေးကြောင်း သိရသည်။

ရောဂါပိုး ပျံ့နှံ့မှုမရှိစေရန် ကြက်၊ ဘဲဒိုင်များရှိသည့် လှိုင်သာယာ၊ ကြည့်မြင်တိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဒိုင်များအားလုံးတွင် ကားအဝင်အထွက် အားလုံးအား ပိုးသတ်ဆေးများ နေ့စဉ်ဖျန်းပေးခြင်း၊ ဈေးထဲသို့သွင်းသည့် ကြက်များအား ကျန်းမာရေးထောက်ခံချက် PS3 အားစစ်ဆေး၍ လက်ခံပေးနေပြီး ရန်ကုန်တွင်လည်းဇီဝလုံခြုံရေးကို ပိုဂရုစိုက်ကြောင်းဒေါက်တာလှလှသိန်းကပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်က ရှမ်းပြည်နယ်၊ ကျိုင်းတုံတွင်ကလေးငယ်တစ်ဦးအား အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံခဲ့ရသော်လည်း အသက်သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

၂၀၀၆ မှ ၂၀၁၀ ပြည့်နှစ်အထိ ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့ဖူးသည်။ သို့သော်ရခိုင်ပြည်နယ်တွင်မူ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ဖူးခြင်းမရှိပေ။ ရောဂါကူးစက်မှုမရှိစေရန် မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊ ကြက်ငှက်များ သံသယဖြစ်ဖွယ်သေဆုံးပါက သက်ဆိုင်ရာသို့ အကြောင်းကြားရန်နှင့် ကြက်ငှက်အသားဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တောင်ကိုရီးယား၊ အီဂျစ်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းနှင့် လပိုင်းများအတွင်းအအေးလှိုင်းများ ဆက်တိုက်ဖြတ်သန်းနေမှုများနှင့် လာနီညာရာသီဥတုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် အအေးဒဏ်ကို လွန်ကဲစွာ ခံစားနေရကြရသည်ကို တွေ့ရသည်။

## သတိပြုဖွယ် အအေးလွန်ချိန်

သီဟ



ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ် အစရှိသည့်ပြည်နယ်ရှိဒေသအချို့တွင် ရေခဲအမှတ်အောက် ရောက်သည်အထိ အေးခဲနေပြီး၊ အလယ်ပိုင်းဒေသများတွင်လည်း နှစ်တိုင်းထက် ပိုအေးနေသည်။

ထိုသို့အေးခဲမှုများနှင့်ကြုံတွေ့မှုရှိနေစဉ်တွင် အေးခဲမှုကြောင့်အခြားသောကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်နေကြရပြီး အအေးလွန်ကဲမှုကြောင့်ဒေသခံများ အပါအဝင် ခရီးသွားအချို့ကျန်းမာရေးချို့ယွင်းမှုများကြုံတွေ့နေကြရကြောင်း သိရသည်။

အအေးလွန်ကဲသည်ဆိုသော်လည်း အချို့ဒေသများ၌ ညဥ့်လယ်ပိုင်းနှင့်နံနက်ပိုင်းအချိန်များတွင်သာ အအေးလွန်ကဲလေ့ရှိပြီး နေ့လယ်ပိုင်းနှင့် ညဥ့်ဦးပိုင်းအချိန်များတွင် ပုံမှန်အပူချိန်သာ ရှိသဖြင့် အချို့သော ဒေသခံများနှင့် ခေတ္တရောက်ရှိနေသူ ခရီးသွားများမှာ အေးခဲမှုကို သတိမပြုမိတတ်ကြဘဲ ဖြစ်သလို နေလေ့ရှိသဖြင့် မလိုလားအပ်သည့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြရကြောင်းသိရသည်။

အချို့သောဒေသများသည် ယခင်ကပင် အအေးလွန်ကဲတတ်သည့်ဒေသများဖြစ်သဖြင့် ဒေသခံများသည် အေးခဲခြင်းကို သတိရှိစွာနှင့်ကြိုတင်ကာကွယ်နိုင်သော်လည်း နေ့အပူချိန်နှင့် ညဥ့်အပူချိန် မမျှတသည့်ဒေသများနှင့် ယခင်က အအေးဒဏ်ခံစားဖူးခြင်းမရှိသည့် ဒေသများတွင်မူ အအေးဒဏ်ကို သတိရှိစွာ ကာကွယ်ရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ပြောသည်။

အထူးသဖြင့် ခရီးသွားများသည်မိမိတို့ရောက်ရှိနေသည့် ဒေသ၏ အအေးဒဏ်ကို ကြိုတင်သိရှိထားရန်လိုအပ်ပြီး အအေးဒဏ်ကို ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများ အသုံးပြုကာကွယ်သင့်ကြောင်း သိရသည်။

"ခရီးသွားတွေကကြိုတင်ပြင်ဆင်မှုမလုပ်ထားရင် သိပ်အေးတဲ့ဒဏ်ကိုမခံနိုင်ဘူး ဒါကြောင့် ခရီးသွားတွေဟာ ကိုယ်သွားရမယ့် ဒေသရဲ့ နေ့အပူချိန်ညဥ့်အပူချိန်ကိုကြိုတင်စုံစမ်းပြီးမှ သွားသင့်တယ်"ဟု ဒေါက်တာခင်မောင်လွင်က ဆက်လက်ပြောကြားသည်။

နေ့အပူချိန်နှင့် ညဥ့်အပူချိန် မမျှတသည့်ဒေသများတွင်လည်း ခရီးသွားများ အပါအဝင် ဒေသခံများလည်း သတိထားရန်လိုအပ်ပြီး ညဥ့်ဦးပိုင်းအချိန်ကပင် အဝတ်အစားများ၊ အိပ်ခန်းတံခါးများမှအစ သတိထားကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း သိရသည်။

အအေးလွန်ကဲသည့် အချို့သောဒေသများတွင် အမျိုးသားအချို့သည် အအေးဒဏ်ခံနိုင်ရန် ညဥ့်ဦးပိုင်းအချိန် ယမကာမှီဝဲလေ့ရှိတတ်ကြပြီး ယင်းတို့မှီဝဲထားသော ယမကာ၏အရှိန်ဖြင့် ညဥ့်ဦးပိုင်း အချိန်များတွင် သာမန်အဝတ်အစားဖြင့် နေထိုင်နိုင်ကြသည်ကို သတိမေ့လျော့စွာ အိပ်ပျော်သွားခဲ့ပါက ယမကာအရှိန်ပြယ်ချိန်တွင် အအေးဒဏ်ကြောင့် ဒုက္ခရောက်နိုင်ကြောင်း သိရသည်။

ထို့အပြင် အအေးဒဏ်ကြောင့်ဖြစ်ပေါ်နိုင်သည့် အခြားကျန်းမာရေးပြဿနာတစ်ခုမှာ ညအိပ်စဉ် သတိမပြုမိဘဲ လက်လွတ်စပယ်နှင့် နွေးထွေးစွာမအိပ်မိပါက မျက်နှာရှိ အာရုံကြောများ ရောင်ကာပိတ်သွားတတ်သဖြင့် နံနက်မိုးလင်းပိုင်းတွင် မျက်နှာတစ်ခြမ်းရွဲ့သွားခြင်းများ ဖြစ်တတ်လေ့ရှိကြောင်းသိရသည်။

ထိုသို့ဖြစ်ခြင်းအား အရပ်အခေါ်အားဖြင့် လေဖြန်းခြင်းဟုခေါ်တတ်ကြပြီး ပညာရပ်အခေါ်အားဖြင့် Palsy ဟုခေါ်ကြောင်း ဒေါက်တာခင်မောင်လွင်က ဆက်လက်ပြောကြားသည်။

Palsy ဖြစ်ခြင်းမှာ အအေးဒဏ်ကြောင့် မျက်နှာပေါ်ရှိ အာရုံကြောများ ရောင်လာရာမှ ပိတ်သွားခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ဖြစ်ခြင်းအား အချိန်မီကုသနိုင်ပါက ပျောက်ကင်းနိုင်သော်လည်း သတိပြုရမည့် ရောဂါလက္ခဏာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အအေးဒဏ်ခံရသည့် ဒေသများတွင် နေထိုင်သူများသည် အများအားဖြင့် ဦးခေါင်းပိုင်းနှင့် ခြေထောက်ပိုင်းတို့တွင် အအေးဒဏ်ကို ပိုခံစားရလေ့ရှိသဖြင့် ခြေထောက်နှင့် ဦးခေါင်းအား နွေးနွေးထွေးထွေး ထားရှိကြရန် လိုအပ်

စာ(၁၄)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011



# မိသားစုကလည်း အထူးဂရုစိုက်စောင့်ကြည့်သင့်သည့် စိတ်ရောဂါ

**အိဖြူလွင်**

လူတိုင်းလူတိုင်းတွင် ပျော်ရွှင်မှု၊ စိတ်မကျန်းမာမှုများ၊ စိုးရိမ်ခြင်း၊ သောကဖြစ်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းစသည့် အခြေအနေအလိုက်ဖြစ်ပေါ်သော စိတ်ခံစားမှုများကို အမြဲမပြတ်ကြုံတွေ့နေ ကြရသည်သာဖြစ်သည်။

ထိုကဲ့သို့ တခဏတာ စိတ်ခံစားမှုများတွင် အခြားလူတစ်ဦးတစ်ယောက်အား အန္တရာယ်မဖြစ်စေနိုင်သော စိတ်ခံစားမှုများရှိသကဲ့သို့ အချို့သူများတွင်မူ မိမိကိုယ်တိုင်နှင့် အခြားသူများအား အန္တရာယ်ပေးနိုင်သော အခြေအနေအထိဖြစ်ပေါ်၍ အသက်သေဆုံးမှုများထိဖြစ်တတ်သော စိတ်ခံစားမှုများလည်းရှိကြောင်း သိရသည်။

မကြာသေးမီရက်ပိုင်းအတွင်းက စမ်းချောင်းမြို့နယ်အတွင်း ၄ နှစ်အရွယ်တူဖြစ်သူ၏ လည်ပင်းကိုဓားဖြင့်လှီး၍ ကိုယ်တိုင်ကတိုက်ပေါ်မှ ခုန်ချခဲ့သည့် အမျိုးသားတစ်ဦး၏ ဖြစ်ရပ်တွင် အဆိုပါအမျိုးသားသည် လွန်ခဲ့သော တစ်နှစ်ခန့်က စိတ်ကျန်းမာရေးဆေးရုံကြီး၌ ကုသမှုခံယူ၍ ဆင်းလာသူတစ်ဦးဖြစ်သည်ဟု သိရသည်။

ထိုဖြစ်ရပ်တွင် စိတ်ဝေဒနာရှင်နှင့်အတူနေမိသားစုသည် ဝေဒနာရှင်၏ အမူအကျင့်များကို သတိမထားမိသောကြောင့်သာ ထိုကဲ့သို့ဝမ်းနည်းစရာ ဖြစ်ရပ်မျိုးကြုံတွေ့ရခြင်း ဖြစ်နိုင်သည်ဟု စိတ်ရောဂါဆိုင်ရာ ပညာရှင်တစ်ဦးကသုံးသပ်သည်။

ဝေဒနာသည်များက အန္တရာယ်ပြုတတ်သော်လည်း "စိတ်ကျန်းမာရေးနှင့်အန္တရာယ်ရှိမှု" ဆိုသည်မှာ ၁၉၅၀ပြည့်နှစ်မတိုင်မီ စိတ်ကျန်းမာရေးအတွက် ဆေးဝါးများ မပေါ်ပေါက်မီ အချိန်ကသာ ဖြစ်ပျက်ခဲ့ခြင်းများရှိပြီး ယနေ့စိတ်ကျန်းမာရေးဆေးဝါးများသည် အဆိုပါအခြေအနေများကို မဖြစ်ပေါ်ရန် တားဆီးပေးနိုင်ပါသည်ဟု စိတ်ရောဂါ ကထိက/အထူးကုဆရာဝန်ကြီးဒေါက်တာဇော်စိန်လွင်ကပြောကြားသည်။

ယနေ့ခေတ်တွင် လူအများကြည့်ရှုနေကြသော ရုပ်ရှင်များတွင်ပါဝင်သည့် စိတ်ရောဂါဝေဒနာရှင်များအဖြစ် သရုပ်ဆောင်မှုများသည် ယခင်က ဝေဒနာရှင်များ၏ အခြေအနေအတိုင်း အရိုးစွဲနေသော ဓလေ့များသာဖြစ်နေပြီး ဝေဒနာခံစားနေရသူတိုင်းသည် မိမိကိုယ်တိုင်နှင့် အခြားသူများသို့ အန္တရာယ်ပေးနိုင်ခြင်း ရှိ၊ မရှိကို ဝေဒနာရှင်များ၏ ပြောင်းလဲလာသောရောဂါလက္ခဏာများကို သတိပြုစောင့်ကြည့်ခြင်းဖြင့် ကြိုတင်သိရှိကာကွယ်နိုင်ကြောင်း သိရသည်။

၁။ စိတ်ရောဂါ (ဥပမာ အတက်ရောဂါ၏ နောက်ဆက်တွဲစိတ်ဖောက်ပြန်မှု)

၂။အရက်၊ မူးယစ်ဆေးဝါးနှင့် ခန္ဓာကိုယ် ရောဂါများကြောင့်ငန်းဖမ်းဝေဒနာစွဲကပ်ပြီး အန္တရာယ်ရှိမှု။

၃။ အမှားအမှန် မဝေခွဲနိုင်သည့်အထိဉာဏ်ရည်ချို့တဲ့ခြင်း၊ စိတ်ပေါ့သွပ်ခြင်း။

အထက်ပါ အချက်များကို ခံစားနေရပါက မှန်သည်မှားသည် မဝေခွဲနိုင်သည့်အတွက် မိမိကိုယ်တိုင်နှင့် အခြားသူများကိုပါ အန္တရာယ်ပေးနိုင်ခြင်း ဖြစ်သည်။

**စိတ်ရောဂါနှင့် ပတ်ဝန်းကျင်ညှိနှိုင်းမှု အခြေအနေများ**

စိတ်လူမှု ပတ်ဝန်းကျင်ချို့ယွင်းချက် (ဝေဒနာသည် မိသားစုတို့၏ နောက်ဆက်တွဲ စီးပွားရေး၊ လူမှုရေးပြဿနာများ)ပေါ်ပေါက်လာခြင်းကြောင့် ကြမ်းတမ်းသော အပြုအမူများ အန္တရာယ်ရှိ အပြုအမူဖြစ်ပေါ်လာခြင်းဖြစ်သည်။

**အချို့သောနာတာရှည်စိတ်ရောဂါရှင်များအား ပြုစုစောင့်ရှောက်မှုမှားယွင်းခြင်း**

- ရောဂါအမှန်ကို မသိရှိခြင်း
- ရောဂါအမှန်ကို သိရှိသော်လည်း ဆေးကုသမှု မမှန်ခြင်း။
- ဆေးကိုဝင်အောင် မတိုက်နိုင်ခြင်းတို့ကြောင့် မှားယွင်းသော အန္တရာယ်ပြုခြင်းများလည်း ဖြစ်ပေါ်လာနိုင်သည်ဟု သိရသည်။

ထို့ပြင် စိတ်ရောဂါဝေဒနာရှိမှန်းသိသော်လည်း ကုသမှုနှောင့်နှေးခြင်း၊ ကုသမှုဆေးဝါး မရရှိခြင်း၊ ကုသမှု မမှန်ခြင်းတို့ကြောင့်လည်း အန္တရာယ်ပြုမှု အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ဟု ဒေါက်တာဇော်စိန်လွင်က ရှင်းပြခဲ့သည်။

ရောဂါ၏ သဘာဝအရ ရောဂါပြန်ဖြစ်နေသည့် လက္ခဏာများကို ကြိုတင် မသိရှိနိုင်သောကြောင့်အန္တရာယ်ပေးမှု အခြေအနေများနှင့် ကြုံတွေ့ရတတ်ရာ လက္ခဏာများကို အတူနေမိသားစုနှင့်ပတ်ဝန်းကျင်ရှိသူများက ကြိုတင်သိရှိပါက အန္တရာယ်ဖြစ်မှုများကိုကာကွယ်နိုင်မည်ဖြစ်သည်။

**ကြိုတင်သိရှိနိုင်သော စိတ်ရောဂါလက္ခဏာများ**

၁။ အိပ်ချိန်များပြောင်းလဲခြင်း။

၂။ စကားအပြောအဆို အသုံးအနှုန်းများ ပြောင်းလဲခြင်း။

၃။ရန်လိုသောအမူအရာများပြခြင်း။

၄။ တစ်ခါတစ်ရံတွင် တစ်ဦးတည်းငိုင်၍ တိတ်ဆိတ်စွာနေခြင်း။

၅။ ထူးခြားသော အာရုံများခံစား၍တုံ့ပြန်ခြင်း။

၆။ သံသယစိတ် များပြားခြင်း၊ သံသယလွန်သော အပြုအမူများ ပြုလုပ်ခြင်း။

ဝေဒနာရှင် တစ်ယောက်သည်အထက်ပါ ရောဂါလက္ခဏာများဖြစ်ပါက မိသားစုအနေဖြင့် ရောဂါအခြေအနေနှင့် ဆေးဝါးများ ညွှန်ကြားမှုကို သက်ဆိုင်ရာဆရာဝန်နှင့် ပြန်လည်ပြသသင့်ကြောင်း သိရသည်။

ကြိုတင်သိရှိခြင်းအားဖြင့် အန္တရာယ်ဖြစ်မှုများကို ကာကွယ်နိုင်သကဲ့သို့ မသိရှိခဲ့ဘဲ မိမိပတ်ဝန်းကျင်ရှိ လူနာတစ်ဦး၏ အန္တရာယ်ပေးနိုင်သော အခြေအနေတွင်လူနာကိုပြုစုစောင့်ရှောက်နိုင်ပါကလည်း အန္တရာယ်ဖြစ်မှုများကို ရှောင်လွှဲနိုင်မည် ဖြစ်သည်ဟုသိရသည်။

**အန္တရာယ်ပေးနိုင်သော အခြေအနေတွင် လူနာကို ပြုစုစောင့်ရှောက်ခြင်း**

-မိမိကိုယ်ကို မည်သို့ ကူညီနိုင်မည်ဟုပြော၍ လူနာကို နွေးထွေးတည်ငြိမ်စွာ ဆက်ဆံခြင်း။

-မိမိသည် လူနာအားမည်သို့မှ အန္တရာယ်ပေးမည့်သူ မဟုတ်ကြောင်း ပြောဆိုပြုမူ၍ ပွင့်လင်းစွာဆက်ဆံခြင်း။

-လူနာကြုံတွေ့နေရသော အရေးကြီးဆုံး အခက်အခဲကို တိကျစွာဖော်ထုတ်၍ အန္တရာယ်အကင်းဆုံးကူညီခြင်း။

-ကျန်ရှိသော အခက်အခဲများကို ပြေလည်အောင် ဖြေရှင်း၍ အန္တရာယ်ကင်းသော အခြေအနေသို့ရောက်ရှိ၍ကူညီခြင်း။

-တစ်ချိန်တည်းမှာပင် မိမိကိုယ်ကို အန္တရာယ် မကျရောက်စေ၍ အခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ခြင်း လိုအပ်၍ အင်အားသုံးပါက တစ်ပြိုင်တည်း တစ်ချိန်တည်း ထိထိမိမိဆောင်ရွက်ရန်နှင့်

-လိုအပ်သော အရေးပေါ်ဆေးဝါးကုသမှုကို အမြန်ဆုံးရရှိရန်စီစဉ်ထားရှိခြင်း။

စိတ်ရောဂါဝေဒနာများသည် ရောဂါ၏ သဘာဝနှင့် အခြေအနေကို သေချာစစ်ဆေးပြီး ထိရောက်စွာ ကုသပါက ပျောက်ကင်းနိုင်ကြောင်း ဒေါက်တာဇော်စိန်လွင်က ပြောကြားသည်။

## ဆေးမြီးတိုများတွင် နွယ်ချိုကိုအထူးသတိထားသင့်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သီဟ**

**ရန်ကုန်၊ဇန်နဝါရီ - ၁၅**

မိမိတွင် ကိုယ်တွင်းရောဂါတစ်ခုခု စွဲကပ်ခံစားနေရသူများ ဆေးမြီးတိုများဖြင့်ကုသရာတွင် အဓိကအားဖြင့် နွယ်ချိုကို သတိထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း သိရသည်။

နွယ်ချို၏သဘောသဘာဝသည် ဆားကို ကိုယ်တွင်း၌ စွဲထားစေခြင်း၊ ခြေထောက်နှင့်ဗိုက်များကို ရောင်စေခြင်းစသည့် အစွမ်းသတ္တိများရှိသောကြောင့် နှလုံးရောဂါသမားများ၊သွေးတိုးရောဂါရှင်များ၊ အသည်းရောဂါရှင်များ၊ ကျောက်ကပ်ရောဂါရှင်များစားသုံးရန်မသင့်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ပြောသည်။

နွယ်ချိုသည် ဆေးမြီးတိုများဖြစ်သည့် လျက်ဆား၊လျှာပွတ်ဆေး၊ သွေးဆေး အစရှိသည့် ဆေးမြီးတိုများစွာတွင် နွယ်ချိုပါဝင်လေ့ရှိသည့်အတွက် အထက်ပါဝေဒနာရှင်များ သတိထားရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း သိရသည်။

"ကျွန်တော့်အတွေ့အကြုံအရတော့ နွယ်ချိုပဲ။ အကောင်းကနေ ရုတ်တရက်ဗိုက်ကြီးဖောင်းပြီး ရောက်လာတာတွေ။ အဲဒီလူနာတွေကပြောတယ်၊ ဆရာ ကျွန်တော်မှားသွားတယ်။ နွယ်ချိုအတောင့်လိုက် တစ်နေ့တစ်ထုပ်စားရတယ်။ အဲဒီလိုလာပြောကြတယ် အဲဒီကတည်းက သွားတာပဲ" ဟု ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

လက်ရှိတွင် ဆေးမြီးတိုအများစုသည် ရောဂါနှင့်မသက်ဆိုင်သော ရောဂါကိုပိုတိုးစေနိုင်သည့် ပစ္စည်းများပါဝင်သဖြင့် ရောဂါတစ်ခုခုဝင်ရောက်လာပါက တတ်ကျွမ်းနားလည်သူနှင့်သာ ပြသကုသသင့်ကြောင်း ပညာရှင်များကဆိုသည်။

## စာ - ၁၃၊ သတိပြုဖွယ် အအေးလွန်ချိန် မှ

ထို့အပြင် အအေးဒဏ်ခံစားနေရချိန်တွင် အစားအစာများ စားသုံးမည်ဆိုပါက ကြေလွယ်သည့် အစာများသာ စားသုံးကြရန်လိုအပ်ပြီး အစာခြေရန်ခက်ခဲသည့် ကောက်ညှင်းကဲ့သို့သော အစားအစာများအား သတိထား၍စားသုံးကြရန်လိုအပ်ကြောင်း သိရသည်။

ဆောင်းတွင်းကာလ အအေးဒဏ်ခံနေရချိန်တွင် အစာစားရန်ကောင်းမွန်လေ့ရှိကြသော်လည်းစိတ်အလိုလိုက်၍ အလွန်အကျွံစားသုံးခြင်းမျိုး မပြုကြရန်လည်း လိုအပ်ကြောင်းသိရသည်။ ညအိပ်ရာဝင်ချိန်နှင့် နီးကပ်စွာ အစာစားခြင်း အရက်သောက်ခြင်းတို့အားလည်း မပြုကြဖို့ သတိပြုရန် လိုအပ်သည်ဟု သိရသည်။

အအေးဒဏ် ခံနေရချိန်တွင် အစားအစာများအားလည်း အာဟာရပြည့်ဝစွာ စားသုံးကြရန်လိုအပ်ပြီး အသားငါးသီးသန့်စားသုံးခြင်းထက် အသီးအရွက်နှင့် ဗီတာမင်ဓာတ်ပြည့်ဝစွာပါဝင်သည့် အစားအစာများ ပိုမိုစားသုံးကြရန် လိုအပ်ကြောင်း သိရသည်။

အအေးလွန်ကဲနေချိန်တွင်လည်း ရေချိုးသတိပြုကြရန်လိုအပ်သည်ဟု ဒေါက်တာခင်မောင်လွင်ကထပ်မံပြောကြားသည်။ရေကို နံနက်ပိုင်းတွင်သာ ချိုးကြရန်သင့်တော်ပြီး ညနေပိုင်းနှင့် ညပိုင်းတို့တွင် ရေပတ်တိုက်ခြင်းလောက်သာ ပြုလုပ်ကြတော့ရန် သင့်တော်သည်ဟု သိရသည်။

အေးသောဒေသများတွင် နေလေ့ရှိသည့် ဒေသခံများအနေဖြင့်လည်း နေကျင့်ရနေ၍ မပေါ့ဆကြရန်လိုအပ်ပြီး မိမိတို့နေထိုင်သည့်အဆောက်အအုံအား အအေးလုံမလုံ စစ်ဆေးကြရန် လိုအပ်ပြီး အအေးလွန်ကဲနေချိန်တွင် မိမိတို့နေထိုင်ရာ အဆောက်အအုံအတွင်း၌သာ နေထိုင်ကြရန် လိုအပ်ကြောင်း သိရသည်။

မဖြစ်မနေ အပြင်ထွက်သွားလာရန်လိုအပ်ပါကလည်း ပြင်ပအအေးဒဏ်ကိုခံနိုင်စေရန် ဂရုပြု ဝတ်ဆင်သွားကြရန် လိုအပ်ကြောင်း သိရသည်။

အအေးဒဏ်ခံနေရချိန်တွင် အဝတ်အစားအားလည်း သတိထားဝတ်ဆင်ရန်လိုအပ်ပြီး အအေးဒဏ်ခံနိုင်သည့် ချည်ထည် အဝတ်အထည်များ ဝတ်ဆင်သင့်ကြောင်း သိရသည်။

သက်ကြီးရွယ်အိုနှင့် ကလေးငယ်များသည် ထိခိုက်လွယ်သည့် အသက်အရွယ်ဖြစ်သဖြင့် ဂရုပြုရန်လိုအပ်ပြီး ကျန်းမာရေးအရ နွေးထွေးစွာ ဝတ်ဆင်ထားကြစေရန် ဂရုပြုကြမည်ဖြစ်ကြောင်း သိရသည်။

အေးသောရာသီဥတုတွင် အအေးဓာတ်ကို ကြိုက်နှစ်သက်သည့် တုတ်ကွေးကဲ့သို့သော ဗိုင်းရပ်စ်ပိုးများနှင့် အခြားအအေးကို ကြိုက်သည့် တီဘီရောဂါပိုးကဲ့သို့သော ရောဂါပိုးများသည်လည်း ပြင်ပ၌ ပိုမိုရှင်သန်နိုင်သဖြင့်ဂရုပြုကြရန်လိုအပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုတ်ကွေး၊လူတုတ်ကွေးနှင့် အခြားသော ရာသီပြောင်းတုတ်ကွေးများအား သတိထားသင့်ကြောင်း ဒေါက်တာခင်မောင်လွင်ကပြောကြားသည်။

"သူများနိုင်ငံတွေမှာတော့ တုတ်ကွေးကာကွယ်ဆေးတွေဘာတွေထိုးကြတာရှိတယ် ဒီမှာတော့ ထိုးလေ့ထိုးထ သိပ်မရှိတဲ့အတွက် ဂရုစိုက်နေထိုင်သင့်ပါတယ်"ဟု ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

ယမကာကြိုက်တတ်သူများ အနေနှင့်လည်း အအေးဒဏ်ခံနိုင်ရုံ အရက်နှစ်ပက်ခန့်သာ သောက်သုံးကြစေလိုကြောင်းသိရသည်။

အအေးဒဏ်ကို ခံနိုင်စေရန်နှင့် အအေးဒဏ်ကြောင့်ဖြစ်ပွားသည့်ကျန်းမာရေးဆိုးကျိုးများမှလည်း ကာကွယ်နိုင်ရန်အတွက် လူလုပ်နိုင်သည့်နည်းလမ်းများစွာရှိကြရာ အဆိုပါနည်းလမ်းများဖြင့် အအေးဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် ကျန်းမာရေးပြဿနာများကို ကာကွယ်ကြရန်လိုကြောင်း ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

Regional
7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# မတ်ပဲတစ်တင်းကြိုပွိုင့်ဈေးကျပ်တစ်သောင်းခွဲခန့်ပေါက်

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၂၀**

မိုးစပါးများ ရိတ်သိမ်းအပြီး စိုက်ပျိုးထားသော ဆောင်းမတ်ပဲပေါ်ချိန်အတွက် ယခုကတည်းက ကြိုဝယ်/ရောင်းများဖြစ်ပေါ်နေပြီး လောလောဆယ်တွင် မတ်ပဲတစ်တင်းအတွက် ကြိုပွိုင့်ဈေးကျပ်တစ်သောင်းခွဲခန့်ပေါက်ဈေးရှိနေကြောင်း စုံစမ်းသိရသည်။

သွင်းအားစုစရိတ်အလုံအလောက်ထည့်သွင်းရန် အခက်အခဲရှိသည့် တောင်သူများနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပေါ်လျက်ရှိသော ကြိုတင်ဝယ်/ရောင်းအခြေအနေများနှင့်ပတ်သက်၍ "အခုတော့ တစ်တင်းကို ၁၅,၀၀၀၊ ၁၆,၀၀၀၊ ၁၇,၀၀၀ နှုန်းရှိနေတယ်။ နောက်ဆိုရင်တော့ ဒီထက်လျော့သွားနိုင်ပါတယ်"ဟု ကြိုပွိုင့်ဝယ်ယူလျက်ရှိသူ စီးပွားရေးသမားတစ်ဦးကပြောသည်။

ထိုကဲ့သို့ ဈေးအနိမ့်မြင့်ဖြင့် ကြိုပွိုင့်ဝယ်/ရောင်းဖြစ်ပေါ်နေသော ဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဝေးလံသည့်ကျေးလက်ဒေသများသာဖြစ်ပြီး မြို့ပြနှင့်နီးစပ်သည့် ဒေသများတွင်မူ ကြိုပွိုင့်ဖြစ်ပေါ်လေ့မရှိကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိအချိန်တွင် နေပြည်တော်ဒေသ၌ မတ်ပဲတစ်တင်းလျှင် ၂၁,၀၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရှိကြောင်း မတ်ပဲစိုက်တောင်သူများအနေဖြင့် ပေါက်ဈေးထက်နိမ့်ကျမသွားရန် မျှော်လင့်နေကြောင်းလည်း တောင်သူများက ပြောဆိုကြသည်။

# အရောင်းအဝယ်အေးသော ကာလမှာပင် ကျောက်စိမ်းအရောင်းအဝယ် ပုံမှန်ဖြစ်



မင်းဒင်

**မန္တလေး၊ ဇန်နဝါရီ-၂၂**

ကျောက်စိမ်းကုန်သည်များအနေဖြင့် မိမိတို့၏လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအား ယခင်ကထက်ပိုမိုပြုလုပ်လျက်ရှိရာ ပုံမှန်အားဖြင့် အရောင်းအဝယ်အေးသော ကာလမှာပင် အရောင်းအဝယ်ပုံမှန် ဖြစ်ထွန်းနေကြောင်း မန္တလေးကျောက်စိမ်းဈေးကွက်အတွင်းမှ ဝါရင့်ကျောက်စိမ်းကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

ကျောက်စိမ်းလုပ်ငန်းအနေဖြင့်ဈေးကွက်ခိုင်မာလာမှုနှင့် အကျိုးအမြတ် တိုးပွားလာမှုများကြောင့်အာမခံချက်ပိုမိုလာသည့် ရင်းနှီးမြှုပ်နှံရာ နယ်ပယ်တစ်ခုဖြစ်လာကြောင်း၎င်းကပြောသည်။

နှစ်စဉ် တရုတ်နှစ်သစ်ကူးကာလဝန်းကျင် ရက်ပိုင်း၊ လပိုင်းများအတွင်း တရုတ်ဘက်မှ ကုန်သည်များ မလာရောက်ခြင်းနှင့် ရွှေလီဈေးကွက်အရောင်းအဝယ်ရပ်နားခြင်းတို့က မန္တလေးကျောက်စိမ်းဈေးကွက်အား ရောင်းဝယ်မှုအေးလေ့ရှိခဲ့သည်။ **စာ(၁၈) သို့**

# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကော်ဖီစိုက်ပျိုးမှုတိုးချဲ့မည်ဖြစ်၍ လုပ်ငန်းရှင်များကိုဖိတ်ခေါ်

သီဟ

**ပြင်ဦးလွင်၊ ဇန်နဝါရီ-၁၇**

ရှမ်းမြောက်ဒေသတွင် ကော်ဖီစိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိပြီး စိတ်ပါဝင်စားသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိကြောင်း မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း (စိုက်/မွေး)မှ သိရသည်။



*ပြင်ဦးလွင်ရှိ ကော်ဖီစိုက်ခင်းတစ်ခုအား တွေ့ရစဉ်။*

ဓာတ်ပုံ - သီဟ

လက်ရှိတွင် ကော်ဖီစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တို့တွင် ကော်ဖီစိုက်ဧက တစ်သိန်းကျော်အား ဖော်ထုတ်လျက်ရှိရာ ပြင်ဦးလွင်မြို့နယ်တွင် စိုက်ဧက ၅၉,၂၄၂ ဧကနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ၅၅,၀၀၀ ဧက စုစုပေါင်း ၁၁၄,၂၄၂ ဧကအား ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သို့သော် တကယ်တမ်းစိုက်ပျိုးချိန်တွင် တောင်ယာမြေများ၊ ဥယျာဉ်ခြံမြေများ၊ နှစ်ရှည်ပင်မြေများ၊ သစ်တောမြေများနှင့် စိုက်ပျိုးရန် မဖြစ်ထွန်းသည့်မြေနေရာများ ဖယ်ထုတ်ပြီးပါက ပြင်ဦးလွင်မြို့နယ်တွင် ဧက ၁၅,၀၀၀ ကျော်နှင့် နောင်ချိုမြို့နယ်တွင် ဧက ၁၇,၀၀၀ ကျော်ဖော်ထုတ်ပြီး ဖြစ်ကြောင်း သိရသည်။

ဖော်ထုတ်ပြီးမြေများအနက်မှ ပြင်ဦးလွင်မြို့နယ်တွင် ဧက ၁၅,၀၀၀ ကျော်နှင့် နောင်ချိုမြို့နယ်တွင် ဧက ၁၁,၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

ဆက်လက်၍လည်း ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ လားရှိုး၊ မူဆယ် စသည့်ဒေသများတွင် စိုက်ဧကများ ထပ်မံတိုးချဲ့မည်ဖြစ်ရာစိတ်ဝင်စားသည့် လုပ်ငန်းရှင်များသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နှစ်ရှည်ပင် ပြည်နယ်မန်နေဂျာရုံးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

စိုက်ပျိုးလိုသူများအားလည်း သက်ဆိုင်ရာဌာနမှ မြေနေရာများ ပံ့ပိုးပေးခြင်းအပြင် မျိုးကောင်းမျိုးသန့်များထောက်ပံ့ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

# ပဲခူးမြို့ထွက် ပန်းပုရုပ်တုများ တရုတ်နိုင်ငံသို့

ဖိုးကျော်မြင့်

**ပဲခူး၊ ဇန်နဝါရီ- ၁၇**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပဲခူးမြို့မှ ထွက်ရှိသည့်ပန်းပုံရုပ်တုမျိုးစုံကို နိုင်ငံခြားတိုင်းပြည်များအနက် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပေးနေရမှုကြောင့် သစ်သားမျိုးစုံဖြင့် ထုလုပ်သော ပန်းပုလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုရရှိနေလျက်ရှိကြောင်း ပန်းပုအလုပ်ရုံပိုင်ရှင် ဦးဝင်းနိုင်၏ပြောပြချက်အရ သိရသည်။

ပဲခူးမြို့ယဉ်ကျေးမှုနယ်မြေများအနက် သစ်သားမျိုးစုံဖြင့် ထုလုပ်သည့်ပန်းပုရုပ်တုအများဆုံးထု လုပ်သည့်ဒေသများမှာ ၁။မဟာဝေတီဘုရားအနီးပတ်ဝန်းကျင် ကျိုက်ပေါရပ်ကွက်၊ ၂။ ရွှေသာလျောင်းဘုရားအနီးပတ်ဝန်းကျင်မဇင်းရပ်ကွက်၊ ၃။ ပဲခူး-ရန်ကုန် ၆ လမ်းသွားလမ်း ပဲခူးမြို့တောင်ဘက်အထွက် ကားလမ်းအနောက်ဘက်ရှိ လေးမျက်နှာဘုရား (ကျိုက်ပွန်ဘုရားကြီး)ဝင်းအတွင်းရှိ ဥဿာမြို့သစ်ပန်းပုအလုပ်ရုံရပ်ကွက်နယ်မြေတို့ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ရှိ ပန်းပုတုလုပ်သည့်နေရာတို့တွင် ပန်းပုထုလုပ်သား ၂၀၀ မျှကို အလုပ်အကိုင်များပေးနိုင်ကြသဖြင့် ၎င်းတို့၏ မိသားစုများမှာ စားဝတ်နေရေး ပြည့်စုံလာမှုတို့ကြောင့် ကျေနပ်အားရလျက်ရှိကြောင်း ပန်းပုလုပ်သူ တစ်ဦး၏ပြောပြချက်အရ သိရသည်။

ပန်းပုထုလုပ်သည့် အလုပ်ရုံများတွင် အဓိကထုလုပ်ရသည့် အမှာစာရရုပ်တုများမှာ တိရစ္ဆာန်အရုပ်မျိုးစုံနှင့် တရုတ်ရိုးရာအရုပ်များသာ အများဆုံးဖြစ်ကြောင်း၊ အချောသတ်ပြီးစီးသည့် ပန်းပုရုပ်ထုများကို ရန်ကုန်မြို့ရှိ ကုမ္ပဏီများသို့ တင်ပို့ရပြီး ယင်းမှတစ်ဆင့်တရုတ်နိုင်ငံသို့ ကွန်တိန်နာများဖြင့် ရေကြောင်းလမ်းခရီးမှလည်းကောင်း နယ်စပ်ဂိတ်များမှ မော်တော်ကားလမ်းခရီးဖြင့်လည်းကောင်း အသုံးပြုကာ အများဆုံးတင်ပို့ပေးနေရကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

## ဗောဓိတစ်ထောင် မြန်မာ့ရိုးရာနွားအလှနှင့် လှည်းမောင်းပြိုင်ပွဲကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၁၇**

မုံရွာမြို့နယ်၊ ခတ္တက္ကန်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ပထမအကြိမ် မြန်မာ့ရိုးရာနွားအကျော့မောင်းနှင့် လှည်းအကျော့မောင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပထမအကြိမ်မြန်မာ့ရိုးရာနွားအကျော့မောင်းနှင့် လှည်းအကျော့မောင်းပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက် (တပို့တွဲလပြည့်နေ့) တွင် ဗုဒ္ဓပူဇနိယပွဲတော်၌ ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်နွားအလှ(ကြိုး)၊ နွားလှည်းအကျော့မောင်းပြိုင်ပွဲတွင် (အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်း) စသောပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဦးစံငြိမ်း၊ တော်ဝင်စတိုး၊ ကျောက္ကာလမ်း၊ မုံရွာမြို့ ဖုန်း- ၀၇၁-၂၃၀၆၉၊ ဦးသန်းဆောင် ခေတ္တက္ကန်တောင်ရွာ ဦးတင်ထွန်း၊ ဒေါ်မော်(မြေနဲပွဲရုံ) သို့ ဖေဖော်ဝါရီလ ၁၀ ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

## ကိုရီးယား-မြန်မာ ပူးပေါင်း၍ စိုက်ပျိုးရေးသင်တန်းကျောင်းဖွင့်လှစ်



**သီဟ**

**ပြင်ဦးလွင်၊ဇန်နဝါရီ-၁၇**

ကိုရီးယား သမ္မတနိုင်ငံနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တို့ပူးပေါင်းဖွင့်လှစ်သည့် Canaan Farmer's School ၏ သင်တန်းအမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲအား အဆိုပါသင်တန်း၌ယနေ့ကျင်းပပြုလုပ်ခဲ့သည်။အဆိုပါ Canaan Farmer's School သည် တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးရေးအတွက် ကိုရီးယားနိုင်ငံရှိ World Canaan Movement(WCM) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နည်းပညာဖွံ့ဖြိုးမှု ရက်တိုသင်တန်းများ သင်ကြားပေးသောကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် အပတ်စဉ်အလိုက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဘာသာရပ်၊ ရာသီသီးနှံစိုက်ပျိုးရေး ဘာသာရပ်၊ စက်မှုလယ်ယာအသုံးချ ဘာသာရပ် အစရှိသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘာသာရပ်များအပြင် မြေဆီလွှာ အသုံးချနည်းပညာ ဘာသာရပ်များအားလည်း အလှည့်ကျဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သင်တန်းအပတ်စဉ် (၁/၂၀၁၁)သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဘာသာရပ်သင်တန်းဖြစ်ပြီး နောက်ပိုင်းတွင်လည်း အခြားဘာသာရပ်သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလများမှာ အပတ်စဉ်အလိုက် လေးပတ်မှ ခြောက်ပတ်အထိကြာမြင့်တတ်ပြီးသင်တန်းကြေးနှင့် သင်တန်းတက်ရောက်စဉ် နေထိုင်စားသောက်စရိတ်များမှာအခမဲ့ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသူများသည် စိုက်ပျိုးရေးကို အမှန်တကယ်စိတ်ဝင်စားရန်လိုအပ်ပြီး သက်ဆိုင်ရာပြည်နယ်၊ မြို့နယ်နှင့် တိုင်းများရှိ စိုက်ပျိုးမွေးမြူရေးရုံးများနှင့် ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။




## ရိုးတံရှည်သစ်ခွတစ်မျိုး ရောင်းအားကောင်းနေ

**ဥက္ကာကိုကို**

**သံတွဲ၊ ဇန်နဝါရီ-၁၁**

ဖယောင်းပန်း(ခေါ်) ရိုးတံရှည်သစ်ခွတစ်မျိုး ရောင်းအားကောင်းနေသည့်အတွက် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့များရှိတောနယ်မှ လူများရှာဖွေမှုများပြားနေကြောင်း သိရသည်။ ဖယောင်းပန်းသည် သစ်ခွတစ်မျိုးဖြစ်သည့်အတွက် အပင်မြင့်များ၌ ပေါက်ရောက်သောကြောင့် ယခင်က အပင်ပေါ်တက်ခူးကြရာမှ ယခုအခါ အပင်ခုတ်လှဲမှုများရှိလာကြသဖြင့် တောပြုန်းမှုများဖြစ်ပေါ်စေသည်။

ဖယောင်ပန်းမှာ စိုက်ပျိုးရခြင်းမဟုတ်ဘဲ တောတွင်းတွင် ပေါက်ရောက်သောကြောင့် ရိုးမတောအတွင်း ဝင်ရောက်ရှာဖွေကြရခြင်းဖြစ်သည်ဟု သိရသည်။ "ရှာတွေ့ရင် ဆယ်ပိဿာ၊ ကိုးပိဿာတွေ့တယ်။ မတွေ့ရင်တစ်ပိဿာတောင်မရဘူး။ ပန်းကို ယူတာမဟုတ်ဘူး။ ရိုးတံကိုယူတာ။ ရေမွှေးလုပ်တယ်လို့ ပြောတာပဲ" ဟု ဒေသခံတစ်ဦးက ပြောသည်။ ဖယောင်ပန်း၏ နယ်ကိုယ်စားလှယ်သွင်းဈေးမှာ ပြီးခဲ့သည့်တော်သလင်း၊ သီတင်းကျွတ်လများတွင် ကျပ် ၄,၅၀၀ မှ ၅,၀၀၀ အထိရှိခဲ့ပြီး ယခုအချိန်တွင် ၃၈၀၀ မှ ၄၀၀၀ ကျပ်အထိရှိကြောင်း သိရသည်။



# ဈေးကွက်မျှော်ကြက်သွန်စိုက်သူများ၍ လယ်ယာလုပ်သားများငွေရှင်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၁၇**

မုံရွာမြို့နယ်အတွင်း ကြက်သွန်စိုက်တောင်သူအများစုမှာလာမည့်ဆောင်းကြက်သွန်ပေါ်ချိန်တွင်ပြည်တွင်း၊ ပြည်ပဈေးကွက် ဝယ်လိုအား ပိုကောင်းနိုင်မည်ဟု မျှော်လင့်ခဲ့ကြသဖြင့် ကြက်သွန်နီစိုက်ပျိုးသူပိုမိုများပြားလာသည့်အတွက် ကြက်သွန်စိုက်လယ်ယာလုပ်သားများ ပုံမှန်သီးနှံစိုက်ပျိုးရာသီထက် လုပ်အားခပိုရရှိခဲ့ကြောင်းသိရသည်။

"ကြက်သွန်နီစိုက်တဲ့ ဒီဇင်ဘာနဲ့ဇန်နဝါရီလတွေမှာလယ်ယာလုပ်သားအနေနဲ့ရွာမှာရှိတဲ့သူတွေနဲ့ မလုံလောက်လို့ အခြားရွာက လူတွေပါလာကြတယ်။ အခြားရွာက လာတဲ့သူတွေကလည်း စားအိုးစားခွက်နဲ့လာပြီး နေ့စားအလုပ်သမားတစ်ဦး ၁,၅၀၀ နှုန်း၊ ဧကအပြတ်စိုက်ရင် တစ်ဧကခြောက်သောင်း၊ ခုနစ်သောင်း ပေးငှားရတယ်။ အလုပ်သမားလွယ်သူတွေများတော့ ဧကပြတ်စိုက်တာပိုများတော့ ကြက်သွန်စိုက်အလုပ်သမားတွေ ငွေရှင်လို့ ရွှေဝယ်သူတွေ၊ ဆိုင်ကယ်ဝယ်သူတွေနဲ့ပေါ့။ ကြက်သွန်စိုက်အလုပ်သမားတွေငွေအရင်းများပြီး လာမယ့်ကြက်သွန်ပေါ်ချိန် ဈေးကွက်မျှော်ရင်း ရင်မောနေကြတယ်" ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာဒေသခံကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"လယ်ယာ အလုပ်သမားခတွေများပေမယ့် လာမယ့်နှစ် ဈေးကွက်ကောင်းနိုင်တဲ့နှံနှံစိုက်တဲ့သူပိုများလာတယ်။မုံရွာတောင်ဘက်ကျွန်းပေါ်ကတော့ ဇန်နဝါရီလဆန်းမှာကြက်သွန်နီကစိုက်ပြီးသွားပေမယ့်မုံရွာအရှေ့ဘက်နဲ့ ချောင်းဦးမြို့နယ် မြင်းမူမြို့နယ် အောကြည်းတော(ကုန်းပိုင်း)မှာ စိုက်လို့ပျိုးလို့မပြီးကြသေးဘူး"ဟု မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးသော မြေနဲကျေးရွာကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောကြားသည်။



*၂၀၁၀ နှေကြက်သွန်နီစိုက်ခင်းတွင် ပေါင်းသင်နေသော အညာဒေသမှ ဒေသခံနှစ်ဦး။*

ဓာတ်ပုံ- အားမာန်

# မကွေးမြို့တွင် စာရေးဆရာသုံးဦး စာအုပ်အမှတ်တရ လက်မှတ်ထိုးပွဲကျင်းပ

**ဟိန်းထက်(မကွေး)**

**မကွေး၊ ဇန်နဝါရီ-၁၆**

မကွေးမြို့၊ ပြည်တော်သာလမ်းရှိ ရွှေပြည်စိုးစာပေ ဖြန့်ချိရေးတွင် ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီက စာရေးဆရာမဂျူး၊ စာရေးဆရာလက်ာရည်ကျော်နှင့် စာရေးဆရာ ဒေါက်တာစိုးလွင်တို့ စာအုပ်အမှတ်တရလက်မှတ်ထိုးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

စာရေးဆရာမဂျူးမှာ မကွေးဆေးတက္ကသိုလ်သို့ ဆရာလက်ာရည်ကျော်နှင့် ဆရာဒေါက်တာစိုးလွင်တို့အား ဂုဏ်ပြုပွဲ ကျေးဇူးတင်ခြင်း အထိမ်းအမှတ်လာရောက်စဉ် ယခုကဲ့သို့ အမှတ်တရလက်မှတ်ရေးထိုး ပေးဖြစ်ခဲ့ကြောင်း သိရသည်။

ထိုပွဲသို့ မကွေးဆေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူနှင့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများနှင့် မကွေးမြို့ခံ စာပေဝါသနာရှင်များ စိတ်ဝင်တစား လာရောက်ခဲ့ကြောင်း သိရသည်။

ထိုပွဲတွင် အသစ်ဝယ်သော စာအုပ်များကိုသာ အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း မဟုတ်ဘဲ ယခင်ဝယ်ယူထားသော စာအုပ်အဟောင်းများကိုလည်း လက်မှတ်ရေးထိုးပေးခဲ့ကြောင်း သိရသည်။

"ပရိသတ်တွေက တော်တော်လေး စိတ်ဝင်စားခဲ့ကြပါတယ်။ သတ်မှတ်ချိန်က လေးနာရီဆိုပေမယ့် သုံးနာရီခွဲလောက်ကတည်းက ဆိုင်ထဲမှာ လူပြည့်နှင့်နေပါတယ်။စာဖတ်သူနှင့် စာရေးသူ ရင်းရင်းနှီးနှီး တွေ့ဆုံပွဲလေးပါ။ မကွေးမြို့မှာ ဒီလိုပွဲလေး လုပ်ဖြစ်ခဲ့တာကိုပဲ ဝမ်းသာမိပါတယ်" ဟု စီစဉ်သူရွှေပြည်စိုးစာပေဖြန့်ချိရေးပိုင်ရှင်ကိုတိုးက ပြောကြားသည်။

ထိုပွဲသည် မကွေးမြို့တွင် ပထမဆုံး ပြုလုပ်သော အမှတ်တရလက်မှတ်ရေးထိုးပွဲဖြစ်ပြီး စာရေးဆရာသုံးဦးပါဝင်သောကြောင့်ထူးခြားကာ လူအများစိတ်ဝင်စားခဲ့ကြသည်။

# ကုမ္ပဏီပိုင်ငွေကျပ် ၂၃ သိန်းကျော်နှင့် ဆိုင်ကယ်တစ်စီး အလွဲသုံးစားပြုခဲ့သော ကုမ္ပဏီဝန်ထမ်းအား ဖမ်းဆီးအရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇန်နဝါရီ- ၁၇**

ကုမ္ပဏီပိုင်ငွေ ၂၃ သိန်းကျော်နှင့် ကုမ္ပဏီပိုင်ဆိုင်ကယ်အား လိမ်လည်ရယူ ထွက်ပြေးတိမ်ရှောင်သွားသည်ဟုဆိုသော ကုမ္ပဏီဝန်ထမ်းတစ်ဦးအား ဇန်နဝါရီ ၁၄ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း နေပြည်တော်ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဇန်နဝါရီ ၅ ရက်က ဆောက်လုပ်ရေးသုံးကွန်ကရစ်ဆေးရည်များ ရောင်းချသော . . ကုမ္ပဏီရန်ကုန်ရုံးချုပ်မှ မန်နေဂျာဦး. . . သည် နေပြည်တော်ပျဉ်းမနားရုံးခွဲသို့ စာရင်းများလာစစ်ရာ ကုမ္ပဏီမှပစ္စည်းများ ရောင်းရငွေမှာ ကျပ် ၂၂ သိန်းကျော်ကွာနေ၍ နေပြည်တော်ပျဉ်းမနားရုံးခွဲ၌ တာဝန်ရှိသူကို. . . (၂၅)နှစ်အားမေးမြန်းရာ အဆိုပါကို. . က ပစ္စည်းများအားအကြွေးစနစ်ဖြင့် ရောင်းချထားသောကြောင့် အကြွေးလိုက်လံသိမ်းပြီး လျှင်ရန်ကုန်ရုံးချုပ်သို့ စာရင်းနှင့်တကွပေးပို့မည်ဖြစ်ကြောင်းဆို၍ မန်နေဂျာဘာမှမပြောသာဘဲနေခဲ့ရသည်ဟုဆို၏။

ဇန်ဝါရီ ၆ ရက်တွင် ရန်ကုန်ရုံးမှ ပို့လိုက်သောကုန်ပစ္စည်းများအား ဘောဂသီရိဂိတ်၌သွားသယ်ဆောင်ရမည်ဟုဆိုကာ အဆိုပါဝန်ထမ်းကို. . (၂၅)နှစ်သည် ကုန်ပစ္စည်းသယ်ယူစရိတ် ၁၈၂,၀၀၀ ကျပ်အားယူဆောင်ကာ ကုမ္ပဏီပိုင် ဆိုင်ကယ်ဖြင့် ပစ္စည်းသွားသယ်ဆောင်သည်ဟုဆိုကာ ပြန်မလာတော့ဘဲ ဆိုင်ကယ်ကိုပါပေါင်နှံသုံးစွဲခဲ့သည်။

သို့ဖြစ်၍ မန်နေဂျာဦး. . . ၏ တရားလိုပြုလုပ်တိုင်တန်းမှုကြောင့် ကို. . . အား နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၂၇/၂၀၁၁ ဥပဒေပုဒ်မ ၄၀၈ အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တောင်သမန်အင်းအနီး အခမဲ့ဆေးခန်းဖွင့်

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ-၂၁**

အမရပူရမြို့ တောင်သမန်အင်းအနီးတွင် အခမဲ့ကုသပေးမည့် ဆေးပေးခန်းတစ်ခု ယနေ့စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ "အဓိကကတော့ ငွေကြေးချို့တဲ့သူတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ပေးချင်လို့ လုပ်ပေးတာပါ။ နောက်ထပ်လည်း အခမဲ့သားဖွားခန်းတစ်ခုဆောက်ဖို့ စီစဉ်နေပါတယ်" ဟု ယင်းအခမဲ့ဆေးပေးခန်း တည်ထောင်ဖွင့်လှစ်ခဲ့သည့် ရွှေငါးမိသားစုမှ မိသားစုဝင် ကိုဘိုဘိုကပြောသည်။ ၎င်းဆေးခန်းတွင် အနောက်တိုင်း ဆရာဝန် ၆ဦး၊ တိုင်းရင်းဆေးဆရာဝန် ၂ ဦးတို့က အလှည့်ကျတာဝန်ယူကုသပေးမည်ဖြစ်ပြီး ဆေးခန်းကို နေ့လယ် ၂ နာရီမှ ၃ နာရီခွဲအထိ နေ့စဉ်ဖွင့်လှစ်ကုသပေးမည်ဟု သိရသည်။

# သုခမေတ္တာ မိဘမဲ့ကလေးကျောင်း ဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ-၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ပြင်စာဒေသတွင် ဇန်နဝါရီတတိယပတ်အတွင်းက သုခမေတ္တာမိဘမဲ့ကလေးများကျောင်းကို ဖွင့်လှစ်ခဲ့ကြောင်း ကျောင်းတည်ထောင်သူဆရာဦးဖုန်းမြင့်က 7 Day News သို့ပြောသည်။ အဆိုပါသုခမေတ္တာကျောင်းသည် ကွယ်လွန်သူနိုင်ငံကျော် စာရေးဆရာ၊ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခအား ဂုဏ်ပြုသောအားဖြင့် "သုခမေတ္တာမိဘကလေးများကျောင်း"ဟု အမည်ပေးထားကြောင်း တည်ထောင်သူကပြောသည်။ ယခုအခါ မူလတန်းအဆင့်ကျောင်းသား ၅၃ ဦးလက်ခံထားကြောင်း သိရသည်။

# ဂျပန်အင်န်ဂျီအိုတစ်ခုက ရေစကြိုမြို့နယ်မှ တောင်သူများကို အကူအညီပေးရန် လေ့လာ

**ထူးသန့်** **နေပြည်တော်၊ ဇန်နဝါရီ-၂၀**

ဂျပန်အင်န်ဂျီအို အဖွဲ့အစည်းတစ်ခုဖြစ်သည့် OISCA က မကွေးတိုင်းဒေသကြီးရေစကြိုမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများကို လာမည့်နှစ်တွင် အထောက်အပံ့များပေးအပ်သွားရန် အကြိုလေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ စက်မှုအသိဉာဏ်နှင့် ယဉ်ကျေးမှုတိုးတက်ရေးအဖွဲ့အစည်းဟု အဓိပ္ပာယ်ရသည့် အဆိုပါအဖွဲ့အနေဖြင့် ထိုကဲ့သို့သွားရောက်လေ့လာရာတွင် ဂီရိဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့စဉ်က လယ်ဧက၁၀၀ ခန့်ကို သဲမြေများ ၂ ပေခန့် ဖုံးလွှမ်းခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ရကြောင်း ၎င်းအဖွဲ့တွင်ပါဝင်ခဲ့သူတစ်ဦးထံမှ သိရှိရသည်။ ယခုအချိန်တွင်မူ အဆိုပါသဲများအား ဖယ်ရှားနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရှိရသည်။ ပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ် အောက်တိုဘာအတွင်းက မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းသည်ကမ်းရိုးတန်းဒေသများကိုဖြတ်ကျော်၍ နိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော မကွေး၊ ကျောက်ပန်းတောင်၊ ပုဂံ-ညောင်ဦးစသည့် ဒေသများသို့ပါ အချိန်အတန်ကြာတိုက်ခတ်ခဲ့ကြောင်း သိရသည်။

# မျက်စိအထူးကုဆရာဝန်များ အခမဲ့ စမ်းသပ်ကုသပေးမည်

**ရဲပန်ဇင်း**

**စစ်တွေ၊ ဇန်နဝါရီ- ၁၇**

ဖေဖော်ဝါရီလ ၈ ရက်မှ ၁၁ ရက် အထိ စစ်တွေမြို့ကိုအခြေစိုက်၍ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်များနှင့်အခြေစိုက်ဆရာဝန်များပူးပေါင်းကာ မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်၊ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် အခါအားလျော်စွာ ရခိုင်ပြည်နယ်သို့ကွင်းဆင်းလာရောက်ပြီး မျက်စိဝေဒနာရှင်များအားကုသမှုများပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။ ဒီဇင်ဘာလအတွင်းသံတွဲနှင့်ကျောက်ဖြူမြို့များတွင် ကွင်းဆင်းကုသပေးခဲ့ပြီးဖြစ်ကြောင်းဖြင့်လည်း ဆိုသည်။ ရခိုင်ပြည်နယ်တွင် မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များပြားကြောင်းတွေ့ရပြီး ဤသို့ဖြစ်ရခြင်းမှာ ရေမှရောင်ပြန်ရိုက်ခတ်မှုကို အများဆုံးခံရသည့်အတွက်ဖြစ်ကြောင်းကျွမ်းကျင်သူများက ထောက်ပြကြသည်။ မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ အခါအားလျော်စွာ ကွင်းဆင်းကုသပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ၈,၀၀၀ ခန့်အား စမ်းသပ်စစ်ဆေးကုသပေးခဲ့ပြီးဖြစ်သည်။









7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# မုံရွာမြို့အရှေ့ဘက်ကုန်းမြင့်ဒေသရှိ စိုက်ပျိုးရေ ပေးဝေရေးစက်ရုံများ အလှည့်ကျစနစ်ဖြင့် ရေပေး

ရန်ကျော်

**မုံရွာ၊ ဇန်နဝါရီ- ၁၇**

မုံရွာမြို့အရှေ့ဘက်ကုန်းမြင့်ပိုင်းဒေသများရှိ စိုက်ပျိုးရေပေးဝေသောမြေအောက်ရေပေးစက်ရုံများတွင် လျှပ်စစ်မီးအလှည့်ကျခွဲတမ်းစနစ်ဖြင့်ရရှိသောကြောင့် ဇန်နဝါရီလလယ်ရက်ပိုင်းမှစ၍ စိုက်ခင်းများရေရရှိရေးအတွက်အလှည့်ကျစောင့်ဆိုင်းရေသွယ်ယူနေရကြောင်း မုံရွာမြို့နယ် အရှေ့ဘက်ဒေသခံတောင်သူများကဆိုသည်။

"ဇန်နဝါရီ ၁၂ ရက်လောက်တုန်းကမုံရွာမြို့ပေါ်မှာ လျှပ်စစ်မီးပေးဝေတဲ့ဓာတ်အားခွဲလုပ်ငန်းက ပြုပြင်ရေးလုပ်ငန်းတွေဆောင်ရွက်နေတဲ့အချိန်ကစပြီး စိုက်ခင်းရေပေးဝေတဲ့ မြေအောက်ရေပေးဝေရေးလုပ်ငန်းတွေက အချိန်ပိုင်းနဲ့ ရေပေးဝေတယ်။ လျှပ်စစ်မီးရတဲ့အချိန်တိုင်း ရေပေးဝေတော့ မီးရတဲ့အချိန်ရေစောင့်သွယ်နေရတယ်။ နေ့ရောညပါ လျှပ်စစ်မီးရတဲ့အချိန်တွေမှာ စိုက်ခင်းတွေရေရရှိအောင်မျှပေးတော့ တောင်သူတွေစိုက်ပျိုးရေးအတွက် အခက်မတွေ့တော့ဘူး"ဟု မုံရွာမြို့နယ် အောင်သာကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကြက်သွန်စိုက်ချိန်၊ ကုလားပဲခင်း၊ ဂျုံခင်း ရေသွင်းချိန်ဆိုတော့ စက်ရေတွင်းကရေရတဲ့အချိန်စောင့်ပြီးရေသွယ်နေရတယ်။ အလှည့်ကျစနစ်နဲ့ဆိုတော့ မီးလာချိန်မှာ သူ့သွယ်ကိုယ်သွယ်ရေအပြိုင်သွယ်ကြတယ်။ စိုးသန်း၊ သမန္တာစိုက်ကွင်းတစ်ခုလုံးမြေအောက်စက်ရေတွင်းတွေအားထားနေရတော့ လျှပ်စစ်မီးရမယ့်အချိန်ကို တောင်သူတွေစောင့်ပြီး ရေသွင်းနေကြတယ်"ဟု မုံရွာမြို့နယ်စိုးသန်း ကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။ ယခုနှစ် ဇန်နဝါရီလအတွင်း မုံရွာမြို့ပေါ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေလျက်ရှိသော အောင်ချမ်းသာရပ်ကွက်၊ လျှပ်စစ်ဓာတ်အားခွဲရုံအားပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် မုံရွာမြို့ပေါ် ရပ်ကွက်အသီးသီးနှင့်ကျေးရွာများ၌ လျှပ်စစ်ဓာတ်အားခွဲတမ်းစနစ်ဖြင့် အလှည့်ကျသုံးစွဲခွင့်ရရှိခဲ့သည်။

# မောင်တောမြို့ ရခိုင်ရိုးရာရထားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မောင်ကံ

**မောင်တော၊ ဇန်နဝါရီ- ၁၇**

နှစ်စဉ်တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ သုံးညတိုင်တိုင် ကျင်းပပြုလုပ်ခဲ့သောမောင်တောမြို့ရခိုင်ရိုးရာရထားပွဲကို ယခုနှစ်တွင်လည်း တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်နေ့ထိ (ဖေဖော်ဝါရီလ ၁၆၊ ၁၇၊ ၁၈) စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရထားပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။




ရထားဆွဲပွဲတွင် ရခိုင်ရိုးရာယိမ်းအက၊ ဗုဒ္ဓပူဇနိယယိမ်းအကနှင့် သံချပ်ပြိုင်ပွဲများထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရထားဆွဲပွဲမှာ လွန်ဆွဲပွဲနှင့်ဆင်တူပြီးယောကျ်ားတစ်ဖက်၊ မိန်းမတစ်ဖက်ဆွဲရသည့်ပွဲဖြစ်ပြီး ရခိုင်ရိုးရာဆယ့်နှစ်လရာသီပွဲတော်များအနက် နှစ်သစ်ကူးသင်္ကြန်ပွဲပြီးနောက် ဒုတိယအစည်ကားဆုံးပွဲတော်တစ်ခု ဖြစ်ကြောင်း သိရသည်။

ရထားဆွဲပွဲမှာ ဘာသာရေးနှင့် သက်ဆိုင်မှုမရှိဘဲ ရှေးရခိုင်ပွဲတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် နက္ခတ္တဗေဒတို့ဖြင့် သက်ဆိုင်ကြောင်း သိရသည်။ ရှေးခေတ်ရခိုင်တို့သည် ရထားပွဲဆင်နွှဲမှုကြောင့် ဥတုရာသီမျှတမှန်ကန်ခြင်းနှင့် လယ်ယာသီးနှံအထွက်တိုးစေကြောင်း ယုံကြည်ခဲ့ကြသည်။

# ၈ (၁၅) အရောင်းအဝယ်အေးသောကာလမှာပင် ကျောက်စိမ်းအရောင်းအဝယ် ပုံမှန်ဖြစ် မှ

မန္တလေး ကျောက်စိမ်းကုန်သည်များအနေဖြင့် ဖေဖော်ဝါရီလကုန်တွင် ပြန်လည်ဦးမော့လာနိုင်သည့်ကျောက်စိမ်းဈေးကွက်အတွင်းအသာရနိုင်ရန်ကျောက်ဝယ်ယူသိမ်းဆည်းမှုပြုလုပ်လျက်ရှိရာ ယခင်နှစ်များထက် အရောင်းအဝယ်ပုံမှန်ရှိလာကြောင်း ဝါရင့်ကျောက်ပွဲစားကြီးတစ်ဦးက ရှင်းလင်းပြောကြားသည်။

"ဒီနှစ်က ခဲသမားတွေ အောင်တာများတယ်။ ကျောက်က အမြတ်တွေနဲ့ ကားဝယ်ကြသလို ကျောက်မှာပြန်ပြီး မြှုပ်နှံတာတွေလည်း ရှိလာတယ်။ နောက်ပြီး ကျောက်ပွင့်လို့ အပြင်မှာ မရောင်းချင်လည်း ကျောက်မျက်လေလံပွဲမှာ ပြန်တင်ရောင်းလို့ရတယ်။ ဈေးကွက်ပိုမိုပြီး အာမခံချက်ရှိလာတယ်" ဟု ကျောက်မျက်ပြခန်းဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်နေသူ အမျိုးသမီးတစ်ဦးကလည်း ဆက်လက်ပြောသည်။

ယခုရက်ပိုင်းများအတွင်း ဂေါင်ကျောက်ဟုခေါ်သည့် အရည်အသွေးမြင့် ကျောက်စိမ်းများ ဈေးကွက်အတွင်းဝင်ရောက်မှု နည်းပါးသော်လည်း ကျပ်သိန်းဆယ်ဂဏန်းနှင့် ရာဂဏန်းစွန်းစွန်းများ ဈေးကွက်တွင်း ရောင်းချဝယ်ယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကျောက်စိမ်းအပွင့်ဝိုင်းအတွင်း အရောင်းအဝယ် ပုံမှန်ဖြစ်နေပြီး လက်ကောက်ဝိုင်းအနေဖြင့် အရောင်းအဝယ်ကောင်းသည်ဟု ဆိုနိုင်ကြောင်း ဝါရင့်ကျောက်ပွဲစားတစ်ဦးကဆိုသည်။

ယခင်က ပြည်ပကုန်သည်များကိုသာ အားထားနေရသည့် ဈေးကွက်အနေအထားမှ ပြည်တွင်းကုန်သည် လှောင်လက်များ၏ ငွေရင်းကြီးမားလာမှုကြောင့် အရောင်းအဝယ်အသင့်အတင့် ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တရုတ်နှစ်သစ်ကူးအပြီး ပြန်လည်ဦးမော့လာနိုင်သည့်ဈေးကွက်တွင်ယှဉ်ပြိုင်ကာ ဈေးဦး၊ ဈေးဖျား၊ ဈေးကောင်းရရန် ပစ္စည်းသန့်များ ကြိုတင်စိတ်ကြိုက်ဝယ်ယူနိုင်သော ကာလလည်းဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

# နေပြည်တော်တွင် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည်

ညိုညိုဝင်း

**နေပြည်တော်၊ ဇန်နဝါရီ-၂၁**

နေပြည်တော်တွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကကြီးမှူးကျင်းပသောပထမအကြိမ် ဘောလုံးပြိုင်ပွဲကို နေပြည်တော်ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး နေပြည်တော်ခရိုင်အတွင်းရှိ ၈ မြို့နယ်မှ ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းအောင်က ပြောကြားသည်။

ဘောလုံးပြိုင်ပွဲ၌ ဆုရရှိသည့် အသင်းများအား ဖေဖော်ဝါရီ ၁၁ ရက်တွင် နေပြည်တော်ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်း၌ ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲသောအသင်း၊ ဒုတိယဆုရသော အသင်း၊ နေရာအလိုက် အကောင်းဆုံးဆုများ ချီးမြှင့်မည်ဖြစ်သည်။

7Day News ဂျာနယ်ကို အိမ်အရောက်မှာယူမှတ်ရှုကြသည့် စာဖတ်ပရိသတ်များသို့ အကြောင်းကြားခြင်း

ဂျာနယ်ဖိုးငွေလာရောက်ကောက်ယူရာတွင်
7Day News ဂျာနယ်အမှတ်အသားပါ အစိမ်းရောင် Receipt
ဘောင်ချာစာရွက်အားဂျာနယ်ဖိုးငွေလာရောက်ကောက်ခံသော
ဝန်ထမ်းထံမှတောင်းယူပါရန်နှင့် Receipt ဘောင်ချာပါမှသာ
ငွေပေးချေပါရန် စာဖတ်ပရိသတ်ကြီးသို့
လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

HAPPY PEST KILLER

Super Market

Japanese Language School

MANGLOBELINK

Japan Tokyo International School

JLPT N5(4)Level4 NAT Test Level4

Mon - Fri (9am-5pm),Sun (10:30-12:00)

Man Globe Link Co.,Ltd
No(508/A),Yuzana Tower,Shwegonedine Junction,
Bahan Township,Yangon.Tel- 540888

(1)Senior Sale Representative
word, excel
(2)Sale Representative
word, excel
(3)Marketing Executive
Marketing Qualified diploma
MM Import Export Co, Ltd.

# ဂီရိမုန်တိုင်းသင့်ဒေသများတွင် ဝါး၊ ဓနိဈေးကြီး

ဌွန်ကိုလင်း

**မြေပုံ၊ ဇန်နဝါရီ- ၁၇**

ဂီရိမုန်တိုင်းကြောင့် မင်းပြားနှင့် မြေပုံမြို့နယ်များ၏ အဓိကထွက်ကုန်များဖြစ်ပြီး အိမ်ဆောက်ရာတွင် အသုံးဝင်သည့် အုန်းဓနိ၊ ဝါးများမှာ ပျက်စီးခဲ့ရကာ ယခုအခါ ဈေးကြီးလျက်ရှိကြောင်း မြေပုံမြို့နယ်ကြာအင်းတောင်ကျေးရွာမှ ဒေသခံဦးဖြူမောင်က ပြောကြားသည်။

"ဝါး၊ ဓနိကုန်ကြမ်းရှားတော့ အန်ဂျီအိုတွေလည်း အိမ်ဆောက်ပေးဖို့ အခက်အခဲတချို့ ရှိနေတယ်" ဟုပြောကြားသည်။ လတ်တလောတွင် မြေပုံမြို့နယ် ယိုးချောင်းရွာသည် ဝါးအမြောက်အမြားထွက်ရှိရာ ဒေသဖြစ်သော်လည်း ဝါးဈေးမှာ ဈေးမြောက်လျက်ရှိပြီး ခရင်ဝါးတစ်လုံးလျှင် ၁၅၀ ကျပ်နှင့် ဓနိတစ်ချပ်လျှင် ၅၀ ကျပ်အပြင် ရက်လုပ်ပြီးသား ဝါးထရံ(၁၅ ပေ၊ ၆ ပေ)တစ်ချပ်လျှင် တစ်သောင်းကျပ် ရှိကြောင်း သိရှိရသည်။ ထို့အပြင် သစ်ဖြူတစ်တန်လျှင်ကျပ်နှစ်သိန်းခွဲရှိပြီး ပျဉ်ကတိုးတိုင်များမှာလည်း ဈေးမြောက်နေကြောင်းသိရသည်။



ဓာတ်ပုံ – အားမာန်

**ဂီရိမုန်တိုင်းသင့်နေအိမ်ကို ပြန်ဆောက်နေသော ပြင်ဝန်းရွာမှ မိသားစု။**

မြေပုံမြို့နယ် ပြင်ဝန်းကျေးရွာသားတစ်ဦးက"တာပေါ်လင်တွေနဲ့ နွေကျရင်ပူတော့မယ်။ အမိုးအကာနဲ့ အိမ်ဆောက်ဖို့ကအခုထိမတတ်နိုင်သေးဘူး။ ရခိုင်မှာ မိုးကသကြ်န်ပြီးရင် စတော့မယ်။ အိမ်ဆောက်ပစ္စည်းတွေလည်း ဈေးကြီးနေပြီ။ လုပ်ငန်းခွင်ဝင်ရမယ့် အရေးကိုလည်း အခုထိမစနိုင်သေးဘူး"ဟု ၎င်း၏ အခက်အခဲကိုထုတ်ဖော်ပြောဆိုခဲ့သည်။

လတ်တလော ဂီရိမုန်တိုင်းသင့်သူများအဖို့ လူနေအိမ်များ တည်ဆောက်ပြုပြင်ရေးကို စီစဉ်လျက်ရှိကြသော်လည်း ပေါက်တောနှင့် မြေပုံမြို့နယ် အချို့ကျေးရွာများတွင် စားစရာဆန်များ လိုအပ်လျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။

## မုံရွာကွန်ပျူတာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တွင် WiFi စနစ်ဖြင့် အင်တာနက်သုံးစွဲနိုင်ပြီ

ရန်ကျော်

**မုံရွာ၊ ဇန်နဝါရီ- ၁၇**

မုံရွာမြို့ပေါ်ရှိ မုံရွာကွန်ပျူတာတက္ကသိုလ်နှင့် မုံရွာနည်းပညာတက္ကသိုလ်ပရဝဏ်အတွင်း ယခုနှစ်ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ကြောင်း အဆိုပါဒေသခံကျောင်းသားကျောင်းသူများက ပြောသည်။

"မုံရွာကွန်ပျူတက္ကသိုလ်ပရဝုဏ်အတွင်းမှာ အင်တာနက်သုံးလို့ရအောင် ဝိုင်ဖိုင်စနစ်ကို ဇန်နဝါရီလဆန်းပိုင်းက စသုံးနေပြီ။ ကျောင်းသားကျောင်းသူတော်တော်များများကလက်ပ်တော့တွေ မသုံးနိုင်သေးတဲ့အတွက် ဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်အသုံးမပြုတတ်ကြသေးဘူး။ မုံရွာနည်းပညာ တက္ကသိုလ်မှာလည်း ဝိုင်ဖိုင်စနစ်တပ်ဆင်ထားတဲ့အတွက် အင်တာနက်အလွယ်တကူသုံးနိုင်ပြီ" ဟု မုံရွာကွန်ပျူတာတက္ကသိုလ်ကျောင်းသူတစ်ဦးကပြောသည်။

"မကြာမီကာလမှာ မိုဘိုင်းဖုန်းတွေကလည်း အင်တာနက်အသုံးပြုလို့ရတော့မှာဆိုတော့ အင်တာနက်သုံးစွဲသူဦးရေပိုများလာနိုင်တယ်။ မုံရွာမြို့ပေါ်က အင်တာနက်ကဖေးတစ်ခုကလည်း ဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်ဝန်ဆောင်မှုတွေကို တရားဝင်ငှားရမ်းလုပ်ကိုင်ခွင့်ကို ဒီနှစ်ဇန်နဝါရီလဆန်းမှာ လုပ်ကိုင်ခွင့်ရရှိပြီဆိုတော့ ဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်အသုံးပြုလိုသူတွေအတွက် လစဉ်ကြေးနဲ့ဝန်ဆောင်မှုပေးတာတွေရှိလာပြီ။ မုံရွာကွန်ပျူတာတက္ကသိုလ်နဲ့ မုံရွာနည်းပညာတက္ကသိုလ်ကျောင်းအတွင်းမှာလည်း ဝိုင်ဖိုင်စနစ်တပ်ဆင်ထားတဲ့အတွက် ကျောင်းသားကျောင်းသူတွေ လက်ပ်တော့ပါရင် အင်တာနက်အလွယ်တကူအသုံးပြုနိုင်ပြီး နောက်ပိုင်းကာလတွေမှာ ဝိုင်ဖိုင်စနစ်နဲ့ မုံရွာမြို့ပေါ်မှာ အင်တာနက်အလွယ်တကူအသုံးပြုလို့ရတော့မယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(စစ်ကိုင်းတိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာမြို့ပေါ်ရပ်ကွက်များအတွင်း ဝိုင်ဖိုင်စနစ်ဖြင့်အင်တာနက်သုံးစွဲလိုပါက သက်ဆိုင်ရာသို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး အင်တာနက်ကဖေးဆိုင်များမှတစ်ဆင့်ဝန်ဆောင်မှုပေးဖြင့်ဝိုင်ဖိုင်စနစ် အင်တာနက်အသုံးပြုလိုပါကတစ်လလျှင်ကျပ်သုံးသောင်းဝန်းကျင် လစဉ်ကြေးပေးဆောင်ရကြောင်း သိရသည်။










သီဟ

ရန်ကုန်၊ဇန်နဝါရီ-၂၂

စင်ကာပူနိုင်ငံရှိ မူလတန်းနှင့် အလယ်တန်းအဆင့် အစိုးရကျောင်းများ ဝင်ခွင့်ပြင်ဆင်ခြင်းဆိုင်ရာများကို လာမည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပမည့် Singapore Education Roadshow 2011 တွင်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံရှိ အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများ ဝင်ခွင့်ရရှိရန်အတွက် Admission Exercise for International Students (AEIS) နှင့် Qualifying Test တို့အားဖြေဆို ရှိသည့် Ascensia Academy မှ တာဝန်ရှိသူများက ရှင်းပြမည်ဖြစ်ကြောင်းသိရသည်။

Ascensia Academy သည် နိုင်ငံတကာကျောင်းသားများအတွက် စင်ကာပူအစိုးရကျောင်းများအား ဝင်ခွင့်ပြင်ဆင်ပေးလျက်ရှိသောကျောင်း တစ်ကျောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းသည် စင်ကာပူအစိုးရ၏ မူလတန်းအဆင့်များဖြစ်သည့် Primary 1 မှ Primary 5 အထိနှင့် အလယ်တန်းအဆင့်များဖြစ်သည့် Secondary 1 မှ Secondary 3 အထိ

Education

7DAY NEWS JOURNAL

Vol.9, No.44 · JANUARY 27, 2011

# လန်ဒန်စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်းတွင်ဘွဲ့လွန်ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ ဇန်နဝါရီ – ၁၈**

ဗြိတိန်နိုင်ငံရှိ လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်းတွင် ဘွဲ့လွန်ဘာသာရပ်များ လေ့လာသင်ယူနိုင်ရန် မြန်မာကျောင်းသားများ ပညာသင်ဆု စတင်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

ပညာသင်ဆုအစီအစဉ်တွင် မဟာဘွဲ့လွန်သင်တန်းကျောင်းသားများအတွက် Graduate Support Scheme (GSS)နှင့် ပါရဂူဘွဲ့နှင့် သုတေသနမဟာဘွဲ့သင်တန်းကျောင်းသားများ အတွက် LSE Research Studentship Scheme ဟူ၍ နှစ်မျိုးခွဲခြားထားသည်။

နှစ်စဉ် ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်အတွက် မြန်မာကျောင်းသားများအနေဖြင့် ဖေဖော်ဝါရီလ ၁၀ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး အစောလျင်ဆုံး လျှောက်ထားရန် တိုက်တွန်းကြောင်း အဆိုပါကျောင်းမှ ကြေညာထားသည်။

ပညာသင်ဆုနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များကို www.lse.ac.uk တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကျောင်းသားများအနေဖြင့် stu.rec@lse.au.uk သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။



# ကိုဗင်ထရီတက္ကသိုလ်မှပေးအပ်သောမဟာဘွဲ့ကို စင်ကာပူတွင် ကျောင်းတက်ရယူနိုင်

**သီဟ**

**ရန်ကုန်၊ဇန်နဝါရီ – ၂၀**

အင်ဂျင်နီယာ ဘွဲ့များဖြစ်သည့် B.Tech/B.E တို့ဖြင့် ဘွဲ့ရရှိပြီးသူများ Coventry University, UK မှပေးအပ်သည့် အင်ဂျင်နီယာဆိုင်ရာ မဟာဘွဲ့များအား စင်ကာပူနိုင်ငံရှိ AUSTON Institute of Management တွင် တက်ရောက်နိုင်ကြောင်း သိရသည်။

ထိုသို့တက်ရောက်ရာတွင် B. Tech(IT), B.E(IT) တို့ဖြင့် ဘွဲ့ရရှိထားသူများသည် MBA in Information Technology Management အားလေ့လာသင်ယူနိုင်ပြီး ကျန်မည်သည့် အထူးပြုဘာသာရပ်ဖြင့်မဆို ပြီးမြောက်သူများသည် MBA in Engineering Management အားလေ့လာနိုင်ကြောင်း သိရသည်။ သင်တန်းကာလမှ ဘာသာရပ်အလိုက် ၁၅လမှ ၁၈လအထိ ကြာမြင့်နိုင်ပြီး လာမည့် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

တက်ရောက်လိုသူများသည် လုပ်ငန်း အတွေ့အကြုံတစ်နှစ်ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS 6.0 ရရှိရမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများသည် ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Tip Top International Education Service Provider သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# စင်ကာပူအစိုးရမူလတန်းနှင့်အလယ်တန်းကျောင်း ဝင်ခွင့်များအကြောင်း ဟောပြောမည်

**သီဟ**

**ရန်ကုန်၊ဇန်နဝါရီ – ၂၂**

စင်ကာပူနိုင်ငံရှိ မူလတန်းနှင့် အလယ်တန်းအဆင့် အစိုးရကျောင်းများ ဝင်ခွင့်ပြင်ဆင်ခြင်းဆိုင်ရာများကို လာမည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပမည့် Singapore Education Roadshow 2011 တွင်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံရှိ အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများ ဝင်ခွင့်ရရှိရန်အတွက် Admission Exercise for International Students (AEIS) နှင့် Qualifying Test တို့အားဖြေဆိုကြရမည်ဖြစ်ပြီး အဆိုပါစာမေးပွဲများအကြောင်းအား အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ဝင်ခွင့်ပြင်ဆင်ပေးလျက်ရှိသည့် Ascensia Academy မှ တာဝန်ရှိသူများက ရှင်းပြမည်ဖြစ်ကြောင်းသိရသည်။



Ascensia Academy သည် နိုင်ငံတကာကျောင်းသားများအတွက် စင်ကာပူအစိုးရကျောင်းများအား ဝင်ခွင့်ပြင်ဆင်ပေးလျက်ရှိသောကျောင်း တစ်ကျောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းသည် စင်ကာပူအစိုးရ၏ မူလတန်းအဆင့်များဖြစ်သည့် Primary 1 မှ Primary 5 အထိနှင့် အလယ်တန်းအဆင့်များဖြစ်သည့် Secondary 1 မှ Secondary 3 အထိ အတန်းများ ပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

# ဗြိတိန်ပညာရေးနှင့် ဗြိတိသျှကောင်စီ ဝန်ဆောင်မှုများအကြောင်း တွေ့ဆုံမေးမြန်းခြင်း

**နေလင်းထွန်း**

**ပြည်ပနိုင်ငံများတွင် အဆင့်မြင့်ပညာများသွားရောက်သင်ယူလိုသူများအတွက် ဗြိတိန်နိုင်ငံသည် ပညာရေးနှင့်ပြည်ဝင်ခွင့်ဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ၎င်းနိုင်ငံသို့သွားရောက်လိုသောကျောင်းသားများအတွက် ဗြိတိန်ပညာရေးအခွင့်အလမ်းများအကြောင်း အကြံပေးဆွေးနွေးနေသော ဗြိတိသျှကောင်စီ(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးနှင့်ဝန်ဆောင်မှုဆောင်ရွက်နေမှုများကို တွေ့ဆုံမေးမြန်းထားသည်။**

**ကျောင်းသားတွေကို ဘယ်လိုဝန်ဆောင်မှုတွေ ပေးနေလဲ သိချင်ပါတယ်။**

ယူကေမှာ ကျောင်းသွားတက်ချင်တဲ့ ကျောင်းသားတွေအတွက် Programme (Education UK) ဌာနက လိုအပ်တဲ့ အကြံဉာဏ်တွေပေးပါတယ်။ ဥပမာ၊ ကျောင်းသားတွေ စိတ်ဝင်စားတဲ့ ဘာသာရပ်ကို ဘယ်ကျောင်းမှာ တက်လို့ရလဲ။ ကျောင်းဝင်ခွင့်လိုအပ်ချက်က ဘာတွေလဲ စတဲ့ အကြမ်းဖျင်း အချက်အလက်တွေကို ကြိုတင်ပြင်ဆင်ရှာဖွေပြီး ဆွေးနွေးပေးပါတယ်။ ယူကေ ပညာရေးဟောပြောပွဲတွေလည်း စီစဉ်ပေးပါတယ်။

**ဆွေးနွေးချိန်အတွက် ဘယ်လိုသတ်မှတ်ထားပါလဲ။**

ဗြိတိသျှ ကောင်စီမှာပဲ ပုံစံဖြည့်ရက်ချိန်းပေးပြီးလို့ရှိရင် နှစ်ရက်လောက်ခွာချိန်းပါတယ်။ အချိန်က ၁၀နာရီ တစ်ချိန်၊ ၁၁နာရီတစ်ချိန်သင်တယ်။ တစ်ပတ်နှစ်ရက်ပေးပါတယ်။ အခု လောလောဆယ်အထိ တစ်ပတ်လေးယောက်တွေ့နေပါတယ်။ လူကိုယ်တိုင် မလာနိုင်လို့ အချိန်လည်း မစောင့်နိုင်ဘူးဆို အီးမေးလ်ကနေလည်း မေးလို့ရပါတယ်။


**ကျောင်းသားတွေက ဘယ်လိုအကြောင်းအရာမျိုးကို စုံစမ်းမေးမြန်းလေ့ရှိပါသလဲ။**

အများစုက ကျောင်းဝင်ခွင့် လိုအပ်ချက်တွေ ကောင်းတယ်။ အချို့ဘာမှ မသိတဲ့ကျောင်းသားတွေဆို၊ ဥပမာ ကျွန်တော်က ကွန်ပျူတာသိပ္ပံတက်ချင်တယ်ဆို အဲဒီဘာသာရပ်ရှိတဲ့ ကျောင်းစာရင်းကို ထုတ်ပေးပါတယ်။ ကျောင်းသားအများစုက ဒီဂရီဘွဲ့၊ HND နဲ့ HNC သင်တန်းတွေတက်ဖို့ စုံစမ်းကြတာများတယ်။ ဘာသာရပ်ကတော့ ကွန်ပျူတာ၊ စီးပွားရေးနဲ့ အင်ဂျင်နီယာဘာသာရပ်တွေ မေးမြန်းကြတယ်။ အချို့လည်း ဆေးတက္ကသိုလ်ကို စုံစမ်းကြတယ်။

**ပညာသင်ဆုနဲ့ပတ်သက်ပြီး ကျောင်းသားတွေရဲ့စိတ်ဝင်စားမှုကို သိချင်ပါတယ်။**

မြန်မာကျောင်းသား အတော်များများကတော့ ပညာသင်ဆုကို စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ ဘီစီကလည်း ပညာသင်ဆုမပေးဘူး။ အစ်မတို့အကြံဉာဏ်ပေးတာက Education UK ဝက်ဘ်ဆိုက်မှာ Scholarship Database ရှိတယ်။

စာ(၁၂)သို့






7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

## ဒီဇိုင်းနှင့် ပုံရှင်၊ဗီဒီယိုအထူးပြုလုပ်ချက်ဘာသာရပ် ပညာသင်ဆုလျှောက်ထားနိုင်

သီဟ

ရန်ကုန်၊ဇန်နဝါရီ - ၂၀

အိမ်တွင်းအလှဆင်ခြင်း Interior Design, အဝတ်အစားအလှဆင်ခြင်း Fashion Design, ရုပ်ရှင်၊ ဗွီဒီယိုနှင့် ဗွီဒီယိုအထူးပြုလုပ်ချက် Video Animation ဘာသာရပ်များအားတက်ရောက်လိုသူများသည် စင်ကာပူပညာရေးဝန်ကြီးဌာနမှပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးအားလျှောက်ထားနိုင်ကြောင်း သိရသည်။



စင်ကာပူပညာရေးဝန်ကြီးဌာနမှ နှစ်စဉ်ပညာသင်ထောက်ပံ့ကြေးများအား ပေးအပ်လျက်ရှိရာ အထက်ပါဘာသာရပ်များအား L ASALLE College of Artsတွင် တက်ရောက်မည့်သူများအား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ပညာသင်ထောက်ပံ့ကြေးအပြင် Future Leader Scholarship ကိုပါလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးများအား စင်ကာပူအစိုးရမှ နှစ်စဉ် နိုင်ငံသားများ၊ အမြဲတမ်းနေထိုင်သူများနှင့် နိုင်ငံတကာကျောင်းသားများအတွက် ပေးအပ်လျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် LASALLE College of Arts မှစီစဉ်ခြင်းဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးရရှိသူများသည် စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ခွင့် သုံးနှစ်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေးအနေဖြင့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၁၂,၈၀၀ နှင့် သုံးနှစ်စာ ၃၈,၄၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

## ဩစတြေးလျဖွံ့ဖြိုးမှု ပညာသင်ဆုလျှောက်ထားနိုင်

ရန်ကုန်၊ ဇန်နဝါရီ – ၁၉

ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော မြန်မာကျောင်းသားများအနေဖြင့် ဩစတြေးလျဖွံ့ဖြိုးမှုပညာသင်ဆုအစီအစဉ်ကိုလျှောက်ထားနိုင်ကြောင်း သိရသည်။

ဩစတြေးလျဖွံ့ဖြိုးမှုပညာသင်ဆု(ADS)အစီအစဉ်အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာရပ်များ လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်ပြီး၊ ပညာသင်ယူပြီးပါက မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်သည်။

ပညာသင်ဆုအစီအစဉ် ရွေးချယ်ခံရသောကျောင်းသားများသည် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ်များ၊ ခရီးစရိတ် စသည့် ပံ့ပိုးမှုများကို ရရှိမည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်သည်။

ပညာသင်ဆုအတွက် စိတ်ဝင်စားလေ့လာလိုသူများအနေဖြင့် www.ausaid.gov.au/schol or/studyin.cfm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ ၂၀၁၂ ပညာသင်ကျောင်းဝင်ခွင့်အတွက် အရည်အချင်းသတ်မှတ်ချက်များကို မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၎င်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

## စာရင်းကိုင်သင်တန်းများ ပူးပေါင်းကာ ဘဏ္ဍာရေးနှင့် စာရင်းအင်း ဒီပလိုမာသင်တန်းများ ဖွင့်ရန်စီစဉ်

နေလင်းထွန်း

ရန်ကုန်၊

ဇန်နဝါရီ - ၁၇

LCCI စာရင်းကိုင်သင်တန်းကျောင်းငါးကျောင်းသည် ယူကေပညာရေးအဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ ပြည်တွင်း၌ ဘဏ္ဍာရေးနှင့်စာရင်းအင်းဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဟုသိရသည်။

ပြည်တွင်း၌ LCCI Level-3 အောင်မြင်ထားသော ကျောင်းသားများအတွက် ပညာရေးလမ်းသစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ ယူကေမှ ပညာရေးအဖွဲ့အစည်းဖြစ်သော Institute of Financial Accountants (ifa)၏ အသိအမှတ်ပြုသင်တန်းကျောင်းများအနေဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများကပြောသည်။


၎င်းသင်တန်းမှာ ပထမနှစ်တွင် ဘဏ္ဍာရေးနှင့် စာရင်းအင်းဆိုင်ရာဘာသာရပ်ငါးခု သင်ကြားရမည်ဖြစ်ပြီး၊ သင်တန်းပြီးဆုံးအောင်မြင်ပါက Financial Accountants Diploma ရရှိမည်ဖြစ်သည်။ ဒုတိယနှစ်တွင် ဘာသာရပ်ခြောက်ခုကို ဖြေဆိုပါက Professional Financial Accountants ရရှိမည်ဖြစ်သည်။ အထက်ပါ ဒီပလိုမာများအား ifa မှ ပေးအပ်မည်ဖြစ်ပြီး နောက်ဆုံးနှစ်အတွက် အဝေးသင်စာမေးပွဲပုံစံဖြင့် ဘာသာရပ်စာတမ်းငါးခုပြုစု၍ အောင်မြင်ပါက နော်တင်ဟမ်တက္ကသိုလ်မှပေးအပ်သည့် BA (Hons:) International Accounting ဘွဲ့ကို ရရှိမည်ဖြစ်ကြောင်းသိရသည်။


"ဆရာတို့က LCCI Level-3 အောင်ထားတဲ့ ကျောင်းသားတွေကို အဓိကရည်ရွယ်ထားတာပါ။ အခုက LCCI Level-3 ပြီးရင် ဆက်တက်စရာ မရှိဘူးဖြစ်နေတယ်။ ဖေဖော်ဝါရီ ဒုတိယပတ်လောက်မှာ စဖွင့်မှာပါ။ သင်တန်းကြေးက တစ်နှစ်ကို တစ်ဘာသာကျပ်တစ်သိန်းခွဲ သတ်မှတ်ထားပါတယ်။ ရုံးချိန်လွတ်အောင် သင်တန်းချိန် စီစဉ်ထားပါတယ်"ဟု MAS သင်တန်းကျောင်းမှ ဦးသူရရှိန်ကပြောသည်။

၎င်းသင်တန်းများ တက်ရောက်ရန် မှတ်ပုံတင်ကြေးအဖြစ် စတာလင်ပေါင် ၄၇ ပေါင်နှင့် နှစ်စဉ်ကြေးပေါင် ၄၀၊ စာမေးပွဲကြေး ပထမနှစ်အတွက် ပေါင် ၂၀၀ နှင့် ဒုတိယနှစ်အတွက် ပေါင် ၂၄၀ ကို ifa သို့လည်းကောင်း၊ နောက်ဆုံးနှစ်အတွက် နော်တင်ဟမ်တက္ကသိုလ်သို့ ပေါင် ၃,၀၀၀ အားလည်းကောင်း ဗြိတိသျှကောင်စီ (မြန်မာ)မှတစ်ဆင့် ပေးသွင်းရမည်ဖြစ်သည်။

သို့သော် ၎င်းသတ်မှတ်စျေးနှုန်းများနှင့်ပတ်သက်၍ ယူကေရှိ ifa နှင့် တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်လျက်ရှိပြီး အထက်ပါစျေးနှုန်းများထက် ထက်ဝက်ခန့်လျှော့ကျသွားနိုင်ကြောင်း သင်တန်းကျောင်းဆရာတစ်ဦးကပြောသည်။

ရန်ကုန်မြို့ရှိ ဦးသူရရှိန် (MAS)၊ ဦးအောင်နိုင်၊ ဒေါ်ယုယုမြင့်၊ ဒေါက်တာအေးအေးမာ (MHR Centre II)နှင့် မန္တလေးမြို့ရှိ ဦးကျော်စွာဝင်းတို့၏ သင်တန်းကျောင်းများမှ အထက်ပါဒီပလိုမာသင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။






# Technology

7 DAY NEWS JOURNAL

Vol.9, No.44 • JANUARY 27, 2011


## ပြည်တွင်းနည်းပညာကုမ္ပဏီငါးခုနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့ ပူးပေါင်းဝန်ဆောင်မှု တိုးမြှင့်

**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၅**

သတင်းနှင့် နည်းပညာနယ်ပယ်အတွင်း လုပ်ကိုင်လျက်ရှိသည့် ရတနာပုံတယ်လီပို့ ကုမ္ပဏီသည် နည်းပညာဝန်ဆောင်မှု လုပ်ငန်းများတိုးမြှင့်ရန်အတွက် ပြည်တွင်းရှိ နည်းပညာကုမ္ပဏီ ငါးခုနှင့် ယခုလဆန်းပိုင်းက လုပ်ငန်းချင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှု စာချုပ်(MOU) များ လက်မှတ်ရေးထိုးထားကြောင်း သတင်းရရှိသည်။

ယင်းလုပ်ငန်းချင်းဆိုင်ရာ သဘောတူညီမှုသည် အိုင်တီနယ်ပယ်အတွင်း အကြီးမားဆုံးပြည်တွင်းလုပ်ငန်းချင်း သဘောတူညီမှုဖြစ်ပြီး စာချုပ်များအရ ရတနာပုံတယ်လီပို့သည် ဝန်ဆောင်မှုလုပ်ငန်းငါးခုကို လက်မှတ်ထိုးထားသည့် ကုမ္ပဏီငါးခုနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့မှ ထုတ်ပြန်သောသတင်းကဆိုသည်။

ယင်း MOU များ ရေးထိုးမှုတွင် Elite Tech IT Services နှင့် Elite Tech Manufacturing ကုမ္ပဏီ၊ Asia Mega Link , e-trade, MTG နှင့် ရွှေသံလွင် ကုမ္ပဏီတို့ ပါဝင်ထားပြီးလုပ်ငန်းအလိုက် ပူးပေါင်းအထောင်အထည်ဖော်မည့် လုပ်ငန်းများအား ခွဲခြားထားသည်။

ထူးထရေးဒင်းကုမ္ပဏီ၏ လုပ်ငန်းခွဲများဖြစ်သော Elite Tech IT Services နှင့် Elite Tech Manufacturing Company မှ ရတနာပုံဝက်ဘ်ပေါ်တယ်လ်၏ ဖျော်ဖြေရေးလုပ်ငန်းများနှင့် Next Generation Business Support System (NGBSS) လုပ်ငန်းများ၊ Asia Mega Link ကုမ္ပဏီက Solar Panel Production လုပ်ငန်း၊ eTrade ကုမ္ပဏီက Mobile Store လုပ်ငန်း MTG ကုမ္ပဏီက Domain Registration and Hosting လုပ်ငန်းနှင့် ရွှေသံလွင်ကုမ္ပဏီက Multi Play Services (MPS)လုပ်ငန်းစသည်ဖြင့် ရတနာပုံတယ်လီပို့နှင့် အသီးသီးပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လက်မှတ်ရေးထိုးမှုများကို ယခုလ ၈ ရက်က ရတနာပုံနည်းပညာမြို့တော်တွင် ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းဖြင့် အင်တာနက်အား အသုံးပြုနည်း

**နေလင်းအောင်**

ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများတွင် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်မည့်စနစ်ကို စိတ်ပါဝင်စားသူများအတွက် အဆိုပါဝန်ဆောင်မှုအသုံးပြုပုံများကိုသိရှိနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

ထိုစနစ်သည် ဖုန်းတွင် အသုံးပြုနိုင်သကဲ့သို့ ကွန်ပျူတာနှင့် ချိတ်ဆက်၍လည်း အသုံးပြုနိုင်သည်ဖြစ်ရာ ကွန်ပျူတာနှင့် ချိတ်ဆက်အသုံးပြုပုံကို ဖော်ပြလိုက်ပါသည်။

ကွန်ပျူတာဖြင့် အသုံးပြုလိုသူများအနေဖြင့် ဆက်သွယ်ရေးနှင့် ပြင်ပအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် EVDO USB Wireless Modem တစ်ခု ဝယ်ယူရမည်ဖြစ်သည်။ ယင်းမိုဒမ်သည် ဈေးကွက်အတွင်း ၂ မျိုးခန့်ရှိပြီး ဈေးနှုန်းမှာ ၄၀,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း စုံစမ်းသိရှိရသည်။

ပထမဦးစွာယင်း Device ကို ကွန်ပျူတာ USB အပေါက်တွင်ချိတ်ဆက်၍ My Computer ၌ပေါ်လာမည့် Connector.exe file ကို ဖွင့်ပြီး ပေါ်လာမည့် Setup Flexi 3G Connector ကို Next ခလုတ်နှိပ်ကာ Install ပြုလုပ်ရမည်ဖြစ်သည်။

Install ပြုလုပ်ပြီးပါက Desktop ပေါ်တွင် Flexi 3G Connector Icon ကို ဖွင့်ရမည်။ ထို့နောက် Flexi Window Box တစ်ခုပေါ်လာပြီး ယင်း Box မှ Menu Bar ရှိ File Button ရှိ File အတွင်းမှ Setting ကို ကလစ်နှိပ်ပါက Box တစ်ခုထပ်မံကျလာမည်ဖြစ်သည်။ ယင်း Box မှ New ကို ဆက်လက်နှိပ်၍ ယင်း Box မှ Name နေရာတွင် မိမိကြိုက်နှစ်သက်သည့် အမည်တစ်ခု Number နေရာတွင် #777 နှင့် User name နေရာတွင် Username @c800,mm နှင့် Password မှ လျှို့ဝှက်အမှတ်အသားရိုက်ထည့်ကာ OK Button ကိုနှိပ်ရပါမည်။ ယင်းနောက်တွင် 3G Connector Box မှ Connection Button ကိုနှိပ်ပြီး EVDO Connection ကို ရွေးချယ်ရမည်။

ယခု Device မှာ window XP များအတွက် အဓိကစီစဉ်ထားခြင်းဖြစ်သည့်အတွက် window 7 တွင် Install ပြုလုပ်လိုသူများအတွက်မူ အခက်အခဲရှိနေမည်ဖြစ်သည်။

အကယ်၍ window 7 နှင့် အသုံးပြုမည်ဆိုပါကစက်တွင် ပေါ်လာမည့် flexn connector ကို right click နှိပ်၍ properties သို့ဝင်၍ ယင်းမှ capabality သို့ တစ်ဆင့်သွားပြီး run as ဘေးမှ check ကို (အမှန်ခြစ်) ပေးရမည်။ ထို့နောက် အောက်တွင်ရှိသော Windows XP (Service Pack 3) ကိုရွေး၍ Apply/Ok ပြုလုပ်ကာ သုံးစွဲ၍ရနိုင်မည်ဖြစ်သည်။

ယင်းအဆင့်များအားလုံးပြီးစီးပါက Internet Explorer (IE) ကို ဖွင့်၍ Tools>Internet Options>Connection> LAN Settings ကိုသွားရမည်။ နောက်နောက်ဆုံး အဆင့်အနေဖြင့် Local Area Network (LAN) Settings တွင် no proxy ပြုလုပ်ပြီးပါက မိမိကွန်ပျူတာတွင် အင်တာနက်ချိတ်ဆက်မှုရရှိသွားမည်ဖြစ်သည်။

အထက်ပါအဆင့်များမှာ စတင်ချိတ်ဆက်ရာတွင်သာ ပြုလုပ်ရမည်ဖြစ်ပြီး နောက်ပိုင်းအသုံးပြုရာတွင် G-Talk, IE Firefox များဖွင့်သကဲ့သို့ Flexi ဖွင့်သွားရုံနှင့် အသုံးပြု၍ရပြီဖြစ်သည်။ ယင်းချိတ်ဆက်အ သုံးပြုမှုသည် ကွန်ပျူတာနှင့်ပတ်သက်ပြီး Install ပြုလုပ်ဖူးသူများ ကွန်ပျူတာနှင့်ရင်းနှီးပြီးသူများအတွက် လွယ်ကူသော်လည်း ကွန်ပျူတာနှင့် အနည်းငယ်စိမ်းနေသေးသူများမှာ ဖော်ပြပါပုံစံအတိုင်းပြုလုပ်၍ မရပါက နီးစပ်ရာအင်တာနက်ဆိုင်ဝန်ထမ်းများ သို့မဟုတ် ကွန်ပျူတာဝန်ဆောင်မှုပေးသူများထံတွင် ဝန်ဆောင်ခပေး၍ ပြုလုပ်နိုင်သည်။

ဆက်သွယ်ရေးလုပ်ငန်းမှ ယင်းဝန် ဆောင်မှုအတွက် စတင်နေပြီဖြစ်သော်လည်း လတ်တလောဈေးကွက်တွင်မူ ယင်းစနစ်အတွက် အဓိကကျသည့် EVDO USB မိုဒမ်မှာ ပြင်ပဆိုင်များတွင် အနည်းငယ်သာ ရောက်ရှိသေးပြီး ဝယ်လိုအားများ၍ ဝယ်ယူရန်အခက်အခဲရှိနိုင်ကြောင်း သိရသည်။ မြန်မာ့ဆက်သွယ်ရေးရုံးများတွင်လည်း ရောင်းချပေးနေပြီဖြစ်ကြောင်းသိရသည်။

## စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းများကို ၀၉ ဖြင့်စသော နံပါတ်များသို့ ပြောင်းပေးတော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇန်နဝါရီ-၁၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးလျက်ရှိသည့်ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းများအား ယခုနှစ်အတွင်း၌ ၀၉××××××××× ဖြင့်စသောဖုန်းများအဖြစ်သို့ပြောင်းလဲပေးတော့မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှသတင်းရရှိသည်။

လက်ရှိတွင် စီဒီအမ်အေ ၈၀၀ မဂါဟာဇ့်ဖုန်းများမှာ ရန်ကုန်တိုင်းဒေသကြီးအတွက် ၀၁-×××××××× ဖြင့်စသောနံပါတ်များအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် ၀၂-×× ×××××× ဖြင့်စသောနံပါတ်များအားလည်းကောင်း ချထားပေးလျက်ရှိရာမှာ ရွှေ့လျားသယ်ဆောင်နိုင်သည့် မိုဘိုင်းဖုန်းအသွင်ပိုမိုဆောင်နိုင်စေရန်အတွက် ယခုကဲ့သို့ ၀၉-×××××××× ဖြင့် စသောနံပါတ်များအဖြစ်သို့ပြောင်းလဲပေးရန်စီစဉ်ရခြင်းဖြစ်ကြောင်း အဆိုပါလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ကြောင့် အဆိုပါကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းများကိုလက်ရှိကာလတွင် အသုံးပြုနေသူများအနေဖြင့် ၎င်းတို့အသုံးပြုနေသည့် ဖုန်းနံပါတ်ရှစ်လုံး၏အရှေ့တွင် ၀၉ နံပါတ်နှစ်လုံးအား ပြောင်းလဲသတ်မှတ်ပေးသွားမည်ဖြစ်ပြီး အသစ်ထပ်မံလျှောက်ထားသူများအနေဖြင့်လည်း ၀၉ ×××××××× ဖြင့်စသည့် နံပါတ်များကိုရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကျပ်ငါးသိန်းတန်စီဒီအမ် အေဖုန်းများအား ၀၉ ဖြင့်စသည့် နံပါတ်များအဖြစ် ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ရန်ကုန်မြို့တွင်းနေထိုင်သည့် အဆိုပါ ဖုန်းအသုံးပြုနေသူအမျိုးသားတစ်ဦးက "အခုလည်းအဆင်တော့ ပြေနေတာပဲ။ မိုဘိုင်းလိုပဲ သုံးလို့ရနေတော့။ အခုလက်ရှိအတိုင်း ရှေ့က ၀၁ နဲ့စလည်း ရွေ့လျားသုံးနိုင်မယ်၊ နောက်ကိုလည်း တစ်နိုင်ငံလုံးအနှံ့အသုံးပြုနိုင်မယ်ဆို ရှေ့က ၀၁ တို့ ၀၉ တို့က အရေးမကြီးပါဘူး။ တကယ်အရေးကြီးတာ ဒီဖုန်းတွေကို များများချပေးဖို့နဲ့၊ ဆက်သွယ်မှုတွေပိုကောင်းလာစေဖို့ပါပဲ။ လက်ရှိတော့ သုံးရတာတော်တော်အဆင်ပြေနေပါတယ် "ဟု ၎င်း၏ထင်မြင်ချက်ကိုပြောကြားသည်။

အဆိုပါလုပ်ငန်းအနေဖြင့် လက်ရှိကာလတွင် ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးနှစ်ခုတွင်သာ ချထားပေးနေသည့်ယင်းဖုန်းလိုင်းများအား ယခုနှစ်အတွင်းပင် တစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ်အသီးသီးရှိ မြို့များသို့ဆက်လက်တိုးချဲ့ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။








အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနော
Knorr
ခနော အိမ်ရှင်မများအားထားရာ ချက်ရေးပြုတ်ရေး အဖော်မွန်စစ်


မြေဈေးကောင်းလာသည့် ပြင်ဦးလွင်မြို့တစ်နေရာ။
ဓာတ်ပုံ - နေလင်းအောင်

# ပြင်ဦးလွင် စန်းပွင့်ချိန်

နေလင်းအောင်

၂၀၁၀ နှစ်ဆန်းက တစ်နိုင်ငံလုံးနီးပါး ခံစားခဲ့ကြရသော အယ်လ်နီညို ရာသီဥတု အကျိုးဆက်က ပြင်းထန်သော အပူဒဏ်ချည်းသက်သက်ပေးခဲ့သည်မဟုတ်၊ မြို့လေးတစ်မြို့၏ တန်ဖိုးကိုလည်း ပြောင်းလဲစေလိုက်ပြီဖြစ်သည်။

အပူပိုင်းဒေသတွင် နေထိုင်သူအများစုသော ငွေရှင်တို့သည် အပူဒဏ်မှ ခေတ္တပုန်းခိုရန် ထိုမြို့လေးကို စိတ်ဝင်စားခဲ့ကြ၍ ဖြစ်သည်။ ထို့ကြောင့် ယင်းမြို့လေးတွင် ယခုအခါ ဝယ်ယူမည်ဆိုပါက နောက်ကျနေပြီဖြစ်သည်။

တစ်မြို့လုံးနီးပါး အိမ်ဈေး၊ မြေဈေးတို့က အဆမတန်ခုန်တက်သွားခဲ့ပြီး ဈေးနှုန်းများ တစ်နှစ်အတွင်း စံချိန်ချိုးခဲ့သည်။ “ခုအခြေအနေက အရင်နဲ့ အဆပေါင်းအများကြီး ဈေးတွေထိုးတက်တာ၊ တော်တော်လေးမြင့်သွားတာမြင့်တာမှ ဈေးကုန်သွားပြီလားတောင် မသိတော့ဘူး”

ယင်းစကားက ၁၂ ရာသီပတ်လုံး အေးချမ်းနေမှုကြောင့် နာမည်ကျော်နေသည့် မြေလတ်ဒေသတောင်ပေါ်မြို့ဖြစ်သော ပြင်ဦးလွင်မြို့လေး၏ လက်ရှိအခြေအနေကို မြို့ခံဝါရင့်အိမ်ခြံမြေပွဲစားတစ်ဦးက ပုံဖော်ပြခြင်းဖြစ်သည်။၎င်း၏ အဆိုအရပုံမှန်အိမ်ခြံမြေဈေးကွက်အေးနေတတ်သည့် ပြီးခဲ့သောမိုးရာသီကပင်တစ်မြို့လုံးမြို့စွန်မြို့ဖျား၊ ချောင်ကြို၊ ချောင်ကြားမကျန် ခြံဝိုင်းများ အိမ်များ အရောင်းထွက်ခဲ့သည်ဟုဆိုသည်။

ပြီးခဲ့သည့် သုံးနှစ်ခန့်က ပြင်ဦးလွင်မြို့သို့ ရောက်ရှိခဲ့စဉ်ကနှင့် ယခုနှစ်ပြန်လည် ရောက်ရှိချိန်တွင် မြင်ကွင်းများက သိသာစွာပြောင်းလဲသွားသည်။ နေရာတိုင်းတွင် ဟိုတယ်တည်းခိုခန်းအသစ်များသာမက အိမ်အိုကြီးများ ရှိခဲ့သည့် မြို့ပတ်လမ်း၊ ချယ်ရီ ကုံကော်လမ်းများပေါ်တွင် ခေတ်သစ်ဗိသုကာ ဒီဇိုင်းသစ်များနှင့် အဆောက်အအုံကနေရာယူလာသည်။ မြို့တွင်းပိုင်းနေရာများတွင်သာမဟုတ် မြို့ပြင်သပြေရေရှာပဒေသာ၊ မြို့သစ်ဘက်ပိုင်းများတွင် တစ်ထပ်အိမ်လေးများ အပြိုင်းအရိုင်းပေါ်ပေါက်လာခဲ့သည်။

အမှန်တကယ်တွင် ယခုပေါ်ပေါက်လာသည့် အဆောက်အအုံသစ်များက မြို့ခံများ၏ နေအိမ်များမဟုတ်တော့။ အထက်တွင်ဆိုခဲ့သည့် အနယ်နယ်အရပ်ရပ်မှ ငွေရှင်များ၏ နွေရာသီကွန်းခိုရာကဲ့သို့ပင် ရှိနေသည်ဟု ဒေသခံအများစုကဆိုသည်။

ပြင်ဦးလွင်မြို့တွင် ၁၅ နှစ်ခန့်အခြေချနေထိုင်သူတစ်ဦးကလည်း “ပြင်ဦးလွင်မြို့ထဲကို လျှောက်ကြည့်လို့ အိမ်အသစ်တွေဆိုရင် ဒါကဒီမြို့ကလူ မဟုတ်ဘူးလို့မှတ်ရတယ်။ အခုက နေရာတကာလက်ညှိုးထိုးမလွဲ တိုက်သစ်အိမ်သစ်တွေရှိနေတာ။ အရင်က ဒီမြို့ထဲမှာနေခဲ့တဲ့လူတွေက မြို့ပြင်ရောက်ကုန်ပြီ” ဟု ဆိုလေသည်။

ထိုကဲ့သို့သော ပြောင်းလဲမှုကိုဖြစ်စေခဲ့သည်က အပူဒဏ်ပြင်းလွန်းမှုကိုခံစားကြရသော ရန်ကုန် မန္တလေး၊ မကွေး၊ ရေနံချောင်း၊ နေပြည်တော် အစရှိသည့် မြို့ပေါင်းစုံမှဝယ်လက်များကြောင့်ပင်ဖြစ်သည်ဟု ပြင်ဦးလွင်မြို့မှ နာမည်ကြီးအကျိုးဆောင်တစ်ခုဖြစ်သည့် ငြိမ်းချမ်းလှိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ဒီနှစ်မှာ ဘယ်နားမဆိုအရောင်းအဝယ်ဖြစ်တယ်။ မြို့ထဲမှာကတော့ ပြောမနေနဲ့တော့။ အခုထပ်ပြီးလုပ်နေတာက သပြေရေဆိုတဲ့ ဟိုးဘက်အသံလွှင့်ရုံဆောက်နေတဲ့ နေရာရယ်၊ဆိုက်ဘာစီးတီးလို့ပြောကြတဲ့ ပြင်ဆာရွာ၊သုံးတောင်ရွာတွေမှာ။ အဲဒီဘက်တွေဆိုမန္တလေးက ပွဲစားတွေဆိုတာ ခြေချင်းလိမ်နေရော။ ပွဲတော်ကြီးလိုကိုဖြစ်နေတာ” ဟုအဆိုပါ အကျိုးဆောင်လုပ်ငန်းမှ ဒေါ်ဝင်းမြင့်က ပြောသည်။ မြို့ခံများ၏ စကားအရ ပြင်ဦးလွင်သည် ပုံမှန်နေထိုင်သူများထက် နွေရာသီတွင် လာရောက်စတည်းချ၍ သာမန်အချိန်တွင် အငှားအရမ်းအစောင့်အရှောက်များနှင့် မြို့လေးကိုချန်ထားတတ်ခဲ့ကြသည်ဟု သိရသည်။

ထိုအစဉ်အလာက ယခင်ကတည်းက ပြင်ဦးလွင်မြို့၏ပုံစံတစ်ခုဖြစ်သော်လည်း ယခုကမူ ပိုမို၍များပြားလာသော အနေအထားဖြစ်သည်။

ပြင်ဦးလွင်တွင် အိမ်မြေဈေးများ တစ်ဟုန်ထိုးတက်လာခြင်းမှာ ငွေရှိသူများ၏ ရင်းနှီးမြှုပ်နှံမှုကြောင့်ပါလားဟု အမေးကိုဒေါ်ဝင်းမြင့်က “အဲလိုတော့မဟုတ်ဘူး။ ဘာလို့ဆိုပြင်ဦးလွင်မှာက ရင်းနှီးမြှုပ်နှံရလောက်အောင် စီးပွားရေးကြီးတွေမှမရှိတာ။ အဓိကကမနှစ်ကအပူလှိုင်းဖြတ်ခဲ့တာကြောင့်ပဲထင်တယ်။ အဲဒါအဓိကပဲ။ လူတွေကကြောက်ပြီး ဒီနှစ်အတွက် တက်ဝယ်ကြရင်းနဲ့ကို ဖြစ်လာတာ” ဟု မှတ်ချက်ပေးသည်။

> မန္တလေးမြို့မှ ဝါရင့်အိမ်ခြံမြေ အကျိုးဆောင်ကြီးတစ်ဦးက ငွေရှိသူများ အေးရိပ်ခိုချင်သော အချက်အပါအဝင် ရတနာပုံမြို့သစ် စီမံကိန်း၊ ပြင်ဦးလွင်-မိုးကုတ်ကားလမ်းပွင့်၍ မိုးကုတ်မှလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှု၊ ဝယ်ထားလျှင် အရှုံးမရှိသောမြေကို ရင်းနှီးမြှုပ်နှံထားသူ များလာခြင်းတို့ကြောင့်လည်း …

သို့သော် မန္တလေးမြို့မှ ဝါရင့် အိမ်ခြံမြေအကျိုးဆောင်ကြီးတစ်ဦးက ငွေရှိသူများအေးရိပ်ခိုချင်သော အချက်အပါအဝင် ရတနာပုံမြို့သစ် စီမံကိန်း၊ ပြင်ဦးလွင်-မိုးကုတ်ကား လမ်းပွင့်၍ မိုးကုတ်မှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှု၊ ဝယ်ထားလျှင် အရှုံးမရှိသောမြေကို ရင်းနှီးမြှုပ်နှံထားသူ များလာခြင်းတို့ကြောင့်လည်း ဖြစ်ကြောင်း ဒေါ်ဝင်းမြင့်ကပြောသည်။ ယင်းဝယ်လိုအား အရှိန်က ယမန်နှစ် နွေခေါင်ခေါင်ကတည်းကအစပျိုးခဲ့ပြီး ယင်းကာလအပူပိုင်းဒေသခံများက ပြင်ဦးလွင်မြို့ပေါ်တွင် ရှိရှိသမျှနေအိမ်များအားတက်ရောက်ငှားရမ်း၍ ၂လ ၃လ နေထိုင်ခဲ့ကြသည်။ ထို့ပြင်မြို့တွင်း မြို့ပြင်မှ ရှိရှိသမျှသောဟိုတယ်၊ တည်းခိုခန်းများသည်လည်း အခြားမြို့များမှ သက်ကြီးရွယ်အိုများနှင့် အပူဒဏ်မခံနိုင်လွန်းသောသူများအတွက်ခိုလှုံရာ ဖြစ်ခဲ့သည်ဟုဆိုကြသည်။

ရာသီဥတု၏ အကျိုးဆက်ကဲ့သို့ပင်ဒေသတစ်ခွင်လုံး၏ ဈေးကွက်ကိုအကျိုးသက်ရောက်မှု ဖြစ်စေခဲ့သည်က မြို့၏ ပတ်ပတ်လည်တွင်ပေါ်ပေါက်လာခဲ့ကြသော စီမံကိန်းလုပ်ငန်းများကြောင့်ဖြစ်ကြောင်း သိရသည်။ ထိုဒေသကို အကျိုးဖြစ်စေသည့်စီမံကိန်းများကလည်း အကြီးစားများပင်။ မြို့နှင့် ၁၅ မိုင်ဝေးသည့် မန္တလေး-ပြင်ဦးလွင်လမ်းမပေါ် ပြင်ဆာရွာအနီးတွင် ၂၀၀၇ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့သောမြေဧကတစ်သောင်းကျော်သည့် ဆိုင်ဘာစီးတီးစီမံကိန်းနှင့် ရတနာပုံမြို့သစ်၊ တစ်ဖန်ပြင်ဦးလွင်-ကျောက်ဆည်လမ်းမပေါ်မှ ကျောင်းသားပေါင်း တစ်သောင်းကျော် လက်ခံမည့် နည်းပညာတက္ကသိုလ်ကလည်း စတင်လာပြီဖြစ်သည်။ အလားတူ တောင်ဘက်တွင်မိုးကုတ်-ပြင်ဦးလွင် လမ်းအသစ်၊ အသံလွှင့်ရုံ၊ ဓာတ်ငွေ့စက်ရုံများကလည်း လုံလောက်သော အကြောင်းပြချက်များ ဖြစ်လာခဲ့သည်။

“အခုပြင်စာဘက်က တအားကိုတိုးနေကြတယ်။သုံးတောင်လည်း အလားတူပဲ။ ကျောင်းကရှိလာတော့မယ်ဆိုတော့ လူတွေကစားသောက်ဆိုင်လုပ်ငန်း၊ တည်းခိုခန်း၊ အဆောင်တွေငှားဖို့ အပြိုင်အဆိုင်ဝယ်နေကြတာ။ ဒီအခြေအနေကြောင့်ပဲ။ အရင်က ၂၀၊ ၃၀ လောက်ပဲတန်တဲ့ မြေတွေက ရာချီသွားပြီ” ဟု မန္တလေးဘက်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့တွင်မူ ယမန်နှစ်က သိန်းတစ်ရာ အနိမ့်ဆုံး ၄၀×၆၀ မြေကွက်များက လက်ရှိတွင် ၅၀၀ အောက်ဟူသော ဈေးမှာမရှိသလောက်ဖြစ်နေသည်။မြို့တွင်း၌တစ်ဧကလျှင် ကျပ်သိန်းသုံးထောင့်ငါးရာအထိ ဖြစ်လာသည်။

မြေကွက်နှင့် အိမ် အခိုင်အမာဆိုလျှင်ကျပ်ထောင်ဂဏန်းအထိဖြစ်သွားခဲ့ပြီ။ယခင်မရှိဖူးသောသိန်းငါးထောင်၊ ခြောက်ထောင်ဟူသည့် ဈေးနှုန်းများက ချယ်ရီလမ်း၊ ကုံကော်လမ်းအနီးတစ်ဝိုက်ရှိ လူချမ်းသာများရှိသည့် နေရာတွင်ပေါ်ပေါက်နေခဲ့ပြီဟု အောင်ချမ်းသာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

ဝယ်လက်မှာလည်း ဈေးတက်သည့်အခြေအနေမှာပင် အလုံးအရင်းရှိနေပြီဖြစ်သည်။ဈေးရာချီမတတ်နိုင်သူများက အနီးတစ်ဝိုက်ရွာများဘက်သို့ဆင်းလာကာ အပိုင်းလိုက်ခြမ်းရောင်းကြသည့် သိန်း ၃၀၀၊ ၄၀၀ တန်မြေကွက်များကို ဝယ်ယူနေကြသည်။

လာမည့်နွေရာသီကာလအတွက် ဒေါ်ဝင်းမြင့်က ခန့်မှန်းရာ၌ “အခုက ရာသီကောင်းပေ့။ ဒီအချိန်မှာတောင် နေရာတကာရောင်းနေရတယ်။ ဈေးတွေကထောင်နေတယ်။ ဈေးကုန်ပြီလားတောင်မှတ်ရတယ်။ ဒါပေမဲ့ ပြောလို့တော့မရဘူး။ ခေတ်ကာလကလည်း လိုက်နေတော့ နောက်ထပ်က အဝယ်လိုက်ဦးမလားလို့မှန်းထားပါတယ်” ဟု ပြောသည်။

ပွဲတော်ရာသီပေါင်းများစွာနှင့်ခရီးသွားရန်ဟူ၍ ရွေးချယ်ကြရာ အပန်းဖြေမြို့လေးသည် ဆိုးရွားခဲ့သော အယ်လ်နီညိုနှင့် လာနီ-ညာ ရာသီဥတုတို့ကြောင့် ၂၀၁၁ နွေရာသီ အပူဒဏ်ကို အားကိုးအားထားပြုစရာ ဒေသတစ်ခုအဖြစ်ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011



# စကားလုံးများရဲ့ အတွေးရသ

**ဝီရမဟာမောင်မောင်သန်း**

အတွေး(၁)

သက္ကရာဇ် တစ်ခုကုန်လို့ အသစ်တစ်ခု ပြောင်းသွားပြန်ပါပြီ။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်သို့။ ၂၀၁၀ ဒီဇင်ဘာလကုန်ရက်ည တစ်ဆယ့်နှစ်နာရီ(၁၂း၀၀)အချိန်က အိမ်ရှေ့မှ လူငယ်တစ်သိုက် 'Happy New Year'ဆိုပြီး သံပြိုင်အော်ဟစ်ကြိုဆိုသံကို ကြားလိုက်ရပါတယ်။ ပျော်ရွှင်သောနှစ်သစ် ဖြစ်ပါစေပေါ့။

သူတို့အသံ ကြားလိုက်ရတော့ ကိုယ့်စိတ်ထဲမှာလည်း အလိုလို သူတို့နဲ့အတူတူလိုက်ပြီး ဆိုလိုက်မိပါတယ်။ ပျော်ရွှင်ကြပါစေ၊ ကြည်နူးကြပါစေ၊ အေးချမ်းကြပါစေ၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးကြပါစေပေါ့။

မိုးလင်းလို့ ရေဒီယို နားထောင်၊ တီဗီဖွင့်ကြည့်၊ သတင်းဂျာနယ်တွေ ဖတ်ကြည့်လိုက်တိုင်း အကြမ်းဖက်ဗုံးပေါက်ကွဲလို့ သေဆုံးမှု၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု၊ လေယာဉ်ပျက်ကျလို့ သေဆုံးမှု၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှု၊ စစ်ကြောင့် သေဆုံးမှု စတဲ့အနိဋ္ဌာရုံသတင်းတွေပဲ ကြားနေ၊တွေ့နေရပါတယ်။

တစ်နှစ်အတွင်း ဖြစ်ပေါ်မှုအပြောင်းအလဲတွေအပေါ် လူ့အဖွဲ့အစည်းအလိုက် စွမ်းဆောင်မှုဆုတံဆိပ်တွေ ချီးမြှင့်ကြသံတွေလည်း ကြားရ၊ ဖတ်ရလို့ မုဒိတာပွားရပြန်ပါတယ်။ ဒီလို ဆုတွေ အမျိုးမျိုးအနက်မှ ကမ္ဘာ့ငြိမ်းချမ်းရေးဆုတွေ၊ ရာသီဥတုဆိုင်ရာပြောင်းလဲမှုအတွက် စွမ်းဆောင်မှုဆုတွေ ဂုဏ်ယူစရာ၊အားကျစရာတွေ အများကြီးပါပဲ။

ဒါကြောင့် သဘာဝဘေးဒဏ်တွေကြောင့် ဆုံးရှုံးမှုတွေများလာတဲ့ အနာဂတ်မှာ လူသားအချင်းချင်း သတ်ဖြတ်ရန်အတွက် စမ်းသပ်နေတဲ့ နျူလက်နက်တွေ ဘာကြောင့်များ ထုတ်လုပ်ချင်နေကြရတာလဲ တွေးမိပါတယ်။ နှစ်သစ်မှာ ကမ္ဘာကြီးငြိမ်းချမ်းပါစေ၊ သက်ရှိသတ္တဝါမှန်သမျှ ဥပဒ်ရန်ဘေးကင်းဝေးကြပါစေလို့ မေတ္တာပို့လိုက်ပါတယ်။

အတွေး(၂)

အေးချမ်းသောနှစ်သစ်လို့ မင်္ဂလာယူရပေမည်။ ဒီနှစ် ရာသီဥတုက ဇန်နဝါရီလအထိ မိုးလေးက အုံ့မှိုင်းလို့ရွာချပေးနေပါတယ်။ မိုးလေးပွင့်တော့ အအေးဓာတ်လေးက ဆောင်းသရုပ်ကို ငွေနှင်းမှုန်တွေနဲ့အတူ ဖော်ဆောင်ပေးနေပါတယ်။ ခါတိုင်း ဆောင်းနှစ်ဒီဇင်ဘာလ ရန်ကုန်မှာ အနွေးထည်ဝတ်ရတာ နည်းတယ်။ ဒီနှစ်တော့ ဇန်နဝါရီလအထိ အနွေးထည်လေးတွေ ဝတ်ထားကြတာတွေ့ရတယ်။ ဒါကြောင့် အေးမြတဲ့ ဆောင်းအရသာ ခံစားရင်း စက်ဘီးစီးလို့ ထောက်ကြန့်စစ်သချိုင်းဘေး၊ လမ်းသစ်လမ်းမှ ဦးမိုးလက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်ဆိုတော့ လူမျိုးစုံ၊ အလွှာစုံ အဖုံဖုံတွေ့နေရတာလေ။ ဒီတော့ ဦးမိုးနဲ့ စကားပြောလိုက်တိုင်း ကျွန်တော့်အတွက် တွေးစရာလေးတွေက ရရလာတတ်ပါတယ်။

သူကြားလိုက်သော မိဘစကားသံကို ပြန်ပြောပြပါတယ်။ "ထောင်အပြင်တန်းမရှိပါဘူးကွာ၊ ယောကျ်ား" ဆိုပြီး ကလေးကိုပြောသံကြားလိုက်ရကြောင်း၊ ဘာကြောင့်ပါလိမ့်။ ဦးမိုးကဆက်ပြီး သူ့အမြင်ကိုပြောပြတယ်။ "ကျွန်တော်တို့အခုဖြစ်နေတဲ့ မိသားစုပြဿနာတွေက အဓိက စီးပွားရေးပဲဗျ။ ကလေးတစ်ယောက်၊ နှစ်ယောက်ဆို တာဝန်ယူနိုင်ကြသေးတယ်။ နှစ်ယောက်ထက်ပိုလာရင် ကျောင်းမထားနိုင်တဲ့ပြဿနာက စပြီးတွေ့ရတော့တယ်။ ကျောင်းမနေနိုင်၊ မထားနိုင်တော့ ကလေးတွေရဲ့အသိဉာဏ်ဖွံ့ဖြိုးမှုက နည်းလာတယ်။ ဒီတော့ လမ်းမှာလေလွင့်ကလေးတွေ၊ မိဘမဲ့ကလေးတွေ များများလာကြတယ်။ မိဘတွေရဲ့စီးပွားရေးပြဿနာက ကလေးတွေအသိဉာဏ်တိုးဖို့ရေးထက်၊ ဝမ်းရေးအတွက် အရင်ဖြေရှင်းနေကြရတာ။ ဒီစကားတွေ ကြားလိုက်ရတော့ အတော်လေး စိတ်မကောင်းဖြစ်မိတယ်။ ကျွန်တော်တို့ငယ်ငယ်က သားသမီးလေး၊ ငါးယောက်ကို အဖေတစ်ယောက် လုပ်စာနဲ့ ရပ်တည်နိုင်ကြတယ်။ ကျောင်းမလိုက်ရင် အတင်းကျောင်းသွားဖို့ အဖေကိုယ်တိုင် တုတ်ကိုင်ပြီးလိုက်ပို့တယ်။ အခုတော့ ကလေးက ကျောင်းမတက်ချင်တော့ဘူးဆိုရင် မိဘတွေကလည်း တစ်ယောက်အတွက် စရိတ်သက်သာတယ်။ စီးပွားရေးသာ ထွက်ရှာဆိုတဲ့ခေတ်ကြီးရောက်နေတယ်။ အရှေ့တောင်အာရှမှာ တိုးတက်သွားတဲ့ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံတွေမှာ ပညာရေးကို ဦးစားပေးမြှင့်တင်ပေးခဲ့ကြတာဗျ။ ဒါကြောင့် အတော်လေးရင်လေးစရာကောင်းတယ်"ဆိုပြီး ပြောပြပါတယ်။

ဦးမိုးနဲ့ စကားပြောပြီး အပြန်မှာတော့မိုးသားတွေ အုံ့ဆိုင်းနေတယ်။ အအေးဓာတ်အငွေ့အသက်လေး ကျန်နေသေးပေမယ့် မိုးသားတိမ်တိုက်ထဲက ထွက်ပေါ်လာတဲ့ နေမင်းကြီးကြောင့် ပူစပ်စပ် နေ့သရုပ်ကြီး ပြန်ခံစားလိုက်ရတယ်။

အတွေး(၃)

မိတ်ဆွေကြီး ကိုထွန်းထွန်းအေးနဲ့ ထောက်ကြန့်ဈေးကို လမ်းလျှောက်ပြီး ထွက်ခဲ့တယ်။ မြို့ပြင်ဈေးဆိုပေမယ့် မြို့တွင်း ညောင်ပင်လေးဈေး၊ သံဈေးတို့ထက် ပိုစည်ကားပြီး လူတိုးနေရတယ်။ သား၊ ငါး အလွန်ပေါတယ်။ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥ၊ ကုန်ခြောက်၊ အဝတ်အထည်၊ ရွှေဆိုင်၊ မုန့်ဆိုင်၊ လမ်းဘေးဈေးသည်၊ လမ်းလယ်ဈေးသည်နဲ့ အတော့်ကိုစည်ကားလှပါတယ်။ ကြက်ဥ၊ ဘဲဥ တစ်လုံးတစ်ရာ၊ တစ်ရာ့နှစ်ဆယ်။ စားအုန်းဆီ တစ်ပိဿာ နှစ်ထောင့်ခြောက်ရာ။ ပဲဆီတစ်ပိဿာ သုံးထောင့်ရှစ်ရာ။ ဝက်သားတစ်ပိဿာခြောက်ထောင်၊ငါးထောင်။ ကြက်သား တစ်ပိဿာ ငါးထောင်၊ ခြောက်ထောင်။ ငါး တစ်ပိဿာ တစ်ထောင့်ခြောက်ရာမှ ခုနစ်ထောင်၊ ရှစ်ထောင် အစားစားရှိပါတယ်။

နှစ်ယောက်သား ဟိုဟိုဒီဒီ လျှောက်ပြီး ကြည့်နေရင်း အိမ်နားက အဒေါ်ကြီးတစ်ယောက်တွေ့လို့ ဘာတွေဝယ်လာသလဲ နှုတ်ဆက်မိတယ်။ သူ့မျက်နှာက သိပ်ပြီး ဘဝင်မကျဟန်နဲ့ဖြစ်နေတော့ ဘာဖြစ်နေတာလဲ မေးမိတယ်။

"ကြက်သွန်ဈေးပေါ့။ ဟိုတစ်နေ့က တစ်ပိဿာ တစ်ထောင့်ရှစ်ရာရှိသေးတယ်။ ဒီနေ့ နှစ်ထောင်တဲ့"။

ကျွန်တော်တို့ကိုယ်တိုင် သွားမေးတော့လည်း ဟုတ်နေပါတယ်။ ၂၀၀၉ ခုနှစ် ဩဂုတ်၊ စက်တင်ဘာမှာ ကြက်သွန်နီဈေး တစ်ပိဿာ တစ်ထောင့်နှစ်ရာကနေ တစ်ထောင့်ရှစ်ရာအထိ ဖြစ်သွားတော့ တာဝန်ရှိသူတွေ အစည်းအဝေးတွေလုပ်ပြီး အိန္ဒိယက ကြက်သွန်တွေ ပြန်သွင်းပေးကြတယ်။ အခုက မိုးကြက်သွန်တွေ အသစ်ပေါ်လာချိန်မှာ ဘာကြောင့်ကြက်သွန်ဈေးတွေ အရမ်းတက်နေရတာလဲမသိ။

နိုင်ငံခြား တင်ပို့နေလို့လား။ ကုန်တင်ကားတွေ တန်ပိုမတင်ရလို့လား။ ဒီဇယ်ဈေးတွေ မြင့်တက်လာလို့လား။ ပို့ကုန်ငွေတန်ဖိုးတွေ ကျဆင်းနေလို့လား။ ကျွန်တော့်စိတ်ထဲက 'လား' ပေါင်းများစွာ အတွေး၊ အမေးတွေ စုံသွားတော့တယ်။ သတင်းဂျာနယ် အချို့မှာတော့ နှစ်ဆက်အရှုံးပေါ်နေတဲ့ တောင်သူတွေ ကြက်သွန်နီအစိုက်နည်းလို့ အထွက်နည်းသွားတာက ဈေးတက်ရခြင်းရဲ့ အဓိကအချက်လို့ဆိုတယ်။ တောင်သူလယ်သမားတွေ အများဆုံးရှိတဲ့နိုင်ငံမှာလည်း တောင်သူတွေဟန်ကျနေပြီဆိုတဲ့သတင်းမျိုးကတော့ ရှားပါးနေတုန်းပါပဲ။ မိုးထဲ၊ လေထဲ နေပူကျဲကျဲအောက် မြန်မာတောင်သူတွေ ကြိုးစားလည်း ထွက်လာတဲ့သီးနှံတွေ ရောင်းရမယ့်အချိန်ကျရင် အကြောင်းအမျိုးမျိုးပေါ်လာပြီး ဈေးကျသွားတတ်တာ၊ ဒီနောက်ပိုင်း ရာသီနှိပ်စက်လို့ အထွက်လျော့တာတွေပဲ ခပ်စိပ်စိပ်ကြားနေရတယ်။

ကျွန်တော်တို့ဆီက ကုန်ဈေးနှုန်းတွေက ရာသီအပြောင်းအလဲနဲ့ ကောလာဟလသတင်းပြန့်မှုတွေကြောင့်လည်း အတက်မြန်တတ်တယ်။ပါတီကိုယ်စားလှယ်တွေ ဟောပြောပွဲတွေလုပ်တော့ သွားပြီး နားထောင့်ကြည့်တော့လည်း ကုန်ဈေးနှုန်းကျဆင်းရေး ရှေ့ရှုပြီး စည်းရုံးတာ မတွေ့လိုက်၊ မကြားလိုက်။

ရွေးကောက်ပွဲပြီးလို့ ဇန်နဝါရီလ ၃၁ ရက်နေ့ လွှတ်တော်ခေါ်ယူသံ ကြားသိလိုက်ရပါတယ်။

'ပြည်သူ့အကျိုး သယ်ပိုးပါမည်'ဆိုသော လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အသံ နားထောင်ရန်သာ ကျန်တော့ပါတယ်။ အလုပ်နဲ့သက်သေပြကြမည်လား။ ဒါမှမဟုတ်. . . .။ ။

---

# ရွှေစက်တော်ဘုရားပွဲတော်ဖွင့်ပွဲကာလတွင် ဘုရားဖူးလက်မှတ်များ ဈေးလျှော့ရောင်းမည်ဟုဆို

**ဒဲနစ်အောင်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ရွှေစက်တော်ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်တွင် စတင်မည်ဖြစ်ရာ ဖွင့်ပွဲခရီးစဉ်လက်မှတ်များအား ဘုရားဖူးဂိတ်များမှ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဈေးလျှော့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရွှေစက်တော် ဘုရားပွဲတော်ဖွင့်ပွဲမှာ ဖေဖော်ဝါရီ ၈ ရက်တွင်ဖြစ်ပြီး ဘုရားဖူးဂိတ်များမှ ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်သည်။

ဘုရားဖူးဂိတ်များမှ ရွှေစက်တော်သီးသန့် ၃ ရက်ခရီးစဉ်မှ ရွှေစက်တော်နှင့် လမ်းဘုရားစုံ ၁၃ ရက် ခရီးစဉ်ရှည်များအထိ ရက်အနည်းအများပေါ်မူတည်၍ ခရီးစဉ်ဈေးနှုန်းများအားဖွင့်ပွဲအထိမ်းအမှတ် လျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဟုဆိုသည်။

"ရွှေစက်တော် ခရီးစဉ်တွေကို ရှေ့လ ၆ ရက်ကနေ သင်္ကြန်အထိ အပတ်စဉ် သောကြာနေ့တိုင်း ပြေးဆွဲပေးသွားမှာပါ။ ပထမဆုံးခရီးစဉ်ကတော့ ဖွင့်ပွဲရှိလို့ အထူးလျှော့ဈေးနဲ့ ရောင်းပေးသွားမယ်" ဟု ရွှေကြေးစည်ဘုရားဖူးပို့ဆောင်ရေးမှ ပိုင်ရှင်ဦးတင်ထွေးက ပြောကြားသည်။

ရွှေစက်တော်ဘုရားမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ဘုရားဖူးအများအပြား ရေပန်းအစားဆုံးဖြစ်လာပြီး ယခုအချိန်အထိ ဘုရားဖူးခရီးသည်အများဆုံးသွားရောက်သော နေရာဖြစ်သည်။

ရွှေစက်တော်ခရီးစဉ်လက်မှတ်နှုန်းများအား ရက်အနည်းအများပေါ်မူတည်၍ ၃၀,၀၀၀ ကျပ်မှ ကျပ် ၈၅,၀၀၀ အထိ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL

# Current Affairs

Vol.9, No.44 • JANUARY 27, 2011

# လွှတ်တော်မတက်မီ ကိုယ်စားလှယ်များ၏ စကားသံများ

ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များမှာလည်း လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။ လွှတ်တော်တက်ရောက်ရန် ပြင်ဆင်နေကြသော ကိုယ်စားလှယ်များထဲမှ သုံးဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**သတင်းအဖွဲ့**



နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများ။
ဓာတ်ပုံ - သီဟ

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

**♦ အစည်းအဝေးအတွက် ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ**

နိုင်ငံရေးနဲ့ ပတ်သက်ပြီးအတွေ့အကြုံအချို့လည်းရှိတဲ့အတွက် အခုလောလောဆယ်တော့ နည်းဥပဒေစာအုပ်တွေကိုပဲ ဖတ်နေပါတယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ဥပဒေကြမ်းတစ်ခုကို ဒုတိယညွှန်ကြားရေးမှူးချုပ်ဆီ လိပ်စာတပ်ပြီးပို့ထားပါတယ်။ ဗမာဘာသာအပြင် တိုင်းရင်းသားစာပေများကိုပါ ပြည်နယ်အလိုက် သင်ကြားခွင့်ရဖို့အတွက် ဥပဒေကြမ်းပြုစုထားတာပါ။

**♦ အခုအစည်းအဝေးက ပထမဆုံးအစည်းအဝေးဖြစ်တဲ့အတွက် ဘာတွေဖြစ်လာမယ်လို့ မျှော်လင့်ထားလဲ**

အခုက နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကခေါ်တာပါ။ နောက်ဒုတိယအကြိမ်မှာတော့ ဥက္ကဋ္ဌကခေါ်မှာ ဖြစ်တဲ့အတွက် ပိုပြီးအဆင်ပြေသွားမယ်။ အခုကတော့သမ္မတရွေးဖို့ကိစ္စလည်း ရှိနေတဲ့အတွက် သမ္မတနဲ့ဒုသမ္မတတွေရွေးပြီး ဝန်ကြီးချုပ်တွေခန့်အပ်ဖို့နဲ့ အုပ်ချုပ်ရေးပိုင်းမှာ အခြေကျသွားဖို့လောက်ပဲ ရှိမယ်ထင်ပါတယ်။ ဥပဒေအသစ်တွေဘာတွေတင်ဖို့၊ ဆွေးနွေးဖို့တော့အချိန်ရမယ်မထင်ဘူး။

**♦ သမ္မတ၊ ဒုသမ္မတနဲ့ ဝန်ကြီးချုပ်တွေကိုမှန်းထားနိုင်မယ်ထင်ပါသလား**

ထင်တာကတော့ သမ္မတ၊ ဒုသမ္မတကို မမှန်းနိုင်ဘူးထင်ပါတယ်။ လွှတ်တော်တွေထဲမှာ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရှိတဲ့အတွက် ဘယ်သူဖြစ်မလဲဆိုတာ မသိနိုင်သေးပါဘူး။ သမ္မတရွေးတာကလည်း နည်းနည်းအရေးကြီးမယ်ထင်ပါတယ်။ သူက ပြည်နယ်၊ တိုင်း၊ ဝန်ကြီးချုပ်တွေကို ခန့်အပ်ပိုင်ခွင့်ရှိတဲ့အတွက်ပါ။ ဒီဝန်ကြီးချုပ်တွေခန့်တဲ့နေရာမှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားရင်တော့ တိုင်းရင်းသားတွေပဲဖြစ်နိုင်ပါတယ်။ ကျွန်တော်အနေနဲ့ကတော့ ဒီအချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပဲ အလေးပေးသင့်တယ်ထင်ပါတယ်။

**♦ ဘယ်လိုပြောင်းလဲမှုတွေ ရှိလာနိုင်သလဲ**

ခုလောလောဆယ်မှာပဲ အုပ်ချုပ်ရေးပုံစံတွေ နဂိုအတိုင်းရှိနေပေမယ့် လူထုကရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေ၊ ပြောခွင့်၊ ဆိုခွင့်၊ကြီးကြပ်ခွင့်တွေရလာပါပြီ။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်နဲ့ အဆင့်ဆင့်တွေထိပါ။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

**♦ လွှတ်တော်တက်ဖို့ ဘာတွေ ပြင်ဆင်ထားသလဲ**

ကျွန်တော်တို့ အုပ်စုနည်းတဲ့သူတွေဆိုတော့ တည့်အောင်ပေါင်းရမှာပေ့ါ။ ကျွန်တော်တို့ဦးတည်ချက်ကတော့ ရွေးစရာမရှိတော့ အားလုံးနဲ့ တည့်အောင်ပေါင်းဖို့ပဲပြင်ဆင်ထားတယ်။ နိုင်ငံရေးနားလည်တဲ့ ပညာရှင်တွေနဲ့ တိုင်ပင်တယ်။ ဆွေးနွေးမယ်။ အခုရန်ကုန်က အီးဂရက်စ်မှာ ရောက်လာတာပေ့ါ။ အသိပညာအတတ်ပညာရှိတဲ့ ဆရာတွေဆီမှာ အကြံဉာဏ်တောင်းတာပေ့ါနော်။

**♦ ပထမအကြိမ် လွှတ်တော်အစည်းအဝေးက ဘာတွေထွက်ပေါ်လာမယ်လို့ထင်လဲ။**

လွှတ်တော်အတွက် အတိအကျရေးထားတာမရှိတော့ ကျွန်တော်အနေနဲ့ထင်တာက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရွေးမယ်။ အမျိုးသားလွှတ်တော်ကလည်း သူ့ဥက္ကဋ္ဌရွေးမယ်။ ဒုသမ္မတရွေးမယ်။ နောက်သမ္မတ ရွေးမယ်။

၇ ရက်လောက်တွင်းမှာပေ့ါ။ အများဆုံးကတော့ ပြည်ထောင်စုလွှတ်တော်လောက်တော့ရမယ်။ အခုပထမအကြိမ်မှာ ကျွန်တော့်အထင်တော့ နှစ်ပတ်လောက်တော့ကြာမယ်။ ကျင်းပရက်ကလေ။

**♦ လွှတ်တော်ထဲမှာ ဘယ်လိုဥပဒေတွေတင်မယ်လို့ ပြင်ဆင်ထားလဲ။**

၂၀၀၈ ရဲ့ဥပဒေကနေ စာအုပ် ၁၇ အုပ်ကို ပြန်ပွားထားတာ။ အဲဒီဥပဒေတွေက အများကြီး။ တစ်ယောက်တည်းနဲ့မပြီးဘူးလေ။

**♦ ဘယ်ဥပဒေကို လွှတ်တော်ထဲမှာတင်ဖို့ ပြင်ထားတာလဲ။ ကြိုရေးထားပါလဲ။**

လယ်ယာဥပဒေပဲ။ ပြည်သူ့လွှတ်တော်မှာ တင်ဖြစ်မယ်။

**♦ လွှတ်တော်ထဲရောက်ရင် မဲဆန္ဒရှင်ပြည်သူတွေအတွက် ဘာတွေလုပ်ပေးနိုင်မယ်ထင်လဲ။**

ပညာရေး၊ ယဉ်ကျေးမှု။ တင်တာ ၂၀ ရာခိုင်နှုန်းလောက်ရမယ် ထင်တယ်။ ကျန်းမာရေးလည်း တတ်နိုင်သလောက်ပေ့ါ။ စီးပွားရေးကဏ္ဍကတော့ မစဉ်းစားသေးပါဘူး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ

**♦ ဇန်နဝါရီ ၃၁ ရက်မှာ ကျင်းပမယ့်လွှတ်တော်တက်ဖို့အတွက် ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ**

ကိုယ့်အတွက်ကတော့ ထွေထွေထူးထူးမရှိပါဘူး။ အဝတ်အစားတွေပြင်ထားတယ်။ ဗေဒါရောင်ဝတ်ဖို့လုပ်ထားတယ်။ အဆို တင်သွင်းဖို့လုပ်ထားတာကတော့ စားဝတ်နေရေးအတွက်ရယ်၊ တောင်သူလယ်သမားတွေအတွက် ပုံ့ပိုး၊ ပစ္စည်း။ အလုပ်သမားကိစ္စမှာ အခြေခံလစာနှင့် ပင်စင်စားတွေအတွက်စဉ်းစားပေးရန်တို့ ပြင်ထားပါတယ်။ တည်းတာနဲ့ စားတာကတော့ စည်ပင်သာယာမှာပဲတည်းမယ်။ အဲဒီမှာ လူတွေအများကြီးတွေ့ရမယ်။ ဆွေးနွေးလို့ရတယ်။ စကားပြောလို့ရတယ်။

**♦ ပထမဆုံးလွှတ်တော်အစည်းအဝေးမှာက ဘာတွေပြီးပြတ်မယ်လို့ထင်လဲ။**

ကိုယ်ယုံတာနော်။ လွှတ်တော်ဥက္ကဋ္ဌရယ်၊ သမ္မတရယ် အဲဒီနှစ်ခုတော့ပြတ်သွားမယ် ထင်တယ်။

**♦ ဒုသမ္မတ တစ်ယောက်ရွေးချယ်ဖို့အတွက် ဘယ်လိုစဉ်းစားထားလဲ။**

ဒုသမ္မတရွေးတာက အသက် ၄၅ နှစ်အထက်ရယ်၊ စစ်ရေးကျွမ်းကျင်မှုရှိတာတွေနဲ့ ရွေးရမယ်ဆိုတော့ ဘယ်သူ့ကိုရွေးရမလဲမသိသေးဘူး။ အပြင်ကဏ္ဍကရွေးရင်လဲ စစ်ရေးမကျွမ်းကျင်တာရှိနိုင်တယ်။ အမျိုးသားလွှတ်တော်အတွက်ကိုသာ တိုင်းရင်းသားပါတီတွေထဲက ရွေးချယ်ဖို့ရည်မှန်းထားတယ်။

**♦ လွှတ်တော်အမတ်တွေအတွက် သက်ဆိုင်ရာက ဘာတွေညွှန်ကြားထားလဲ။**

ကိုယ်အဆိုတင်သွင်းမယ့်ဟာကို လွှတ်တော်ဥက္ကဋ္ဌဆီ ၇ ရက်ကြိုတင်ရမယ်။ ခွင့်ပြုချက်ရရင် ဖတ်ပြလို့ရတယ်။

**♦ မဲဆန္ဒရှင်တွေအတွက် အဓိက ဘာတွေလိုအပ်မယ်ထင်လဲ။**

သူတို့လာပြောတဲ့အထဲမှာ အဓိကပါတာက အလုပ်သမားတွေအတွက်ဆို အခြေခံလစာ၊ ပင်စင်စားတွေရဲ့ နစ်နာချက်တွေ၊ အဖွဲ့ကနေရွေးထားတာ ၁၀ ချက်ရှိတယ်။ အဲဒါတွေတင်ပြဆွေးနွေးသွားမယ်။

# တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကြေညာ

**ရန်ကုန်-ဇန်နဝါရီ ၂၁**

တပ်မတော်ကိုယ်စားပြုတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဇန်နဝါရီလ ၂၀ ရက်က နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များတွင် တပ်မတော်သားများ၏အခန်းကဏ္ဍမှာ ၂၅ရာခိုင်နှုန်းပါဝင်သည်။ ထုတ်ပြန်ကြေညာလိုက်သည့် တပ်မတော်သားကိုယ်စားလှယ်စာရင်းတွင် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ဦးကို ထုတ်ပြန်ကြေညာခဲ့ပြီး ကိုယ်စားလှယ်အများစုမှာ ကြည်းတပ်မှဖြစ်ပြီး တပ်မတော်ရေတပ်နှင့်လေတပ်မှ အနည်းငယ်ပါဝင်သည်ကို တွေ့ရသည်။ စာရင်းတွင်ဗိုလ်မှူးကြီးအဆင့် ၃ဦးအပါအဝင် ဗိုလ်မှူးအဆင့်နှင့် ဗိုလ်ကြီးအဆင့်တပ်မတော်သားများ ပါဝင်သည်။

အမျိုးသားလွှတ်တော်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်စာရင်းကြေညာရာတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးပါဝင်ပြီး ကိုယ်စားလှယ်အားလုံးနီးပါးမှာ ကြည်းတပ်မှဖြစ်ပြီး လေတပ်နှင့် ရေတပ်မှဗိုလ်မှူးအဆင့် တစ်ဦးစီသာပါဝင်သည်ကိုတွေ့ရသည်။ ထိုစာရင်းတွင် ဗိုလ်မှူးကြီးအဆင့်နှစ်ဦးပါဝင်ပြီး ကျန်ကိုယ်စားလှယ်များမှာ ဗိုလ်မှူးနှင့်ဗိုလ်ကြီးအဆင့်တပ်မတော်သားများပါဝင်ကြောင်း တွေ့ရသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တပ်မတော်သားအမည်စာရင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအတွက် ကိုယ်စားလှယ်စုစုပေါင်း ၂၂၂ ဦးပါဝင်ပြီး ထိုဦးရေတွင် ကရင်ပြည်နယ်၌ ဗိုလ်မှူးချုပ်တစ်ဦးအပါအဝင် ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီးအဆင့်တပ်မတော်သားများပါဝင်ကာ အားလုံးလိုလိုမှာ ကြည်းတပ်မှဖြစ်ကြသည်။ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်စာရင်းမှာ အများဆုံးဖြစ်ကြောင်းစာရင်းများအရ သိရသည်။

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်အတွက် တပ်မတော်သားကိုယ်စားလှယ်များကို ကချင်ပြည်နယ်လွှတ်တော်အတွက် ၁၃ဦး၊ ကယားပြည်နယ်လွှတ်တော်အတွက် ၅ ဦး၊ ကရင်ပြည်နယ်လွှတ်တော်အတွက် ၆ ဦး၊ချင်းပြည်နယ်လွှတ်တော်အတွက် ၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ၂၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွက် ၇ ဦး၊ပဲခူးတိုင်းဒေသကြီးအတွက် ၁၉ ဦး၊ မကွေးတိုင်းဒေသကြီးအတွက် ၁၇ ဦး၊မန္တလေးတိုင်းဒေသကြီးအတွက် ၁၉ ဦး၊ မွန်ပြည်နယ်အတွက် ၈ ဦး၊ ရခိုင်ပြည်နယ်အတွက် ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွက် ၃၁ ဦး၊ ရှမ်းပြည်နယ်အတွက် ၃၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွက် ၁၈ ဦးတို့ အသီးသီးဖြစ်ကြသည်။

7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# တက်ဆဲ၊ မြှတ်ဆဲ အိမ်ခြံမြေ

"လက်ရှိအိမ်ခြံမြေသည် ဂျော်နီဝေါ်ကာကြော်ငြာလိုပဲ၊ Still Going Strong"

အားမာန်

ယခုနှစ်ပိုင်းအတွင်း တန်ဖိုးများ ဆက်တိုက်နီးပါး တက်နေပြီး အထူးသဖြင့် တန်ဖိုးကြီးမြေကွက်နှင့် အိမ်များ အရောင်းအဝယ် ကောင်းနေသည့် အိမ်ခြံမြေဈေးကွက်၏ လက်ရှိအခြေအနေကို အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်း အတွေ့အကြုံ ၁၂နှစ်ရှိပြီဖြစ်သော ဦးသန်းဦးက အထက်ပါအတိုင်း ပြောကြားသည်။ ဦးသန်းဦးမှာ မဏ္ဍိုင်အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာဖြစ်သည်။ သူက အိမ်ခြံမြေလုပ်ငန်းမှာ ကောင်းနေဆဲ၊ ဆက်လက်ကောင်းနေဦးမည်ကို ဂျော်နီဝေါ်ကာနှင့် နှိုင်းယှဉ်၍ပြောခြင်းဖြစ်၏။

ပြည်တွင်း၌ ကာလတိုစီးပွားရေးလုပ်ကိုင်သူများအဓိကလုပ်ကိုင်သည့် လုပ်ငန်းလေးမျိုးရှိခဲ့သည်။ လူအများစုသိထားသည့်အတိုင်း ကား၊ ဒေါ်လာ၊ ရွှေနှင့် အိမ်ခြံမြေတို့၌ ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်ပါသည်။ သို့သော် ကားလောကမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစတင်၍ အစိုးရမှ ကားလေလံများ ဆက်တိုက်ပစ်ခြင်း၊ ပြည်ပမှ ဇိမ်ခံကားများ တင်သွင်းခွင့်ပြုခြင်း၊ လိုင်စင်မဲ့ကားများကို အခွန်ပေးဆောင်စေ၍ တရားဝင်လိုင်စင်ထုတ်ပေးခဲ့ခြင်း၊ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံမှ ဈေးသက်သာသည့် ကားများစွာ ဝင်ရောက်လာခြင်း စသောဖြစ်စဉ်များကြောင့် ကားဈေးနှုန်းများ ပြုတ်ကျပြီး အရောင်းအဝယ်များလည်း အေးစက်ခဲ့သည်။ ထိုအခြေအနေတွင် ကားဝယ်ထားပြီး ပြန်ရောင်းသော စီးပွားရေးလုပ်သူများမှာ အခြားစီးပွားရေးလုပ်ငန်းများသို့ ပြောင်းကုန်သည်။

အမေရိကန်ဒေါ်လာ၊ အက်ဖ်အီးစီနှင့် ပို့ကုန်ရငွေတို့မှာလည်း ပြီးခဲ့သည့် ၂၀၁၀ မှစတင်၍ အခြေအနေမဟန်ဘဲ တန်ဖိုးမှာ ပြုတ်ကျနေသည်။

ယခုနောက်ဆုံးဒေါ်လာတန်ဖိုးနှင့် နိုင်ငံတကာရွှေဈေးနှုန်း ကျဆင်းလာခြင်းနှင့် အစိုးရမှ ရွှေများထုတ်ရောင်းနေခြင်းတို့ကြောင့် ရွှေဈေးများ ကျဆင်းနေပြန်သည်။ ထိုအခြေအနေတွင် ရွှေနှင့် ဒေါ်လာတို့၌ ရင်းနှီးမြှုပ်နှံထားသူများမှာလည်း မျက်ခုံးလှုပ်နေသည်။ အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရမည်လား စဉ်းစားနေရပြီဖြစ်သည်။

ထိုသို့ မြန်မာလူထု အများဆုံးရင်းနှီးမြှုပ်နှံသော လုပ်ငန်းသုံးခု ယိမ်းယိုင်နေချိန်တွင် အိမ်ခြံမြေလုပ်ငန်းမှာ အခြေအနေကောင်းနေဆဲဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။ "အိမ်ခြံမြေက နောက်နှစ်နှစ်၊ သုံးနှစ်အထိလည်း ကောင်းနေဦးမှာပဲ။ ဘာကြောင့်လဲဆိုတော့ သူက Limit (ကန့်သတ်ပစ္စည်း)ဖြစ်နေလို့ပဲ။ ဒါကြောင့် ကားဈေးကွက်လို ပေါက်ကွဲပြီး မကျနိုင်ဘူး၊ ရွှေလိုလည်း တက်လိုက်၊ ကျလိုက် မဖြစ်နိုင်ဘူး။ အိမ်ခြံမြေလုပ်ငန်းရဲ့ သဘာဝနဲ့ ကန့်သတ်ပစ္စည်းဖြစ်နေလို့ပဲ"ဟု ဦးသန်းဦးက သူ၏အမြင်ကိုပြောကြားသည်။

တန်ဖိုးများ ဆက်တိုက်မြင့်တက်နေပြီး ဝယ်ယူရင်းနှီးမြှုပ်နှံထားလျှင် အရှုံးမရှိဘဲ အမြတ်အနည်း၊ အများသာရှိသည်အထိ အလုပ်ကောင်း၍ အိမ်ခြံမြေတွင်ရင်းနှီးမြှုပ်နှံသူများ တိုး၍တိုး၍ လာသည်။ မြေတန်ဖိုးတိုးလာသည်ကို ဥပမာပြရလျှင် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ပေ ၈၀ ပတ်လည်မြေကွက်တစ်ကွက်ကို လွန်ခဲ့သည့်နှစ်အနည်းငယ်ကသိန်းရှစ်ထောင့် ငါးရာဖြင့် လုပ်ငန်းရှင်တစ်ဦးက ဝယ်သည်။ ထိုမြေကို နှစ်အနည်းငယ်အကြာတွင် သိန်းတစ်သောင်းနှစ်ထောင်ဖြင့် ပြန်ရောင်းခဲ့ပြီး ယခုနောက်ဆုံး ထိုမြေကွက်မှာ သိန်းတစ်သောင်းခုနစ်ထောင် ဈေးဖွင့်နေပြီဖြစ်သည်။ ထိုနည်းအတိုင်း စီးပွားရေးလုပ်ငန်းရှင်များ မျက်စိကျသည့်နေရာများမှာ ခုန်ပျံဈေးတက်နေသည်။လုပ်ငန်းပေါင်းစုံမှ ရင်းနှီးမြှုပ်နှံသူ များလာခြင်းမှာလည်း အိမ်ခြံမြေတန်ဖိုးများမှာ မြင့်တက်နေခြင်း၏အကြောင်းရင်းတစ်ခုဖြစ်သည်။

"လက်ရှိ စီးပွားရေး အနေအထားနဲ့ဆို အခုဈေးနှုန်းတွေက အမြင့်ဆုံးပဲ"ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ မန်နေဂျာဦးဇော်ဇော်ကလည်း လက်ရှိဈေးကွက်အခြေအနေကို သုံးသပ်သည်။

မန္တလေးမြို့မှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်ကြီးတစ်ဦးဖြစ်သော ဦးကျော်ဝင်းကလည်း သူ၏မြို့မှ အိမ်ခြံမြေဈေးကွက်အလားအလာကို အောက်ပါအတိုင်း ခန့်မှန်းသည်။ "မြေဈေးက ဒီ့ထက်ပဲ ပိုကောင်းဖို့ရှိတယ်။ မန္တလေးမှာ ဌာနပိုင်မြေမရှိဘူး။ ဒါက တစ်ပိုင်းပေါ့။ နောက် မန္တလေးမြို့က နီ၊ စိမ်း၊ ပြာသမား(ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသော ကျောက်စိမ်းလုပ်ငန်းရှင်များ) တွေရဲ့ စုဝေးရာ ဒီနောက်


အိမ်ခြံမြေဈေးကွက်တွင် ဦးဆောင်နေသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှ လှည်းတန်းမီးပွိုင့်အနီးဝန်းကျင်ကို တွေ့ရစဉ်။
ဓာတ်ပုံ - အောင်အောင်



ပိုင်း အစိမ်းတင်မကဘူး၊ အနီသမားတွေလည်း ဝင်လာပြီ။ မန္တလေး မှာ မြေနဲ့ကားပဲ ရင်းနှီးမြှုပ်နှံကြတာ။ ကားက အလုပ်မဖြစ်တော့ မြေကိုပဲ ပိုရင်းနှီးမြှုပ်နှံလာကြလို့”

ထိုကဲ့သို့ အိမ်ခြံမြေလုပ်ငန်းများ ကောင်းလာခြင်းမှာ ဝင်ငွေရလမ်း ဖော်ပြစရာမလိုဘဲ ဝယ်သူက ၁၅ရာခိုင်နှုန်း အခွန်ဆောင်ပါက တရားဝင် ဝယ်ယူနိုင်သော ဝယ်သူအထူးသက်သာခွင့်စနစ်ကို စတင်လိုက်သည့် ၂၀ဝ၇ ခုနှစ် ဩဂုတ်လ နောက်ပိုင်းမှဖြစ်သည်။ ထိုအချိန်မှစ၍ တန်ဖိုးကြီးမြေကွက်နှင့် အိမ်အရောင်းအဝယ်များမှာလည်း ယခင်ကထက် ပိုမိုအရောင်းအဝယ်ဖြစ်ခဲ့သည်။ “အရင်က ငွေဖြူမပြနိုင်ရင် ၅၀ ရာခိုင်နှုန်း အခွန်ဆောင်ရတယ်။ အဲဒါကို ဝင်ငွေရလမ်းဖော်ပြစရာမလိုဘဲ ၁၅ ရာခိုင်နှုန်းပဲ ဆောင်ရတယ်။ နယ်မှာဆိုရင် ပိုသက်သာတယ်။ ၁၂ ရာခိုင်နှုန်းလောက်ပဲ ဆောင်ရတယ်။ အဲဒီစနစ်ကြောင့်လည်း ပါတယ်”ဟု ဦးဇော်ဇော်က သူ၏ အတွေ့အကြုံကိုပြောသည်။

ထို့အပြင် ယခင်က စီးပွားရေးမြို့တော် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်သာ အိမ်ခြံမြေလုပ်ငန်းများ ကောင်းခဲ့သော်လည်း ယခုနောက်ပိုင်းတွင် စီမံကိန်းများကြောင့် တစ်နိုင်ငံလုံးနီးပါး ပြန့်ကျဲ၍ အိမ်ခြံမြေများ တန်ဖိုးတက်နေသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ ရတနာပုံမြို့သစ်စီမံကိန်း၊ မြစ်ကြီးနားအနီးရှိ လီဒိုလမ်းမစီမံကိန်း၊ စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်း စသောစီမံကိန်းများကြောင့် အဆိုပါဒေသများရှိ မြေဈေးနှုန်းများမှာ ရက်ပိုင်း၊ လပိုင်းအတွင်း တန်ဖိုးများ သိသိသာသာပြောင်းကုန်သည်။

စီမံကိန်းများရှိသည့် ဒေသတွင် ခြံမြေဈေးများ တက်နေချိန်၌ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင်လည်း ကျသည်မရှိဘဲ ခေါ်ဈေးများမှာ တိုး၍သာလာသည်။ ထို့ကြောင့် ရန်ကုန်မြို့ရှိ မြေဈေးနှုန်းများမှာ သာမန်လူများကို အံ့ဩစေနိုင်သည်။

သင့်တွင် ငွေဆယ်သိန်းခန့်ရှိပြီး မြေဝယ်လိုလျှင် ရန်ကုန်မြို့လယ်ဆိုပါက မတ်တတ်ရပ်ရုံသာ အကျယ်ရှိသည့်မြေကို ရနိုင်သည်။ အကြောင်းမှာ ရန်ကုန်မြို့လယ်ရှိ မြို့တွင်းခြောက်မြို့နယ်တွင် တစ်ပေပတ်လည် မြေဈေးမှာ ကျပ်ခုနစ်သိန်းမှ ရှစ်သိန်းအထိရှိနေ၍ဖြစ်သည်။ သို့သော် ပေါက်ဈေးသာရှိပြီး ရောင်းလိုသူနည်းပါး လွန်း၍ ငွေရှိလျှင်ပင် ဝယ်ရရန်မသေချာပေ။ ယခု နောက်ဆုံး မြို့တွင်းခြောက်မြို့နယ်တွင် တစ်ပေပတ်လည် ဆယ့်ငါးသိန်းအထိ ဈေးခေါ်သောနေရာများပင် ရှိလာပြီဖြစ်သည်။

မြို့တွင်းခြောက်မြို့နယ်အပြင် မြေဈေးကြီးသည့် အခြားနေရာများမှာ ပြည်လမ်းမတစ်လျှောက်၊ ဗဟန်းမြို့နယ်ရှိ အင်းလျားလမ်း၊ ကမ္ဘာအေးဘုရားလမ်းတစ်


မြေဈေးအလွန်ကြီးသည့် ရန်ကုန်မြို့လယ်တစ်နေရာ။
ဓာတ်ပုံ - အောင်အောင်

လျှောက်၊ ဓမ္မစေတီလမ်းတစ်လျှောက် စသောနေရာများဖြစ်သည်။ ပြည်လမ်းမတစ်လျှောက်တွင် တစ်ပေပတ်လည် ကျပ်လေးသိန်းနှင့်အထက်၊ အင်းလျားလမ်းတွင် တစ်ပေပတ်လည် လေးသိန်းနှင့်အထက်၊ ကမ္ဘာအေးနှင့် ဓမ္မစေတီလမ်းတစ်လျှောက်တွင် တစ်ပေပတ်လည် သုံးသိန်းနှင့်အထက် ဈေးခေါ်နေသည်။ ထိုဈေးနှုန်းများမှာ လွန်ခဲ့သည့်သုံးနှစ်ကနှင့် ယှဉ်လျှင် ဈေးနှုန်းများ ထက်ဝက်ခန့် မြင့်တက်ကုန်ခြင်းဖြစ်သည်။

မြေဈေးများ ကောင်းလာသည့်အတွက် ကျပ်ငွေသောင်း၊ သိန်းရှိသော မြေကွက်အရောင်းအဝယ်များမှာလည်း ယခုနောက်ပိုင်းနှစ်များတွင် အဖြစ်များလာသည်။ ကျပ်သိန်းထောင်ဂဏန်းမှ တစ်သောင်းဝန်းကျင်အထိ မြေကွက်များမှာမူ အရောင်းအဝယ်ခပ်စိပ်စိပ်ဖြစ်နေသည်။ ထိုသို့ တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ကောင်းနေသည့်အတွက် လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများ အမှန်တကယ်နေထိုင်ရန် ဝယ်ယူသည့် တန်ဖိုးနှင့် တိုက်ခန်းနှင့် မြေကွက်များမှာပါ ဈေးနှုန်းများ တရိပ်ရိပ်တိုးနေသည်။ ထို့ကြောင့် လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများ နေအိမ်တိုက်ခန်းပိုင်ရေးမှာ ပိုမိုခက်ခဲလာကြောင်းလည်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။ ထိုအခြေအနေကို အခြားနိုင်ငံများကဲ့သို့ အစိုးရနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်၍ အရစ်ကျနှင့် ရောင်းချပေးမည်ဆိုပါက ပြေလည်မည် ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက သုံးသပ်ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအရ အခြားအလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေချိန်တွင် ရင်းနှီးမြှုပ်နှံထားပါက အမြတ်သေချာသလောက်ရှိနေသော အိမ်ခြံမြေမှာတန်ဖိုးကျရန်ထက် တက်ရန်သာရှိနေသည်။ အိမ်ခြံမြေကဲ့သို့ လုပ်ငန်းမျိုးတွင် လုပ်ငန်းအများအပြားမှ ရင်းနှီးမြှုပ်နှံနေခြင်းမှာ စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းနေမှု၏ ပြယုဂ်ဖြစ်ပြီး ကောင်းသည့်အခြေအနေမဟုတ်ကြောင်း စီးပွားရေးပညာရှင်အချို့ကသုံးသပ်သည်။

“လောလောဆယ်တော့ အိမ်ခြံမြေဈေးတွေက အရမ်းကြီးတက်သွားတယ်။ အခုလောလောဆယ်မှာတော့ ဘောဂဗေဒသီအိုရီတွေနဲ့ဖြစ်လေ့ရှိတာတွေရဲ့အခြေအနေအရ ဈေးတွေက ကျဖို့မရှိသေးဘူး။ အိမ်ခြံမြေဆိုတာက ကန့်သတ်ပစ္စည်းလည်းဖြစ်တယ်။ Demand နဲ့ Supply မှာ Demand က များနေတယ်။ ဒါကြောင့် တက်တာရပ်ဖို့ဆိုရင် Supply က တိုးရင်တိုး၊ မတိုးရင် Demand ရပ်မှ။ တခြား ရင်းနှီးမြှုပ်နှံမှုတွေ ပေါ်လာရင်လည်း Demand က ရပ်သွားနိုင်တယ်။ ဒါ့ကြောင့် စီးပွားရေးထ လာတဲ့အချိန်မှာ လျော့သွားပါလိမ့် မယ်။ ဒါကြောင့် ပူဖောင်းကြီး ပေါက်သကဲ့သို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ စီးပွားရေး ပြန်ကောင်းလာရင်တော့ ပူဖောင်းရှုံ့သလို ဖြည်းဖြည်းချင်းတော့ ကျလာနိုင်တယ်” ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ပါမောက္ခ ဒေါ်လှမြင့်က ပြည်တွင်းအိမ်ခြံမြေဈေးကွက်အနေအထားကို သုံးသပ်သည်။

လုပ်ငန်းမျိုးစုံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှု များစွာဝင်မလာသေးသည့်ကာလမှာပင် အိမ်ခြံမြေမှာ ကောင်းနေ၍ ပြည်ပရင်းနှီးမြှုပ်နှံမှု များစွာဝင်လာလျှင် ယခုထက်ပင် ပိုကောင်းလိမ့်မည်ဟု ဦးဇော်ဇော်က အောက်ပါအတိုင်းပြောသည်။

“ဒါတောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်မလာသေးလို့”။



7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011



# တူနီးရှားနိုင်ငံရေးအကျပ်အတည်းဇာတ်လမ်း

ကြည်နေဝင်းမင်း

အလွန်မြင့်မားသောအလုပ်လက်မဲ့နှုန်းနှင့် မိုးထိအောင် မြင့်မားသည့် ကုန်ဈေးနှုန်းများကြောင့် တူနီးရှားနိုင်ငံတွင် မငြိမ်မသက်မှုများဖြစ်ပေါ်လာခဲ့ပြီး ယင်းမှတစ်ဆင့် အကြမ်းဖက်သွေးထွက်သံယိုမှုများနှင့် ဝရုန်းသုန်းကားအခြေအနေများ ဖြစ်ပေါ်ခဲ့ရသည်။

လူထုအုံကြွမှုကြောင့် အာဖရိကတိုက်မြောက်ပိုင်းနိုင်ငံအား ၂၃ နှစ်ကြာ အုပ်ချုပ်လာခဲ့သည့် သမ္မတဇိုင်အယ်လ်အဘီဒင်ဘင်အလီမှာလည်း အာဏာစွန့်လွှတ်၍ နိုင်ငံမှထွက်ပြေးရပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ ထွက်ပြေးခိုလှုံနေရသည်။ လူမှုရေးအုံကြွမှုများသည် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်စေရန် မောင်းဖြုတ်ပေးလိုက်သည့် အဓိကအခြင်းအရာဖြစ်ပြီး အာရပ်ကမ္ဘာနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်ပါ လေးလေးနက်နက်ပူပန်မှုများဖြစ် ပေါ်လာစေခဲ့သည်။ ထို့အပြင် တူနီးရှားဇာတ်လမ်းအား အာရပ်ကမ္ဘာတစ်ခုလုံးအတွက် အလှည့်အပြောင်းဖြစ်စေနိုင်သည့်အဖြစ်အပျက်ဟု အချို့ဝေဖန်သုံးသပ်သူများက ရှုမြင်နေကြသည်။

မြောက်အာဖရိကမှ ငြိမ်းချမ်းသောအိုအေစစ်ဟု လူသိများသည့်နိုင်ငံမှ အကျပ်အတည်းမှာ နိုင်ငံအလယ်ပိုင်းတွင် တက္ကသိုလ်ဘွဲ့ရတစ်ယောက်သေဆုံးခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ အလုပ်အကိုင်ရှာမရ၍ သစ်သီးတွန်းလှည်းဖြင့် လှည့်လည်ရောင်းချနေခြင်းကို လှည်းမှာ လိုင်စင်မရှိဟုဆိုကာ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ရာ ၎င်းတက္ကသိုလ်ကျောင်းသားက ၎င်းကိုယ်၎င်း မီးရှို့၍ဆန္ဒပြလိုက်သည်။ ယင်းအဖြစ်အပျက်မှနေ၍ မကျေမနပ်ဖြစ်နေသည့် လူထုဆန္ဒပြပွဲများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သို့သော် အချို့သော ဝေဖန်သုံးသပ်သူများကမူ စီးပွားရေးဆုတ်ယုတ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအကျပ်အတည်းနောက်တွင် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကြောင့် တူနီးရှားနိုင်ငံ၏ အာဏာရှင်အစိုးရပြုတ်ကျခဲ့သည်ဟု သုံးသပ်ကြပါသည်။

ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်က ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ တွင် တူနီးရှားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအား ယှဉ်ပြိုင်နိုင်မှုအဆင့် ၃၉ နေရာတွင်ရှိနေသည်ဟုသတ်မှတ်ခဲ့သော်ငြားလည်း တူနီးရှားနိုင်ငံ၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မညီမမျှဖြစ်နေခြင်းမှာ တူနီးရှားနိုင်ငံအား စွဲကပ်နေသည့် အဓိကဝေဒနာပင်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်ဘင်အလီမှာလည်း ၎င်းအား ဆန့်ကျင်သူများအပေါ် ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်ခြင်းအတွက် မကြာခဏ ဝေဖန်ခံရသူဖြစ်သည်။ လူမှုရေးလွတ်လပ်ခွင့်များကို ထိန်းချုပ်ပြီး ရဲတပ်ဖွဲ့ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်နေသူဟု စွပ်စွဲခံရသူဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအား တိုးတက်အောင် ကြိုးပမ်းခဲ့ခြင်းအတွက် ချီးကျူးခံရသော်လည်း မစ္စတာဘင်အလီ၏ဆွေမျိုးများ အထူးသဖြင့် ၎င်း၏ဇနီးသည်ဘက်မှဆွေမျိုးများသည် ခြစားမှုများပြီး နိုင်ငံ့စီးပွားရေး အများအပြားကို လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု ရှုမြင်ခံရသည်။ စီးပွားရေးမျှခြေမညီခြင်းကိုလည်း တူနီးရှားခေါင်းဆောင်က မဖြေရှင်းနိုင်ဖြစ်နေခဲ့သည်။

၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် ၎င်း၏ စီးပွားရေးအား အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ဈေးပေါပေါလုပ်သားများ ပေါ်သာအဓိကထားသည့် တူနီးရှားနိုင်ငံမှာ ကြီးမားသောစိန်ခေါ်မှုများနှင့် ကြုံတွေ့ရတော့သည်။ နိုင်ငံတကာဝယ်လိုအားကလည်း ကျုံ့လာသည်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများလည်း လျော့နည်းလာပြီး ကုန်သွယ်ရေးလိုငွေပြမှုလည်း မြင့်တက်လာသောအခါတွင် နိုင်ငံ၏ လိုငွေပြမှုမှာ ဂျီဒီပီ၏ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိလာခဲ့သည်။

ထိုအတောအတွင်းမှာပင် နေ့ကွေးလာသည့် စီးပွားရေးအခြေအနေက နိုင်ငံ၏ အလုပ်အကိုင်ရရှိမှုအနေအထားကို ပိုမိုဆိုးရွားစေခဲ့သည်။ စီးပွားရေးပညာရှင်များ၏အဆိုအရ နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ တရားဝင်ကြေညာထားသည့် ၁၄ ရာခိုင်နှုန်းထက် အများကြီးပိုများသည်ဟုဆိုပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိမည်ဟုပင် ခန့်မှန်းကြပါသည်။ ယင်းမှ အလုပ်လက်မဲ့ ၃၀ ရာခိုင်နှုန်းမှာ တက္ကသိုလ်ဘွဲ့ရများဖြစ်သည်။ ဥရောပနိုင်ငံများတွင် ကြွေးမြီပြဿနာပေါ်လာခြင်းကလည်း တူနီးရှားနိုင်ငံ၏ စီးပွားရေးအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။ ဥရောပငွေကြေးယူရိုနှင့် ချိတ်ဆက်ထားသည့် တူနီးရှားနိုင်ငံသုံးငွေ ဒိုင်နာ၏တန်ဖိုးမှာ ၁၀ ရာခိုင်နှုန်းခန့်တန်ဖိုးလျော့ကျသွားခဲ့ရာ နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအား အကြီးအကျယ်အထိနာစေခဲ့သည်။



၂၀၁၀ ခုနှစ် ပထမဆယ်လအတွင်း တူနီးရှားနိုင်ငံ၏ စားသုံးသူဈေးနှုန်းညွှန်းကိန်း(CPI)သည် ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ယင်းမှာ ၂၀၀၉ ခုနှစ်ညွှန်းကိန်း ၃ ဒသမ ၄ ရာခိုင်နှုန်းထက် ပို၍များသည်။ ယင်းအတွက်ကြောင့်ပင် အစားအစာ၊ အိမ်ရာနှင့် စက်သုံးဆီဈေးနှုန်းများ တစ်ဟုန်ထိုးမြင့် တက်လာခဲ့ပြီး လူထုမကျေမနပ်မှုများကိုဖြစ်ပေါ်လာစေခဲ့သည်။ ထိုအချိန်မှာပင် လာမည့် ၂၀၁၄ခုနှစ် တွင် ၎င်း၏ ခြောက်ကြိမ်မြောက်သက်တမ်းအတွက် ရွေးချယ်ခံတော့မည်မဟုတ်ကြောင်းနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အရေးများ ပိုမိုဖန်တီးပေးမည်ဟု မစ္စတာဘင်အလီက ပြောဆိုအာမခံခဲ့သော်လည်း ရဲတပ်ဖွဲ့နှင့်ကန့်ကွက်ဆန္ဒပြသူများအကြား ငြိစွန်းမှုများဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၇၀ ကျော်သေဆုံးခဲ့ပြီး ဆယ်စုနှစ်ပေါင်းများစွာ တည်တည်ငြိမ်ငြိမ်ရှိခဲ့သည့် တိုင်းပြည်အား မုန်တိုင်းအတွင်း သက်ဆင်းစေပါတော့သည်။

မစ္စတာဘင်အလီ ထွက်ပြေးသွားပြီးနောက် လစ်လပ်နေသည့် နိုင်ငံရေးအာဏာကို ကွက်လပ်ဖြည့်ရန်မှာ အချိန်ယူရလိမ့်မည်ဟု နိုင်ငံရေးခွဲခြမ်းစိတ်ဖြာသူများက ဆိုပါသည်။ အာဏာရှင်ဆန်ဆန်အုပ်ချုပ်သူဘင်အလီ ထွက်ပြေးသွားခြင်းမှာ တူနီးရှားနိုင်ငံအတွက် ခေတ်သစ်ထူထောင်နိုင်မည့်အခွင့်အရေးဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လမ်းညွှန်မြေပုံမရှိသော ခရီးတစ်ခုကိုလျှောက်လှမ်းရသည်နှင့်လည်း တူပါလိမ့်မည်။


ခေါင်းဆောင်ဟောင်းဘင်အလီ နိုင်ငံမှ ထွက်ပြေးပြီး လစ်လပ်နေသည့် နိုင်ငံရေးအာဏာကို ဖြည့်ဆည်းရန် နိုင်ငံ၏ ပါလီမန်အကြီးအကဲနှင့် ဝန်ကြီးချုပ် ဦးဆောင်၍ အစိုးရတစ်ရပ်ဖွဲ့စည်းခဲ့ခြင်းမှာလည်း အဆင်မပြေဖြစ်နေပါသည်။ ညီညွတ်သောအစိုးရဖွဲ့စည်းပြီး နောက်တစ်ရက်မှာပင် အစိုးရအဖွဲ့မှ ဝန်ကြီးလေးဦး နုတ်ထွက်ခဲ့သည်။ သို့ဖြစ်ရာ အစိုးရအဖွဲ့အစည်းအဝေးခေါ်ယူရေးမှာ မရေမရာဖြစ်နေသည်။ ဆန္ဒပြသူများ လမ်းပေါ်ပြန်ရောက်လာသည်။

ထိုအတောအတွင်းမှာပင် အာရပ်နိုင်ငံများအဖွဲ့ချုပ်ကြီးကလည်း တူနီးရှားနိုင်ငံရှိ နိုင်ငံရေးအင်အားစုများအား ငြိမ်းချမ်းရေးထိန်းသိမ်းရန်နှင့် နိုင်ငံအားအကျပ်အတည်းမှ ဆွဲထုတ်ကြရန် တိုက်တွန်းပြောကြားကြသည်။ အာရပ်အဖွဲ့ချုပ်အကြီးအကဲကလည်း ဒေသတွင်း ခေါင်းဆောင်များအား တူနီးရှားနိုင်ငံကြုံတွေ့ခဲ့ရသည့် စီးပွားရေး ပြဿနာများကို သင်ခန်းစာယူရန် တိုက်တွန်းပြောကြားပြီး ယင်းသို့သောအရေးကိစ္စများမှာ အခြားအာရပ်နိုင်ငံများတွင်လည်း ရှိနေသည်ဟုပြောကြားသည်။

တူနီးရှားနိုင်ငံတွင် တော်လှန်ရေးအနေဖြင့် ဖြစ်ပေါ်နေသည့် အကြောင်းအရာမှာ ထိပ်သီးဆွေးနွေးပွဲတွင် ပြောဆိုဆွေးနွေးနေသည့် အကြောင်းအရာများနှင့် များစွာမကွာခြားကြောင်း၊ ထိပ်သီးဆွေးနွေးပွဲတွင်လည်း စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအရေးကိစ္စများကို ဆွေးနွေးနေခြင်းဖြစ်ကြောင်း Arab League အဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်အာမေးမော်ဆာက အီဂျစ်နိုင်ငံ ရှမ်အယ်ရှိတ်အပန်းဖြေစခန်း အစည်းအဝေးပွဲတွင် ပြောကြားပါသည်။

*—Ref: Xinhua/Internet*

CHICKEN SOUP



# ဘား တန်း ခို ခြင်း

အိန်ဂျယ်လင်း

ကျွန်မရဲ့အသက် ၁၆ နှစ်အရွယ်သားကြီးက သူ့အခန်းတံခါးဝမှာ ရိန်းဘားဆွဲတဲ့ တန်းတစ်ခုကို ချိတ်ဆွဲထားတယ်။ ဒီဘားတန်းက သူ့ရဲ့ ယောကျ်ားပီသမှုသင်္ကေတ၊ သူ့ကိုယ်သူ ပြင်ပကမ္ဘာလောကကြီးနဲ့ ဆက်သွယ်တဲ့နေရာမှာ သူ့ခွန်အားကိုပြသတဲ့အဆောင်အယောင်တစ်ခုဖြစ်ပုံရပါတယ်။ ဒီဘားတန်းကို သူ့ညီအငယ်ကနှစ်သစ်ကူးလက်ဆောင်အဖြစ် သူ့အစ်ကိုကို ဝယ်ပေးထားတာလေ။ ဒီဘားတန်းဝယ်ပြီးကတည်းက သူတို့ညီအစ်ကိုနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မပြီးမဆုံးနိုင်အောင်ပြိုင်ကြတော့တာပါပဲ။ ဒီအိမ်မှာ မိန်းမသားဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတော့ သူတို့နှစ်ယောက်ရဲ့ ဟာကျူလီခွန်အားတွေကို ကျွန်မကိုအိမ်မှုကိစ္စတွေကူညီလုပ်ကိုင်တဲ့နေရာမှာ သုံးကြဖို့လည်း နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်ဖို့ကြိုးစားရတာပေါ့။ ကျွန်မကသူတို့ကိုလျှော်ပြီးသားအဝတ်တွေသယ်ဖို့ခိုင်းချင်ပေမယ့် သူတို့က သူတို့အာရုံနဲ့သူတို့ ကျွန်မကိုတောင်ဂရုစိုက်မိပုံမပေါ်ကြပါဘူး။ ဟိုတစ်နေ့ကလည်း သားကြီးအခန်းထဲကို ကျွန်မဝင်ကြည့်တော့ သူ့အခန်းက အားကစားရုံတစ်ခုလိုမျိုးအနံ့တောင်ထွက်နေပါတယ်။

ကျွန်မသားအငယ်ကလေးက ကျွန်မလက်မောင်းကိုလာတွဲခိုပြီး ကျွန်မက သူတို့ဘားတန်းကိုတစ်ကြိမ်ဆွဲခိုပြလို့ပူဆာပါတယ်။ 'မင်းရှူးနေသလား' လို့ကျွန်မကပြန်ပြောလိုက်ရတယ်။ ကျွန်မမှာ ဒီဘားတန်းကို တစ်ခါခိုဖို့ဆိုတာ ဘယ်လိုမှ မတတ်နိုင်ဘူးမဟုတ်လား။ ကျွန်မရဲ့ သားနှစ်ယောက်စလုံးက သူတို့ရှေ့မှာ ဘားတန်းတစ်ကြိမ်ခိုမပြရင်အခန်းထဲကပြန်မထွက်ရဘူးလို့ခြိမ်းခြောက်ကြပါတယ်။ ပြီးတော့သူတို့နှစ်ယောက်စလုံးလက်တွေဆန့်တန်းပြီး ကျွန်မကို ကာထားကြတယ်လေ။ ကျွန်မလည်း တစ်ကြိမ်လောက်တော့စမ်းကြည့်မှဖြစ်တော့မယ်လို့ဆုံးဖြတ်လိုက်ရတယ်။

တကယ်တမ်း ဘားတန်းကို လှမ်းခိုကြည့်လိုက်တော့ ကျွန်မလက်မောင်းတွေ တဆတ်ဆတ်တုန်ခါနေတာကို သတိထားမိတယ်။ ကျွန်မပုံစံက ဘယ်လိုမှ လုပနိုင်မှာမဟုတ်ဘူးလေ။ ကျွန်မ ကိုယ့်ခန္ဓာကိုယ်ကို ဆွဲမကြည့်ဖို့ကြိုးစားတဲ့အခါ မျက်လုံးတွေကခေါင်းနောက်ဘက်ကို လိမ့်သွားတယ်လို့တောင်ထင်ရတယ်။

"အမေကလည်းကြိုးစားကြည့်စမ်းပါဗျာ။ တစ်ခါလောက်ပဲ" လို့ သားကြီးက အားမလို အားမရအားပေးတယ်။ ကျွန်မလည်း ကြိုးစားတာမှ ပုတီးစေ့လောက်ရှိတဲ့ ချွေးသီးတွေ နဖူးကနေ တောက်လျှောက်ကျတဲ့ အထိပဲ။ ကျွန်မသား နှစ်ယောက်စလုံးက ဘားတန်းမှာ တွဲလောင်းကြီးဖြစ်နေတဲ့ ကျွန်မပုံစံကိုကြည့်ပြီး အားရပါးရရယ်ကြတယ်။ ကျွန်မဟာ တန်းပေါ်မှာ ခေါက်ဆွဲဖတ်ကြီးတင်နေသလို ပုံပျက်ပန်းပျက်ဖြစ်နေမှာပေါ့။ သူတို့ကတော့ ကျွန်မခန္ဓာကိုယ်ကို ဘားတန်းပေါ်ကိုဆွဲမတင်နိုင်မချင်း အော်ဟစ်အားပေးနေကြလေရဲ့။ ကျွန်မလည်း နောက်ဆုံးရှိသမျှအားတွေနဲ့ မခံချင်စိတ်ကိုဖျစ်ညှစ်ပြီးအားစိုက်လိုက်တာ မေးစေ့ဘားတန်းကိုကျော်တဲ့အထိ အောင်မြင်သွားခဲ့တယ်။ "အမေအခုလိုမျိုးအပေါ်ရောက်သွားတဲ့အထိ တစ်နေ့တစ်ကြိမ် ခိုရမယ်" လို့ သားငယ်ကလေးကပြောတယ်။ "ဒါမှအမေသန်မာလာမှာပေါ့" လို့ သူကဆိုလိုက်သေးတယ်။ "အေးအေးကောင်းပါပြီ"လို့ ပြီးစလွယ်ပြောပြီး သူတို့နှစ်ယောက်ရန်ကလွတ်အောင် ကျွန်မအိပ်ခန်းထဲကို အမြန်ပြေးဝင်လိုက်ရတယ်။ ကလေးတွေရှေ့မှာ ကျွန်မရဲ့ မသန်စွမ်းမှုကို ထုတ်ပြရသလိုဖြစ်တဲ့အတွက် ရှက်သလိုလိုလည်း ခံစားရတယ်။

ဒါပေမဲ့ သားငယ်ကလေးက နေ့တိုင်းကျွန်မဘားတန်းတစ်ကြိမ်အောင်အောင်မြင်မြင်ခိုနိုင်အောင်လာစောင့်ကြည့်ပြီးအတင်းလုပ်ခိုင်းတယ်။ ကျွန်မလည်း သူ့ကိုကတိပေးမိသလိုဖြစ်နေတော့ နေ့တိုင်းသူကျေနပ်အောင် ဘားတန်းတစ်ကြိမ်တော့ဆွဲပြရတယ်။ အဲဒီလိုနဲ့ နောက်ပိုင်းကျတော့ ဒီဘားတန်းကို ဆွဲရတာ အစကလောက်အားမစိုက်ရတော့သလို ခံစားလာရတယ်။ နောက်တစ်ဆင့်မှာ ကျွန်မဟာ ကလေးတွေကျောင်းသွားတဲ့အချိန်တွေမှာပါ တိတ်တိတ်ကြိတ်ပြီး ဘားတန်းခိုတာကို ကိုယ့်ဘာသာလေ့ကျင့်နေမိတယ်။ ကျွန်မရဲ့ တိုးတက်မှုကို အားရလောက်တော့မှ သူတို့ အံ့အားသင့်သွားအောင်ကြွားလိုက်မယ်ဆိုတဲ့အကြံနဲ့ပါ။

ကျွန်မလို အသက်အရွယ်နဲ့တော့ သားကလေးတွေလို အကြိမ်ရေအများကြီးဆွဲနိုင်လိမ့်မယ်လို့တော့ကျွန်မမထင်ဘူးပေါ့။ ဒါပေမဲ့ လုံးလုံးမဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့ကိစ္စတစ်ခုကို စွမ်းဆောင်နိုင်လိုက် တဲ့အတွက် ကိုယ့်ဘာသာကိုယ်တော့ အလွန်စိတ်အားတက်ကြွမိတာပေါ့။

နောက်ဆုံးတော့ အသက် ၅၀ ကျော်အရွယ်မှာ ဘားတန်းကို ဆယ်ခါလောက်ဆက်တိုက်ခိုနိုင်တဲ့အဆင့်အထိကျွန်မရောက်လာတယ်လေ။ တကယ်တော့ ချွေးနည်းနည်းနဲ့ စိတ်အားတင်းမှုနည်းနည်းသာရှိရင် မဖြစ်နိုင်ဘူးဆိုတဲ့ကိစ္စ အတော်များများဟာ အကောင်အထည်ပေါ်လာနိုင်တယ်ဆိုတာကို လက်တွေ့ ကိုယ်တွေ့ကြုံလိုက်ရတာပဲလေ။ ဒါကြောင့် ကြိုးစားလို့ထွက်တဲ့ ချွေးဆိုတာ အောင်မြင်မှုရဲ့ ရေမွှေးပဲလို့ ဆိုကြတာပေါ့ရှင်။ ။

*Ref: 'Raising the Bar' by Natalie June Reilly*

# တွက်ကိန်းမှားခြင်း

နန်းနွယ်


ဆီဝယ်ရန် တန်းစီနေသူများ။
ဓာတ်ပုံ-မျိုးမင်းဦး

မနေ့က လွတ်လပ်ရေးနေ့မို့ ဆီမထုတ်ဖြစ်ပါ။ ဒီနေ့တော့ ဆီထုတ်သွားရမည်။ ဒီနေ့ ဆီထုတ်ပြီးရင် မနက်ဖြန် တစ်ရက်နားရမည်။ ဆီကအရင်လို နေ့တိုင်းထုတ်မပေးတော့ပါ။ ဆိုင်ကယ်တစ်စီးကို နှစ်ရက်မှတစ်ခါသာ ထုတ်ပေးတော့သည်။ အရင်က ဆိုင်ကယ်တစ်စီးကို တစ်ဂါလန်နေ့တိုင်း ပုံမှန်ထုတ်ခွင့်ရှိသည်။ ဆီထုတ်ဈေးမှာ တစ်ဂါလန်နှစ်ထောင့်ငါးရာဖြစ်ပြီး အပြင်မှာ ပြန်သွင်းလျှင်သုံးထောင့်ငါးရာရသည်။ ဆီတစ်ဂါလန်ကို တစ်ထောင်မြတ်သည်။ အိမ်အတွက် အပိုဝင်ငွေရရန် မမောမပန်းနေ့တိုင်း ဆီတိုးထုတ်ဖြစ်နေသည်။ ဆီတိုးထုတ်ရသည့်ဒုက္ခကို ဆီထုတ်သောသူသာသိသည်။ အရင်လို ဆီထုတ်စာရွက်ကလေးထပ်ပြီး ထုတ်ရတာမျိုးမဟုတ်တော့ပါ။ ဆိုင်ကယ်နှင့်လူ တစ်ခါတည်း တိုးထုတ်ရသည်။ ဆိုင်ကယ်ပြရသည်။ ဆီထုတ်တိုင်းဆိုင်ကယ်နှင့်တိုးရသည်မှာ ခက်ခဲလှသည်။ ဆီတစ်ဂါလန် တစ်ထောင်အမြတ်ရရေးအတွက် ဆိုင်ကယ်တစ်စီးနှင့်တစ်စီး တိုးထုတ်ရသည်။ ဆီတိုးထုတ်တိုင်းဆိုင်ကယ်နာမှာ စိုးလို့ဆီထုတ်ဖို့အတွက် ဆိုင်ကယ်ဒူးကာတွေကိုပင် ဖြုတ်ထားရသည့်အတွက် ဆီရရေးအတွက် ဆီထုတ်ပေးသော ခြံဝင်းထဲသို့ နံနက် ၉ နာရီလောက်က သွား၍တန်းစီရသည်။ ၁၁ နာရီနောက်ပိုင်းဆီထုတ်မပေးတော့ဘဲ ထမင်းစားနားကြသည်။ ထမင်းစားပြီး ၁ နာရီ နောက်ပိုင်းမှ ပြန်လည်ထုတ်ပေးသည်။ ညနေပိုင်းဆီရရေးအတွက် ၂ နာရီအတွင်း ဆီထုတ်ပေးသည့် ခြံဝင်းအတွင်း အရောက်တန်းစီရသည်။ ၂ နာရီကျော်ရင်တော့ အဝင်ပေါက်တံခါးကို ပိတ်လိုက်တော့သည်။ ဆီထုတ်ရသည်မှာ ဘယ်လောက်ပင်ဒုက္ခများ အပြင်ထက် တစ်ဝက်ဈေးချိုသဖြင့် တန်းစီသူမနည်းပေ။ တန်းစီသူတွေထဲတွင် နန်းတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ နန်းတို့အိမ်တွင် ဆိုင်ကယ်နှစ်စီးရှိသည်။ ဆိုင်ကယ်တစ်စီး ဆီတစ်ဂါလန်၊ နှစ်စီးဆိုတော့ နှစ်ဂါလန်ရရေးအတွက် မနက်ရော ညနေပိုင်းပါ နန်းဆီတိုးထုတ်ဖြစ်ပါသည်။

ဆိုင်ကယ်ဆီတစ်ဂါလန် ပြန်ရောင်းလျှင် တစ်ထောင်မြတ်သည်။ နှစ်ဂါလန်ဆိုတော့ နန်းအတွက်နှစ်ထောင်ကျန်သည့်အတွက် လက်ရှိအရောင်းဝန်ထမ်းအလုပ်ကိုစွန့်ပြီး ဆီထုတ်ရောင်းခဲ့သည်။ နန်းအလုပ်မှာ တစ်လသုံးသောင်းရသည်။ တစ်လလုံး နားရက်မရှိဆင်းရသည်။ တစ်ရက်နားရင်တစ်ထောင်ဖြတ်သည့်အတွက် နန်းစိတ်ညစ်မိသည်။ နန်းလုပ်သက်က နှစ်နှစ်ရှိပါပြီ။ သို့သော် နန်းကိုလစာတိုးပေးဖို့ တစ်ခါမှ မပြောသည့်အတွက် နန်းစိတ်ကုန်မိသည်မှာအမှန်။ ဆိုင်ကယ် ဆီထုတ်ရောင်းလျှင် တစ်စီး တစ်ထောင်အမြတ်ရသည်။ နှစ်စီးဆိုတော့ နှစ်ထောင်မြတ်သည်။ တစ်လဆိုလျှင် ခြောက်သောင်းအမြတ်ရသည်။


7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ဆုတ်ယုတ်ခြင်းကို ဘာသာရေးနှင့် ကုစားပါ

ဇော်ဝင်းမောင်(အောင်ပန်း)

နေ့က လူငယ်နှစ်ဦး စကားပြောနေသည်ကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။ တစ်ဦးသောလူငယ်က သူ့သူငယ်ချင်းကို "ပိုက်ဆံမပါဘူးလား" ဟု မေးရာ ကျန်လူငယ်က "အိမ်ကဘဲကြီး(သူ့အဖေကို ဆိုလိုခြင်းဖြစ်သည်)က ငါ့ကို ပိုက်ဆံမပေးဘူးကွ။ ဒါနဲ့ငါလည်း အိမ်ကလူတွေအလစ်မှာ အံဆွဲထဲက ပိုက်ဆံတွေခိုးလာခဲ့တယ်"ဟု ပြန်လည်ဖြေကြားလေသည်။ မိမိဖခင်ဖြစ်သူကို "ဘဲကြီး" ဟု သားကိုယ်တိုင်က ခေါ်ဆိုခြင်းသည် ယဉ်ကျေးသော အသုံးအနှုန်းဟုဆိုနိုင်ပါမည်လား။

ကျွန်တော်တို့မြို့တွင် မြို့ပေါ်ရှိ ရပ်ကွက်သူရပ်ကွက်သားများသုံးစွဲနိုင်ရန် လမ်းဆုံကျသောနေရာများတွင် ရေဘုံပိုင်များကို မြို့ရေရရှိရေးအဖွဲ့က လိုက်လံတပ်ဆင်ပေးထားသည်။ အဆိုပါ ရေဘုံပိုင်များကြောင့် လူအများရေသုံးစွဲရတာအဆင်ပြေစေသည်။ မြို့ရေရရှိရေးအဖွဲ့၏ စေတနာကို လေးစားမိလေသည်။



ကျွန်တော်တို့မြို့တွင် ရေဝယ်ယူသုံးစွဲမည်ဆိုပါက ရေပေါချိန်တွင်တစ်ပီပါလျှင် ကျပ်သုံးရာနှင့်အထက်ရှိပြီး ရေရှားချိန်တွင်မူ ကျပ်ထောင်ဂဏန်းအထိရှိတတ်သည်။ ရေဘုံပိုင်ကြောင့် ရေအဆင်ပြေနေချိန်တွင် လက်သရမ်းသောသူအချို့ကြောင့် စိတ်မချမ်းမြေ့ဖြစ်ရပြန်သည်။ အမည်မသိသူတို့က ရေဘုံပိုင်ခေါင်းကို ရိုက်ချိုးထားကြသည်။ ရေလာချိန်ဆိုလျှင် ရေက ပိတ်စရာခေါင်းမရှိ။ ဒလဟော ကျနေတတ်သည်။ ရေလာချိန် ရေခပ်သူမရှိလျှင်ရေများ လမ်းပေါ်သို့ အလဟဿ စီးသွားကြကုန်သည်။

လူတစ်ဖွဲ့က အများကောင်းကျိုး ဆောင်ရွက်ပေးသကဲ့သို့ အခြားအဖွဲ့က အများပိုင်ပစ္စည်းကို ဖျက်ဆီးပစ်ကြသည်။ ကမ္ဘာကြီးသည် ဖွံ့ဖြိုးတိုးတက်နေသည်။ ဆက်သွယ်ရေးစနစ်များက ကမ္ဘာ့တစ်နေရာနှင့် တစ်နေရာကို စက္ကန့်မဆိုင်း ဆက်သွယ်၍ရနေသည်။

ဤနေရာမှ သတင်းအဖြစ်အပျက်တစ်ခုသည် ကမ္ဘာအနှံ့အပြားသို့ လျင်မြန်စွာပျံ့နှံ့သွားနိုင်သည်။ လူ့အသုံးအဆောင်ပစ္စည်းများကလည်း နေ့စဉ်နှင့်အမျှ အသစ်အဆန်းများ ပေါ်ပေါက်နေသည်။ မီးဖိုချောင်သုံးပစ္စည်းများမှသည် ဖျော်ဖြေရေးကဏ္ဍပစ္စည်းအဆုံး လိုက်မမီလောက်အောင် အသစ်အဆန်းတွေ ပေါ်များလှသည်။

ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်ကောင်းမွန်ဆန်းပြားလာသကဲ့သို့ လူတို့၏ စိတ်ဓာတ်များလည်း ပိုမိုတိုးတက်ကောင်းမွန်လာသင့်ပေသည်။ လူတစ်ဦးတစ်ယောက်မှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး စိတ်ဓာတ် ကောင်းမွန်မှန်ကန်မှ သာယာချမ်းမြေ့ဖွယ်ကောင်းသော ကမ္ဘာကြီးဖြစ်လာပေမည်။

လူအချို့က ရုပ်ဝတ္ထုပစ္စည်းများကို ပိုမိုတိုးတက်ခံစားရရှိစေရန် ကြိုးစားလုပ်ဆောင်ကြရင်း စိတ်ဓာတ်တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ဖို့ မေ့နေကြပုံရလေသည်။ မိမိအမြတ်ငွေရရှိရေးအတွက် တစ်ဖက်လူအပေါ် နှိပ်ကွပ်ဝယ်ယူတတ်ကြသည်။ တစ်ဖန် လူငယ်အချို့က ချောင်းဆိုးပျောက်ဆေးရည်ကို မူးယစ်ဆေးဝါးအဖြစ် တလွဲအသုံးပြုသည်။

ထို့ပြင် မိမိကျေးဇူးရှင်ဖခင်ကို 'ဘဲကြီး' ဟုခေါ်ခြင်းသည် ခေတ်ဆန်သည်၊ ခေတ်မီသည်ဟု ထင်နေသော်လည်း 'အဂါရဝတရား' ဖြစ်နေသည်ကိုပင် မသိနိုင်ဖြစ်နေလေသည်။ ကျွန်တော်၏ဘဝအတွေ့အကြုံအရ ဘာသာရေးနှင့် စိမ်းနေသူ၊ ဘာသာရေးကို အလေးမထားသူတို့သည် သူတို့၏ ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးလိမ္မာရန် ကြိုးစားရမှန်းမသိသူဖြစ်နေတတ်သည်။

ဘာသာရေးနှင့် ကင်းဝေးနေသူများသည် အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်မှုနည်း၍ စရိုက်ကြမ်းတမ်းတတ်သည်။ မကောင်းမှုလုပ်ရန် ဝန်မလေးတတ်။

ထို့ကြောင့် ထိုသို့မဖြစ်စေရန်အတွက် လူတိုင်း လူတိုင်း ဘာသာရေးနှင့် အဆုံးအမတရားများကို လေ့လာလိုက်နာကျင့်သုံးသင့်ပေသည်။ ဘာသာရေးအဆုံးအမများကို လိုက်နာကျင့်သုံးသူသည် ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးလိမ္မာရုံမျှမက ကိုယ်ချင်းစာတရားထားတတ်လာလေသည်။ ဤစိတ်ထားသည်ပင်လျှင် လူမှုဝန်းကျင်အတွက် အရေးအကြီးဆုံးအချက်များထဲတွင် တစ်ချက်အနေဖြင့် ပါဝင်နေသည်ဟုဆိုရပါမည်။

ထို့ပြင် ဗုဒ္ဓတရားတော်များထဲမှ (၃၈)ဖြာမင်္ဂလာတရားတော်သည် လူသားအားလုံး လိုက်နာကျင့်သုံးသင့်သော တရားတော်မြတ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်များပါ လိုက်နာကျင့်သုံးနိုင်ပေသည်။

ဤသည်ကား ဘာသာရေးအဆုံးအမများကို လေ့လာလိုက်စားပြီး လိုက်နာကျင့်သုံးခြင်းသည် အခြေခံလူမှုအဖွဲ့အစည်းတစ်ခုလုံးကို ကောင်းမွန်ရာသို့ ပို့ဆောင်ပေးခြင်းဖြစ်ပါသည်။ ဆုတ်ယုတ်ခြင်းသည် ဖြစ်လာမည်မဟုတ်ဘဲ ဝိဇ္ဇာသိပ္ပံအကျိုးနှစ်ဖြာ ညီညီမျှမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးရင်း တိုးတက်လာနေပေမည်ဟု ယုံကြည်မိပါကြောင်း။ ။

## JOKE

### ဆုချမလို့

မျက်မမြင်တစ်ဦးသည် သူ၏ လမ်းညွှန်ခွေးအားကိုင်စွဲ၍ လမ်းလျှောက်လာသည်။ တစ်နေရာတွင် ကားရှုပ်သောလမ်းအားဖြတ်ကူးရန် ခွေးအားတည်ပေးလိုက်သည်။ ခွေးကလည်း လမ်းပေါ်မှာ ကားတွေရှုပ်နေတာကို ဂရုမစိုက်တော့ဘဲ လမ်းကိုဖြတ်ကူးသည်။ လမ်းပေါ်တွင် ကားဘရိတ်အုပ်သံများ တာယာတရွတ်ဆွဲသံများ ဆူညံသွားပါတော့သည်။

နောက်ဆုံးတွင် မျက်မမြင်သည် သူ၏လမ်းညွှန်ခွေးနှင့်အတူလမ်းတစ်ဖက်ဘေးကင်းရာ ပလက်ဖောင်းပေါ်သို့ ရောက်သွားပါသည်။ ထိုအခါမျက်မမြင်က သူ့အိတ်ထဲမှာ ကွတ်ကီးမုန့်ကို ထုတ်၍ ခွေးကိုကျွေးပါ၏။ သူတို့လမ်းကူးလာတာကို အစအဆုံး ရပ်ကြည့်နေသည့် လမ်းသွားလမ်းလာတစ်ဦးက အံ့သြသွားပြီး

"ဒီခွေးကြောင့် ကားတိုက်ခံရမလိုဖြစ်တာတောင် ခင်ဗျားက ကွတ်ကီး မုန့်ဆုချီးမြှင့်ရသေးတယ်လို့ဗျာ" ဟု ဝင်ပြောလိုက်သည်။ ထိုအခါမျက်မမြင်က လူစိမ်းဘက်ကို စောင်းငဲ့လိုက်ပြီး "အင်း ဒီကောင့် ခေါင်းနဲ့ဖင်ကိုခွဲခြားဖို့ မုန့်ကျွေးတာဗျ။ ဒါမှကျုပ် ဒီကောင့်ဖင်ကို ပိတ်ကန်လို့ရမှာလေ" ဟု ဆိုပါတော့သည်။

### သိသလား

စမစ်သည် နိုင်ငံခြားသွားရန် လေဆိပ်တွင် အိတ်များကို အစစ်ဆေးခံနေရာ သူ၏ခရီးဆောင်အိတ်ကို စစ်ဆေးနေသူက အခုလို မေးပါ၏။

"တစ်ယောက်ယောက်ကများ ခင်ဗျား အိတ်ထဲကိုပစ္စည်း တစ်စုံတစ်ရာ ခင်ဗျားမသိအောင် ထည့်လိုက်သေးလား"။ စမစ်လည်း ကျွဲမြီးတိုသွားပြီး "ကျုပ်မသိအောင် ထည့်ထားရင် ကျုပ်က ဘယ်လိုလုပ်သိမှာလဲ" အိတ်ကို စစ်ဆေးသူကမူ ခပ်ပြုံးပြုံးနှင့်ပင် "အဲဒါကြောင့်မို့ ကျွန်တော်တို့က မေးတာပေါ့" ဟု ဆိုပါလေ၏။

## စာ (၃၁)တွက်ကိန်းမှားခြင်း မှ

အိမ်အတွက် သုံးဖို့ဆီချန်ထားရင်တော့ တစ်လငါးသောင်းကျန်သည့်အပြင်အိမ်နှင့် မခွဲမခွာနေရသည်။ သူများ မျက်နှာလည်းကြည့်စရာမလိုသည့် ကိုယ်ပိုင်အလုပ်ဟုတွက်ကာနန်းပျော်ပျော်ကြီးအလုပ်ထွက်၍ ဆီတိုးထုတ်ခဲ့သည်။ အခုတော့နန်းတွက်ကိန်းမှားသွားပြီဟုထင်သည်။ ဆိုင်ကယ်တစ်စီးကို တစ်ရက်ခြား တစ်ဂါလန်ထုတ်ပေးသည်အထိ နန်းအတွက်တွက်ခြေကိုက်သေးသည်။

ဆိုင်ကယ်နှစ်စီးရှိသည့်အတွက် တစ်နေ့ တစ်ဂါလန်ရသည့်အတွက် နန်းရသည့်လစာနှင့်စာလျှင် ကိုက်သေးသည်။ အတွေးပေါင်းများစွာဖြင့် ဆီထုတ်ရန် အိမ်မှဆိုင်ကယ်စီး၍ ဆီထုတ်ပေးသောခြံဝင်းအတွင်းသို့ သွားနေမိသည်။ ထုံးစံအတိုင်း ဆိုင်ကယ်တန်းစီပြီးရှေ့သို့ရောက်ရန် သူ့ထက်ငါ တိုးနေမိသည်။ "ဟာ. . တော်ပြီ။ နောက်ဆို ဆီလာမတိုးတော့ဘူးကွာ။ ဆိုင်ကယ်နာတယ်။ အချိန်ကုန်တယ်"တဲ့။ နန်းရှေ့ကပြောသောစကားသံများဖြစ်သည်။ ထိုစကားရဲ့ အဓိပ္ပာယ်ကို နန်းနားမလည်ပါ။ နန်း ဆီမြန်မြန်ထုတ်ရရေးအတွက် တစ်စီးနှင့်တစ်စီးတိုးနေကြရင် ဆီထုတ်လျှင် ဆီထုတ်ကတ်ပြားတင်ရသည့်ကောင်တာသို့ အရောက်မှာတော့ စောစောက နန်းရှေ့ကလူတွေပြောသော စကားလုံးတွေကို နန်းကိုယ်တိုင် သဘောပေါက်ရသလို စိတ်ဓာတ်တွေလည်း ကျသွားမိသည်အထိပင်။ နန်းရဲ့ ဆုံးဖြတ်ချက်တွေမှားသွားသည်။ 'အလိုကြီးအရနည်း၏' ဆိုသော စကားသည် နန်းအတွက် ပြောခဲ့သောစကားဟု ထင်မိသည်။ အခုတော့ ဆီထုတ်ရောင်းရင် ရမည့်အမြတ်ငွေကို မက်မောပြီး အလုပ်ထွက်မိသည့် နန်းအဖို့ ခုတော့. . အလုပ်လက်မဲ့ဖြစ်သွားသည်အထိပင်။ အခုတော့ နန်းမလုပ်ချင်သောသူများဆိုင်တွင် လခစားအလုပ်တစ်ခု အမြန်ပြန်ရှာတော့မည်။ နန်းမလုပ်ချင်သည့်အလုပ်ကို ပြန်လုပ်ရန် အသိပေးလိုက်သောစာတန်းလေးကတော့ '၅-၁-၂၀၁၁ ဗုဒ္ဓဟူးနေ့မှစ၍ ဆိုင်ကယ်တစ်စီးလျှင် ဆီ(½)ဂါလန်သာ ထုတ်ပေးမည်' တဲ့။ အခုတော့ ဆီတိုးထုတ်ရသည့် ဒုက္ခနဲ့ အလိုကြီးအရနည်းသည်များကို နန်းရဲ့ကိုယ်တွေ့နော် ကိုယ်တွေ့ဟုသာ အော်လိုက်ချင်တော့သည်။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅

7Day News Hotline : 73032006

Business
7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ကားများအရစ်ကျဖြင့် ရောင်းချမှုတွင်ကျယ်လာ

ဇာဇာနီ၊ အိဖြူမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၂၁

ပြည်တွင်းကားဈေးကွက်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလာပြီးနောက်ပိုင်း၌ ပြည်တွင်း ကားထုတ်လုပ်သူများသည် ကားပြပွဲများ ပြုလုပ်၍အရစ်ကျရောင်းချမှုတွင်ကျယ်လာကြောင်း ပြည်တွင်းကားထုတ်လုပ်သူ လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ယခင်နှစ်များက ကားပြပွဲများတွင် ပြည်တွင်းထုတ်ကားများကိုဈေးနှုန်းလျှော့ချ၍ ရောင်းချခဲ့သည်။ ထိုအချိန်တွင် ပြည်တွင်းကားဈေးကွက်၌ ကားဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေခဲ့သည်။

ယခုနှစ်ဆန်းပိုင်းတွင် ကားပြပွဲများတွင် အရစ်ကျရောင်းချမှုများရှိလာခဲ့သည်။ ဇန်နဝါရီပထမပတ်တွင် ပါရမီစိန်ဂေဟာ၌ ပြုလုပ်ခဲ့သော အားမာန်သစ်ကုမ္ပဏီ၏ ကားအရောင်းပြပွဲနှင့် ဇန်နဝါရီ ၂၁ ရက်တွင် တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်နေသော ကားနှင့်ဆက်စပ်ပစ္စည်းအရောင်းပြပွဲတွင်လည်း ကားများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ထူးခြားမှုမှာ ယခုနောက်ပိုင်းရောင်းချသောဇုန်ကားများမှာ လူကြိုက်များလာသော ဗိမ်ခံကားများ အများဆုံးဖြစ်သည်။

"အရင်တုန်းက အရစ်ကျမရောင်းပေးဘူး။ ပြပွဲမှာ ထူးထူးခြားခြားဖြစ်အောင်လို့ ဈေးလည်းချထားသလို အရစ်ကျလည်းရောင်းချဖြစ်တာပါ။ နောက်ပိုင်းမှာလည်း အရစ်ကျရောင်းချသွားမှာပါ" ဟု ရမ္မာကားထုတ်လုပ်ရေးမှ အထွေထွေမန်နေဂျာ ဦးတင့်လွင်က ပြောသည်။

ထိုကားကုမ္ပဏီမှ ထုတ်လုပ်သောကားများကို ပထမဆုံးကားတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းငွေပေးချေပြီး ကျန်သည့် ငါးဆယ်ရာခိုင်နှုန်းကို အရစ်ကျစနစ်ဖြင့် လစဉ် ဆယ်ရာခိုင်နှုန်းစီပေးသွင်းရမည်ဖြစ်ကာ ပထမငါးဆယ်ရာခိုင်နှုန်းပေးချေစဉ် ကားထုတ်ပေးမည်ဖြစ်သည်။ နောက်ဆုံးငွေချေပြီးပါက ကားပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများကို ပေးချေသွားမည်ဟု သိရသည်။ အချို့ကားကုမ္ပဏီများသည်လည်း ပထမဆုံး အရစ်ကျပေးချေရမည့် ပမာဏကို လေးဆယ်ရာခိုင်နှုန်း သတ်မှတ်ကြသည်။

ထိုကဲ့သို့ အရစ်ကျငွေပေးချေမှုနှင့် ရောင်းချသော ကားရောင်းချမှုကို ကားဝယ်သူများက စိတ်ဝင်စားကြသည်။ သို့သော် ယခုလက်ရှိဖြစ်ပေါ်နေသော နိုင်ငံခြားငွေဈေးနှင့် တွက်ချက်ပါက ရောင်းချနေသည့်ဈေးနှုန်းများမှာ မြင့်မားနေသေးကြောင်း ကားဝယ်သူများကဆိုသည်။

"ကားက တခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့မတူဘူး။ ငွေအိပ်တယ်။ ဒါပေမဲ့ အခုလို အရစ်ကျရောင်းပေးတော့လည်း စိတ်ဝင်စားတယ်။ ဘာလို့လည်းဆိုရင် အတိုးလည်းပေးစရာမလိုဘူး။ နိုင်ငံခြားကတင်သွင်းတဲ့ကား အတိုင်း ၅(ဂ) လိုင်စင်ထုတ်ပေးတယ်။ ဒါ့ကြောင့် ဝယ်ချင်တာ နိုင်ငံခြားငွေကတော့ ဆက်တိုက် ကျနေတော့ မတန်ဘူး။ ပြီးတော့ ပြည်ပကားကုမ္ပဏီပိုဝင်လာမယ်ထင်တယ်။ ကားကတော့ ဈေးကျဦးမယ်လို့ထင်တယ်" ဟု ကားပြပွဲသို့ လာရောက်သော အသက် ၃၅ နှစ်အရွယ်ကားဝယ်သူတစ်ဦးကပြောသည်။

ယခုလက်ရှိအရစ်ကျ စနစ်ဖြင့်ရောင်းချနေသော ကုမ္ပဏီနှစ်ခုမှာ ရမ္မာကားထုတ်လုပ်ရေးနှင့် အားမာန်သစ် ကားထုတ်လုပ်သည့်ကုမ္ပဏီများဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က တပ်မတော်ခန်းမတွင် ပြုလုပ်ခဲ့သော ကားပြပွဲတွင်လည်း ကားစီးရေတစ်ရာကျော်ခန့် ရောင်းချခဲ့သည်ဟု သိရသည်။



ကားနှင့်ဆက်စပ်ပစ္စည်းပြပွဲတွင် ပြသထားသော ကားများကိုကြည့်ရှုနေသူများ(အပေါ်)၊ ပြပွဲတွင်ပြသထားသော ကားများနှင့် မော်ဒယ်များ(အောက်)။ ဓာတ်ပုံ - အောင်အောင်



## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၄၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၅၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၈၃၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၆၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၆၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၉၃၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၁၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၀၀၇၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၉. ၈၇၁၇ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၄၁. ၀၀၀ |
| ရေနံစိမ်း | စည် | ၉၇. ၆၀၀ |
| ငွေ | ၁ အောင်စ | ၂၇. ၄၂၇ |
| ကြေးနီ | ပေါင် | ၄၃၀. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၇၄၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇန်နဝါရီ ၂၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ရွှေဝယ်သူ နည်းနေဆဲ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ-၁၉

ပြည်တွင်းရွှေဈေးကွက်တွင် ရွှေဈေးနှုန်းမှာ အကျဘက်၌ ရှိနေသောကြောင့် ဈေးကွက်အတွင်း ယခုတစ်ပတ်လည်း အေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၃၆၁ ဒေါ်လာမှ ၁,၃၇၁ ဒေါ်လာထိ ၁၀ ဒေါ်လာ ပြန်တက်ခဲ့သည်။

သို့သော် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၅,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးနှုန်းပြောင်းလဲမှုရှိသည်။ ထို့ကြောင့် ယခုရက်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၃၁,၅၀၀ ကျပ်မှ ၆၃၆,၅၀၀ ကျပ် ထိ ဈေးတက်လာသည်။

ထိုအတူ ၁၅ ပဲရည် ရွှေဈေးမှာလည်း တစ်ကျပ်သားလျှင် ၅၉၉,၀၀၀ ကျပ်ထိ ဈေးတက်ခဲ့သည်။

"အရောင်းအဝယ်က ဈေးအကျဘက်ရှိလို့ဆိုပြီး အရမ်းအသွက်ဘူး။ ဈေးက ကျတာကြာပြီဆိုတော့ ပြန်ထုတ်တာလည်း သိပ်မများတော့ဘူး။ ဒီရက်ပိုင်းမှာ ၅,၀၀၀ ကျပ်လောက် အတက်ရှိတော့ ဝယ်တဲ့သူရှိလာတယ်" ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိအနေအထားအရ ရွှေဈေးနှုန်းမှာ ဈေးအတက်အကျ ခန့်မှန်းရန် ခက်ခဲနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

သို့သော် ဈေးဆက်ကျမည်ဆိုပါကလည်း ၆၂၀,၀၀၀ ကျပ်အောက် မရှိနိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ပြင်ဦးလွင်၌ ၂၀၁၁တွင် ဟိုတယ်သစ်များစွာတိုးလာမည်

နေလင်းအောင်

**ရန်ကုန်၊ ဇန်နဝါရီ- ၁၆**

ပြင်ဦးလွင်မြို့တွင် ယခုနှစ်အတွင်း အဆင့်မြင့်ဟိုတယ်ငါးခုခန့်ထပ်မံပေါ် ထွက်လာရန်ရှိရာ လာမည့်နှစ်တွင်ဟိုတယ်လုပ်ငန်းပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်ကြောင်း ပြင်ဦးလွင်မြို့ခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်နေသူများကပြောသည်။

လက်ရှိပြင်ဦးလွင်မြို့၌ တစ်ဦးလျှင် တစ်ရက်တည်းခို ၄,၀၀၀ ကျပ်ရှိသည့် တည်းခိုဆောင်များမှ တစ်ရက် ကျပ်တစ်သိန်းပေးရသည့် ဟိုတယ်များအထိရှိနေပြီး တည်းခိုခန်းအဆင့်ပင်ရှိသည့် အများစုမှာ ဟိုတယ်အမည်ခံ၍ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ ပြင်ဦးလွင်တွင် တည်းခိုခန်း၊ ဟိုတယ်နှင့် အင်းများအား လုပ်ငန်းအလိုက် လိုင်စင်ချထားပေးသော်လည်း နိုင်ငံခြားသားဧည့်သည်များ လက်ခံခွင့်မရှိသည့် တည်းခိုခန်းများမှာ လက်ခံလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

"ဒီနှစ်ထဲမှာ ပိုများလာတာပါ။ တချို့ဆိုရင် ငွေရင်းတတ်နိုင်တာနဲ့ အဆောက်အအုံအဟောင်းကိုပြင်ပြီး တည်းခိုခန်းတို့ အင်းတို့ လုပ်လာကြတယ်။ အဓိကတော့ ဒီမှာက နယ်မြို့ဆိုပေမယ့်ဟိုတယ်တွေကဝင်ငွေကောင်းတော့ လုပ်လာကြတာ။ နောက်ပြီးပွဲတော်ရက်ကလည်း တစ်နှစ်ကိုလေးငါးကြိမ်ရှိတော့ အဲဒီကာလမှာ ဟိုတယ်တွေက ဧည့်သည်မနိုင်ဘူး။ အခုဒီနှစ်ထဲမှာဆို ဈေးကြီးတဲ့ ဇိမ်ခံဟိုတယ်တွေဖွင့်ဖို့ရှိနေတယ်"ဟု ပြင်ဦးလွင်နာရီစင်အနီးမှ တည်းခိုရိပ်သာပိုင်ရှင်တစ်ဦးက ပြောသည်။

"မြို့ထဲမှာ ပိုဆိုးတယ်။ လားရှိုးလမ်းမကြီးပေါ်မှာဆို နှစ်အိမ်ခြား၊ သုံးအိမ်ခြားလောက်မှာကို တည်းခိုခန်းတွေပေါ်လာတယ်" ဟုလည်း မြို့ခံတစ်ဦးဖြစ်သူ ဒေါ်ဝင်းမြင့်က ပြောသည်။



မြို့လယ်တွင်သာမက ပြင်ဦးလွင် ဓာတ်တော်ချိုင့်ရေတံခွန်တွင် အက်ဖ်အမ်ကုမ္ပဏီမှ ဆောက်လုပ်ထားသည့် ဟိုတယ်ကိုလည်း ထူးကုမ္ပဏီမှ ပြန်လည်လွှဲပြောင်းရယူလိုက်ပြီး ယင်းဟိုတယ်ကို ယခုနှစ်အတွင်း ဖွင့်လှစ်ရန်ရှိကြောင်းလည်း မန္တလေးတိုင်းဒေသကြီးဟိုတယ် လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးခင်မောင်ဆွေက ပြောသည်။

"ဒီနှစ်ကတော့သေချာပါတယ်။ ပြင်ဦးလွင်မှာမှမဟုတ်ဘူး။ တစ်နိုင်ငံလုံးကို ဟိုတယ်လုပ်ငန်းတွေကောင်းမယ့် အချိန်ဆိုတော့ ၂၀၁၁ က ဟိုတယ်နှစ်လို့ ပြောလို့ရတယ်။ ပြင်ဦးလွင်မှာက ဒီနှစ် ဟိုတယ်အကြီးစားတွေ ထပ်ပေါ်လာဦးမှာပါ"ဟု လက်ရှိအခြေအနေကို ဦးခင်မောင်ဆွေက သုံးသပ်ပြောကြားသည်။

ပြင်ဦးလွင်မြို့သည် နွေရာသီကာလ၊ သင်္ကြန်နှင့် ပြင်ဦးလွင်ဗိုလ်လောင်းသင်တန်းဆင်းပွဲနှင့် ပန်းပွဲတော်များကြောင့် အခြားမြို့များထက်နှစ်စဉ် မြို့ပေါင်းစုံမှ ဧည့်သည်ဝင်ရောက်မှု မြင့်မားလာခြင်းကြောင့် ယခုကဲ့သို့ ဟိုတယ် လုပ်ငန်းများပြားလာရခြင်း ဖြစ်ကြောင်း ပြင်ဦးလွင်ဘူတာကြီးမှ အရာရှိတစ်ဦးကဆိုသည်။

"ဒီမြို့မှာက ပွဲတော်ကာလတွေဆိုရင် ဘာပွဲလာလာဟိုတယ်တွေကဧည့်သည်မနိုင်တော့ဘုန်းကြီးကျောင်းတွေတောင် မနေရဘူး။ ဧည့်သည်တွေကဘုန်းကြီးတွေကိုလျှောက်ပြီး ကပ်သပ်နေကြတာ။ အဲဒီအချိန်ဆိုတချို့မြို့ထဲက အိမ်ကြီးတွေဆို ဧည့်သည်ဆောင်လေးတွေလုပ်ပြီး အိပ်စရာငှားရတဲ့အထိကို ဖြစ်လာတယ်" ဟု မြို့ခံဆိုင်ကယ် ကယ်ရီသမားတစ်ဦးဖြစ်သူကိုကြည်ခိုင်ကပြောသည်။

အချို့ တည်းခိုခန်းများမှာ ပန်ကာတစ်လုံးတပ်ဆင်ထားပြီး ရေချိုးခန်းအိမ်သာတွဲလျက်မပါဝင်ဘဲနှင့်ပင် ကျပ်တစ်သောင်းနှင့်အထက် ရယူနေမှုများ ရှိနေကြောင်းလည်း ယင်းမြို့သို့ ၃ လ တစ်ကြိမ်ကွင်းဆင်း၍ ဆေးဝါးဖြန့်ဖြူးရေး လုပ်ကိုင်နေသည့် အင်န်ဂျီအို ဝန်ထမ်းတစ်ဦးကလည်းပြောသည်။


ထူးကုမ္ပဏီ၏ Governor House အပါအဝင် Green Park, Tiger ၊ ဝင်းယူနတီ၊ နန်းမြိုင် စသည်ဖြင့် အဆင့်မြင့်ဟိုတယ် ၂၀ ခန့်ရှိသည်။ ဟိုတယ်၊ တည်းခိုခန်းအများစုမှာ ၂ နှစ်ခန့်အတွင်း အများဆုံး ဖွင့်လှစ်လာခြင်းဖြစ်သည်။ လာမည့်သင်္ကြန်အတွက် အနယ်နယ်အရပ်ရပ်မှ အခန်းကြိုတင်မှာယူမှုများဖြင့် ပြည့်နေပြီဟုဆိုသည်။






# 7DAY BOOK REVIEW

## ပါရာဒိုင်းလက်ခုပ်သံနှင့်မျိုးဆက်တို့၏ခေတ်များ




ယနေ့ခေတ်လူငယ်များအတွက်ရည်ရွယ် ထုတ်ဝေလိုက်သည့် ဆောင်းပါးစုစည်းမှုစာအုပ် ဖြစ်သည်။ လူငယ်လူရွယ်များတွင်ထားအပ်သော ဘဝစံချိန်စံညွှန်းများ၊ အတွေးအခေါ် အသိအမြင်များကို စာရေးသူတို့၏ အတွေ့အကြုံ တစ်စိတ်တစ်ဒေသနှင့် မွန်ရည်သောစေတနာဖြင့် စာရေးသူ ၂၂ ဦးက စုစည်းရေးသားထားသည်။ သစ္စာနီ၊ လေးကိုတင်၊ ဦးတင်ဦး (ကျူရှင်)၊ လူထုစိန်ဝင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ မြတ်ဆွေ၊ မောင်ခိုင်လတ်၊ ခင်မြဇင်၊ မိုယ်းဇော်၊ တင့်ခိုင်၊ ဖြူဖြူဝင်း(မြန်မာစာ)၊ မောင်သာချို၊ စိုးမြင့်လတ်၊ ခင်မေသစ်၊ ဒေါက်တာမောင်သင်း၊ အောင်တက်လူ၊ ဝင်းထွဋ်ဇော်၊ သန်းစိုးနိုင်၊ ဘုန်းသက်ပိုင်၊ စိုးဦး (ဒဿန)၊ ကြူးနှစ်၊ ဆူးငှက် အစရှိသည့် ကလောင်ရှင်များ၏ ပင်ကိုရေးနှင့်ဘာသာပြန် ဆောင်းပါးများကို ဖတ်ရှုရမည်ဖြစ်သည်။

လူငယ်များအတွက် ရည်ရွယ်ရေးသားအပ်သော စာကောင်းပေမွန်များပီပီ ဆောင်းပါးတိုင်း၊ ဆောင်းပါးတိုင်း အလေးနက်ထားဖတ်ထိုက်သော စာအုပ်ဖြစ်ပါသည်။ တက်ကျမ်းလို၊ ကြီးပွားချမ်းသာရေးကျမ်းလို လမ်းညွှန်မထားသောအတွေ့အကြုံနှင့်ယှဉ်သည့် စာရေးဆရာတို့၏စာများ ဖြစ်၍ တစ်ပုဒ်ဆို တစ်ပုဒ်တွေးတောဆင်ခြင်စရာ အသိအမြင်များပါသော စာများဖြစ်ပေသည်။ ဥပမာအားဖြင့် သစ္စာနီ၏ လူငယ်နှင့်တန်ဖိုး ဆောင်းပါး၌ "ကျွန်တော်တို့အဘိုးများ (သျှောင်ထုံးထားသူများ) နှင့်ကျွန်တော်တို့အဖေများ (ဘိုကေထားသူများ) ကြားစစ်ခင်းမှုသည် ကျွန်တော်တို့အဖေများနှင့်ကျွန်တော်တို့ ဆံပင်အရှည်ထားသူများအကြား စစ်ခင်းမှုနှင့် ဘာများကွာခြားမှု ရှိပါသနည်း။ ကျွန်တော်တို့သားများ (ဆံပင်ရှည်ထားသူများ) နှင့်ကျွန်တော်တို့မြေများ (ဆံပင်အရောင်ဆိုးသူများ၊ ပန့်ကေ၊ အီမိုကေ) ထားသူများအကြား စစ်ခင်းမှုနှင့် ဘာများကွာခြားမှု ရှိပါသနည်း' ဟုဖော်ပြထားပြီး ဦးတင်ဦး (ကျူရှင်)၏ စကားလက်ဆောင်၌ ဘဝပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ "မိမိဘဝမှာ မကောင်းသည့်အကျိုးရလဒ်တွေနှင့်ချည်း ကြုံလာရသည့်အခါမျိုးတွင် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရမည်။ မကောင်းတာတွေ ဖြစ်နေခြင်းသည် မမှန်တာတွေ လုပ်နေခဲ့သောကြောင့်ဖြစ်နိုင်သည်။ ဆန်းစစ်ရာ၌ ယခင်တွေးမြင်နေကျ ရှုထောင့်မျိုးမှကြည့်၍ ဆန်းစစ်ခြင်းမပြုဘဲ အခြားရှုထောင့်ကကြည့်ပြီးဆန်းစစ်ကြည့်မှ အမှန်ကိုတွေ့မည်။ မိမိ၏ အတွေးအကြံ၊ အလုပ်အကိုင်များ မမှန်ကြောင်းတွေ့လျှင် အမှန်ရောက်အောင် ပြင်ရဲရမည်။ ပြင်ရဲသည့် သတ္တိရှိလာသည်နှင့် တစ်ပြိုင်နက် ပြောင်းလဲမည့် လမ်းကြောင်းပေါ်သို့ ခြေတင်ပြီးဖြစ်တော့သည်' ဟုဖော်ပြပါရှိသည်။ ထို့ပြင် မောင်ခင်မင် (ဓနုဖြူ) ၏ နဖူးပေါ်မှ အမာရွတ်ကလေး သုံးခုတွင်မဟော်သဓာဇာတ်တော်လာ ကေဝဋ္ဋပုဏ္ဏား၏ နဖူးမှအမာရွတ်၊ ရာဇာဓိရာဇ်အရေးတော်ပုံပါ ဗျည်းနွဲ့၏ ဓားချက်ကြောင့် ဗညားနွဲ့ နဖူးကွဲခြင်းနှင့် စာရေးဆရာစောဦး၏ 'နဖူးပေါ်က အနာရွတ်ကလေး' ဝတ္ထုတိုပါ "သတ္တိဆိုတာ ကိုယ်သိပ်လုပ်ချင်တဲ့ဟာကို မလုပ်ဘဲ ထိန်းချုပ်လိုက်နိုင်တာပဲကွ" ဆိုသော စကားတို့အပေါ် ဆက်စပ်၍ဆင့်ပွားအတွေးပေးထားသည်ကိုဖတ်ရမည်ဖြစ်သည်။ ကဗျာဝါသနာရှင်၊ လူငယ်များအတွက် ကဗျာဆရာမိုယ်းဇော်၏ ကဗျာရေးစလူငယ်များသို့ဆောင်းပါး၌ ယနေ့ မြန်မာ ကဗျာဆရာတို့၏ ဖြတ်သန်းရပ်တည်မှုကို သိရှိနားလည်နိုင်ပြီး ကျူးဘားတော်လှန်ရေးသူရဲကောင်း ချီဂွေဗားရား၏ မျိုးဆက်၊ ချီဂွေဗားရား၏ သမီးနှင့်မြေးယောက်ျားလေးတို့က ယနေ့ကျူးဘားနိုင်ငံအပေါ် ထားရှိသည့်သဘောထားအမြင်ကို သန်းစိုးနိုင်၏ ချီ-ဟီလ်ဒါ-ကာနက်မျိုးဆက်တို့၏ ခေတ်များ ဆောင်းပါး၌ဖတ်ရှုရမည်ဖြစ်သည်။ လူငယ်များအတွက်ယခုစာအုပ်ကို ခေတ်ပြတိုက်စာပေမှ တန်ဖိုး ၂,၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ငှက်လို၊ လေယာဉ်လို ပျံနိုင်မယ့်ယာဉ်တွေ

နှစ်ပေါင်း ၃၀ နီးပါးကြာအောင် အမှားအယွင်းမျိုးစုံနှင့် အခက်အခဲများစွာရှိသော လမ်းခရီးကို ဖြတ်သန်းခဲ့ပြီးနောက် နယူးဇီလန်အခြေစိုက်ကုမ္ပဏီတစ်ခုသည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကုန်ကျမည့် Jetpack ထုတ်လုပ်မှုကို စတင်မိတ်ဆက်ခဲ့ပြီး ကမ္ဘာ့ပထမဆုံးအဖြစ် အခကြေးငွေဖြင့်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

Jetpack ကိုကြည့်လိုက်လျှင် သိပ္ပံဆန်းကြယ်ဇာတ်လမ်းများထဲမှ ယာဉ်တစ်ခုနှင့်တူသယောင်ရှိပြီး ဆန်းဆန်းပြားပြားတီထွင်ထားသည့် အဆိုပါယာဉ်မှာအမြင့် ၁. ၅၂ မီတာ၊ အကျယ် ၁. ၆၇ မီတာရှိပြီး အမြင့်ပေ ၂၄၀၀ မီတာခန့်အထိ ပျံသန်းနိုင်သည်ဟုဆိုသည်။ Jetpack ယာဉ်သည်ဆီတိုင်ကီတွင် ဆီအပြည့်နှင့်ဆိုပါက အမြန်နှုန်းတစ်နာရီ ၆၀ ကီလိုမီတာနှုန်းဖြင့် မိနစ် ၃၀ ကြာပျံသန်းနိုင်ကြောင်း သိရသည်။ လောင်စာဆီအတွက် ကုန်ကျစရိတ်မှာ မော်တော်ဆိုင်ကယ်သို့မဟုတ်ကားများနှင့်ထပ်တူနီးပါးကုန်ကျနိုင်ဖွယ်ရှိကြောင်းသိရသည်။ Mertin Jetpack အမည်ရှိယာဉ်များမှာ အပျော်သဘောအတွက် ကစားစရာသဖွယ်တီထွင်ခြင်းမျိုးမဟုတ်ဘဲ ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရေးအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ —Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

ဇန် န ဝါ ရီ ၂၆ ရက် မှ ဖေ ဖော် ဝါ ရီ ၁ ရက် အထိ

## ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ဘက်စုံကောင်းသည်။ မိမိရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးဥစ္စာတိုးပွားမည်။ ရန်အခက်အခဲကြားမှ အောင်မြင်မှုများကို ရရှိနိုင်သည်။ လုပ်ငန်းမရှိသူလုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်မည်။ ငွေကြေးကိစ္စများ စနစ်တကျ ဆောင်ရွက်အောင်မြင်မည်။ ကာလအတန်ကြာ စနစ်တကျလက်တွေ့မလုပ်ဖြစ်သည်များကို လုပ်ကိုင်နိုင်မည်။ မိတ်ဆွေ အကြီးအကဲများထံမှ အကူအညီရမည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

လုပ်သမျှ အောင်မြင်မည်။ စိတ်ကူးသစ်များအောင်မြင်မည်။ အရာရာအဆင်ပြေမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းသည်။ တစ်ခုထက်ပိုသော လုပ်ငန်းများကို ကိုင်တွယ်လုပ်ကိုင်နေရမည့်ကာလဖြစ်သည်။ ယခုလအတွင်း အရာရာလျှို့ဝှက်၍မရ။ ကိုယ်လုပ်သမျှပေါ်လွင် ထင်ရှားမည်။ ငွေကြေးကိစ္စအတွက် လူယုံထား၍မရ။ ငွေပေးငွေယူကိစ္စတွင် သတိနှင့်ယှဉ်၍လုပ်ပါ။

## GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ပြဿနာဖြစ်မည်။ ရန်များဝန်းရံနေသည်။ အရာရာသတိရှိရမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ လုံးဝမပြုရ။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာကြီးစွာဖြစ်တတ်သည်။ အနီးကပ်လူဒုက္ခပေးမည်။ မောင်နှမသားချင်း၊ ဆွေမျိုးချင်း စိတ်ဝမ်းကွဲစရာများဖြစ်တတ်သည်။ စာရွက်စာတမ်းလက်မှတ်ရေးထိုးခြင်း တတ်အားသမျှ ရှောင်ပါ။ မိမိတစ်ချက်မှားသည်နှင့် မိမိအောက်နိမ့်သော သူများပင် မိမိကိုအနိုင်ယူသွားမည်။ သူတစ်ပါးကိစ္စ ရုံးရောက်ဂါတ်ရောက် လိုက်လံအာမခံပေးရမည်။

## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ရည်ရွယ်ထားသည်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ မိတ်ကောင်း၊ ဆွေကောင်းအကူအညီရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းနှင့်တိုးတက်မှုကိုရနိုင်သည်။ အလျှုမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့တိုးတက်မည်။ ပျိုရွယ်သူများ အလွန်စန်းပွင့်မည်။ မြှုပ်နှံထားသောငွေမှာ အကျိုးအမြတ်ကောင်းရမည်။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ထူးခြားသော အပြောင်းအလဲနှင့် တိုးတက်မှုကောင်းကိုရနိုင်သည်။ စိတ်ကူးရည်ရွယ်ချက်များ အောင်မြင်မည်။ မိသားစုတွင် မြေ၊ ကား၊ အခန်းအစရှိသော တနလ်ာနံကိစ္စများ ပြောဆိုခြင်း၊ ဆောင်ရွက်ခြင်း အဆင်ပြေမည်။ လုပ်ငန်းခွင်မှ သူများ အလုပ်တိုးတက်မည်။ နေရာအပြောင်းအလဲရှိမည်။ မိမိဆန္ဒနှင့်ညီညွတ်မှုမရှိသော နေရာသို့ပြောင်းရမည်။ အပြောင်းအရွှေ့အား ငြင်းဆန်ရန်မသင့်။ အပြောင်းအလဲနောက်တွင် တိုးတက်မှုများစဉ်ဆက်မပြတ်ရမည်။ ပညာရှာသူများ ထူးခြားစွာအောင်မြင်မည်။ ပြည်ပအတတ်နှင့်ပတ်သက်သော ကံကောင်းသည်။

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အပြောင်းအလဲနှင့် တိုးတက်မှုများဆက်တိုက်ဖြစ်ပေါ်မည်။ ကံမြင့်မည်။ ရည်ရွယ်ထားသည်များ အောင်မြင်မည်။ ပိတ်နေသည့် လမ်းကြောင်းများလည်ပြန်ပွင့်မည်။ ကြန့်ကြာနေသည့်ကိစ္စများအဆင်ပြေမည်။ လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်လုပ်နေသူများ ထူးထူးခြားခြားကံကောင်းမည်။ ပေါ်လာသည့်အခွင့်အရေးများ လက်လွှတ်မပေးရ။ ခရီးကိစ္စစီစဉ် အောင်မြင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ကြိုတင်ပြင်ဆင်ထားသည်က တစ်မျိုး၊ လက်တွေ့ဖြစ်လာသည်က တစ်မျိုးဖြစ်မည်။ အကြံသစ်များ ဆောင်ရွက်ရန်သင့်သည်။ လုပ်ငန်းဟောင်းများရပ်တန့်သွားပြီး လုပ်ငန်းသစ်များ ပေါ်ထွန်းသော ကာလဖြစ်ပါ၏။ နေရာအပြောင်းအလဲရှိမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းမည်။ မြေ၊ ကား၊ အခန်းနှင့်ပတ်သက်သော ကိစ္စများဆောင်ရွက်၍ အဆင်ပြေမည်။ ငွေကြေးအကုန်အကျများမည်။ ပစ္စည်းအပျောက်အရှများမည်။ မိဘ၊ အကြီးအကဲ ကျန်းမာရေး အညံ့ရှိသည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အထူးကောင်းသော ကာလဖြစ်သည်။ စိတ်ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း အလိုရှိရာပြည့်စုံခြင်းများကြုံမည်။ ရည်မှန်းချက်သစ်များ အောင်မြင်မည်။ ခက်ခဲသော ပြဿနာများဖြေရှင်းရမည်။ ငွေကြေးကံကောင်းမည်။ အလွန်စီးပွားတိုးတက်မည်။ နေအိမ်နေရာပြုပြင်ခြင်းပြောင်းလဲခြင်းများ မိသားစုတွင် ဆောင်ရွက်အဆင်ပြေမည်။ မိသားစုတွင် တစ်ကြိမ်တစ်ခါမှ လုပ်ကိုင်ဖူးခြင်းမရှိသော အလုပ်များလုပ်ကိုင်ရမည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ကိုယ့်ကိစ္စထက်၊ သူတစ်ပါးကိစ္စကို အချိန်ကုန်ခံပြီး ဆောင်ရွက်နေရမည်။ မိသားစုအတွက် စိတ်အနှောင့်အယှက်များရှိတတ်သည်။ ခက်ခက်ခဲခဲ ပြဿနာများ ဖြေရှင်းရန်ကြုံတွေ့ရမည်။ လုပ်ငန်းခွင်မှ သူများအဖို့ မိမိကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စအတွက် အချိန်ကုန်ခံပြီး ကူညီရင်းသူတစ်ပါး ရှုပ်ထွေးထားသည့် ပြဿနာများ မိမိထံကူးစက်ရောက်ရှိကာ ဖြေရှင်းရခြင်းမျိုးကြုံမည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အေးချမ်းစွာနေတတ်သော မိမိအားစိတ်တိုခြင်း၊ ရန်ဖြစ်ခြင်းများကို ဖြစ်ထွန်းစေသည့် အနှောင့်အယှက်များ တစ်မျိုးပြီး တစ်မျိုးပေါ်မည်။ အင်္ဂါနံစက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ အကုန်အကျများခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများဖြစ်တတ်သည်။ လုပ်ငန်းဟောင်းများနှင့် လားလားမှမတူသော လမ်းသစ်များပေါ်ထွန်းကာ ကံသစ်ပွင့်၍စီးပွားသစ်တစ်ခုအား စတင်နိုင်သည်။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အထူးကောင်းသည်။ ရည်မှန်းချက်သစ်အောင်မြင်မည်။ မိမိဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက် အောင်မြင်မည်။ ခက်ခဲသော ပြဿနာများဖြေရှင်းနိုင်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ ခရီးကိစ္စဆောင်ရွက် အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ဥစ္စာကံတိုးတက်မည်။ ညာခြေ၊ ညာလက်တွင် မတော်တဆထိခိုက်တတ်၏။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အပြောင်းအလဲနှင့် တိုးတက်မည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ နေရာအပြောင်းအလဲရှိမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ ကာလအတန်ကြာပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့်ပတ်သက်သော ကိစ္စများ၊ လုပ်ငန်းများဆောင်ရွက်အဆင်ပြေမည်။ မိသားစုတွင် နေအိမ်နေရာ၊ လုပ်ငန်းနေရာကိစ္စများ ပြောဆိုဆောင်ရွက်၍ အဆင်ပြေမည်။ မြေ၊ ကား၊ အခန်းကိစ္စ စကားပြောရမည်။


C B BANK (ရုံးချုပ်)
သမဝါယမဘဏ်လီမိတက် (ကျိုင်းတုံဘဏ်ခွဲ) ဖွင့်လှစ်ခြင်း
ဘဏ်လုပ်ငန်း ကိစ္စအရပ်ရပ် နှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းများ အတွက်
ငွေသွင်းငွေထုတ်ခြင်းလုပ်ငန်းများကို အမှတ်(၁၆၅/က)၊ ကျိုင်းငင်း(၁)လမ်း
အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့တွင် ကောင်းမွန်သောဝန်ဆောင်မှု နှင့်
လွယ်ကူလျှင်မြန်စွာဆောင်ရွက် ပေးနေပါသည်။
Tel :(084) 23414
Fax :(084) 235 25, 23523
C B BANK
Kyaing Tong Branch
သမဝါယမဘဏ်လီမိတက်
"သင်တန်ဖိုးထားဆုံးအရာ ကျွန်တော်တို့အတွက်အဓိကပါ။"
"We value what you value most"


SMART
Electronic Dictionary
NEW YEAR
NEW SERIES
Pro-I
01-201283
09-6805270
LONGMAN Dictionary
LONGMAN Dictionary of Contemporary English
Authorized copy right by:
YANGON - No.(204), 1st Floor, Nawarat Center, Corner of 52nd Street & Mahabandoola Road, Pazundaung Township, Yangon. Ph : 01-201283, 09-8592003, 09-8592004
MANDALAY - No. (484), 82nd Street, Between 34th & 35th Street, Mandalay. Ph : 09-680 5270
WE TAKE CARE OF YOUR STUDIES


SHINE CONSTRUCTION CO.,LTD.
Member of Shine Group of Companies
"ရှိုင်း" ကုမ္ပဏီများအုပ်စု ရုံးချုပ် Show Room တွင် 21-1-2011 မှ 27-1-2011 ထိ ကျင်းပပြုလုပ်မည့်
Special Sale Week အရောင်းပွဲတော်တွင်
10% to 30% Discount ရရှိနိုင်မည့်အခွင့်အရေး . . . .
Laptop, Aircon, Electric Oven, LCD
ပွဲတော်ကျင်းပမည့်နေရာ No.29, Ground Floor, Gyo Phyu St, Mingalartaungnyunt Tsp, Yangon, Myanmar.
Tel : Pilot No. 01-385344, 01-385340~4

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.44 · JANUARY 27, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 60,400 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,000 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 120,800 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 100,000 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 251,000 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 55,100 |
| MSI G41M-P33 (775) Motherboard | 53,400 |
| MSI P43- C51 (775) Motherboard | 69,100 |
| MSI H55M-E32 (1156) Motherboard | 83,100 |
| ASUS P7P55D-ELX (775) Motherboard | 135,600 |
| ASUS P7P55-LX (1156) Motherboard | 100,600 |
| ASUS P5P41T-LE (775) Motherboard | 72,600 |
| ASUS P5G41T-MLX (775) Motherboard | 54,300 |
| Gigabyte H55M-S2 (1156) Motherboard | 85,800 |
| Gigabyte EP43-UD3L (1156) Motherboard | 87,500 |
| **Memory** | |
| 1 GB DDR2 (400) Kingston Memory | 40,300 |
| 2 GB DDR2 (800) Kingston Memory | 34,100 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| **Harddisk** | |
| 500 GB Seagate SATA | 39,400 |
| 1TB Seagate SATA | 56,900 |
| 1.5TB Seagate SATA | 77,000 |
| **PCI Express Card** | |
| MSI R4350-MD 1GB DDR2 1GB PCI Express Card | 52,500 |
| MSI N 210 MD1G 1GB D3 PCI Express Card | 63,900 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 84,900 |
| ASUS EAH 5750 Formula 1GB PCI Express Card | 138,300 |
| ASUS ENGT 210 1GB PCI Express Card | 59,500 |
| Gigabyte Geforce 240 OC 1GB DDR5 PCI Express Card | 104,100 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 79,600 |
| Gigabyte 8400 STC 512MB PCI Express Card | 38,500 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8GB | 16,000 |
| Memory Stick Kingston 8 GB | 16,000 |
| Memory Stick Imation 32 GB | 39,400 |
| Memory Stick Toshiba 4 GB | 9,000 |
| Memory Stick Kingston (G3) 4GB | 8,500 |
| Memory Stick Sony 4 GB | 31,000 |
| Memory Stick Adata (C906) 8GB | 17,000 |
| **UPS** | |
| SVC (600VA) | 28,900 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| Power Tree (650 VA) | 37,000 |
| Allways (650 VA) | 32,000 |
| East (650 VA) | 29,800 |
| East (1.2KVA) | 56,900 |
| **DVD Writer** | |
| Sony (SATA) | 26,300 |
| ASUS (SATA) | 28,000 |
| **အိတ်ဆောင်တိပ်ပိငှကအဘိစန်** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၂၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,14.0″ | 490,000 |
| AMD Dual Core 2.2 Ghz 2GB DDR3, 500GB HDD,14.0" | 415,000 |
| **Apple** | |
| Intel Core2Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,006,000 |
| **HP** | |
| Intel Corei3 2.40Ghz 4GB DDR3,500GB HDD,15.6″ | 665,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 275,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 551,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

**TV**

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၅၀၀-၆၀၀ |
| ငရုတ်သီး(ပိန္နဲ) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၃,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ (၂၀) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဧည့်ယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၅၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၂၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၂,၀၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၂,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၅,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၁၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

ဇန်နဝါရီလ (၂၁)ရက်က ကြည့်မြင်တိုင်ဗဟိုစိပ်ပြင်ငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀-၂၁၀ |
| စူဇူကီး ဝက်ဂွန် R+ | | ၇ခ/၉ခ | ၂၀၀ |
| စူဇူကီးR- (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၄၀ | ၃၀၀ |
| မတ်ခ်တူး | ၂၀၀၄ | ၄၀ | ၉၅၀-၉၀၀ |
| မတ်ခ်တူး(ခါတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀-၈၅၀ |
| တိုယိုတာလီမိတက်(ဖင်ကောက်) | ၉၇ | ၅၀/၄၀ | ၄၅၀-၅၀၀ |
| ပါဂျဲရို 46 EFI | ၉၅/၉၆ | ၄၀ | ၉၀၀ |

ဇန်နဝါရီ (၂၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Jan(14) | Jan (15) | Jan (16) | Jan (17) | Jan (18) | Jan (19) | Jan (20) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Premier ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |

Environment
7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ဆောင်းခိုငှက်များ ဖေဖော်ဝါရီလကုန်အထိ လာရောက်နိုင်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

ရာသီဥတုအပြောင်းအလဲကြောင့် မြန်မာနိုင်ငံသို့လာရောက်မှုနောက်ကျခဲ့သောဆောင်းခိုငှက်များသည် ဖေဖော်ဝါရီလကုန်အထိယခင်နှစ်များထက် တစ်လနောက်ကျ၍ လာရောက်ဖွယ်ရှိကြောင်း ရေတိမ်ဒေသနှစ်ခုနှင့် မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အသင်းမှတာဝန်ရှိသူများကပြောသည်။



*အင်းလေးကန်တွင်း ဆောင်းခိုလာရောက်သော ဇင်ရော်ငှက်များကို ဒီဇင်ဘာနောက်ဆုံးပတ်က တွေ့ရစဉ်။*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဆောင်းခိုငှက် ပုံမှန်လာရောက်ချိန်သည် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလနောက်ဆုံးအပတ်မှဇန်နဝါရီလကုန်နှင့် ဖေဖော်ဝါရီပထမအပတ်ထိ လာရောက်လေ့ရှိသည်။

ဆောင်းခိုငှက် ပုံမှန်လာရောက်လေ့ရှိသောရေတိမ်ဒေသဖြစ်သည့် အင်းတော်ကြီးကန်နှင့် အင်းလေးကန်ဘေးမဲ့တောတွင် ဆောင်းရာသီအတွင်းဆောင်းခိုငှက်လာရောက်မှုမရှိသလောက်လျော့နည်းခဲ့သည်။အဝင်တစ်လနောက်ကျခဲ့သည့်အတွက် ဖေဖော်ဝါရီလကုန်အထိပင်ဆောင်းခိုငှက်များ လာရောက်နိုင်သေးကြောင်း သက်ဆိုင်ရာဘေးမဲ့တော နှစ်ခုမှ တာဝန်ရှိသူနှစ်ဦးကခန့်မှန်းပြောကြားခဲ့သည်။

"ဒီလ တော်တော်များများ ရောက်ကြတယ်။ မျိုးစိတ်သစ်ကိုတော့ မတွေ့ရဘူး။ ပြီးခဲ့တဲ့နှစ်တွေက ပင်လယ်စင်ရော်တွေလာတာ တွေ့ရတယ်။ ဖေဖော်ဝါရီလကုန် အထိတော့ စောင့်ကြည့်ရမယ်။ တစ်ခါတလေ စာရင်းကောက်ထားတဲ့ မှတ်တမ်းအရပြောရရင် ပုံမှန် လောက်လာပါတယ်"ဟု အင်းတော်ကြီးကန်ဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နောက်ကျပြီးရောက်တဲ့အတွက် နောက်ထပ်လာဦးမယ်လို့ထင်ပါတယ်။ မျိုးစိတ်စုံစုံလင်လင်မရောက်သေးတာလည်းပါပါမယ်။ ဒီနှစ် နောက်ပိုင်းက အအေးလိုင်းဖြတ်လို့ ပိုရောက်မယ်လို့လည်းပြောလို့မရပါဘူး။ တခြားနိုင်ငံတွေကိုလည်းသွားတာဖြစ်နိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အသင်းမှ အတွင်းရေးမှူးဦးသက်ဇော်နိုင်က ပြောကြားသည်။

အင်းလေးကန်တွင် လာရောက်သော ဆောင်းခိုငှက်များသည် ဆိုက်ဘေးရီးယားဒေသမှ လာရောက်ကြသည်။ အင်းတော်ကြီးကန်သို့ တရုတ်၊ ရုရှားတို့မှ ဆောင်းခိုငှက်များဝင်ရောက်ကြောင်း သိရှိရသည်။

အင်းလေးကန်တွင် ငှက်မျိုးစိတ်စုစုပေါင်း ၂၄၀ ရှိပြီး အင်းတော်ကြီးကန်တွင်ငှက်မျိုးစိတ်ပေါင်း ၄၅၀ ကျော်ရှိသည်။ အင်းတော်ကြီးကန်တွင် နှစ်စဉ်ဆောင်းခိုငှက်နှစ်သောင်းကျော် လာရောက်ဆောင်းခိုကြကြောင်း သက်ဆိုင်ရာ ဘေးမဲ့တောတာဝန်ရှိသူထံမှ သတင်းရရှိသည်။

## Environment Cartoon




# တောက်တဲ့များကို စီးပွားဖြစ် အလွန်အကျွံဖမ်းဆီးပါက ဂေဟစနစ်ကိုထိခိုက်လာနိုင်

**အေးမြကျော်**

**ရန်ကုန်- ဇန်နဝါရီ ၂၁**

တောက်တဲ့များကိုစီးပွားဖြစ် ရောင်းဝယ်ဖောက်ကားခြင်းများကို တွင်ကျယ်စွာပြုလုပ်လာပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နှင့်ကြည့်မည်ဆိုလျှင် တောက်တဲ့မျိုးစိတ်များမျိုးတုံးပျောက်ကွယ်ရန်အထိဖြစ်ပေါ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကပြောကြားသည်။

လွန်ခဲ့သောလက မောင်တောနယ်စပ်တွင်တစ်ဆယ့်ငါးကျပ်သားအရွယ် တောက်တဲ့တစ်ကောင်လျှင်ကျပ်ငွေသုံးသိန်းပေးဝယ်ယူသည်များရှိခဲ့ပြီးနောက် မြန်မာနိုင်ငံအနှံ့အပြားတောက်တဲ့ဖမ်းကာရောင်းချရန်စိတ်ဝင်စားသူအများအပြားရှိလာခဲ့ခြင်းမှာ တောက်တဲ့မျိုးစိတ်ထိန်းသိမ်းရေးအတွက် ကောင်းသောအလားအလာများမဟုတ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံမှဝယ်လိုအားများလာသည့်အတွက်ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့်တင်ပို့နိုင်ရန် ပွဲစားများမှတစ်ဆင့် တောက်တဲ့များကို လိုက်လံဝယ်ယူနေခြင်းဖြစ်ကြောင်းဒေသခံတောက်တဲ့ပွဲစားများထံမှသိရသည်။ (သတင်းဖော်ပြပြီး 7Day News အတွဲ-၉၊ အမှတ်-၃၉)

တောက်တဲ့များ လျော့နည်းလပါကဂေဟစနစ်ကိုထိခိုက်နိုင်ပြီး ဂေဟစနစ်တွင်တောက်တဲ့များလျော့နည်းလာပါက ပတ်ဝန်းကျင်တွင်ဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်ကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်တစ်ဦးကပြောသည်။

"ကွန်ဆာဗေးရှင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေး)အမြင်အရပြောရမယ်ဆိုရင်တော့ စီးပွားဖြစ်အလွန်အကျွံသတ်ဖြတ်တာမျိုးမဖြစ်သင့်ဘူးလို့ထင်တယ်။ဂေဟစနစ်ကိုတစ်နည်းနည်းနဲ့ထိခိုက်စေတယ်"ဟုငင်းက ပြောကြားသည်။ ၎င်းက အကယ်၍ စီးပွားဖြစ်ရောင်းချလိုပါကလည်း သက်ဆိုင်ရာသစ်တောဦးစီးဌာနနှင့် ညှိနှိုင်းကာလုပ်ဆောင်သင့်ကြောင်း ဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံ၌ ကျက်စားသောဇီဝမျိုးစုံမျိုးကွဲအများစုမှာ CITES-မျိုးပြုန်းတီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရသော သတ္တဝါနှင့်သစ်ပင်မျိုးစိတ်များကို ရောင်းဝယ်ဖောက်ကားရေးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာညီလာခံဥပဒေအရ ကာကွယ်ထားသော စာရင်းတွင်ပါဝင်သည်။

# မန္တလေးရှိ ခရီးသွားဇုန်များတွင် ပလတ်စတစ်စွန့်ပစ်မှုလျော့ကျလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

မန္တလေးမြို့အား ပလတ်စတစ်ကင်းစင်ရေးဇုန်အဖြစ်သတ်မှတ်ပြီးနောက်ပိုင်း ယခင်ကပလတ်စတစ်အမှိုက်စွန့်ပစ်မှု အများဆုံးတွေ့ရှိရသောမန္တလေးတောင်၊ ဦးပိန်တံတားနှင့်အင်းဝတို့၌ ပလတ်စတစ်အမှိုက်တွေ့ရှိရမှုလျော့နည်းလာကြောင်း မန္တလေးမြို့အခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများထံမှ သတင်းရရှိသည်။

"အရင်ထက်စာရင်လျော့နည်းလာတယ်။ အဲဒီနားမှာ နေကြတဲ့သူတွေ၊ ဈေးဆိုင်ခန်းတွေပါ သူတို့ရှေ့မှာ အမှိုက်ကောက်သိမ်းနေတာမြင်တော့ဆင်ခြင်လာကြတယ်" ဟု တစ်လတစ်ခါ ပလတ်စတစ်အမှိုက်ကောက်သည့် သဘာဝပတ်ဝန်းကျင်လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မန္တလေးမြို့ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများစုစည်း၍ မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ပလတ်စတစ်အမှိုက်များ စွန့်ပစ်မှုများသော နေရာများတွင် တစ်လတစ်ကြိမ်အမှိုက်ကောက်ခဲ့ကြသည်။ ယင်းတို့အဖွဲ့များစုပေါင်း၍ မန္တလေးတောင်၊ ဦးပိန်တံတားနှင့်အင်းဝတို့တွင် အလှူငွေကျကောက်ယူလျက်ရှိကြသည်။

ယင်းနေရာများသည် ယခင်ကခရီးသွားဧည့်သည်များ လာရောက်မှုများခြင်းနှင့် ဈေးဆိုင်ခန်းများရှိခြင်းကြောင့် ပလတ်စတစ်အမှိုက်စည်းကမ်းမဲ့စွန့်ပစ်မှုများ လျော့ပါးလာစေရေးအတွက် ပလတ်စတစ်အမှိုက်များ၏ ဆိုးကျိုးများကို သိမှတ်စရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မန္တလေးမြို့အခြေစိုက်ဝိုင်အမ်စီအေလူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မန္တလေးမြို့အား ပလတ်စတစ်ကင်းစင်ရေးဇုန်အဖြစ်၂၀၀၉ ခုနှစ် ဇွန်လ ၂၁ ရက်တွင် သတ်မှတ်ခဲ့သည်။ မြို့တော်ဧရိယာအတွင်း ကြွပ်ကြွပ်အိတ်ထုတ်လုပ်မှုကို ၂၀၀၆- ၂၀၀၇ ခုနှစ်တွင် စတင်ပိတ်ပင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။ ၂၀၀၉ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံတားမြစ်ထုတ်ပြန်ခဲ့ပြီး ပလတ်စတစ်ထုတ်လုပ်သည့် စက်ရုံများအား ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်အကြည်အပျော့သားအသုံးပြုရန်ခွင့်ပြုခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော တားမြစ်ချက်တွင် အသုံးပြုခြင်း၊လက်ဝယ်ထားရှိခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ခြင်းတို့အား စစ်ဆေးသိမ်းဆည်းသွားမည်ဟု ကြေညာခဲ့သည်။






Tourism
7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

## အမ်အေအိုင်က ရန်ကုန်-ကွမ်ကျိုးခရီးကို မတ်လမှ စတင်ပျံသန်းမည်ဟုဆို

အောင်သူရ

**ရန်ကုန်၊ ဇန်နဝါရီ-၂၁**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(အမ်အေအိုင်) က မတ်လ ၃ ရက်မှစ၍ ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ တစ်ပတ်လျှင်နှစ်ကြိမ် ပျံသန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းမည်ဖြစ်ပြီး ရန်ကုန်မြို့မှ နံနက် ၈ နာရီ မိနစ် ၄၀ တွင်ထွက်ခွာ၍ ကွမ်ကျိုးမြို့သို့နေ့လယ် ၁ နာရီ ၁၅ မိနစ်တွင်ရောက်ရှိက ကွမ်ကျိုးမြို့မှ နေ့လယ် ၂ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်မြို့သို့ နေ့လယ်၃နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ဈေးနှုန်းမှာ အသွားအပြန်တစ်ကြောင်းစာအတွက် တစ်ဦးလျှင်အမေရိကန်ဒေါ်လာ ၄၄၇ ဝန်းကျင်ရှိကြောင်း ဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ဆိုသည်။

ယခုနှစ်တွင် အမ်အေအိုင်လေကြောင်းလိုင်းသည် လေယာဉ်အသစ်များ ထပ်မံဝယ်ယူထားပြီး ခရီးစဉ်များ တိုးချဲ့ပျံသန်းလျက်ရှိရာ အင်ဒိုနီးရှားနိုင်ငံသို့လည်း ပျံသန်းရန်အစီအစဉ်ရှိကြောင်း ဒေါ်အေးမရသာက ဆက်လက်ပြောကြားသည်။ လက်ရှိတွင် ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူနှင့် အိန္ဒိယနိုင်ငံ ဂယာမြို့များသို့ Air Bus လေယာဉ် ၄ စီးဖြင့် ပျံသန်းလျက်ရှိသည်။

## အထောက်အထားမလိုဘဲကျပ်သုံးသောင်းဖြင့်ထိုင်းအလည်အပတ်ဗီဇာဝန်ဆောင်မှုပေး



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

မည်သည့် အထောက်အထားမှ ပြစရာမလိုဘဲ ငွေကျပ်သုံးသောင်းပေးရုံဖြင့် ထိုင်းနိုင်ငံသို့သွားရောက်လည်ပတ်နိုင်သော အလည်အပတ်ဗီဇာအား ခရီးသွား ကုမ္ပဏီအချို့က ဝန်ဆောင်မှုပေးနေကြောင်း သတင်းရရှိသည်။

ပုံမှန်အားဖြင့် လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်မည့် အလည်အပတ်ဗီဇာ လျှောက်ထားပါကကျပ်ငွေ၁၅သိန်းနှင့်ညီမျှသောပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့် သန်းခေါင်စာရင်း စာရွက်စာတမ်းများ ပေးရသည်။ ထိုင်းနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်မည့်သူများကိုသာ ယင်းကဲ့သို့စာရွက်စာတမ်းများတောင်းခံခြင်းဖြစ်သည်။

ထို့ကြောင့် ထိုင်းနိုင်ငံသို့ အလည်အပတ်သွားရောက်ရန် လေယာဉ်လက်မှတ်ဝယ်ယူထားသူများသည် လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်များမှတစ်ဆင့် လက်မှတ်လျှောက်ထားသူ လျော့နည်းလာပြီး စာရွက်စာတမ်းပေးစရာမလိုဘဲ လျှောက်ထားပေးသော ခရီးသွားကုမ္ပဏီများမှတစ်ဆင့် လျှောက်ထားလာကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲမှ ထိုင်းနိုင်ငံသို့ အလည်အပတ်ဖြင့်သွားရောက်လိုပါက မြန်မာနှင့်လာအိုနှစ်နိုင်ငံသာ ပြည်ဝင်ခွင့် ကြိုတင်လျှောက်ထားရပြီး အခြားသောနိုင်ငံများကမူ ဆိုက်ရောက်ပြည်ဝင်ခွင့် (Visa on Arrival) ဖြင့် သွားရောက်နိုင်သည်။

ထိုင်းနိုင်ငံသို့အလည်အပတ်ဖြင့်လာရောက်သူများအား ၂၀၁၀ပြည့်နှစ်မေလဆန်းမှစ၍ ၂၀၁၁ ခုနှစ်မတ်လလယ်အထိ ၁၁ လကြာ ဗီဇာကြေးကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။




## မန္တလေးမြို့တွင် အဆင့်မြင့် ဟိုတယ်သစ်တစ်ခု

ဦးလွင်

**မန္တလေး၊ ဇန်နဝါရီ-၁၃**

မန္တလေးမြို့တွင်မြန်မာနိုင်ငံသားလုပ်ငန်းရှင်မှ ငွေကျပ်သိန်းပေါင်းကိုးသောင်းကျော် ရင်းနှီးမြှုပ်နှံထားသည့်ဆောက်လုပ်ဆဲ ဟိုတယ်တစ်ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးနေပြီဖြစ်ကာ ယခုနှစ်မတ်လ သို့မဟုတ် ဧပြီလသင်္ကြန်မတိုင်မီဖွင့်လှစ်ရန် စီစဉ်နေကြောင်း၊ ဟိုတယ်ဖွင့်လှစ်ရန် ရည်ရွယ်သောလုပ်ငန်းရှင်ကြီးများကို ဟိုတယ်ဆိုင်ရာ အကြံဉာဏ်များ၊ ဝန်ဆောင်မှုများပေးနေသည့် ကုမ္ပဏီတစ်ခုထံမှ စုံစမ်းသိရှိရသည်။

"ရင်းနှီးထားတာက မြေကွက်မပါဘဲနဲ့တင် အဆောက်အအုံပဲ တန်ဖိုးကျပ် သိန်းသောင်းချီရှိပါတယ်။ ဟိုတယ်အဆင့်က ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်တစ်လုံးဖြစ်လာနိုင်ပါတယ်" ဟု ၎င်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ဖွင့်လှစ်ရန်ပြင်ဆင်နေသည့် အသစ်ဆောက်လုပ်ဆဲ ဟိုတယ်သည် ချမ်းအေးသာစံမြို့နယ်၊ ကံကောက်ရပ်ကွက်၊ လမ်း၃၀၊ ၃၁ လမ်းကြား၊ မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေးတွင် တည်ရှိသည်။ ယင်းဟိုတယ်ကို ဟိုတယ်ရွှေပြည်သာဟု အမည်မှည့်ခေါ်ထားကြောင်း ကံကောက်ရပ်ကွက်နေသူအချို့ပြောသည်။

ယခုလက်ရှိ မန္တလေးမြို့တွင် အဆင့်မြင့်ဟိုတယ်များဖြစ်သည့် ဆီဒိုးနားမန္တလေးဟေလ်ရီဆော့စွမ်း စသောဟိုတယ်များကို နိုင်ငံခြားသားဟိုတယ်လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုအများအပြား ပြုလုပ်ထားသည်။ ထို့ကြောင့် ဟိုတယ်ရွှေပြည်သာ ဖွင့်လှစ်ပြီးပါက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံသားပိုင် ဟိုတယ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသည့် နိုင်ငံသားပိုင်အဆင့်မြင့် ဟိုတယ်တစ်ခု ပေါ်ထွက်လာနိုင်ကြောင်း ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များက သုံးသပ်ကြသည်။



7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# The Cartoon Logo















7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# အင်ဒိုနီးရှားအိမ်အကူများ စင်ကာပူတွင် လစာ ဒေါ်လာ ၄၅၀ အထိရရှိတော့မည်

**စင်ကာပူ၊ ဇန်နဝါရီ - ၁၈**



စင်ကာပူနိုင်ငံတွင် အင်ဒိုနီးရှား အိမ်အကူလုပ်သားအသစ်များ၏ လစာများသည် မကြာမီ စင်ကာပူ ဒေါ်လာ ၄၅၀အထိ တိုးတက်ရရှိတော့မည်ဖြစ်ကြောင်း အာဏာပိုင်များကပြောကြားလိုက်သည်။ ယခုအခါ စင်ကာပူရှိ အဓိက အလုပ်အကိုင်အေဂျင်စီ ၁၇ ခု သည် အင်ဒိုအိမ်အကူများ၏လစာကို မူလ စင်ကာပူဒေါ်လာ ၃၈၀ မှ ၄၅၀ အထိတိုးပေးသွားမည်ဖြစ်ကာ လုပ်သားများအနေဖြင့် ယခုအပတ်တွင်း၌ပင် လစာသစ်ကို ခံစားရတော့မည်ဟုဆိုသည်။ စင်ကာပူနိုင်ငံတွင် ပြီးခဲ့သော နှစ်များအတွင်း အင်ဒိုအိမ်အကူလုပ်သားများ ပြတ်လပ်မှုရှိလာခဲ့ပြီး ယင်းမှာ ဟောင်ကောင်နှင့် တိုင်ပေကဲ့သို့သော နေရာများမှ အိမ်အကူခေါ်ယူမှု မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် စင်ကာပူ အလုပ်အကိုင်အေဂျင်စီများသည် အင်ဒိုမှ အိမ်အကူပို့ဆောင်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ပြဿနာဖြေရှင်းသည့်အနေဖြင့် လစာကောင်းကောင်းပေးကာ ဆွဲဆောင်နေခြင်းဖြစ်သည်။

ယခုအခါ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်နေသည့် အိမ်အကူများ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ အင်ဒိုအိမ်အကူများဖြစ်ပြီး အလုပ်အကိုင် အေဂျင်စီများကလည်း အဆိုပါ အိမ်အကူဈေးကွက်မှာ အားကောင်းလျက်ရှိဆဲဖြစ်ကြောင်း ပြောကြားသည်။

—*Ref: CNA*

# စင်ကာပူအထက်တန်းကျောင်းတစ်ကျောင်းတွင် iPad အသုံးပြု စာသင်ကြားမှုပုံစံပြောင်း

**စင်ကာပူ၊ ဇန်နဝါရီ - ၁၈**

စင်ကာပူနိုင်ငံရှိ အထက်တန်းကျောင်းတစ်ကျောင်းသည် စာသင်ခန်းအတွင်း စာသင်ကြားမှု၊ လေ့လာမှုပတ်ဝန်းကျင်အသစ်ကို ပြောင်းလဲဖော်ဆောင်ရန်အတွက် iPad ကွန်ပျူတာများအသုံးပြုခြင်းကို စတင်နေကြောင်းသိရသည်။ အဆိုပါနန်ယန်း မိန်းကလေးအထက်တန်းကျောင်းသည် ကျောင်းသားများ၊ ဆရာများအတွက် ပေါင် ၆၅,၀၀၀ တန်ဖိုးရှိ iPad လုံးရေ ၁၅၀ ကို ဝယ်ယူထားကြောင်းဆိုသည်။ ကျောင်းသားများသည် စာသင်ရာတွင် ယင်းကွန်ပျူတာသုံး၍ အင်တာနက်ချိတ်ဆက်ခြင်း၊ စာအုပ်များ ဒေါင်းလော့ဒ်လုပ်ခြင်းနှင့် သင်ခန်းစာများရယူခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ကာ ကွန်ပျူတာဖြင့်ပင် မှတ်စုများရေးခြင်း၊ သင်ခန်းစာများ လေ့ကျင့်ခြင်းတို့ကို လုပ်ရမည်ဖြစ်သည်။ အဆိုပါကျောင်း၏ ကျောင်းအုပ်ကြီးရှေဟူယောင်ကလည်း ၎င်းတို့ကျောင်းတွင် စာသင်ရန် iPad ကို ရွေးချယ်ရခြင်းမှာ ကျောင်းသားများအနေဖြင့် သင်ကြားမှု၌ လွတ်လပ်စွာလုပ်ဆောင်နိုင်ပြီး အစဉ်အလာစာသင်ခန်းများကဲ့သို့ ဆရာအပေါ် မှီခိုရမှုကို အစားထိုးနိုင်ခြင်းကြောင့်ဖြစ်ကြောင်းဆိုသည်။

—*Ref: Telegraph*

# ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုတွင် ဝန်ကြီးချုပ်ငုယင်တန်ဒန်း ပြန်လည်ပါဝင်လာ

**ဟန္နိုင်း၊ ဇန်နဝါရီ - ၁၉**

ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်နေသည့် ကွန်မြူနစ်ပါတီညီလာခံ၌ လက်ရှိဗီယက်နမ်ဝန်ကြီးချုပ် ငုယင် တန်ဒန်းသည် ပါတီ၏ ထိပ်တန်း ပေါ်လစ်ဗျူရိုအဖွဲ့တွင် ပြန်လည် ပါဝင်လာခဲ့ကြောင်း ယင်းမှာ ၎င်းအား ဒုတိယအကြိမ်မြောက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခွင့်ပေးရန်ပြင်ဆင်လိုက်ခြင်းနှင့် မူဝါဒအဆက်မပြတ်စေရန် သေချာစေခြင်းဖြစ်ကြောင်း သိရသည်။

ပါလီမန်ခေါင်းဆောင်ငုယင်ဖြူထရောင်ကိုလည်း ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ခန့်အပ်ခဲ့ပြီး ပါတီတွင် ဩဇာကြီးမားသူထရောင်တန်ဆန်နှင့် ဒုတိယဝန်ကြီးချုပ်ငုယင်ဆင်ဟန်းတို့ကိုလည်း ပေါ်လစ်ဗျူရိုအဖွဲ့တွင် ပြန်လည်ရွေးချယ်ခဲ့သည်။ ၎င်းတို့နှစ်ဦးမှာ မစ္စတာငုယင်တန်ဒန်း၏ ပြိုင်ဘက်များအဖြစ် ရှုမြင်ခံရသူများဖြစ်သည်။

နိုင်ငံပိုင်လုပ်ငန်းများအား ပြုပြင်ပြောင်းလဲရေးကဲ့သို့ ကိုင်တွယ်ရခက်ခဲသည့်ကိစ္စရပ်များကို ဖြေရှင်းရင်းမှပင် တည်ငြိမ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် လက်ရှိမူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင့်သုံးမည်ဟု လေ့လာသူများက မျှော်လင့်ထားသည်။

"ကျွန်တော့်အမြင်ကတော့ ဒါဟာ အလွန့်အလွန်တည်ငြိမ်တဲ့ အကူးအပြောင်းဖြစ်ပြီး ခါတိုင်းလိုပဲ အေးအေးဆေးဆေးရှိမယ်ထင်ပါတယ်"ဟု ဗီနာဆီကျူရိတီမှ စီးပွားရေးပညာရှင်အလန်ဖန်က သုံးသပ်ပြောကြားသည်။ ဟိုချီမင်းမြို့ရှယ်ယာဈေးကွက်၏ အခြေခံညွှန်းကိန်းသည်လည်း ၂ ရာခိုင်နှုန်းမြင့်တက်သွားခဲ့သည်။

ပါတီညီလာခံပြီးဆုံး၍ မည်သူ့ကို မည်သည့်နေရာတွင် ခန့်အပ်လိုက်ကြောင်း ရှင်းရှင်းလင်းလင်းရှိလာပြီးနောက် အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်းပြန်ဖြစ်လာဖွယ်ရှိကြောင်း မျှော်လင့်ကြသည်။ —*Ref: Reuters*






7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011





## ၂၀၁၀ အတွင်း ဆိုမာလီပင်လယ်ဓားပြများက ဓားစာခံ ၁ ၁၈၁ ဦးကို စံချိန်တင် ဖမ်းဆီးခဲ့

**ကွာလာလမ်ပူ၊ ဇန်နဝါရီ - ၁၈**

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင်ပင်လယ်ဓားပြများ၏ သင်္ဘောပြန်ပေးဆွဲမှုများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့၍ ၂၀၁၀ ခုနှစ် အတွင်းတွင် စံချိန်တင်အရေအတွက်ဖြစ်ခဲ့သည့် သင်္ဘောသား ၁,၁၈၁ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း နိုင်ငံတကာ ရေကြောင်းသွားလာမှုစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပင်လယ်ဓားပြများသည် သင်္ဘောပေါင်း ၅၃ စီးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ ယင်းတို့အထဲမှ ၄၉ စီးအား ဆိုမာလီယာကမ်းလွန်တွင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် နိုင်ငံတကာရေကြောင်းသွား လာမှုဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခံရသည့် သင်္ဘောနှင့် သင်္ဘောသားအရေ အတွက်မှာ ၁၉၉၁ ခုနှစ် စောင့်ကြည့်လေ့လာမှုများ စတင်ခဲ့သည့် အချိန်မှစ၍ တစ်နှစ်အတွင်း အများဆုံးအရေအတွက်ဖြစ် ကြောင်း ကွာလာလမ်ပူရုံး ဒါရိုက်တာမှူးကွန်ဒန်က ကြေညာချက် တွင်ဖော်ပြသည်။

ဆိုမာလီယာတို့၏ တိုက်ခိုက်မှုကြောင့် သင်္ဘောသား ၁,၀၁၆ ဦး ဓားစာခံအဖြစ် ထိန်းသိမ်းခံရပြီး ပြန်ပေးငွေတောင်းခံမှုရှိခဲ့ ကြောင်းသိရသည်။ ဆိုမာလီယာပင်လယ်ဓားပြများသည် လောလော ဆယ်တွင် သင်္ဘော ၃၁ စီးကို ဖမ်းဆီးထားပြီး နိုင်ငံပေါင်းစုံမှ သင်္ဘောသား ၇၁၃ ဦးကို ထိန်းသိမ်းထားသည်။

ဆိုမာလီနိုင်ငံသည် အာဖရိကတိုက်၏ ဦးချိုဒေသဖြစ်ပြီး ရှည်လျားသည့် ကမ်းရိုးတန်းဒေသတည်ရှိနေ၍ သင်္ဘောသားများ ကို ပင်လယ်ဓားပြများကပြန်ပေးဆွဲရန် များစွာအသုံးဝင်သည်။ ဆိုမာလီယာနိုင်ငံတွင် ၁၉၉၁ အာဏာရှင်အစိုးရပြုတ်ကျပြီးနောက် ပိုင်း ခိုင်မြဲသောအစိုးရမရှိတော့ပေ။ နိုင်ငံတကာစစ်သင်္ဘော များမှာလည်း သင်္ဘောပြန်ပေးဆွဲမှုများကိုကာကွယ်ရန် ကြိုးပမ်း နေရသည်။

—*Ref: AP*

# Leader's Profile

## Acer ကွန်ပျူတာကုမ္ပဏီ တည်ထောင်သူ မစ္စတာစတန်းရှီး

ရဲမင်း



မစ္စတာ စတန်းရှီးသည် တရုတ် (တိုင်ပေ)မှ စီးပွားရေးလုပ်ငန်းရှင် ကြီးဖြစ်ပြီး Acer ကွန်ပျူတာ ကုမ္ပဏီနှင့် အခြားကုမ္ပဏီအများ အပြားကို တည်ထောင်ခဲ့သူဖြစ် သည်။

စတန်းရှီးအား တရုတ်(တိုင် ပေ)၊ ချန်ဟွားစီရင်စု၊ လူကန်းမြို့ နယ်၌ ၁၉၄၄ ခုနှစ် ဒီဇင်ဘာ လ ၈ရက်နေ့တွင် မွေးဖွားခဲ့သည်။ တရုတ် (တိုင်ပေ) အမျိုးသား ချောင်တွန်းတက္ကသိုလ်မှ အီလက် ထရွန်နစ်အင်ဂျင်နီယာဘာသာ ရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ယင်း တက္ကသိုလ်မှပင် ၁၉၇၁ ခုနှစ် တွင် မဟာဘွဲ့ ထပ်မံရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ရှီးသည် Unitron စက်မှု ကော်ပိုရေးရှင်းတွင် စတင်၍ ဝင် ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှာပင် တရုတ်(တိုင်ပေ)၏ ပထမဦးဆုံး စားပွဲတင်ဂဏန်း ပေါင်းစက်အား ဒီဇိုင်းရေးဆွဲ တည်ဆောက်၍ အောင်မြင်စွာ ဈေးကွက်တင်နိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် Qualitron စက်မှုလုပ် ငန်းကော်ပိုရေးရှင်းအား ကူညီ တည်ထောင်ပေးခဲ့ပြီး ကမ္ဘာ့ပထမ ဆုံးဘောပင်နာရီအား တီထွင် ပုံစံ ထုတ်ရာတွင်ဦးဆောင်ခဲ့သည်။ စတန်းရှီးသည် ၁၉၇၆ ခုနှစ်တွင် Multitech နိုင်ငံတကာကော်ပို ရေးရှင်းအား အခြားလက်တွဲ ဆောင်ရွက်သူလေးဦး၊ ၎င်း၏ဇနီး နှင့်အတူ တည်ထောင်ခဲ့သည်။ ယင်းကော်ပိုရေးရှင်းမှာ Acer ကွန်ပျူတာကုမ္ပဏီ၏ ရှေ့ပြေးပင် ဖြစ်ပြီး ၁၉၈၇ တွင် Acer နာမည် ကို ရယူခဲ့သည်။ အမေရိကန် ဒေါ် လာ ၂၅,၀၀၀ ဖြင့် စတင်ခဲ့သော ကုမ္ပဏီအား တစ်ကမ္ဘာလုံးတွင် နာမည်ကျော်လာသည့်တစ်ကိုယ် ရေသုံးကွန်ပျူတာရောင်းချသည့် ကုမ္ပဏီကြီးဖြစ်လာရန် စတန်းရှီး က ဦးဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ် တွင်ကုမ္ပဏီမှ အနားယူသည့် အ ချိန်အထိ Acer ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒေါက်တာစတန်းရှီးသည် အမှတ်တံဆိပ်(Brand) နာမည် ထူထောင်ခြင်းနှင့် ၎င်း၏ အောင် မြင်မှုများအတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုခံရပြီး အဆင့်မြင့် နည်းပညာလုပ်ငန်းတွင် ကျော် ကြားလှသည့် Smiling Curve စီး ပွားရေးပုံစံကို တီထွင်အသုံးပြုခဲ့ သူဖြစ်သည်။

ဒေါက်တာစတန်းရှီးသည် ၎င်း၏ ထူးချွန်မှုများကြောင့် ဆုတံ ဆိပ်အများအပြားရရှိခဲ့ပြီး၊ ၁၉၇၆ ခုနှစ်မှာပင် တရုတ်(တိုင်ပေ)၏ အထူးချွန်ဆုံးလူငယ်ဆယ်ဦးစာ ရင်းတွင် ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် နိုင်ငံတကာ Jaycees အဖွဲ့က ကမ္ဘာပေါ်တွင် အထူးချွန် ဆုံးလူငယ်ဆယ်ဦးစာရင်း ထည့် သွင်းခဲ့သည်။ ၁၉၉၉ ခုနှစ် တွင် နိုင်ငံတကာစီးပွားရေး အကယ် ဒမီက ဒေါက်တာစတန်းရှီးအား ၁၉၉၉ ခုနှစ်အတွက် အထူးချွန် ဆုံး နိုင်ငံတကာစီးပွားရေးအလုပ် အမှုဆောင်အဖြစ် ရွေးချယ်ခဲ့ သည်။ ဒေါက်တာစတန်းရှီးသည် Computex Taipei အိုင်တီကုန် သွယ်ရေးပြပွဲအား ကမ္ဘာ့ထိပ်တန်း နည်းပညာဆိုင်ရာပြပွဲဖြစ်စေရန် ဦးဆောင်လမ်းညွှန်ခဲ့သည်။

ဒေါက်တာစတန်းရှီးသည် ထင်ရှားသည့် လူမှုရေးနှင့် ပြည်သူ လူထုအဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ အာရှ စီးပွားရေးကောင်စီတွင် ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သလို မလေးရှားနိုင်ငံ၏ Multimedia Super Corridor တွင်လည်း နိုင် ငံတကာအကြံပေးအဖွဲ့၌ အဖွဲ့ ဝင်အဖြစ်ပါဝင်ခဲ့သည်။ Asian Institute of Management တွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန် ယူခဲ့သည်။ Brand Internatio-nal Promotion Association တွင်လည်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စတန်းရှီးတည်ထောင်ခဲ့သော Acer ကွန်ပျူတာကုမ္ပဏီသည် ယနေ့ဆိုလျှင် ကမ္ဘာတစ်ဝန်း PC ရောင်းချမှုတွင် နံပါတ် ၄ နေရာ ၌ရှိနေပြီး Notebook များ ရောင်းချရာတွင် နံပါတ် ၃ နေရာ ရရှိထားသည်။ မစ္စတာစတန်းရှီး နှင့် ဇနီးသည်ကယ်ရိုလင်းရီးတွင် သားသမီးသုံးဦး ထွန်းကားထား သည်။—*Ref: Wikipedia/Internet*

## ဘရာဇီး ရေကြီး၊ ရေလွှမ်းမိုးမှုများကြောင့် လူ ၇၀၀ ကျော် သေဆုံး



**ရီယိုဒီဂျနေးရိုး၊ ဇန်နဝါရီ - ၁၉**

ဘရာဇီးနိုင်ငံမြို့တော် ရီယိုဒီဂျ နေးရိုးမြို့ ဆာရန်းနားဒေသတွင် ရေကြီး၊ ရေလွှမ်းမိုးမှုများနှင့် မြေပြို မှုများဖြစ်ပေါ်ခဲ့ရာ လူသေဆုံးမှု စာရင်းမှာ ၇၀၀ ကျော်လာခဲ့ပြီဖြစ် သည်။ ယင်းအသေအပျောက်စာ ရင်းမှာ ဆက်လက်မြင့်တက်နိုင် ကြောင်းသိရသည်။

၎င်းဒေသတွင် နေထိုင်သူအ များအပြား ဆက်လက်ပျောက် ဆုံးနေကြောင်း အာဏာပိုင်များ ကပြောကြားသည်။ လူရာပေါင်း များစွာမှာလည်း မြေပြိုနိုင်သည့် ဒေသများတွင် ရှိနေဆဲဖြစ်သည်။ ၎င်းတို့ထဲမှ အချို့မှာ လမ်းများ အသွားအလာပြတ်တောက်၍ ပိတ်မိနေခြင်းဖြစ်သော်လည်း အချို့မှာ ၎င်းတို့နေအိမ်များ ဖောက်ထွင်းလုယက်ခံရမည်ကို စိုးရိမ်၍ နေထိုင်နေကြခြင်းဖြစ် သည်။

ဇန်နဝါရီလ ၁၈ ရက်နေ့ တွင် အနည်းငယ်လျော့ပါးခဲ့သော မိုးရွာသွန်းမှုမှာ ထပ်မံ၍ ပြင်းထန် လာဖွယ်ရှိကြောင်းသိရသည်။

ကယ်ဆယ်ရေးသမားများက အပျက်အစီးပုံများကြားမှ လူသေ အလောင်းများ ထပ်မံဆွဲထုတ်နေ ရာ လူအသေအပျောက်စာရင်း တစ်နေ့တခြား တိုးပွားလျက်ရှိ သည်။ အာဏာပိုင်များက လူသေ ဆုံးမှုစာရင်းကို ခန့်မှန်းပြော ကြားခြင်းမရှိသော်လည်း လူပေါင်း တစ်ရာခန့် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ဒေသခံသတင်းစာ များကဖော်ပြသည်။

ရီယိုဒီဂျနေးရိုးမြို့ မြောက် ဘက်နိုဗာဖရီဘာဂိုတောင်ပေါ် အပန်းဖြေဒေသတွင် လူအသေ အပျောက် အများဆုံးဖြစ်ပြီး လူ ၃၃၅ ဦးသေဆုံးခဲ့ပြီး တီရီဆို ပိုးလစ်ဒေသတွင် ၂၈၅ ဦး သေ ဆုံးခဲ့သည်။ စစ်ဘက်ရဟတ် ယာဉ်များက ကယ်ဆယ်ရေးလုပ် ဆောင်နေပြီး လမ်းများ ပြိုပျက် ပိတ်ဆို့၍ အခြားဒေသများနှင့် အဆက်အသွယ်ပြတ်နေသည့် ဒေသခံများထံသို့ လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးပေးနေကြောင်း သိရ သည်။

—*Ref: Reuters*

### နောက်ကျောဖုံး - ဟစ်ဘိုလာတို့နှင့်ဆက်စပ်သည့် ဝန်ကြီးချုပ် ရွေးချယ်ခဲ့ပါက အမေရိကန်က လက်ဘနွန်နှင့် စီးပွားရေးအဆက်ဖြတ်မည် မှ

လက်ရှိဝန်ကြီးချုပ် ဆာအက်ဟာရီရီ၏ဖခင် ရာဖစ် ဟာရီရီ ၂၀၀၅ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းအတွက် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂက ထောက်ခံသည့် အထူးခုံရုံး တစ် ရပ်ဖွဲ့စည်းခြင်းကိုကန့်ကွက်ခဲ့သော ဟစ်ဘိုလာအုပ်စုက လက်ဘ နွန်အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံရေး အကျပ်အတည်းဖြစ်ပေါ်လာခဲ့သည်။

လက်ဘနွန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် အမှတ် ၁၇၀၁ ကိုအကောင်အထည်ဖော်၍ ဟစ်ဘိုလာတို့၏ အမာခံနယ်မြေများပါမကျန် တစ်နိုင်ငံလုံးတွင်အစိုးရတပ်ဖွဲ့များ ဖြန့်ကြက်ချထားနိုင်ရန် အမေရိကန်နိုင်ငံက လက်ဘနွန်နိုင်ငံ အား အကူအညီပေးနေကြောင်း သိရသည်။

—*Ref: Haaretz.com*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ကျွန်တော့်မှာ မတူခြားနားတဲ့ အင်တာဗျူးစတိုင်ရှိပါတယ်

## လယ်ရီကင်း၏နေရာဆက်ခံသူ အင်တာဗျူးဆရာပီယာစ်မော်ဂန်နှင့်တွေ့ဆုံခြင်း

ကျော်မျိုး



ကမ္ဘာကျော်သတင်းဌာနကြီးတစ်ခုဖြစ်တဲ့ စီအင်န်အင်န်မှာ ကမ္ဘာသိအင်တာဗျူးဆရာကြီးတစ်ဦးအဖြစ် နှစ်ပေါင်း ၂၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးတဲ့နောက် လယ်ရီကင်းဟာ မကြာသေးမီကပဲ ရာထူးကအနားယူမယ်လို့ကြေညာခဲ့ပါတယ်။ ဒီတော့ လယ်ရီကင်းအနားယူရင် သူ့နေရာကို ဘယ်သူဆက်ခံမလဲဆိုတာကိုလည်း ကမ္ဘာ့မီဒီယာတွေမှာ စိတ်ဝင်တစားစောင့်ကြည့်ခဲ့ပါတယ်။ လယ်ရီကင်းနေရာဆက်ခံသူ အင်တာဗျူးဆရာဟာ ကေတီကောရစ်လား၊ အင်ဒါဆင်ကူးပါးလား၊ ရိုင်ယန်ဆီးခရတ်စ်လား စသဖြင့် သို့လော၊ သို့လောတွေဖြစ်ခဲ့ကြပေမယ့် နောက်ဆုံးတော့ စီအင်န်အင်န်ဟာ ဗြိတိသျှအင်တာဗျူးဆရာ၊ ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ပီယာစ်မော်ဂန်ကို လယ်ရီကင်းနေရာ ဆက်ခံသူအဖြစ် ခန့်အပ်လိုက်ပါတော့တယ်။ မော်ဂန်ဟာ ၎င်းရဲ့ပထမဆုံးသော စီအင်န်အင်န်ပွဲထွက်အင်တာဗျူးအဖြစ် အမေရိကန်ရုပ်သံလောကရဲ့ စကားပြောခန်း Talk Show တွေရဲ့ ဘုရင်မအဖြစ် နာမည်ပေးခဲ့ရသူ၊ အင်တာဗျူးဆရာမကြီးအိုပရာဝင်းဖရေးနဲ့ ဆွေးနွေးခန်းလုပ်ခဲ့တာတွေ့ရပါတယ်။ ယခုဖော်ပြမယ့် အင်တာဗျူးကတော့ အဲဒီလို လယ်ရီကင်းရဲ့နေရာကို ဆက်ခံလိုက်တဲ့ ကမ္ဘာကျော်အင်တာဗျူးဆရာ ပီယာစ်မော်ဂန်နဲ့ တိုင်းမ်မဂ္ဂဇင်းတို့ရဲ့ တွေ့ဆုံမှုပဲဖြစ်ပါတယ်။

**စီအင်န်အင်န်ကို ရောက်လာတာ ဘယ်လိုများ ခံစားရပါသလဲ။**

သိပ်ကြီးကျယ်ပါတယ်။ ကျွန်တော် သိပ်စိတ်လှုပ်ရှားခဲ့တယ်။ ၁၉၉၁ လောက်က ပင်လယ်ကွေ့စစ်ပွဲအကြောင်း စီအင်န်အင်န်မှာ ပီတာအာနေးနဲ့ဘာနီရှောတို့ တင်ဆက်တာကို ကျွန်တော်ကြည့်ခဲ့ဖူးတာတောင် သွားအမှတ်ရမိတယ်။ အဲဒီတုန်းက ဒီသတင်းဌာနဟာ ကမ္ဘာပေါ်မှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးသတင်းဌာနတွေထဲက တစ်ခုလို့လည်း ကျွန်တော်တွေးခဲ့မိတယ်။ ဒီအဖွဲ့နဲ့ အဲဒီကစလို့ နောက်အနှစ် ၂၀ အကြာမှာ လက်တွဲခွင့်ရတာဟာ ကျွန်တော့်အတွက်တော့ တကယ်ကြက်သီးထစရာပါပဲ။

**ဒီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းတာတွေ့ရတော့ အံ့ဩမိခဲ့သလား။**

ဒီအမေရိကမှာရှိတဲ့လူတွေထက်တော့ စိတ်လှုပ်ရှားမှုနည်းခဲ့မယ်ထင်တာပဲ။ ဒီမှာကတော့ ကျွန်တော့်ကို America's Got Talent ရှိုးမှာ ဒိုင်လုပ်တဲ့သူအနေနဲ့ပဲ သိကြတာလေ။ ဗြိတိန်မှာတော့ ကျွန်တော့်ကို Piers Morgan's Life Stories ရှိုးပွဲတွေနဲ့ အင်တာဗျူးသမားအဖြစ် သိထားပါတယ်။ အဲဒီစကားပြောခန်းရှိုးတွေမှာတော့ ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းကစလို့ ဆိုင်မွန်ကွန်းဝဲတို့၊ ရစ်ချတ်ဘရန်ဆန်တို့၊ ရှယ်ရွန်အော့စ်ဘွန်းတို့အထိ ကျွန်တော် အင်တာဗျူးလုပ်ဖူးခဲ့ပါတယ်။




**ဒီအလုပ်ရတာ ခင်ဗျားရဲ့ (ဗြိတိသျှ) လေယူလေသိမ်း (accent) နဲ့ အများကြီးဆိုင်တယ်လို့ ထင်ပါသလား။**

ဗြိတိသျှလေယူလေသိမ်းရှိတာကတော့ အားသာချက်တစ်ခုပေါ့။ အမေရိကန်တွေကလည်း ဒါကို ကြိုက်ကြတာ ကျွန်တော် သတိထားမိတယ်။ သူတို့က ကျွန်တော်တို့ ဗြိတိသျှတွေဟာ ပိုပြီးစမတ်ကျတယ်လို့ ထင်တာကိုး ဗျ။ ဒါကြောင့် ကျွန်တော်လည်း ဒါကိုပဲ လုံးဝအားထားရတော့မှာပါ။

**ခင်ဗျားဟာ ၂၀၀၄ မှာတုန်းက အီရတ်စစ်အကျဉ်းသားတွေကို ဗြိတိသျှစစ်သားတွေက နှိပ်စက်နေတာကို ဓာတ်ပုံတွေ ထည့်ခဲ့ပြီးနောက် Daily Mirror သတင်းစာရဲ့ အယ်ဒီတာအဖြစ်က အလုပ်ဖြုတ်ခံခဲ့ရဖူးတယ်နော်။**

Mirror မှာ ပုံနှိပ်ခဲ့တာနဲ့ပတ်သက်လို့ကတော့ ကျွန်တော် အပြည့်အဝယုံကြည်လက်ခံနေဆဲပါ။ အဲဒီကိစ္စအတွက် တစ်ခါမှ ကျွန်တော် ဝန်ချမတောင်းပန်ဖူးပါဘူး။ ဒီပုံတွေအတွက်တော့ အဖြေပေးစရာမလိုပါဘူး။ ဒီပုံတွေဟာ အတုတွေဖြစ်ပါတယ်ဆိုတဲ့ အထောက်အထားခိုင်ခိုင်မာမာလည်း ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး။

**ခင်ဗျားရဲ့ ဆွေးနွေးခန်းအသစ်ကအစရင် Larry King Live ဆွေးနွေးခန်းနဲ့ ဘယ်လောက်ကွာခြားသွားမှာလဲ။**

လယ်ရီကတော့ အမေရိကန်ရုပ်သံလောကရဲ့ ဒဏ္ဍာရီတွေထဲကတစ်ဦးပါပဲ။ သမိုင်းမှာလည်း အကြီးကျယ်ဆုံးအင်တာဗျူးဆရာတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ သူ့ကို ပုံတူကူးဖို့ ကြိုးစားတာကတော့ ရယ်စရာဖြစ်သွားမှာပဲ။ ကျွန်တော့်မှာ မတူခြားနားတဲ့ အင်တာဗျူးစတိုင်ရှိပါတယ်။ ကျွန်တော်က ပိုပြီးနှုတ်သွက်လျှာသွက်နဲ့ 'ဆွ' မေးတတ်တာမျိုးတောင် လုပ်ကောင်းလုပ်နိုင်မှာပါ။

**ဆရာဟာ ဆရာ့ရဲ့ Piers Morgan Tonight ရှိုး ပွဲဦးထွက်အဖြစ် အိုပရာဝင်းဖရေးကို ပထမဆုံး အင်တာဗျူးလုပ်ခဲ့ပါတယ်။ ရုပ်သံစကားပြောခန်းတွေရဲ့ ဘုရင်မကြီးနဲ့ အခုလိုထိုင်ပြီး စကားပြောခဲ့ရတာ ဘယ်လိုနေပါသလဲ။**

အိုပရာကတော့ ကျွန်တော်မျှော်လင့်ထားသမျှ အရာရာအတိုင်းပါပဲ။ သိပ်ရွှင်ပျတယ်။ မှတ်သားလောက်အောင်ကို ပွင့်လင်းတယ်။ တဲ့တိုးဆန်တယ်။ ရိုးသားတယ်။ ဖုံးကွယ်မထားတတ်ဘူး။ အငြင်းပွားဖွယ်ရာဖြစ်သလို၊ ထူးလည်း ထူးခြားပါတယ်။ သူမကို ပထမဆုံးအင်တာဗျူးလုပ်ဖို့ ကျွန်တော့်စာရင်းထိပ်ဆုံးမှာ ထားခဲ့တယ်။ သူကလည်း လိုလိုလား လားပြောဆိုပေးခဲ့ပါတယ်။

**ခင်ဗျားအင်တာဗျူးစာရင်းမှာ နောက်ထပ် ဘယ်သူတွေကိုရော ထည့်ထားပါသေးလဲ။**

စိတ်ဝင်စားစရာကောင်းတဲ့ စကားပြောဆိုဖို့အတွက် ဆွဲဆောင်မှုရှိတဲ့ မည်သူ့ကိုမဆို ကျွန်တော့်စာရင်းထဲ ထည့်ထားချင်ပါတယ်။ တကယ်လို့ ပဲရစ်ဟီလ်တန်(နောက်တစ်ကြိမ်)ထောင်ကျသွားမယ်ဆို ကျွန်တော်က သူ့ကို အဲဒီအတွေ့အကြုံတွေအကြောင်း အင်တာဗျူးလုပ်မှာပဲ။ နယ်လ်ဆင်မင်ဒဲလားကိုလည်း ဗျူးချင်ပါတယ်။ ပြီးတော့ သမ္မတအိုဘားမားနဲ့လည်း လာမယ့်ရွေးကောက်ပွဲအမီ ထိုင်စကားပြောချင်ပါတယ်။ ပြီးတော့ (မင်းသား)မဲလ်ဂစ်ဘ်ဆင်နဲ့ရောပေါ့။ ကျွန်တော့်အတွက်ကတော့ စာရင်းတို့ထားတယ်ဆိုတာ အကုန်လုံးရောထွေးပါဝင်နေတာပါပဲ။ ဒါပေမဲ့ သတင်းဖြစ်လောက်တဲ့၊ ထိုက်တန်တဲ့စာရင်းတော့ဖြစ်ရမယ်။ နိုင်ငံရေးနယ်ပယ်ကနေ၊ တော်ဝင်အသိုင်းအဝိုင်း၊ အားကစားနဲ့ အနုပညာရှင် စသဖြင့် နယ်ပယ်အစုံကနေ အဓိကပုဂ္ဂိုလ်တွေနဲ့ အင်တာဗျူးတွေပေါ့လေ။

**အောင်မြင်မှုဆိုတာ ဘာနဲ့တူပါသလဲ။ အဲဒါဟာ Fox News သတင်းဌာနကို (စီအင်န်အင်န်) ကနှိပ်ကွပ်လိုက်နိုင်တာမျိုးလား။**

အချက်နှစ်ချက်နဲ့ အောင်မြင်မှုကို ကျွန်တော်တိုင်းတာမှာပါ။ လူတွေကို အင်တာဗျူးလုပ်တဲ့ ကျွန်တော့်ရဲ့စွမ်းရည်ရယ်၊ (အင်တာဗျူးအစီအစဉ်)အောင်မြင်မှုအဆင့်သတ်မှတ်ချက်တွေရယ်ပါ။ တကယ်လို့ တစ်နှစ်တာအချိန်အတွင်းမှာ လူကြိုက်များပြီး အောင်မြင်မှုအဆင့်မြင့်တက်လာတယ်။ ပြီးတော့ ကျွန်တော့် အင်တာဗျူးတွေကိုလည်း အင်တာဗျူးကောင်းတွေအဖြစ်မှတ်ယူကြတယ်ဆိုရင် ဒါဟာ အလုပ်ပြီးမြောက်တာပါပဲ။ ခင်ဗျားမှာ အောင်မြင်ချင်စိတ်မရှိဘူးဆိုရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ကျွန်တော်တို့ (စီအင်န်အင်န်)က Fox News သတင်းဌာနကို တစ်ညတည်းနဲ့ ကျော်ဖြတ်သွားနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ဒီရှိုးမှာ(၎င်း၏ Piers Morgan Tonight စကားပြောခန်း Talk Show ကိုရည်ရွယ်ခြင်းဖြစ်သည်) အမှန်အကန်လုပ်ပြနိုင်မယ်ဆိုရင် ကျွန်တော်တို့မှာ နံပါတ်တစ်ဖြစ်ဖို့ အလားအလာရှိသွားပြီလို့ ယုံပါတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တက်ကြွနေတာဖြစ်သလို၊ အဲဒါကပဲ ကျွန်တော့်ကို အမြဲတမ်းမောင်းနှင်နေတဲ့အရာဖြစ်နေတာပေါ့။

*—Ref: Q & A : Piers Morgan, the man stepping into Larry King's Seat. Time:Jan 14*

**အောင်ဝင်းစိုး**
စဉ့်ထည်ရောင်းဝယ်ရေး (ပင်ရင်း)
ရှေးဟောင်းစဉ့်အိုး၊ ဇလုံ၊ ပန်းကန်များ ရောင်းဝယ်ရေး
အမှတ် ၁၅၂၊ မွေးရုံလမ်း၊ ပုသိမ်မြို့နယ်၊ ဒေါပုံမြို့နယ်။
ပုစွန်တောင် — ဒေါပုံတံတားအဆင်း။ PH : 01 700783, 73066947
Gmail : dr.aungbo26@gmail.com, Web:www.burmese-jars.com
(ဆိုင်ခွဲ )တလုပ်လယ်ကျေးရွာ(အရှေ့)၊ မအူပင်မြို့။ PH : 098534608

**Nice Fare Travel** မှ ရုံးခွဲ "အသစ်"
ရန်ကုန်မြို့၏ အချက်အခြာ အကျဆုံး ဗိုလ်ချုပ်လမ်း၊
**Sakura Tower** အနီး **Ruby Mart** မှာ နံနက်(၉)နာရီမှ ည(၉)နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။
" Nice Fare မှာဝယ်ကြစို့ "
393088 (Hot Line) , 398235 , 73046088 , 73130267 , 095044355 , 099929251

7 DAY NEWS JOURNAL

# Entertainment

Vol.9, No.44 • JANUARY 27, 2011



ဓာတ်ပုံ - အေးသူစံ

## အီမို၊ အော်လ်တာနေးတစ် ရော့ခ်သီချင်းတွေ ချပြမည်ဟု အောင်လပြော

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၄**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ထွက်ရှိထားသော Reason အဖွဲ့၏ 'မာတိကာ' အယ်လ်ဘမ်မှာ လူငယ်ရော့ခ်ဂီတပရိသတ်များအကြား အလွန်ရေပန်းစားအောင်မြင်နေပြီး ယင်းစီးရီးထဲတွင် တေးရေး၊တေးဆိုဖြစ်သူ အောင်လကဒုတိယစီးရီးအတွက် အီမိုရော့ခ်နှင့် အော်လ်တာနေးတစ်ရော့ခ်ဂီတများကိုချပြမည်ဟု 'မာတိကာ' ဗီစီဒီမိတ်ဆက်ပွဲတွင် ပြောကြားသည်။

"ရော့ခ်ထဲမှာမှ ကျွန်တော် အခုဆက်လုပ်တဲ့ဂီတဆိုရင် အီမိုဘက်ကိုရောက်သွားပြီ။ ကျွန်တော် အီမိုတို့ အော်လ်တာနေးတစ်တို့ပုံစံမျိုးကို နောက်တစ်ခွေမှာ ချပြမယ်လို့စဉ်းစားထားတယ်။ အကြောင်းအရာက ဘဝအကြောင်းပါမယ်။ အဆွေးဓာတ်ခံရှိတော့ အဆွေးသီချင်းများမယ်။ ပြီးတော့ အချစ်အကြောင်းလည်းပါမယ်"ဟု ဆက်လက်ဖန်တီးမည့် ရော့ခ်ဂီတနှင့်ပတ်သက်ပြီး ပြောကြားသည်။

အန်ဒါဂရောင်းဂီတလောကတွင် NC 13 အဖွဲ့အမည်ဖြင့် စတင်လှုပ်ရှားစဉ်ကတည်းက အားပေးခြင်းခံခဲ့ရသူဖြစ်ပြီး 'ပြော'၊ 'အချိန်လွန်ငှက်' သီချင်းတို့မှာ အောင်လကို ပရိသတ်ကသတိပြုမှုရရှိစေခဲ့သည့်သီချင်းများဖြစ်သည်။ အန်ဒါဂရောင်းအဖွဲ့အများစု ပါဝင်ထားသည့် 'ဘာလာလာ' စီးရီးတွင် NC 13 အဖွဲ့ဖြင့် ပါဝင်ခဲ့ပြီးနောက် ၂၀၀၇တွင် Reason အဖွဲ့အမည်ဖြင့် အတီးသမားအဖွဲ့ဝင်သစ်များဖြင့် ပေါင်းစည်းလှုပ်ရှားလာခဲ့သည်။ ရော့ခ်ဂီတ၏ အားအကောင်းဆုံး မျိုးဆက်သစ်အဖွဲ့ တစ်ခုဟု သတ်မှတ်ကြပြီး ကိုယ်တိုင်ရေးကိုယ်တိုင်ဆိုသီချင်းများအပြင် ကိုယ်ပိုင်သံစဉ်သီချင်းများ ရေးသားသီဆိုနိုင်ခြင်းကြောင့် ပထမဆုံးထွက်ရှိလာသည့် 'မာတိကာ' စီးရီးမှာ မူရင်းခွေ အတော်အတန်ရောင်းအားကောင်းခဲ့သည့် Reason အဖွဲ့ဖြစ်သည်။

**စာ(၄၉)သို့**

## အောင်မြင်မှုစံချိန်တွေ ဆက်တိုက်ချိုးနေတဲ့ SECRET GARDEN

**ဆိုးလ် - ဇန်နဝါရီ ၂၁**

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်များဖြစ်တဲ့ ဟွန်ဘင်းနဲ့ ဟာဂျီဝန်းတို့ပါဝင်သရုပ်ဆောင်ထားတဲ့ Secret Gardenဇာတ်လမ်းတွဲဟာ လတ်တလောမှာ ကိုရီးယားနဲ့ အာရှတစ်ဝန်း အောင်မြင်မှုတွေ ဆက်တိုက်ဆွတ်ခူးနေတဲ့ ဇာတ်ကားတစ်ကားလို့ ပြောရမှာပါ။

**စာ(၄၉)သို့**





## အငှားကိုယ်ဝန်နဲ့ ဒုတိယကလေး မွေးဖွားခဲ့တဲ့ နစ်ကိုးလ်ကစ်ဒ်မင်းတို့စုံတွဲ

**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ - ၁၈**

အော်စကာဆုရ သရုပ်ဆောင်နစ်ကိုးလ်ကစ်ဒ်မင်းနှင့် သူမ၏ခင်ပွန်းသည် ကိတ်အာဘန်တို့သည် ၎င်းတို့၏ဒုတိယမြောက် သမီးငယ်ကို အငှားကိုယ်ဝန်ဆောင်ပေးသည့် မိခင်တစ်ဦးမှတစ်ဆင့် မွေးဖွားနိုင်ခဲ့ကြောင်းသိရသည်။ ၎င်းတို့စုံတွဲသည် ကလေးကို ဒီဇင်ဘာ ၂၈ရက်က အမေရိကန်နိုင်ငံ နတ်ရှဗီးလ်ရှိ ဆေးရုံတွင် မွေးခဲ့ပြီး ကလေးအမည်ကို ဖိတ်သ်မာဂရတ်ကစ်ဒ်မင်းအာဘန်ဟု အမည်ပေး ထားသည်။ "ကျွန်တော် ကျွန်မတို့ မိသားစုဟာ တကယ်ကောင်းချီးပေးခံခဲ့ရတာပါ။ သမီးလေးဖိတ်သ်မာဂရတ်ကို မွေးခဲ့လို့ ကျေးဇူးတင်မိပါတယ်"ဟု ကစ်ဒ်မင်းတို့မောင်နှံ၏ကြေညာချက်တွင် ဖော်ပြထားသည်။ ကစ်ဒ်မင်း (၄၃နှစ်)နှင့် အာဘန်(၄၃နှစ်)တို့သည် ၂၀၀၆ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပထမကလေးကို မွေးဖွားခဲ့သည်။ သူမသည် လက်ရှိ၌ Rabbit Hole ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။

—Ref: AP

## အေသင်ချိုဆွေက စီးတီးအက်ဖ်အမ်မှ ဆုအဖြစ်ရရှိသည့် ရွှေတစ်ကျပ်သားကို ပြန်လှူမည်ဟုဆို



ဓာတ်ပုံ - အေးသူစံ

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

စီးတီးအက်ဖ်အမ်၏ နှစ်ပတ်လည်ပွဲများတွင် ပေးအပ်ချီးမြှင့်မြဲ ဖြစ်သော ဂီတထူးချွန်ဆုများ အနက် တစ်နှစ်တာလုံးရေပန်းအစားဆုံး အမျိုးသမီး အဆိုရှင်ဆုကို ၂၀၁၀ ပြည့်နှစ်အတွက် ရရှိခဲ့သူအေသင်ချိုဆွေကဆုအဖြစ် ချီးမြှင့်ခံရသော ရွှေတစ်ကျပ်သားကို အလှူဒါနပြုလုပ်မည်ဖြစ်ကြောင်း ပြောသည်။

"ဒီရွှေတစ်ကျပ်သားကို ဖေဖော်ဝါရီလထဲမှာ ဖေဖော်ဝါရီ၁၄၊ ဒါမှမဟုတ် အေသင့်အဖေမွေးနေ့မှာ စိတ်ကျန်းမာရေးဆေးရုံကို လှူမှာပါ။အဲဒီမှာလူနာအယောက်တစ်ထောင်ရှိတယ်လို့ သိရပါတယ်။

**စာ(၄၉)သို့**



7DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011





# တစ်ကိုယ်တော်ခွေနှစ်ခွေ တစ်ပြိုင်တည်းစီစဉ်နေသည့် ဖြူဖြူကျော်သိန်း

အေးသူစံ

**ရန်ကုန်၊ ဇန်နဝါရီ- ၁၇**

တစ်ကိုယ်တော်ခွေ ထွက်ရှိထားသည်မှာ အနည်းငယ်ကြာနေပြီဖြစ်သည့် ဖြူဖြူကျော်သိန်းသည် ယခုနှစ်ပိုင်းအတွင်း အင်္ဂလိပ်ဘာသာဖြင့်သီဆိုမည့် တစ်ကိုယ်တော်ခွေ နှင့် ကိုယ်ပိုင်သံစဉ်တစ်ကိုယ်တော်ခွေတို့ကိုတစ်ပြိုင်တည်းစီစဉ်နေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး၏ သက်ကြီးပူဇော်ပွဲသို့ ရောက်ရောက်လာစဉ်ပြောကြားသည်။



"အစ်မ အခု အင်္ဂလိပ် တစ်ကိုယ်တော်ခွေရယ်၊ လေးဇီးက လပ်တီးဝိုင်းနဲ့ ကိုယ်ပိုင်သံစဉ် ခွေနှစ်ခွေပြိုင်တူလုပ်နေတာတော့ ရှိ ပါတယ်။ အင်္ဂလိပ်ခွေကတော့ အကုန်လုံးပြီးသလောက်ရှိသွားပြီ။ ဒါပေမဲ့ ဗီစီဒီလေးနဲ့မှ တွဲထုတ်မှာဖြစ်တဲ့အတွက် ဗီစီဒီရိုက်ပြီးမှပဲ ထွက်ပါမယ်။ ကိုယ်ပိုင်သံစဉ်ခွေကတော့ အရင် အော်ဒီယိုပြီးတာနဲ့ထွက်ပါမယ်။ နှစ်ပုဒ်လောက်ပဲကျန်တော့တယ်။ စီးရီးနာမည်တော့မပေးရသေးဘူး။ စောခူဆဲ၊ ရွှေဂျော်ဂျော်၊ကျားပေါက်၊ဆောင်းဦးလှိုင်၊ ဖိုးကာ၊ စိမ့်နဲ့ ဒဲဒီတို့ ရေးထားတဲ့သီချင်းတွေပါမယ်" ဟု ပြောသည်။

ဖြူဖြူကျော်သိန်းသည် ယခုနှစ်ဆန်းပိုင်းတွင် စတိတ်ရှိုးများ အဆက်မပြတ်သီဆိုနေပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် မလေးရှားနိုင်ငံသို့ The Trees တီးဝိုင်းနှင့်အတူ မိန်းကလေးအဆိုတော် ရှစ်ယောက်သွားရောက်သီဆိုရန် ရှိပြီး ဖေဖော်ဝါရီ ၁၄ရက်နေ့တွင် မော်လမြိုင်၊ မွန်ပြည်နယ်ဘက်သို့ ရှိုးသီဆိုရန်သွားရမည်ဖြစ်ကြောင်း သိရသည်။

One Lady Show(တစ်ကိုယ်တော် ဖျော်ဖြေပွဲ)မှာယမန်နှစ်က ပြုလုပ်ထားသည်မှာ မကြာသေးသည့်အတွက် လတ်တလောပြုလုပ်ရန် မရှိသေးသော်လည်း မန္တလေးမှပရိသတ်များတောင်းဆိုထားသည့်အတွက် မန္တလေးတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်ဖြစ်ဖွယ်ရှိနေသေးကြောင်း သိရသည်။

**ပြင်ဆင်ဖတ်ရှုပါရန်**

အတွဲ-၉၊ အမှတ်-၄၃၊ စာမျက်နှာ ၄၃တွင်ဖော်ပြခဲ့သော 'အဆိုတော်ခင်ဘုဏ်း မင်္ဂလာဆောင်တော့မည်'သတင်းတွင် ဖော်ပြခဲ့သော ခင်ဘုဏ်း၏လက်တွဲဖော် သတို့သားအမည်ကို သက်မျိုးကြူ (မောင်သက်)ဟု ပြင်ဆင်သိမှတ်ပေးပါရန်။



7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011



# F4 မင်းသား ကင်ဘမ်နှင့် မင်းသမီး ဆောင်ယူရီတို့အား မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထား

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**



အာရှတစ်ခွင် နာမည်ကြီးခဲ့သည့် F4 ဇာတ်ကားထဲမှ မင်းသားလေးဦးအနက် တစ်ဦးဖြစ်သူ ကင်ဘမ်နှင့် နှင်းပွင့်ဧကရီ ကိုရီးယားဇာတ်လမ်းတွဲမှ မင်းသမီး ဆောင်ယူရီတို့အား မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ခေါ်ထားကြောင်း ၎င်းတို့ကို တာဝန်ခံဖိတ်ခေါ်သူဖြစ်သည့် တော်ဝင်စင်တာမှ ဦးကိုကိုထွေးက ပြောသည်။

"ကိုရီးယားမင်းသားနဲ့ မင်းသမီးတို့ကို ကိုရီးယားသံရုံးက သံအမတ်ကြီးအကူအညီနဲ့ ဖိတ်ကြားပါတယ်။ ဈေးနှုန်းတွေလည်း ညှိထားပြီးပြီ။ ကြားက စီစဉ်ပေးတဲ့ ကိုယ်စားလှယ်ကလည်း လာမယ်လို့ Confirm လုပ်ပြီးပြီ။ ဈေးတွေအသေးစိတ်ညှိပြီးတော့မှ ဖွင့်ပွဲရက်မှာ မလာနိုင်ဘူး ဖြစ်သွားတယ်။ ဒါကြောင့် ဖွင့်ပွဲပြီးနောက်ပိုင်း ပရိုမိုးရှင်းပွဲကိုတော့ ကျိန်းသေတက်ရောက်အောင် စီစဉ်ထားပါတယ်" ဟု ဦးကိုကိုထွေးက ပြောသည်။

တော်ဝင်စင်တာသည် ပြည်လမ်းရှိ စိန်ဂေဟာ စူပါစင်တာအနီးတွင်တည်ရှိပြီး ရောင်းအားကောင်းသည့် နာမည်ရ အရောင်းစင်တာနှင့် နီးကပ်နေသည့် အတွက် မည်သို့မျှ စိုးရိမ်ခြင်းမရှိဘဲ လက်ရှိတွင် ဆိုင်ခန်းများကိုလည်း အငှားစနစ်ဖြင့်သာ လုပ်ကိုင်ခွင့်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

တော်ဝင်စင်တာ၏အကြိုဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ဖွင့်ပွဲပြုလုပ်မည်ဖြစ်သည်။

# အချစ်သီချင်းသီးသန့်များဖြင့် စုစည်းရိုက်ကူးထားသည့် ကော်ဖီချစ်သူ ဇာတ်လမ်းတို ထွက်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

ချစ်သူစုံတွဲများအတွက် ရည်ရွယ် ပြီး အချစ်သီချင်းသီးသန့်များကိုသာဖန်တီးရိုက်ကူးထားပါသည်ဟုဆိုသော'ကော်ဖီချစ်သူအချစ်ဇာတ်လမ်းနှင့်သီချင်းများ' အယ်လ်ဘမ်ကို ဇန်နဝါရီလကုန်ပိုင်းတွင် ရုပ်သံလိုင်းတစ်ခုမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကို ဖန်တီးတဲ့နေရာမှာ ဇာတ်လမ်းတွေ၊ သီချင်းတွေ၊ ရေးထားတဲ့စာမူတွေကအစ လဖ်စတိုရီဖြစ်အောင် ကြိုးစားထားပါတယ်။ ကျွန်တော့်သူငယ်ချင်းကောင်းမြတ်ကတော့ ဒီခွေလေးကို အကြည်ဓာတ်ရစေတဲ့ သီချင်းလေးတွေပြောပါတယ်။ ဒီခွေကိုကြည့်တဲ့အချိန်မှာ ကြည်နူးမှု၊ ရိုမန့်တစ်ဆင့်လေးရမယ်လို့ မျှော်လင့်ပါတယ်"ဟု ဒါရိုက်တာဇော်ကိုကိုကပြောသည်။

ယခုအယ်လ်ဘမ်သည် သီချင်းခြောက်ပုဒ်ခန့်နှင့် ဇာတ်လမ်းတိုလေးကို ရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်လမ်းတိုအတွက် နေတိုး၊ ရဲအောင်နှင့် ဖွေးဖွေးတို့ သရုပ်ဆောင်ထားသည်။ ဇာတ်လမ်းတိုထဲတွင်လည်း ဇာတ်ဝင်သီချင်းအချို့ ထည့်သွင်းထားပြီး အယ်လွန်းဝါ၏ 'ရင်ဘတ်ကလူ' သီချင်းပါဝင်သည်။ အချစ်သီချင်းများမှာ ကေအေတီရေးသားပြီး ကောင်းမြတ်သီဆိုကာ ကောင်းမြတ်နှင့် မေဂရေ့စ်တို့သရုပ်ဆောင်ထားသော 'ရင်ဆိုင်ကြပါစို့'၊ လင်းလင်းရေးသားပြီး လင်းလင်းနှင့် ချစ်သုဝေတို့ သီဆိုသရုပ်ဆောင်ထားသော 'နားလည်မှု'၊ ရဲဝင့်ထူး ရေးပြီး R ဇာနည်၊ ချမ်းချမ်းတို့ သီဆို သရုပ်ဆောင်ထားသော 'ရင်ခုန်သံအလွမ်းများ'သီချင်းတို့ဖြစ်ကြသည်။

ဇဝါ၊ အောင်းလာတို့ ရေးသားထားသည့်သီချင်းများလည်းပါဝင်သည်။ ဆလိုင်း၊ နီတာ၊ အေသင်ချိုဆွေ၊ မီးနိုတို့ သီဆိုထားသော သီချင်းများလည်းပါဝင်သည်။

"ဒီခွေက လာမယ့် ဖေဖော်ဝါရီ၁၄ အတွက်တော့ အမှတ်တရအယ်လ်ဘမ်လေးတစ်ချပ် ဖြစ်မယ်လို့မျှော်လင့်ပါတယ်" ဟုကောင်းမြတ်ကပြောသည်။ ယင်းအယ်လ်ဘမ်ကို MRTV - 4 ၌ဇန်နဝါရီလကုန်ပိုင်းတွင် ပြသမည်ဖြစ်ကြောင်း အခွေကိုပံ့ပိုးထုတ်လုပ်ပေးသည့် Casablanca ကော်ဖီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



## စာ-၄၇၊ အေသင်ချိုဆွေက စီးတီးအက်ဖ်အမ်မှ ဆုအဖြစ်ရရှိသည့် ရွှေတစ်ကျပ်သားကို ပြန်လှူမည်ဟုဆို မှ

အဲဒီမှာ အေသင်အလှူဒါနတစ်ခုခုလုပ်ဖို့စီစဉ်ထားပါတယ်" ဟု သူမက ပြောသည်။

စီးတီးအက်ဖ်အမ်တွင် ဆုရရှိရန် ၂၀၀၉ခုနှစ်ကတည်းက 'ပေါက်တဲ့အိုး' တစ်ကိုယ်တော်စီးရီးဖြင့် ထင်ကြေးပေးခန့် မှန်းခြင်းခံခဲ့ရသော်လည်း ယခု ၂၀၁၁ နှစ်ဆန်းပိုင်းကပြုလုပ်ခဲ့သော အက်ဖ်အမ်ကိုးနှစ်မြောက်ပွဲကျမှသာဆုရရှိခဲ့ခြင်းဖြစ်သည်။ "ဒီနှစ်လည်း ရမယ်လို့တော့ ပြောကြတယ်။ မနှစ်လည်း ပြောပြီးတော့ မရဘူးလေ။ ဒီနှစ်လည်း ဒီလိုပဲနေမှာပဲလို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝိုင်းစုတို့ မချမ်းချမ်းတို့က အေသင့်ထက် အများကြီးကို အောင်မြင်ကြတာပဲ။ ဒါပေမဲ့ ခုလို ဒီဆုရတဲ့အတွက် အေသင်အများကြီးဝမ်းသာပါတယ်။ ပိုပြီးတာဝန်ကြီးသွားပါတယ်။ အလုပ်တစ်ခုကိုဒီထက်မက လေးလေးနက်နက်နဲ့လုပ်ရမယ်လို့ကိုသတိပေးလိုက်သလိုပါပဲ" ဟု ဆုရရှိခဲ့သည့်ပီတိစကားကိုလည်း ပြောကြားသည်။

ယခုနှစ်အကယ်ဒမီပေးပွဲသို့ တက်ရောက်ဖြစ်မည်မဟုတ်ဘဲ ရှိုးပွဲတစ်ခုလက်ခံထားခြင်းကြောင့် နယ်ဘက်ကိုရောက်ရှိနေမည်ဖြစ်ပြီး ဒုတိယစီးရီးမှာ ပြီးစီးခါနီး၍ သင်္ကြန်အပြီးတွင် ထွက်ရှိမည်ဖြစ်သည်။ လတ်တလောတွင် ၂၀၁၁ ခုနှစ်သင်္ကြန်ရာသီအတွက် အေပရယ်ကွင်း ၃၊ ရာသီစာ၊ ချယ်ရီဦးသင်္ကြန်ခွေများတွင် သီဆိုထားကြောင်း သိရသည်။

## စာ - ၄၇၊ အီမို၊ အော်လ်တာနေးတစ်ရောခ့်သီချင်းတွေ ချပြမည်ဟု အောင်လပြော မှ

Reason ၏ 'မာတိကာ' စီးရီးထဲတွင် 'တောင်းပန်တယ်' သီချင်းမှာ အပေါက်ဆုံးဖြစ်ပြီး ဖုန်းများတွင် Ring Tone ထည့်သွင်းအသုံးပြုသည့်အထိ အောင်မြင်မှုရရှိထားသည်။ Idiot အဖွဲ့မှ ရေမွန်ရေးသော သီချင်းတစ်ပုဒ်နှင့် အင်္ဂလိပ်သီချင်းနှစ်ပုဒ်အတွက် စာသားကို ကျားပေါက်ကရေးသားထားပြီး ကျန်သီချင်းအားလုံးကို အောင်လတစ်ဦးတည်းရေးသားထားသည်။ ဗီစီဒီကို ဇန်နဝါရီ၂၁ရက်နေ့တွင် စတင်ဖြန့်ချိခဲ့ပြီး စိန်ဂေဟာလှည်းတန်းနှင့် ကမ္ဘာအေးဂမုန်းပွင့်ကုန်တိုက်တို့တွင် Reason အဖွဲ့က လက်မှတ်ထိုးရောင်းချခဲ့သည်။

## စာ - ၄၇၊ အောင်မြင်မှုစံချိန်တွေ ဆက်တိုက်ချိုးနေတဲ့ SECRET GARDEN မှ

ရက်သတ္တပတ်နောက်ဆုံးရက်တွေမှာပြသခဲ့တဲ့ အဲဒီဇာတ်လမ်းတွဲဟာ အခုဆိုရင်တောင်ကိုရီးယားမှာပြသချိန်ပြီးဆုံးတော့မယ့်အချိန်ဖြစ်ပေမယ့် ကြည့်ရှုနှုန်းဟာ ကျ,မသွားတဲ့အပြင်ကြည့်သူတောင်ပိုတိုးလာပါသေးတယ်လို့ ဇာတ်လမ်းတွဲထုတ်လုပ်တဲ့ SBSရုပ်သံကပြောကြားခဲ့ပါတယ်။ အခုဆိုရင်သူတို့နှစ်ယောက်ရဲ့ဇာတ်လမ်းတွဲကိုအာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း၁၃နိုင်ငံကို တင်ပို့ဖြန့်ချိထားကြောင်းနဲ့အဲဒီဇာတ်လမ်းတွဲကနေ ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းရရှိနေပြီလို့လည်း ပြောခဲ့ပါသေးတယ်။

ဒ့ါအပြင်ဟွန်ဘင်းကိုယ်တိုင်သီဆိုထားတဲ့ ဇာတ်လမ်းတွဲရဲ့ဇာတ်ဝင်တေးကလည်းတောင်ကိုရီးယားပေ့ါပ်ဂီတရဲ့အအောင်မြင်ဆုံး ဇယားထိပ်မှာဦးဆောင်နေတာကလည်းဇာတ်လမ်းတွဲရဲ့အောင်မြင်မှုတစ်စိတ်တစ်ပိုင်းပါ။ ဟွန်ဘင်းကတော့တခြားသူမဟုတ်ပါဘူး။တောင်ကိုရီးယားရဲ့အလှဘုရင်မဖြစ်တဲ့အွန်ဆော(ဆောင်းဟေးဂျို)ရဲ့ ချစ်သူပါ။

Ref;Hancinema

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Green Hornet | Sony Pic: | ၄၀,၀၁၂,၅၄၃ | ၁ |
| ၂။ | The Dilemma | University Pic: | ၂၀,၅၂၁,၀၃၀ | ၁ |
| ၃။ | True Grit | Paramount | ၁၂၈,၃၃၉,၃၅၄ | ၄ |
| ၄။ | The King's Speech | The Weinstein | ၄၆,၇၉၅,၀၅၂ | ၈ |
| ၅။ | Black Swan | Fox Searchlight | ၇၅,၀၂၀,၁၂၀ | ၇ |
| ၆။ | Little Fockers | Universal Pic: | ၁၃၅,၆၂၁,၅၂၀ | ၄ |
| ၇။ | TRON: Legacy | Walt Disney | ၁၅၈,၄၉၇,၅၅၀ | ၅ |
| ၈။ | Yogi Bear | Warner Bros: | ၈၄,၁၉၇,၄၁၆ | ၅ |
| ၉။ | The Fighter | Paramount Pic: | ၆၇,၀၂၆,၇၆၁ | ၆ |
| ၁၀။ | Season of the Witch | Relativity Media | ၁၈,၉၁၃,၇၈၂ | ၂ |

## Movie Review

### Just Go with It




ခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦးသည်သူ့ထက်အများကြီးငယ်သော ကျောင်းဆရာမလေးကို ချစ်ကြိုက်မိရာမှ အမှတ်မထင် ပြောလိုက်မိသည့် လိမ်လည်မှုတစ်ခုကိုဖုံးကွယ်ရန် ကြိုးစားခဲ့သည်။ သူ့လက်ထောက်အမျိုးသမီးအား သူနှင့်မကြာမီလမ်းခွဲတော့မည့် ဇနီးသည်အဖြစ် ဟန်ဆောင်ခိုင်းသည်။ အလိမ်ပေါ်အလိမ်ဆင့်ရာမှ လက်ထောက်အမျိုးသမီး၏ သားသမီးများလည်း ပါဝင်ပတ်သက်လာသော အခါ ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်ကျောင်းဆရာမလေး၏အချစ်ကို ရယူနိုင်ဦးမလားဆိုတာ . . .။

Adam Sandler, Jennifer Aniston နှင့် Nicole Kidman တို့ဦးဆောင်ပါဝင်ထားသည့် အချစ်နှင့်ဟာသပေါင်းစပ်ထားသည့် ဇာတ်ကားအား Dennis Dugan ကရိုက်ကူးထားပြီး Columbria Tristar ကုမ္ပဏီက ဖေဖော်ဝါရီ ၁၁ရက်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# လန်ဒန်အိုလံပစ်ခြေစစ်ပွဲအတွက်မြန်မာယူ ၂၃ အသင်း ခြေစမ်းပွဲကစားမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၂၂**

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲစဉ်အတွက် ပြင်ဆင်နေသည့် မြန်မာလက်ရွေးစင်ယူ-၂၃ အသင်းသည် မလေးရှားယူ-၂၃ အသင်းနှင့် ခြေစမ်းကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်လျက်ရှိကြောင်းသိရသည်။

"အိုလံပစ်ခြေစစ်ပွဲ မယှဉ်ပြိုင်ခင် မြန်မာယူ-၂၃အသင်းကို မလေးရှား ယူ-၂၃ အသင်းနဲ့ ရန်ကုန်မှာ ခြေစမ်းပွဲကစားဖို့ အဖွဲ့ချုပ်က စီစဉ်နေပါတယ်။ ဘယ်ရက်ဖြစ်မယ်ဆိုတာကတော့ မသိသေးပါဘူး" ဟု MFF မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာယူ-၂၃ အသင်းသည် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲစဉ်အဖြစ် အိန္ဒိယအသင်းနှင့် ဖေဖော်ဝါရီလ ၂၃ ရက်တွင်ရန်ကုန်မြို့ (အိမ်ကွင်း) ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး၊ မတ်လ ၉ ရက်တွင် (အဝေးကွင်း) ၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းအား ကိုင်တွယ်ရန် ဆားဘီးယားနည်းပြ မီလန်ဇီဗာနိုဗစ်နှင့် လက်ထောက်နည်းပြနှစ်ဦးတို့သည် ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့သို့ရောက်ရှိနေကြောင်း သိရသည်။

"သူတို့ (ဆားဘီးယားနည်းပြအဖွဲ့) ကိုဒီလ ၂၄ ရက်မှာ အပြီးသတ်ဆွေးနွေးပြီး စာချုပ်ချုပ်သွားဖို့ရှိပါတယ်" ဟုယခုလ ၂၂ ရက်က MFF မှတာဝန်ရှိသူက ပြောသည်။



ယူ ၂၃ အသင်းတွင် ရွေးချယ်ခံထားရသော ရန်ကုန်ယူနိုက်တက်မှ ဒေးဗစ်ဒန်း၏ ကစားဟန်။
ဓာတ်ပုံ - အောင်အောင်

မလေးရှားယူ-၂၃ အသင်းသည်ပြီးခဲ့သည့် ၂၀၀၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်စွဲထားသည်။ ထို့အပြင် ၎င်းအသင်းကိုအခြေခံ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၀ ဆူဇူကီးပြိုင်ပွဲတွင်လည်း မလေးရှားလက်ရွေးစင်အသင်းသည် ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းကို အနိုင်ယူကာ ဗိုလ်စွဲထားသည်။


သို့သော် မြန်မာယူ-၂၃ အသင်းနှင့် ခြေစမ်းကစားရန် စီစဉ်နေသော မလေးရှားယူ-၂၃ အသင်းတွင် အဆိုပါအသင်းများမှအဓိကကစားသမားများ ပါဝင်ခြင်းရှိ မရှိကိုမူ မသိရှိရသေးကြောင်း သတင်းရရှိသည်။




# ဆီးဂိမ်းပြိုင်ပွဲအတွက် ခြင်းခတ် အားကစားသမားများ ရွေးချယ်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၁၈**



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း


လာမည့် ဆီးဂိမ်းပြိုင်ပွဲများအတွက်ရည်ရွယ်၍ ကွင်းသွင်းခြင်းခတ်အားကစားသမားများ ရွေးချယ်ပွဲအား ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အသက် ၄၀ နှစ်အောက် (အမျိုးသား၊ အမျိုးသမီး)မည်သူမဆို ဝင်ရောက်ရွေးချယ်ခံနိုင်မည့် အဆိုပါရွေးချယ်ပွဲအား ဖေဖော်ဝါရီလ ၁ ရက်၊ နံနက် ၈နာရီမှစတင်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်(သုဝဏ္ဏ)တွင် ကျင်းပသွားမည်ဖြစ်သည်။


"လာရောက်အရွေးခံမယ့် အားကစားသမားတွေအနေနဲ့ အားကစားအင်္ကျီနဲ့ ဖိနပ်ပဲလိုမှာပါ။ ဝင်ကြေးမလိုပါဘူး။ ခြင်းလုံးဖမ်းယူတာနဲ့တည်တာ နှစ်ခုကို အဓိက ငြိမ်၊ မငြိမ်ကြည့်မှာပါ။ ပြီးတော့မှ ခြင်းလုံးကို ဝင်အောင်ခတ်နိုင်မှုကို ဆန်းစစ်သွားမှာပါ။ အခြေခံကျွမ်းကျင်မှုကောင်းတဲ့သူတွေကို ရွေးချယ်ပြီး လာမယ့်ဆီးဂိမ်းပြိုင်ပွဲတွေအတွက် အဖွဲ့ချုပ်မှာ စခန်းသွင်းလေ့ကျင့်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်းရေးမှူးဦးကျော်ဇင်မိုးကပြောကြားသည်။

ယခင်က ပဏာမမြန်မာ့လက်ရွေးစင် ကွင်းသွင်းခြင်းခတ်အားကစားသမားများအား ပြည်တွင်းပြိုင်ပွဲများမှသာ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ ယခုကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးချယ်ပွဲပြုလုပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဦးကျော်ဇင်မိုးက ပြောကြားသည်။

၂၀၀၅ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၏ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်(အမျိုးသား) နှင့်(အမျိုးသမီး)အသင်းသည် ရွှေတံဆိပ်တစ်ခုစီရရှိခဲ့ပြီး၊ ၂၀၀၉ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင်မူ (အမျိုးသမီး)အသင်းမှ ရွှေတံဆိပ်တစ်ခုနှင့်(အမျိုးသား)အသင်းက ငွေတံဆိပ်တစ်ခုရရှိထားကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011




## လက်ဘနွန်ခေါင်းဆောင် လုပ်ကြံခံရမှုကို ကုလသမဂ္ဂတွင် စွဲချက်တင်

**ဘေရွတ်၊ ဇန်နဝါရီ - ၁၈**

လက်ဘနွန်နိုင်ငံ ခေါင်းဆောင်ရာဖစ်အယ်လ်ဟာရီရီသည် ၂၀၀၅ ခုနှစ်တွင် လုပ်ကြံခံခဲ့ရခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂက ထောက်ခံသည့် အထူးခုံရုံးအဖွဲ့က တရားရုံးစွဲချက်မှုကြမ်းတစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်းသိရသည်။ ယင်းသို့ စုံစမ်းစစ်ဆေးမှုကြောင့် လက်ဘနွန်နိုင်ငံတွင် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်လာခဲ့သည်။

ယခင်ရက်သတ္တပတ်ကပင် ဟစ်ဘိုလာစစ်သွေးကြွနှင့် ၎င်းတို့၏ မဟာမိတ်များ အစိုးရအဖွဲ့မှနုတ်ထွက်သွားခဲ့ရာ လက်ရှိလက်ဘနွန်အစိုးရ ဆာအက်အယ်လ်ဟာရီရီအစိုးရမှာ ပြိုကွဲသွားခဲ့သည်။ ဆာအက်အယ်လ်ဟာရီရီမှာ လုပ်ကြံခံခဲ့ရသူခေါင်းဆောင်၏သားဖြစ်သည်။

လက်ဘနွန်တွင် နိုင်ငံရေးတင်းမာမှုများ မြင့်တက်လာခြင်းက အရှေ့အလယ်ပိုင်းခေါင်းဆောင်များကို ထိတ်လန့်တကြားဖြစ်စေခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ခေါင်းဆောင်များသည် ဇန်နဝါရီ ၁၇ ရက်နေ့တွင် ဆီးရီးယားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

လက်ဘနွန်ပါတီများနှင့် ၎င်းတို့အား ထောက်ခံသည့် ဒေသတွင်းနိုင်ငံများအကြား နက်ရှိုင်းသော ကွဲပြားခြားနားမှုရှိနေခြင်းမှာ အရှေ့အလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းကို ကျော်လွန်၍ ဖြစ်ပေါ်နေသည့် ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံရေးပြိုင်ဆိုင်မှုများကို ထင်ဟပ်နေကြောင်း ရိုက်တာသတင်းကဖော်ပြကြသည်။ ယင်းကိစ္စတွင် အမေရိကန်နှင့် အီရန်နိုင်ငံများလည်း ပါဝင်ပတ်သက်နေကြောင်းသိရသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားကလည်း ကုလသမဂ္ဂခုံရုံး၏စွဲချက်တင်ခြင်းကို ကြိုဆိုလိုက်ပြီး လက်ဘနွန်နိုင်ငံအတွက် ခုံရုံးစစ်ဆေးမှုအား ဆက်လက်လုပ်ဆောင်ခွင့်ပြုရမည်ဟုပြောကြားသည်။

တရားရုံးစွဲချက်မှုကြမ်းတွင်ပါဝင်သည့် အချက်အလက်များကို မထုတ်ပြန်ခဲ့သော်လည်း ယခုအခါ ယင်းစွဲချက်မှုကြမ်းအား တရားရုံးကြားနာမှုမပြုလုပ်မီ တရားသူကြီးတစ်ဦးက ကြည့်ရှုစစ်ဆေးရန်ပြီးနောက်တရားရုံးကြားနာမှု ပြုလုပ်ရန်အထောက်အထားခိုင်လုံမှုရှိ မရှိကို ဆုံးဖြတ်သွားမည်ဖြစ်သည်။ *—Ref: Reuters*

## ၂၀၁၀ တွင် တရုတ်၌ အင်တာနက်သုံးစွဲသူ ၄၅၇ သန်းအထိ ရှိခဲ့

**ဘေဂျင်း၊ ဇန်နဝါရီ - ၁၉**

တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုသူဦးရေသည် ၂၀၁၀ ပြည့်နှစ်တွင် ၂၀၀၉ ခုနှစ်ကထက် ၁၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ကာ လူဦးရေ ၄၅၇ သန်းအထိရှိလာပြီး ကမ္ဘာ့အကြီးမားဆုံးအွန်လိုင်းဈေးကွက်ဖြစ်လာနေကြောင်းသိရသည်။

အဆိုပါစာရင်းအရ အင်တာနက်အသုံးပြုသူဦးရေမှာ ၇၃ ဒသမ ၃ သန်းတိုးလာခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်၏ လူဦးရေစုစုပေါင်း ၁ ဒသမ ၃ ဘီလီယံမှ သုံးပုံတစ်ပုံကျော်မှာအွန်လိုင်းအသုံးပြုသူများဖြစ်နေကြောင်း သတင်းကဆိုသည်။ ထို့ပြင် မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူမှာ ၂၀၀၉ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်းတိုးကာ ဦးရေ ၃၀၃ သန်းအထိရှိလာပြီဟု နိုင်ငံပိုင် တရုတ်အင်တာနက်ကွန်ရက်သတင်းစင်တာက ဆိုသည်။ စာရင်းအရ အွန်လိုင်းမှ ရောင်းချရမှုများမှာလည်း ၂၀၀၉ ခုနှစ်က ထက် ၂၀၁၀ ပြည့်နှစ်တွင် ၂၂ ရာခိုင်နှုန်း တိုးလာကာ စုစုပေါင်း ၄ ဒသမ ၅ ထရီလီယံ (ဒေါ်လာ ၆၈၄ ဘီလီယံ) ရှိလာကြောင်း သိရသည်။

*—Ref: AFP*



# အိုဘားမားနှင့် ဟူကျင်တောင် ယုံကြည်မှုတည်ဆောက်ရန် ကြိုးပမ်း

**ဝါရှင်တန်၊ ဇန်နဝါရီ - ၂၀**
တရုတ်သမ္မတဟူကျင်တောင်၏ အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း သမ္မတအိုဘားမားနှင့် သမ္မတဟူကျင်တောင်တို့သည် လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ မတူညီသောအမြင်များဖြင့် ပြောဆိုမှုများရှိသော်လည်း ယုံကြည်မှုတည်ဆောက်ရန် ကတိပြုပြောကြားခြင်းဖြင့် နှစ်ဖက် သိသာကွဲပြားခြားနားမှုများကို ချောမွေ့စေခဲ့သည်။



ကာလကြာရှည်စွာကပင် မျှော်လင့်ထားသည့် နိုင်ငံတော်အလည်အပတ်ခရီးတွင် သမ္မတဟူကျင်တောင်က တရုတ်နိုင်ငံ၌ လွတ်လပ်မှုအရေးနှင့်ပတ်သက်၍ လုပ်ဆောင်စရာ များစွာကျန်ရှိနေသေးကြောင်း ပြောကြားသော်လည်း သမ္မတအိုဘားမား၏ ကမ္ဘာ့လုံးဆိုင်ရာလူ့အခွင့်အရေး အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုမူ သဘောမတူညီခဲ့ပေ။

နောက်ပိုင်းတွင် သမ္မတနှစ်ဦးသည် ခမ်းနားကြီးကျယ်သည့် နိုင်ငံတော်ညစာစားပွဲသို့ တက်ရောက်၍ ခြောက်ကပ်ကပ်သံတမန်ရေးမိန့်ခွန်းများပြောကြားသည်။ အိမ်ဖြူတော် ညစာစားပွဲသို့ အက်ရှင်မင်းသားဂျက်ကီချန်းနှင့် ပေါ့ပ်ဘုရင်မဘာဘရာစထရိုင်ဆန်းကဲ့သို့ ထင်ရှားကျော်ကြားသူများလည်းတက်ရောက်ခဲ့သည်။

"ယဉ်ကျေးမှုနဲ့ အမြင်မတူမှုက ကျွန်တော်တို့ရဲ့ ကွဲပြားခြားနားမှုတွေအပေါ် အာရုံစိုက်ဖို့ လွယ်ကူပေမယ့်လည်း ကျွန်တော်တို့ပြည်သူတွေ တန်ဖိုးထားတဲ့ အရာတွေကို မမေ့မလျော့ရှိကြပါစို့"ဟုဆိုကာ သမ္မတအိုဘားမားက သမ္မတဟူကျင်တောင်အား နှုတ်ခွန်းဆက်ပြောကြားခဲ့သည်။ အလုပ်ကြိုးစား လုပ်ကိုင်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ မိသားစုအားချစ်ခင်ခြင်းတွင် နှစ်ဖက်ပြည်သူများ အတူတူပင်ဖြစ်ကြောင်း သမ္မတအိုဘားမားကပြောကြားသည်။

တရုတ်သမ္မတ ဟူကျင်တောင်အိမ်ဖြူတော်သို့ ရောက်ရှိလာချိန်တွင် အမြောက် ၂၁ ချက်ဖောက်၍ ကြိုဆိုဂုဏ်ပြုခဲ့သည်။ နောက်ပိုင်း ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်မူ တရုတ်ယွမ်ငွေကိစ္စ၊ တရုတ် ဈေးကွက်များကို ဝင်ရောက်နိုင်မှုနှင့်အခြား မဟာဗျူဟာအရေးကိစ္စများနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို ခေါင်းဆောင်နှစ်ဦးက အဆုံးသတ်လိုက်သည့် အရိပ်အယောင်ကို မတွေ့ရှိရကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။ သို့သော် ယင်းမတိုင်မီတွင် အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ကန်ဒေါ်လာဘီလီယံနှင့်ချီ၍ ကုန်ပစ္စည်း တင်ပို့မည့်သတင်းကိုကြေညာခဲ့ကြောင်းသိရသည်။ ယင်းတွင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ ဘိုအင်းခရီးသည်တင်လေယာဉ်အစီး ၂၀၀ ဝယ်ယူမည့်အစီအစဉ်လည်း ပါဝင်သည်။ အမေရိကန် ကုန်ပစ္စည်းများကို ကန်ဒေါ်လာ ၄၅ ဘီလီယံဖိုးခန့် တင်သွင်းမည့်အစီအစဉ်ကို တရုတ်နိုင်ငံက ကြေညာလိမ့်မည်ဟု အမေရိကန်အရာရှိများက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နှင့် တရုတ် နှစ်ဖက်လုံးက ကမ္ဘာ့အရေးတကြီးကိစ္စအများအပြားတွင် ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုပြောကြားခဲ့ကြပြီး သမ္မတအိုဘားမားကလည်း အရေးပါသည့်အင်အားကြီးနိုင်ငံအဖြစ် တရုတ်နိုင်ငံ ပေါ်ထွက်လာခြင်းကိုကြိုဆိုခဲ့ကာ ရင်းရင်းနှီးနှီးယှဉ်ပြိုင်သည့်ခေတ်ကို ရှေးရှုမျှော်လင့်နေကြောင်း ပြောကြားသည်။

*—Ref: AFP*



7DAY NEWS JOURNAL
# International
Vol.9, No.44 • JANUARY 27, 2011



# ဟစ်ဘိုလာတို့နှင့်ဆက်စပ်သည့် ဝန်ကြီးချုပ် ရွေးချယ်ခဲ့ပါက အမေရိကန်က လက်ဘနွန်နှင့် စီးပွားရေးအဆက်ဖြတ်မည်

လက်ဘနွန်၊ ဇန်နဝါရီ - ၂၄

**ဟစ်ဘိုလာအုပ်စုနှင့်ဆက်စပ်ပတ်သက်သည့် ဝန်ကြီးချုပ်တစ်ဦးသာ လက်ဘနွန်နိုင်ငံတွင် အာဏာရရှိလာပါက အမေရိကန်အစိုးရသည် လက်ဘနွန်နှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုကို ဖြတ်တောက်ရန် စဉ်းစားနေကြောင်း အမေရိကန်သံတမန်တစ်ဦးအား ကိုးကား၍ လန်ဒန်မြို့အခြေစိုက် ဆော်ဒီအာရေးဗီးယားသတင်းစာ အာရှက်အယ်အော်ဆက်တွင် ဖော်ပြခဲ့ကြောင်းသိရသည်။**

ယင်းကိစ္စနှင့်ပတ်သက်၍ တရားဝင်ထုတ်ပြန်ချက်မရှိကြောင်း၊ သို့သော် ယင်းသို့ပြောကြားချက်ကြောင့် အမေရိကန်သည် လက်ရှိဝန်ကြီးချုပ် ဆာအက်ဟာရီရီ အာဏာဆက်လက်တည်မြဲရေးအတွက် နောက်ကွယ်မှလုပ်ဆောင်နေသည်ဆိုသော ဟစ်ဘိုလာတို့က စွပ်စွဲသလို အခြေအနေဖြစ်လာကြောင်း သတင်းကဖော်ပြသည်။

ထို့အပြင် ယခုအကျပ်အတည်းအား ဖြေရှင်းနိုင်ရန် ဆော်ဒီအာရေးဗီးယားနှင့် ဆီးရီးယားနိုင်ငံတို့၏ အဆိုပြုချက်များကိုလည်း ဟာရီရီကပယ်ချရန် အမေရိကန်က ဖိအားပေးခဲ့သည်ဟု ဟစ်ဘိုလာတို့က ပြောကြားသည်။

စာမျက်နှာ(၄၅)သို့ ▸▸▸

## တူနီးရှားတွင် ပုဂ္ဂလိကတီဗီလိုင်းပိုင်ရှင်အား ဖမ်းဆီး

**တူးနစ်၊ ဇန်နဝါရီ - ၂၄**

ရာထူးမှဖယ်ရှားခံခဲ့ရသည့် ခေါင်းဆောင် ဘင်အလီ နိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် လုပ်ဆောင်နေသည်ဟုဆိုကာ တူနီးရှား ပုဂ္ဂလိကတီဗီလိုင်းတစ်ခု၏ ပိုင်ရှင်အား "နိုင်ငံတော်သစ္စာဖောက်မှု" ဖြင့် တူနီးရှားအစိုးရက ဖမ်းဆီးလိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ထုတ်ပြန်သည်။

သမ္မတဟောင်း၏ဇနီးဖြစ်သူဘက်မှ ဆွေမျိုးတော်စပ်သူ ဟာနီဘယ်တီဗီ၏ ပိုင်ရှင်ဖြစ်သူ လာဘီနာထရီသည် လူငယ်တော်လှန်ရေးအားပျက်ပြားအောင် ပြုလုပ်ခြင်း၊ ရှုပ်ထွေးမှုများဖြစ်ပေါ်အောင်ပြုလုပ်ခြင်း၊ ပုန်ကန်မှုကိုဖြစ်စေခြင်းနှင့် သတင်းအမှားများ ထုတ်လွှင့်ခြင်းများ ပြုလုပ်နေကြောင်း အာဏာပိုင်သတင်းရင်းမြစ်အား ကိုးကား၍ ကြေညာချက်တွင်ဖော်ပြသည်။

ဆင်းရဲမွဲတေမှု၊ ခြစားမှုနှင့် နိုင်ငံရေးအရ ဖိနှိပ်မှုများကြောင့် လူထုအုံကြွမှုများ ဖြစ်ပေါ်လာပြီးနောက် တူနီးရှားနိုင်ငံ၏ သက်တမ်းရှည်ခေါင်းဆောင် ဇိုင်အဘီဒင်းဘင်အလီပြုတ်ကျသွားခဲ့ရာ အာရပ်နှင့် အနောက်နိုင်ငံအစိုးရများကို အံ့အားသင့်စေခဲ့သည်။ အစ္စလာမ်မစ်များကို နိုင်ငံရေး၌ မပတ်သက်စေခြင်းအတွက် ဘင်အလီအား အနောက်နိုင်ငံများက ထောက်ခံနေခဲ့သည်။

သို့သော် ဘင်အလီပြုတ်ကျပြီးနောက်ပိုင်း တူနီးရှားနိုင်ငံမြို့တော် တူးနစ်နှင့် အခြားမြို့ကြီးများ၌ နေ့စဉ်ဆန္ဒဖော်ထုတ်ပွဲများ ပေါ်ထွက်လာခဲ့ပြီး မစ္စတာဘင်အလီ၏ သစ္စာခံအများအပြားပါဝင်သည့် ကြားဖြတ်အစိုးရကိုလည်း ဆန့်ကျင်ဆန္ဒပြကြသည်။

ဘင်အလီ၏ အာဏာရပါတီ RCD ပါတီဝင်များသည် ပါတီမှ နုတ်ထွက်ခဲ့သော်လည်း အစိုးရအဖွဲ့၏အရေးပါသော ဝန်ကြီးများနေရာကို ချုပ်ကိုင်ထားဆဲဖြစ်သည်။

အာဆားဘားသတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် ဆာလေးအတီယာကမူ ၎င်းတီဗီလိုင်းပိုင်ရှင်အား ဖမ်းဆီးခြင်းကို အံ့ဩမိကြောင်း၊ ပိုင်ရှင်လာဘီနာဆရီမှာ အစိုးရဟောင်း၏ အတွင်းလူအဖြစ် ရှုမြင်မခံရကြောင်းနှင့် ယင်းမှာ ကန့်ကွက်ဆန္ဒပြမှုများသည် အာဏာပိုင်များအား ဂနာမငြိမ်ဖြစ်စေသော အရိပ်အယောင်ပင်ဖြစ်ကြောင်း ပင်တိုင်ဆောင်းပါးရှင်က ဆက်လက်ပြောကြားသည်။

ကန့်ကွက်ဆန္ဒပြမှုများမှာ ယခုအချိန်အထိ ငြိမ်းငြိမ်းချမ်းချမ်းရှိနေဆဲဖြစ်ပြီး ဆန္ဒပြသူများသည် ဝန်ကြီးချုပ်ရုံးခြံဝင်းအတွင်းသို့ပါ ဝင်ရောက်၍ ဆန္ဒပြခွင့်ရခဲ့ကြောင်း သိရသည်။

*—Ref: Reuters*

# နိုင်ငံတော်အခြေအနေမိန့်ခွန်းတွင် အိုဘားမားက ဘက်ဂျက်လိုငွေလျှော့ချရေး ပြောကြားမည်

**ဝါရှင်တန်၊ ဇန်နဝါရီ - ၂၄**

ဒီဇင်ဘာ ၂၆ ရက်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား ပြောကြားမည့် နိုင်ငံတော်အခြေအနေမိန့်ခွန်း၌ နိုင်ငံ၏ ဘက်ဂျက်လိုငွေလျှော့ချရေးကို တာဝန်သိသိလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း၊ သို့သော် သုံးစွဲမှုနှင့် အခွန်အတုတ်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်အစီအစဉ်များကို ထုတ်ပြန်မည်မဟုတ်ကြောင်း ဝေါလ်စထရိဂျာနယ်သတင်းက ဖော်ပြသည်။ ထို့အပြင် ၂၀၁၂ ရွေးကောက်ပွဲကာလအထိ နိုင်ငံရေးအရ ငြင်းခုံဆွေးနွေးရမည့် ကျယ်ပြန့်သော အကြောင်းတရားများကိုလည်း သမ္မတက ချပြလိမ့်မည်ဖြစ်ကြောင်း သတင်းကဖော်ပြသည်။

စွန့်လွှတ်အနစ်နာခံမှုများကို ပါတီနှစ်ရပ်စလုံးက မျှဝေခံစားကြရန် အိုဘားမားက တိုက်တွန်းသွားမည်ဟု မျှော်လင့်ရပြီး ကော်ပိုရေးရှင်းများ၏ ဝင်ငွေခွန်လျှော့ပေါ့ခြင်းကို ခွင့်ပြု၍ ရီပတ်ဘလေကန်ပါတီဘက်ဆီသို့ လက်ကမ်းမည်ဟု မျှော်လင့်ရကြောင်း သမ္မတ၏ မိန့်ခွန်းပြင်ဆင်မှုများနှင့် အကျွမ်းတဝင်ရှိသူများက ပြောကြားသည်။

အလုပ်အကိုင်များ ဖန်တီးရေးဆွေးနွေးမှုအတွက်လည်း



သမ္မတအိုဘားမားသည် "ရင်းနှီးမြှုပ်နှံမှု" နှင့် "ယှဉ်ပြိုင်နိုင်မှု" ဆိုသော စကားလုံးများကို ရွေးချယ်အသုံးပြုထားကြောင်း သိရပြီး နိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးသည့် လုပ်ငန်းကဏ္ဍများတွင် ငွေကြေးသုံးစွဲမှုကို ဆန့်ကျင်ရန် ရီပတ်ဘလေကန်များကို စိန်ခေါ်သွားမည်ဟု မျှော်လင့်ရသည်။

ပညာရေး၊ အခြေခံအဆောက်အအုံ၊ သိပ္ပံနှင့်နည်းပညာ၊ စွမ်းအင်ကဏ္ဍများတွင် ငွေကြေးသုံးစွဲမှုလျှော့ချခြင်းတို့ကိုလည်း သမ္မတက အကာအကွယ်ပေးလိမ့်မည်ဟု သတင်းကဖော်ပြသည်။ ထို့အတွက် ယင်းနယ်ပယ်များသည် ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲအတွက် တိုက်ပွဲဝင်ရမည့် နယ်ပယ်များဖြစ်လာမည်ဖြစ်သည်။

*—Ref: WSJ*



# အကယ်ဒမီ

Vol.9, No.44 · JANUARY 27, 2011


၂၀၀၉ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီလ ၂၃ရက်နေ့က နေပြည်တော်ရှိ လဟာပြင်ဇာတ်ရုံတွင် ပြုလုပ်ခဲ့ရာ ဒရာမာဇာတ်ကားငါးကားက ချီးမြှင့်သည့်ဆုကိုးဆုကို ခွဲဝေယူသွားခဲ့ပြီး၊ ပထမဆုံးအကြိမ်ဆုရသူငါးဦး ထွက်ပေါ်ခဲ့သောအကယ်ဒမီနှစ်လည်းဖြစ်သည်။ တစ်နိုင်ငံလုံးရှိပရိသတ်များ၏ဆန္ဒနှင့်ထပ်တူအကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကိုနေတိုးရရှိခဲ့ခြင်းက အမျိုးသမီးဇာတ်ဆောင်ဆုချီးမြှင့်နိုင်ခြင်း မရှိခဲ့သည့်အပေါ် စိတ်ဝင်တစား ဝေဖန်ပြောဆိုမှုများမရှိသလောက် လျော့နည်းစေခဲ့ပြီး ပရိသတ်များ အစွမ်းကုန်ပျော်ရွှင်ခဲ့ကြသည့်ပွဲလည်းဖြစ်သည်။

## ပရိသတ်ဆန္ဒနှင့်တစ်ထပ်တည်းကျခဲ့သော

# အကယ်ဒမီည

အေးသူစံ

ဆုကိုးဆုအနက် အထူးခြားဆုံးဆုကတော့ စိုးပြည့်သဇင် ရရှိခဲ့သည့် အမျိုးသမီးဇာတ်ပို့ဆုဖြစ်သည်။ ပရိသတ်တော်တော်များများနှင့် စာနယ်ဇင်းအများစု၏ ခန့်မှန်းထင်ကြေးထဲတွင် မပါဝင်ခဲ့သော်လည်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို စိုးမြတ်သူဇာက ‘ကျွန်မညီမလေးပါပဲ’ ဟု ကြေညာလိုက်ချိန်မှာတော့ ပရိသတ်အားလုံးနီးပါး ပါးစပ်အဟောင်းသားနှင့် အံ့ဩဝမ်းသာအားပေးလက်ခုပ်သံများ သောသောညံသွားသည်။ စိုးပြည့်သဇင်သည် သူမ၏ပထမဆုံးရုပ်ရှင်ဖြစ်သော ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးသည့် ‘မိုးညအိပ်မက်မြူ’ ဇာတ်ကားတွင် သူဌေးသမီးထားအဖြစ် မိခင်အလိုကျ နေထိုင်ခဲ့ရသည့် အပျိုဖော်ဝင်စအရွယ် မိမိချစ်သောသူ၏ အချစ်ကို သိရှိခံစားရသော်လည်း ဂုဏ်ရည်မတူသော အသိုင်းအဝိုင်းကြောင့် ချစ်ရသူ၏ ရှောင်ဖယ်မှုကိုခံစားရပြီး မချစ်မနှစ်သက်သောသူနှင့်ပေါင်းဖက်ရမည့်ဒုက္ခကြောင့် စိတ်ထိခိုက်ဝမ်းနည်းပူဆွေးကာ သေဆုံးခဲ့ရပုံကို ဇာတ်ကောင် စရိုက်ပီပြင်စွာဖြင့် ဇာတ်အား ပံ့ပိုးပေးနိုင်ခြင်းကြောင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ဆုရရှိခြင်းအတွက် ဝမ်းသာပီတိစကားကို ပရိသတ်တွေဝိုင်းအုံနေသည့်ကြားမှ သူမ က “အရမ်းဝမ်းသာပါတယ်၊ရမယ်လို့လည်း မထင်ထားခဲ့ပါဘူး၊ မကြီးက စိုးပြည့်နာမည်ကို ကြေညာလိုက်တဲ့အချိန်မှာ ရင်ထဲမှာ ပြောမပြတတ်အောင် ခံစားရပါတယ်။ အရမ်းဝမ်းသာလွန်းလို့ ငိုချင်နေခဲ့မိတယ်ရှင့်။ ဒီထက်ပိုပြီးတော့ သမီး ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်” ဟု 7 Day News ကိုဖြေကြားခဲ့သည်။ စိုးပြည့်သဇင်သည်အသက် ၂၀ ပင်မပြည့်သေးသည့် ရုပ်ရှင်မင်းသမီးငယ်လေးဖြစ်သော်လည်း ရုပ်ရှင်လောက၏ အမြင့်ဆုံးဆုတစ်ခုကိုရရှိသွားပြီဖြစ်သည်။



ယဉ်ယဉ်လေးနဲ့ လှခဲ့တဲ့

၂၀၀၉အကယ်ဒမီည

သတင်း - အချပ်ပို(D)သို့

ပထမဆုံးအကြိမ်ဆုရရှိသူအများအပြား ထွက်ပေါ်ခဲ့သော ၂၀၀၉ အကယ်ဒမီတွင် အကယ်ဒမီနှင့် အကြိမ်ကြိမ်လွဲနေခဲ့သော ဒါရိုက်တာမီးပွားကနယ်သစ်ဦးထုတ်လုပ်ရေးအတွက်ရိုက်ကူးခဲ့သည့် ‘ဖော်ကကနေသည်’ ဇာတ်ကားအတွက် အကောင်းဆုံးဒါရိုက်တာဆုကို ရရှိခဲ့သည်။ ယင်းဆုကို ဒါရိုက်တာကြည်စိုးထွန်းက ဖွင့်ဖောက်ကြေညာရာ “သူ့နာမည်က ဓာတ်ဆီနဲ့မတည့်ဘူး”ဟု ဆိုလိုက်ရုံနှင့် ဒါရိုက်တာ စင်ရော်မောင်မောင်နားတွင် အုံခဲနေသော ဓာတ်ပုံသမားတစ်သိုက် ဒါရိုက်တာမီးပွားရှိရာစင်၏ယာဘက်ခြမ်း သို့ ပြေးကြရပြန်သည်။ **အရိပ်၊တစ်ခါကရောဝတီညများ၊ မင်္ဂလာပါနှင့် ကြိုးတန်း**ဇာတ်ကားများနှင့် ပရိသတ်များက အကယ်ဒမီရရှိစေလိုခဲ့သော်လည်းယခုနှစ်တွင်မှ‘ဖော်ကကနေသည်”နှင့်မှ သူ၏ အကယ်ဒမီဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မီးပွား၏လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းတစ်စု အတောမသတ်နိုင်အောင်ပျော်ရွှင်ကြရပြီး အမြဲတမ်းတစ်တွဲတွဲဖြစ်နေတတ်သော ဇာတ်ညွှန်းရေးဆရာမြင့်ဦးဦးမြင့် သည်လည်း ယခုနှစ်အတွက် အကောင်းဆုံးဇာတ်ညွှန်းဆုကို



ဓာတ်ပုံများ
လမင်းနိုင်
ဂျေမောင်မောင်(အမရပူရ)


အချပ်ပို(C)သို့

# မြန်မာ့ ရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မှသာ ပရိသတ်များ နှစ်သက်လက်ခံမည်ဟုပြန်ကြားရေးဝန်ကြီးပြောကြား



အေးသူစံ

နေပြည်တော်၊ ဇန်နဝါရီ - ၂၃

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီလ ၂၃ရက်က နေပြည်တော်ရှိ လဟာပြင်ဇာတ်ရုံတွင်ကျင်းပသည့်အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဦးကျော်ဆန်းက မြန်မာ့ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေးမှာ နိုင်ငံတကာအဆင့်မီမှသာ မြန်မာပြည်သူများ နှစ်သက်လက်ခံကြမည်ဖြစ်ကြောင်း အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

"မြန်မာ့ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွဲများရဲ့ အရည်အသွေး၊ အဆင့်အတန်းဟာ ယနေ့ရှေ့ကပြေးနေတဲ့ ဟောလိဝုဒ်၊ ဘောလိဝုဒ်၊ တရုတ်၊ ကိုရီးယား ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများနဲ့ ယှဉ်ပြိုင်နိုင်ပြီး စံချိန်မီမှသာ မြန်မာဇာတ်ကားများ၊ ဇာတ်လမ်းတွဲများကို မြန်မာပြည်သူများက နှစ်သက်လက်ခံအားပေးကြည့်ရှုကြမှာဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်လောကသားများအနေနဲ့ နိုင်ငံတကာဇာတ်ကားများနဲ့ အနုပညာအရည်အသွေး ယှဉ်နိုင်အောင်၊အမီလိုက်နိုင်အောင်၊ နောက်ကျော်လွန်နိုင်အောင် အစဉ်တစိုက်အားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မဖြစ်မနေလိုအပ်မှာဖြစ်ပါတယ်"ဟု ဝန်ကြီးက မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့ပြင်နိုင်ငံတော်၊ ဝန်ကြီးဌာန၊ အစည်းအရုံးနှင့် လောကသားများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်မှုအရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်မြင့်မားလာသည်ကိုတွေ့ရှိရကြောင်း၊ မကြာမီ ကာလအတွင်း မြန်မာရုပ်ရှင်ကားနှစ်ကားကို ပြည်ပနိုင်ငံများတွင် ပြသနိုင်တော့မည်ဖြစ်ပြီး ဈေးကွက်အဆက်အသွယ်များ ရရှိလာတော့မှာဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောကြားသွားသည်။

## ပရိသတ်ဆန္ဒနှင့် တစ်ထပ်တည်းကျခဲ့သော
# အကယ်ဒမီည



'ကြိုးကြာ တောင်ပံခတ်သံ' ဇာတ်ကားဖြင့် ရရှိခဲ့ခြင်းကြောင့် သူငယ်ချင်းနှစ်ဦးတို့၏ ပထမဆုံး အနုပညာမှတ်တိုင် ပြိုင်တူစိုက်ထူနိုင်မှုမှာ အပေါင်းအသင်းတို့အတွက် နှစ်ထပ်ကွမ်း ဝမ်းသာပျော်ရွှင်မှုကိုခံစားရရှိစေသည်။

'ပရိသတ်ကြီးကို ပြောချင်တာက မီးပွားအကယ်ဒမီရပါပြီ' ဟု ဒါရိုက်တာမီးပွားက ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားသွားသည်ကိုလည်း သူ့ပရိသတ်များ အထူးနှစ်သက်ကြသည်။

ယခုနှစ်အတွက် ပရိသတ်၏ ရရှိလိုမှုစေတနာနှင့် ကာယကံရှင်ကိုယ်တိုင်၏ ကြိုးစားမှုရလဒ်တို့ ထပ်တူကျခဲ့ပြီး သူမှသူ၊ သူ့မှမပေးရင် ဘယ်သူမှ ပေးစရာမရှိဖြစ်နေသော ပြိုင်ဘက်ကင်း နေတိုးမှာ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ထိုက်ထိုက်တန်တန်ရရှိသွားခဲ့သည်။ ယင်းဆုကို လွင်မိုးက ကြေညာရာတွင်"ဟုတ်ပါတယ်။ မှန်ပါတယ်။ သူပါပဲ"ဆိုလိုက်ချိန်တွင် ပရိသတ်အများစုအော်ဟစ်ခုန်ပေါက် အားပေးခဲ့ကြသည်။ ဓာတ်ပုံသမားအများစုလည်း ဘယ်ကိုမှပြေးလွှားစရာမလိုဘဲ ဆုမကြေညာခင်က နေရာယူထားသည့်အတိုင်း နေတိုးရှိရာစင်ဝဲဘက်ထောင့်မှနေ၍ သဲသဲမဲမဲ ဓာတ်ပုံရိုက်ယူခွင့် ရခဲ့ကြသည်။ နေတိုးသည် ဝေဖန်ရေးစာမျက်နှာများဝယ် ဂယက်ရိုက်ခဲ့သော 'မိုးညအိပ်မက်မြူ' ရုပ်ရှင်ကားဖြင့်ပင် ရရှိခဲ့ခြင်းဖြစ်ပြီး လူတစ်ကိုယ်စိတ်သုံးမျိုးဖြင့် စိတ်ဝေဒနာကို ခံစားရသည့် ကိုမြင့်ဝေ၊ ကိုညိုမှိုင်းနှင့် ကိုသစ္စာ သုံးကိုယ်ခွဲ စိတ်ဝေဒနာရှင်အဖြစ် ပီသစွာ ဇာတ်ကိုဆောင်နိုင်ခြင်းကြောင့် 'မိုးညအိပ်မက်မြူ'ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ နေတိုးကို ပေးမည်ဆိုပါက 'ကြိုးကြာတောင်ပံခတ်သံ'၊ 'ဖော်ကကနေသည်' ဇာတ်ကားများသည်လည်း ဇာတ်ဆောင်ဆုရနိုင်သည့် ကားများဖြစ်သည်။

"ဒီကားကို ကြည့်တုန်းကတည်းက ပရိသတ် အရမ်းအားပေးခဲ့ကြတယ်။ အခုလို ထူးထူးခြားခြား ဒီကားလေးနဲ့ရတဲ့ အတွက် ကျွန်တော်အရမ်းကျေနပ်ပါတယ်။ ပရိသတ်ဆန္ဒကိုလည်း ဖြည့်ပေးရတဲ့အတွက် ဝမ်းသာပါတယ်" ဟုနေတိုးက လာရောက်နှုတ်ဆက်သူ လူအုပ်ကြီးကြားထဲကပင် 7 Day News ကို ဖြေကြားခဲ့သည်။ နေတိုး၏ အောင်မြင်မှုကို ပွဲလာပရိသတ်တွေတင်မက တစ်နိုင်ငံလုံးက ရုပ်သံကြည့်ပရိသတ်များလည်း အရှူးအမူး အားပေးပျော်ရွှင်ခဲ့ကြပြီး အမျိုးသမီးဇာတ်ဆောင်ဆု မပေးအပ်ခဲ့သည့်အပေါ် ယခင်နှစ်များကလောက် စိတ်ဝင်စားမှုမရှိခဲ့သည်အထိ နေတိုး၏ အောင်မြင်မှု အတိုင်းအတာက ကြီးမားလွန်းလှသည်။

ပထမဆုံးဆုရှင်အဖြစ် မှတ်တမ်းတင်ရမည့်နောက်တစ်ဦးမှာ အကောင်းဆုံး တေးဂီတဆုကို 'ဖော်ကကနေသည်' ဇာတ်ကားတွင် ဖန်တီးခဲ့သည့် 'ခီရာမိုရ်' ဖြစ်သည်။ ခီရာမိုရ်သည် ယမန်နှစ်ကတည်းက 'ငယ်သူမို့ မသိပါ' ဇာတ်ကားဖြင့် ဆုရရှိရန်ရေပန်းစားခဲ့သော်လည်း ဆုနှင့်လွဲချော်ခဲ့ရပြီး ယခုနှစ်တွင်တော့ အကယ်ဒမီဆုကြီးကို အားလုံးကြိုတင်ခန့်မှန်းထားသည့်အတိုင်း ထပ်တူကျခဲ့သူတစ်ဦးဖြစ်သည်။ ဇာတ်ရှိန်ကို မြင့်တက်စေသည့်အတွဲအဖက်ပြကွက်များတွင် တေးသီချင်းများကိုအချိတ်အဆက်ရှိရှိ ညီညွတ်မျှတစွာအသုံးပြုနိုင်ခဲ့ပြီး အဓိကဇာတ်ဝင်သီချင်းစာသား 'ဖော်ကကနေသည်၊ ခါးကော့ထားပါ' စာသားအပိုဒ်ကို ဇာတ်အတက်အကျ အချိုးအကွေ့တို့တွင် ထည့်သွင်းအသုံးပြုထားခြင်းကလည်း ၎င်းကိုဆုရရှိစေခဲ့သည့် အချက်တစ်ချက်ဖြစ်ခဲ့သည်။

စာရေးဆရာလက်ာရည်ကျော်၏ အမျိုးသားစာပေဆုရရှိထားသည့်ဝတ္ထုကို ပြန်လည်ရိုက်ကူးထားသော 'ကြိုးကြာတောင်ပံခတ်သံ'ရုပ်ရှင်ကားသည် ဆုများအများအပြား မျှော်လင့်နိုင်ဖွယ်ရှိခဲ့သော်လည်း ဇာတ်ကားဆုနှင့် ဇာတ်ညွှန်းဆုနှစ်ဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။ ရန်ကုန်မြို့လယ် ရုံကြီးများတွင် မပြသသေးရသေးသောကားဖြစ်ခြင်းကြောင့် ထူးချွန်ဆုပြကွက်များပြသချိန်တွင် စိတ်ဝင်တစားကြည့်ရှုအားပေးခြင်းခံခဲ့ရပြီး ချီးမြှင့်စရာ ဒရာမာဇာတ်ကား များပြားခဲ့ခြင်းကြောင့် 'ကြိုးကြာတောင်ပံခတ်သံ'သည် ဆုနှစ်ဆုဖြင့်သာ ကျေနပ်လိုက်ရသည်။ "ချင်းတောင်ကြီးနဲ့အပြိုင်ဆရာဝန်တွေရဲ့စွန့်လွှတ်အနစ်နာခံမှု၊ တိုင်းရင်းသားတွေရဲ့ ချစ်ခင်မှု၊ ဒါတွေအားလုံးကိုယှဉ်ပြီး ပြနိုင်ခဲ့တာပေါ့။ အဲဒါအတွက် ကျွန်တော်ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ ဒါမျိုးကားတွေအများကြီးပေါ်လာမယ်ဆိုရင် တိုင်းပြည်အတွက် အရမ်းကောင်းပါတယ်" ဟု ဇာတ်ကားဆုဆွတ်ခူးခဲ့သည့်စင်ရော်ထုတ်လုပ်ရေးမှ ဒါရိုက်တာစင်ရော်မောင်မောင်က ရုံတင်ချိန်တွင် ကြည့်ရှုကြမည့် ပရိသတ်ကိုအမှာစကားပြောကြားပေးရန် 7Day News၏မေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။

ပြည်ပရုပ်ရှင်ပွဲတော်များတွင် ဆုများရရှိခဲ့သော 'အတိတ်ရဲ့အရိပ်' ဇာတ်ကားသည် အသံထူးချွန်ဆုနှင့် ဓာတ်ပုံထူးချွန်ဆုတို့ ရရှိခဲ့သည်။ ဓာတ်ပုံထူးချွန်ဆုကို ဦးမြင့်သိန်းဖေကြေညာရာ ကင်မရာမင်း ကျောက်ဖြူနားတွင် ဝိုင်းအုံနေသော ဓာတ်ပုံသမားများ ကိုကိုဌေးဆီသို့ တက်သုတ်ရိုက်ပြေးလွှားခဲ့ကြရသည်။ ထုတ်လုပ်သူလည်းဖြစ်၊ မင်းသားလည်းဖြစ်သော အောင်သူရမှာ အသံထူးချွန်ဆုရှင် ဆန်းဦးနှင့်အဖွဲ့၊ ဓာတ်ပုံထူးချွန်ဆုရှင်ကိုကိုဌေးနှင့်အဖွဲ့တို့၏ရွှေစင်ရုပ်နှစ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မင်းသားဆု၊ ဒါရိုက်တာဆု၊ မင်းသမီးဆုတို့ရရှိနိုင်သည်ဟု ရေပန်းစားခဲ့သည့် 'ကျောက်စက်ရေ' ဇာတ်ကားမှာ တည်းဖြတ်ဆုတစ်ခုတည်းဖြင့်သာ ကျေနပ်လိုက်ရပြီး ယင်းဆုကို ဖော်မင်း(ဟံသာမြေ)က လေးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အကယ်ဒမီပွဲတွင် ခန့်မှန်းထားသော ဇာတ်ကားများဖြစ်ကြသည့် 'ကျောက်စက်ရေ'၊ 'မိုးညအိပ်မက်မြူ'၊ 'ကြိုးကြာတောင်ပံခတ်သံ'၊ 'ဖော်က ကနေသည်' နှင့် 'အတိတ်ရဲ့အရိပ်' တို့က ဆုများ ခွဲဝေယူသွားကြပြီး ကျောက်စက်ရေမှလွဲ၍ ကျန်ဇာတ်ကားများမှာ ထူးချွန်ဆုနှစ်ဆုစီ ရရှိခဲ့သည်။ ဒရာမာဇာတ်ကားများ အားပြိုင်ကြသောနှစ်ဖြစ်ပြီး ထင်ကြေးပေးထားသည့်အထဲမှ အမျိုးသမီးဇာတ်ဆောင်ဆု ချီးမြှင့်ခြင်းမရှိသည့်နှစ်အဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်တွင်လည်း အမျိုးသမီးဇာတ်ဆောင်ဆု၊ ဇာတ်ပို့ဆုတို့ ချီးမြှင့်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ဆယ်စုနှစ်အတွင်း အမျိုးသမီးဇာတ်ဆောင်ဆု ရှစ်ဆုချီးမြှင့်ထားပြီး ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် အမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိပေ။

ယခုနှစ်အကယ်ဒမီပွဲတွင် သတင်းသမားများ သတင်းယူရာတွင် ယခင်နှစ်များအတိုင်းပင် ပရိသတ် များပြားလွန်းခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ လက်ကိုင်ဖုန်းများ ယူဆောင်ခွင့်မပြုဟု စာနယ်ဇင်းများအား ကန့်သတ်ထားသော်လည်း ပွဲခင်းအတွင်း လက်ကိုင်ဖုန်းကိုယ်စီအသုံးပြုနေသော ပရိသတ်အများအပြားကိုတွေ့ခဲ့ရပြီး အနုပညာရှင်အများစုမှာလည်း ပွဲစသည့်အချိန်အထိ မိမိထိုင်ခုံနေရာကိုကြိုးစားပမ်းစားရှာဖွေနေရပြီး အနုပညာရှင်များအား ကြိုဆိုနေရာချထားရေးပုဂ္ဂိုလ်များလည်း ပျောက်ကွယ်နေခြင်းကြောင့် ဓာတ်ပုံတွဲရိုက်သူ၊ အော်တိုရေးခိုင်းသူများအကြား အချိန်အတန်ကြာ နစ်မြုပ်နေခဲ့သည်။ ဆုရပြကွက်များကို ပြန်လည်သုံးသပ်ပြသနေချိန်တွင် ပွဲခင်းအလယ်ပိတ်ကားရှေ့ စင်မြင့်အောက်အထိ ပွဲကြည့်ပရိသတ်များပြိုဆင်းလာခဲ့ပြီး ဆုရသူများကို ဂုဏ်ပြုရန် စောင့်ဆိုင်းနေသော အနုပညာရှင်များမှာ ပွဲခင်းကြီးအလယ်တွင် အော်တိုထိုးပေးရ၊ ဓာတ်ပုံတွဲရိုက်ကြနှင့် အတော်ပင် ဗျာများကုန်ကြပြန်သည်။ စာနယ်ဇင်းများမှာတော့ နှစ်စဉ် ထုံးတမ်းစဉ်လာမပျက်ဟိုနားမတ်တတ်၊ သည်နားငုတ်တုတ်ဖြင့်သာ သတင်းယူရ၊ ဓာတ်ပုံရိုက်ခဲ့ရသည်။

"ရသင့်တဲ့လူတွေရတာလို့ မြင်တယ်။ သူ့နေရာနဲ့သူ ပီပီပြင်ပြင်သရုပ်ဆောင်နိုင်တဲ့သူတွေကို ဆုပေးခဲ့တယ်လို့မြင်တယ်။ ကျွန်တော့်ဆီမှာ တော်တော်များများ ရမယ်လို့ထင်ထားတဲ့လူတွေ ရကြတာများတယ်။ပရိသတ်တစ်ယောက်အနေနဲ့ ကိုယ်ရစေချင်တဲ့သူတွေ ရတော့ ကျေနပ်တာပေါ့။ ပွဲပြီးတဲ့အထိကြည့်တယ်။ နေတိုးပြောတဲ့စကားလိုပဲ သူ့ရင်ခုန်သံနဲ့ ပရိသတ်ရင်ခုန်သံ ထပ်တူကျသွားသလို ဆုရွေးချယ်ရေးအဖွဲ့ရဲ့ ရင်ခုန်သံနဲ့ ပရိသတ်ရင်ခုန်သံထပ်တူကျသွားတဲ့ အကယ်ဒမီပွဲပေါ့ဗျာ" ဟု ၂၀၀၉ခုနှစ်အကယ်ဒမီပေးပွဲကို ရုပ်သံတွင်ကြည့်ရှုခဲ့သည့် အသက် ၃၀ ဝန်းကျင်အရွယ် စာပေတိုက် ဝန်ထမ်းတစ်ဦးက ပြောသည်။

မည်သို့ပင်ဆိုစေ ပရိသတ်၏ ရင်လှိုက်သည်းလှိုက်အားပေးခြင်းခံခဲ့ရသည့် ရသမြောက်သော အကယ်ဒမီပွဲများပျောက်ကွယ်နေရာမှ ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီပေးပွဲညချမ်းကတော့ ပရိသတ်၏ စစ်မှန်သော လက်ခုပ်သံများဖြင့် လှပအဓိပ္ပာယ်ရှိခဲ့သော ညချမ်းလေးဖြစ်ခဲ့သည်။ ॥

| စဉ် | ဆုအမျိုးအစား | ဇာတ်ကားအမည် | အကယ်ဒမီဆုရှင် |
|---|---|---|---|
| ၁။ | အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု | မိုးညအိပ်မက်မြူ | နေတိုး |
| ၂။ | အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု | ဖော်က ကနေသည် | မီးပွား |
| ၃။ | အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု | ကြိုးကြာတောင်ပံခတ်သံ | စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး |
| ၄။ | အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု | မိုးညအိပ်မက်မြူ | စိုးပြည့်သဇင် |
| ၅။ | အကောင်းဆုံးရုပ်ရှင်တေးဂီတဆု | ဖော်က ကနေသည် | ခီရာမိုရ် |
| ၆။ | အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု | ကြိုးကြာတောင်ပံခတ်သံ | မြင့်ဦးဦးမြင့် |
| ၇။ | အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု | အတိတ်ရဲ့အရိပ် | ကိုကိုဌေးနှင့်အဖွဲ့ |
| ၈။ | အကောင်းဆုံးရုပ်ရှင်အသံဆု | အတိတ်ရဲ့အရိပ် | ဆန်းဦးနှင့်အဖွဲ့ |
| ၉။ | အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု | ကျောက်စက်ရေ | ဖော်မင်း(ဟံသာမြေ) |

7 DAY NEWS JOURNAL
Vol.9, No.44 • JANUARY 27, 2011

# ယဉ်ယဉ်လေးနဲ့ လှခဲ့တဲ့ ၂၀၀၉ အကယ်ဒမီည

အေးသူစံ





ယခုနှစ်အကယ်ဒမီဖက်ရှင် အမျိုးသမီးအနုပညာရှင်များမှာ ယခင်နှစ်များကထက် လုံခြုံမှုကိုဦးစားပေးဖန်တီးထားသော ဝတ်စုံများဖြင့် ကျက်သရေရှိရှိ ဆင်မြန်းထားကြသည်ကိုတွေ့ရသည်။

အရောင်များအနေဖြင့် လိမ္မော်၊ အနက်၊ အနီ၊ အစိမ်း၊ ရွှေအိုရောင်နှင့်ငွေရောင်တို့ အဝတ်များခဲ့ကြပြီး အကယ်ဒမီဆုရှင် နေတိုး၏ ရင်ဖုံးတိုက်ပုံအစိမ်းရောင်နှင့် စိုးပြည့်သဇင်၏ အနီရောင်ဝတ်စုံလေးများမှာ အကယ်ဒမီစင်မြင့်ထက်တွင် ထင်းလင်းပေါ်လွင်နေသည်။ ရွှေပိုးအိမ်ပိုးထည်တိုက်မှ နေတိုးကိုဆင်မြန်းပေးထားခြင်းဖြစ်ပြီး မင်းသား၏ ကိုယ်ပိုင်ဒီဇိုင်နာ မင်းထက်စံ၏လက်ရာဖြင့် ဆုရှင်မင်းသားမှာ နှုတ်ခမ်းနီမလေးများအကြား အထူးရေပန်းစားပေါ်လွင်နေခဲ့သည်။

အမျိုးသားအနုပညာရှင်အများစု၏ တိုက်ပုံဒီဇိုင်းများမှာ ယခင်နှစ်များကလောက် ဒီဇိုင်းထူးခြားဆန်းသစ်ခဲ့ခြင်းမရှိခဲ့သော်လည်း ရိုးရိုးတိုက်ပုံပြောင်ကို အတွင်းမှ ရှပ်ကော်လာရောင်စုံဒီဇိုင်းလှလှလေးများဖြင့် တွဲဖက်ဝတ်ဆင်သူ များပြားခဲ့သည်။ အတွင်းရှပ်ကော်လာကို ဖန်စီကျောက်ပွင့်များဖြင့် အလှဆင်ထားသည့် ဒီဇိုင်းများ၊ တစ်ထည်လုံး ကနုတ်အဆင်လေးများ ထိုးယှက်ထားသည့် ဒီဇိုင်းများ အနည်းငယ်သာတွေ့ခဲ့ရပြီး တိုက်ပုံပေါ်တွင် အပွင့်၊ အခက်ဒီဇိုင်း ပုံဖော်ခြင်းများနည်းပါးခဲ့သည်။ အနုပညာရှင် ဇနီးမောင်နှံအများစုမှာ ဆင်တူဝတ်ဆင်ခဲ့ကြပြီး ဒါရိုက်တာမောင်မျိုးမင်းတို့စုံတွဲမှာ ရိုးရာမပျက် လိပ်လိပ်ပြာနှင့် အနီရောင် နှင်းဆီပန်းပွင့်ပုံကို တိုက်ပုံနှင့်ရင်ဖုံးအင်္ကျီပေါ်တွင် ပုံဖော်ထားသည်။ ထူးထူးခြားခြားတိုက်ပုံနှင့်ပုဆိုး ဒီဇိုင်းကိုဝတ်ဆင်ထားသူက ရိုတဖြစ်ပြီး အသည်းယားစဖွယ် ခူကောင်များ သဏ္ဌာန်ကပ်ချုပ်ထားသော တိုက်ပုံဒီဇိုင်းကြောင့် ပရိသတ်၏စူးစမ်းမှုကို ခံခဲ့ရသည်။ မင်းသားများ၏ တိုက်ပုံရောင်စုံ ပြောင်ဒီဇိုင်းများတွင် ပန်းနုရောင်၊ ပန်းဆီရောင်၊ မိုးပြာရောင် စသည့်အရောင်နုလေးများ ဝတ်ဆင်သူများပြားသည်ကိုတွေ့ရသည်။

အမျိုးသမီးအနုပညာရှင်များ၏ ယခုနှစ်ပွဲတက်ဝတ်စုံတွင် အထက်အောက်ဆင်တူကို ချိတ်နှင့် တွဲဖက်ဝတ်ဆင်ခြင်းထက် အရောင်တူပိတ်စပေါ်တွင် ပန်းထိုးခြင်း၊ ပန်းကပ်ခြင်း၊ ဖန်စီကျောက်များကပ်၍အလှဆင်ခြင်း၊ အရောင်တူပိတ်စကို လိုအပ်သည့်ပုံစံဖြတ်ညှပ်ကာ ထဘီအသားပေါ်တွင်ပြန်ကပ်ခြင်း စသည့် ဒီဇိုင်းဆန်းလေးများ များပြားခဲ့သည်။ ယခုနှစ်တွင် လက်ပြတ်ဝတ်စုံကိုပဝါခြုံ၍ ဝတ်ဆင်သည့် ဒီဇိုင်းများလည်းရှိခဲ့သည်။

စီးကွင့်အပွင့် အဖတ်လေးများကို ဝတ်စုံပေါ်တွင် ဒေါင်လိုက်သဏ္ဌာန် အပွင့်အဖတ်လေးများဖော်ကာ တလက်လက်ထအောင်ဖန်တီးချုပ်လုပ်ထားသော ဒီဇိုင်းများလည်း ခေတ်စားခဲ့ပြီး


ဓာတ်ပုံ - Aroma

အနုပညာရှင်အမျိုးသမီးအများစုဝတ်ဆင်ထားသည်ကို တွေ့ရသည်။

ရင်ဘတ်အထိ ဖုံးအုပ်ထားပြီး ရင်ဘတ်အထက်ကို ပိတ်စအပါးသားများ ဖုံးအုပ်ထားသည့် လုံခြုံသော ရင်စေ့ဝတ်စုံများအကြားတွင် ရှေ့ပိုင်းလည်ပင်းအပိတ်ရင်ဖုံးတွင် ကျောဘက်တစ်ပိုင်းလုံး ပြောင်ပိတ်စအပါးစခံထားသော ဒီဇိုင်းအချို့ကို မင်းသမီးအချို့ဝတ်ဆင်ထားပြီး ကျောပြောင်ကို ပဝါဖြင့်ရစ်သိုင်း ဖုံးအုပ်ထားသည်ကိုလည်း တွေ့ရသည်။ အရောင်စုံ၊ ဒီဇိုင်းဆန်းများကြားတွင် ယမန်နှစ်ကထက် ဂါဝန်နှင့်စကတ်များဝတ်ဆင်လာကြသည့် မင်းသမီးများလည်း ရှိသေးသည်။

ယခုနှစ်အကယ်ဒမီ ဖက်ရှင်ကိုခြုံငုံသုံးသပ်ရလျှင် မင်းသမီးအများစုမှာ ယဉ်ယဉ်လှလှ၊ လုံလုံခြုံခြုံဖြင့် ကျက်သရေရှိရှိ လှပနေခဲ့ပြီး ပန်းအစစ်ကိုပန်ဆင်သူထက် ဖန်စီကျောက်ပွင့်အခက်များ၊ ဆံထိုးများဖြင့် ဆံပင်အလှဆင်ထားသည့် ဖက်ရှင်လည်း အထူးရေပန်းစားသည်ကိုတွေ့ရသည်။ ရိုးရိုးရင်ဖုံးထက် နောက်ကျောကွဲ၊ ရင်ဘတ်အပိတ်ဒီဇိုင်းများပေါ်တွင်လိုချင်သည့် ပုံစံအလိုက် ဖန်စီကျောက် ရောင်စုံများဖြင့် ပုံဖော်သော ဝတ်စုံဒီဇိုင်းအများစုနေရာယူခဲ့သော ယဉ်ယဉ်လေးနှင့် လှပခဲ့သည့် ၂၀၀၉ အကယ်ဒမီပွဲတက်ဖက်ရှင်ပင်ဖြစ်သည်။


ဓာတ်ပုံ - Aroma







အကယ်ဒမီသတင်းဓာတ်ပုံများကို လမင်းနိုင်နှင့် ဂျေမောင်မောင်(အမရပူရ)တို့က ရိုက်ကူးပေးထားပါသည်